www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မင်းတိုင်းကျေ

မြန်တစ်ခွင် လှည့်စာပြ

ဘာမှလဲ မပီ၊

မင်းတိုင်းကျေဆိုစကား

နားဝလို့အီ။

မျိုးချစ်စိတ်ခိုင်ကြည်

ဖွဲ့စည်းဖို့လျှာထား၊

တို့တစ်တွေဒီပုံနဲ့

ဘက်ပေါင်းစုံရှေ့ဘုံခရီးကို

ကွယ်တို့ရေ . . .

နီးပါ့မလား ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကိုဘယ့်... ခရီးသည်

ဓမ္မာစရိယ ဦးဌေးလှိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

ရန်ကုန်မြို့၊ ကမ္ဘာအေး

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အတွက်

ဦးလှချို ( ၀၄၈၂၉ )

တိုက်ဂါးအေ့ဖ်ဆက်၊ ခြံအမှတ်- ၁၆၁

၃၀-ရပ်ကွက်၊ နှင်းဆီဝါလမ်း၊ သုဝဏ္ဏ

သင်္ဃန်းကျွန်းမြို့နယ်၊

( ဖုန်း- ၀၁-၅၆၀၈၉၂/၀၉၅၀၀၉၀၅၅ )

ရန်ကုန်က ပုံနှိပ်ပြီး၊

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး

ဦးညွှန့်မောင် ( မှတ်ပုံတင်အမှတ်- ၀၃၈၄၃၊ ၀၂၄၀၅ )က

တာဝန်ယူထုတ်ဝေသည်။

■

ကွန်ပျူတာစာစီ-တက်ခေတ်၊ စေတနာ၊ Mic

ဒီဇိုင်းအဖုံးနှင့် အတွင်းပုံ- 21st century

အတွင်းဖလင်- ဦးထွန်းဆိုင်

စာအုပ်ချုပ်- နိုင်မိသားစု

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| – ခရီးသည်နိဒါန်း | ၇ |
| – မိတ်ဆက်စကား ( ဆရာတော်ဦးကေသဝ ) | ၁၃ |
| – မိတ်ဆက်စကား ( ဦးအောင်သိန်းညွန့် ) | ၁၇ |
| ဝမ်းသာလွန်းလို့ပါ | ၃၉ |
| တစ်ကမ္ဘာလုံးချတ်ခြုံကျနေတဲ့လောကကြီး | ၄၁ |
| မြောင်းထဲမရောက်ဖို့လို | ၄၃ |
| ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် | ၄၅ |
| ကမ္ဘာကို သာသနာဘယ်လိုပြုကြမလဲ | ၅၂ |
| လူပုံတော်တွေအိပ်ပျော်နေကြ | ၅၄ |
| သတ္တမသင်္ဂါယနာဖြစ်လာနိုင် | ၅၅ |
| ဘာသာရေးစာတ်ခွဲခန်းဝင်ဖို့လို | ၅၆ |
| နိုင်ငံခြားသားတစ်ဦး၏ကိုယ်တွေ့ | ၅၈ |


www.burmeseclassic.com

www.burmeseclassic.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စာကြောင်းပေါ်မှာ မဖတ်ပါနဲ့ | ၅၈ |
| ထောင့်ကျိုးအောင်လုပ်ပေးခဲ့ | ၆၁ |
| ခုမှမတတ်မှန်းပိုသိ | ၆၂ |
| နည်းပညာကမခက်ခဲ | ၆၃ |
| မိုးကြိုးကျသလိုခံစားရ | ၆၄ |
| နိမိတ်လွှတ်ပြီးစေစားတဲ့နည်း | ၆၆ |
| ဈာန်က ရှေ့၊ ဝိပဿနာက နောက် | ၆၉ |
| အထက်ဘုံကဘုရားတွေဖူးမြော်ရ | ၇၁ |
| တတိယမျက်လုံး | ၇၄ |
| သက်သေရှိမှပြော | ၇၆ |
| အံ့သြစရာတွေချည်းတွေ့မြင်ရ | ၇၈ |
| လယ်တီဆရာတော်ကြီးရဲ့အလင်းနိမိတ် | ၈၀ |
| ကင်းဝန်မင်းကြီးမျက်ရည်ကျတဲ့ တရား | ၈၁ |
| ခေတ်ကတောင်းဆို၍ပေါ်လာခြင်းသော | ၈၃ |
| မပျော်ရင်သုံးနှစ်၊ ပျော်ရင်တစ်သက် | ၈၅ |
| ဒုတိယအကြိမ် မိတ်ဆက်ပန်ကြားလွှာ | ၈၆ |
| နောက်ပြန်လှည့်မရသော သမိုင်းဘီးများ | ၉၁ |
| လက်ရွေးစင်သံဃာခြောက်ကျိပ်ဖြင့်သာသနာစပြု | ၉၃ |

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ | စာမျက်နှာ


ထ, သုံးထနဲ့ လှည့်လည်ကြ ၉၅

စည်းကမ်းကိုတန်ဖိုးထားသည့်မြတ်ဗုဒ္ဓ ၉၇

လူ့ပြည်ဆင်းသာသနာပြုရမှာပျော်လွန်းလို့ ၁၀၀

အသောကမင်းကြီးရဲ့ ဖိလော်ဆော်ဖီ ၁၀၂

အနှောင့်အယှက်တွေကြားကသာသနာ ၁၀၇

တင့်ခိုးကုဒ္ဒိပါဒ်ရှာရင်း သာသနာပြုခဲ့သူ ၁၀၉

သာသနာ့မော်ကွန်းတင်ရမည့်ပုဂ္ဂိုလ် ၁၁၅

အီတာလျံဘုန်းတော်ကြီးကမ္ဘာလှည့် ၁၁၈

ဂုရုကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်သာသနာပြုခရီး ၁၂၃

မြန်မာဘုရင်တွေရဲ့ဆောင်ရွက်ချက် ၁၂၉

မင်းတုန်းမင်းကြီးနဲ့ ရေမြုပ်ဖုံးဇာတ်လမ်း ၁၃၃

ဘ/က ကျောင်းတွေဘယ်ရောက်နေကြ ၁၃၈

ပြုပြင်ဖို့လိုပြီ ၁၄၂

အမြန်နိုးကြားဖို့အရေးကြီး ၁၄၆

ရှေးဦးအမှာ (ဆရာတော်ဦးကေသဝ) ၁၅၂

မိထွေးတော်ဂေါတမီကန်တော့ခန်း ၁၅၃

ကုသိုလ်ကံပွင့် ဉာဏ်စဉ်မြင့် ၁၅၅

ကိုယ့်ယူနီဖောင်းကိုယ်လေးစား ၁၅၇

အမောလည်းပြေ ဝမ်းသာအားရဖြစ် ၁၅၈

နိမိတ်နဲ့လှမ်းဖူးရတဲ့ကုသိုလ် ၁၆၀

နတ်သိကြားတွေဆီးကြို ၁၆၄


www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဖြဟ္မာ့ပြည်ရောက် | ၁၆၅ |
| ဘုရားရှင်ကိုယ်တိုင်ကြုံရ | ၁၆၇ |
| သဲကန္တာရထဲက အိုအေစစ် | ၁၆၉ |
| သမိုင်းဦးစာတ်တော်မွေတော်များဖူး | ၁၇၀ |
| ခန္ဓာကိုယ်ရဲ့အချက်အချာသိဖို့လို | ၁၇၁ |
| လွှယ်ကူသက်သာတဲ့နည်း | ၁၇၄ |
| လယ်တီဆရာတော်ကြီးပေးခဲ့သောသင်ခန်းစာ | ၁၇၆ |
| ဘုရားရှင်၏အာနာပါန | ၁၈၀ |
| နည်းသိရင်လွယ်လွယ်လေး | ၁၈၂ |
| လွဲစရာတွေအများကြီး | ၁၈၅ |
| အသုပ်ထမ်းလို့လာလမ်းပြန် | ၁၉၀ |
| ခရီးသည် | ၁၉၇ |
| တယ်ဟုတ်တဲ့ငါ | ၂၀၁ |
| အဆိုးအကောင်းခွန်တွဲနေတဲ့လောက | ၂၀၈ |
| နောက်ကြောင်းလေးပြောပါရစေ | ၂၁၃ |
| ဘယ်မှာလဲကျွန်ုပ်တို့ရဲ့သီလ | ၂၁၅ |
| ဟစ်ပီကိုအရှုံးပေးခဲ့ရ | ၂၂၁ |
| နောက်ဆက်တွဲ | ၂၂၉ |


မာတိကာပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

# ခရီးသည်နိဒါန်း

'နမော ဝိဘဇ္ဇဝါဒိနော'

လူ့လောကသံသရာခရီး၌ ခေါက်တုံ့လူးလာ စုန်ချည်ဆန်ချည် မရပ်မနား ပြေးလွှားနေကြရသည်။ မဆုံးနိုင်သောခရီးခဲ၌ ပင်ပန်းနွမ်းလျစွာ အဝိဇ္ဇာမျက်လုံးဖြင့် လျှောက်လှမ်းနေကြရ၏။

ခီဏာ ဇာတိ၊

ဝုသိတံ ဗြဟ္မစရိယံ၊

ကတံ ကရဏီယံ ။

'ငါ နောက်ဘဝ ပဋိသန္ဓေနေရမှု မရှိပြီ၊ မြတ်သော မဂ်အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စဟူ၍ ဘာမျှမရှိတော့ပြီ'

တာဝန်ကျေသူ၊ တာဝန်ပြီးဆုံးသူတို့၏ ဘဝကို ငုံ့မျှော်ကြည့်သော် အဟောဝတ အဟောဝတ ချီးကျူးထိုက်လှပါပေ၏။ အားကျဖွယ်ကောင်းလေစွ ။

www.burmeseclassic.com

www.burmeseclassic.com



လုပ်လေ ရှုပ်လေ၊ လှုပ်လေ မြုပ်လေဖြစ်နေသော ကျွန်ုပ်တို့ လောကီဘုံသားတို့၏ ကာမဂုဏ်လုပ်ရပ်များကား ဘုရား၊ ရဟန္တာစသော အရိယာသူတော်ကောင်းကြီးများ အော့နှလုံးနာဖွယ်ရာ အပြုအမူများသာ ဖြစ်ချေသည်တမုံ့။

အသေမဦးမီ ဉာဏ်ဦးမှဖြစ်မယ် ဟု စိတ်ဒုန်းဒုန်းချခံယူပြီး အလုပ်မှထွက်၍ သာသနာအတွက် ဗုံအသက်ကို ပေးလှူတော့မည်ဆုံးဖြတ်ကာ ဘာသာရေးဟောပြောပွဲတွေ လက်ခံ၊ ပြည်နယ်နှင့်တိုင်းအနှံ့ ခြေဆန့်ပြီးဟောပြော၊ သင်တန်းတွေပြ၊ တရားစခန်းတွေဖွင့်အားရအောင်ဆောင်ရွက်ခဲ့၏။

အထူးသဖြင့် နောင်တော်ကြီးဖြစ်သူ မောင်းထောင်၊ မြေဖြင်းတောရဲဆရာတော်ကြီး ပြသနေသောကန္တီနည်းကို ပြန်လည်ဖော်ထုတ်ပြီး သမထ–ဝိပဿနာလမ်းကြောင်းကို စွမ်းအားရှိသမျှမြှင့်တင်ဆောင်ရွက်ခဲ့ပါ၏။ နည်းလမ်း Method များကို မျှဝေခံစားပေးခဲ့ပါ၏။

သို့သော် ရဟန္တာအရှင်မြတ်တို့ကဲ့သို့ ခီဏာ ဇာတိ စသည်ဖြင့် ဥဒါန်းမကျူးနိုင်သေး။ လုပ်စရာတွေကလည်း ဒုနဲ့ဒေး အချိုးပြီးအချည်၊ အဖန်ပြီးအငန် ပြီးနိုင်သည်မရှိ။ ဘယ်တော့ပြီးမည်ဟု ဇွန်း၊ မဆိုနိုင်။ လက်စသပ်၍လည်း မရ။ အစတွေကား များနေ၏ အဆုံးမရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



ရွံ့ကိုဖုတ်တိုင်း အုတ်ရ၏။ ရွံ့ကား မြေကြီးထဲမှာ အနန္တ။ ဖုတ်တိုင်းဖုတ်တိုင်း ရနေဦးမည်သာ။

ထိုနည်းတူစွာ ကျွန်ုပ်တို့ဆောင်ရွက်တိုင်း အပိဇ္ဇာ၊ တဏှာ မကင်းသော အုတ်ချပ်များ ရနေဦးမည်သာဖြစ်၏။ ထိုအုတ်ချပ်တို့ဖြင့် အဖန်ဖန်အထပ်ထပ် ခန္ဓာအိမ်ကြီးကို အကြိမ်ကြိမ်အခါခါ ဆောက်ကြရပါဦးမည်။ မွမ်းမံ ခြယ်လှယ်ရပါဦးမည်။ ဘဝခရီးကား မဆုံးသေး။

အို စာရှုသူ ...

သင့်ဘဝခရီး မည်သို့လျှောက်မည်နည်း။

လမ်းမချော်စေရန် သတိပေးရခြင်းသည်ပင်လျှင် ဤစာအုပ်ဖြစ်ပေါ်လာသည့် အကြောင်းရင်းဖြစ်ပါ၏။

အသိမှန်ရ၍ ချမ်းသာကြပါစေ

**ဋ္ဌေးလှိုင်**

( ဓမ္မာစရိယဦးဋ္ဌေးလှိုင် )

ရန်ကင်းအေးငြိမ်းရိပ်သာ

ရန်ကင်းတောင်၊

၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း၁-ရက်၊ (၂၂-၁-၀၄) ကြာသပတေးနေ့ ။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးစကား

ဤဟောပြောချက်များ ဖြစ်လာစေရန် ဆောင်ရွက်ပေးခဲ့ကြသော မုံရွာ ဆုတောင်းပြည့်ဘုရား ပိဋကတ်စာကြည့်တိုက်အဖွဲ့၊ မန္တလေးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်၊ သာသနာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းရွှေ(ဓမ္မာစရိယ)၊ ဆရာကြီးဦးဘသန်း (မဟာဝိဇ္ဇာ)၊ နော်ထူးလာ၊ ထွန်းထွန်း B.A (စိတ်ပညာ)၊ စာရေးဆရာ–စိတြ၊ ဗုဒ္ဓအသံ စာပေမိသားစုများအားလုံးနှင့် လိုအပ်သည်များကို တတ်စွမ်းသမျှကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြသူများအား သာသနာပြုဖက် ဓမ္မမိတ်ဆွေများအဖြစ် ကျေးဇူးမော်ကွန်းပြုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နမော ဗုဒ္ဓါယ သိဒ္ဓံ

ဗုဒ္ဓါယ – သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်မြင်၍ ဟောကြားမြွက်ခြွေ သိစေတော်မူတတ်သော မြတ်စွာဘုရားအား၊

နမော = ရှိသေမြတ်နိုး မာန်ညွတ်ကျိုး၍ ရှိခိုးကန်တော့ ပါ၏ အရှင်ဘုရား။

သိဒ္ဓံ = အန္တရာယ်ကင်းပျောက်၍ အလိုရှိအပ်သော အကျိုးအသီးသီး ပြီးမြောက်ပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

လှေကြုံစီးသူများလာလျှင်

သာသနာလှေကြီးကို တက်စီးကြရာ၌ ဂန္ထဓုရ–ဝိပဿနာဓုရ ဟူသော တက်နှစ်ချောင်းတွင် တစ်ချောင်းချောင်းကိုမျှကိုင်၍ လှော်ခတ်ဖော်မရဘဲ အမြိန့်သားထိုင်လိုက်ကာ လှေကြုံစီးသူများ များလာခဲ့သည်ရှိသော် ထိုလှေကြီးစုပ်စုပ်မြုပ်သွားရန်မှာ မကြာတော့ပေ။

ဓမ္မဒူတ တတိယအုပ် – စာ ၊ ၃၂၆။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်

မောင်းထောင်မြေရင်းတောရ ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



အနာဂါရိကဓမ္မပါလနှင့်တွဲ၍ သာသနာပြန့်ပွားအောင်
ဆောင်ရွက်ခဲ့သော ရေတပ်ဗိုလ်မှူးကြီးဟောင်း
ဟင်နရီစတီးလ် အော်လ်ကော့ဒ်
(၁၈၃၂-၁၉၀၇)

www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုစတေးခံ၍ သာသနာပြန့်ပွားအောင်ဆောင်ရွက်ခဲ့သော
သီရိလင်္ကာမှ ကမ္ဘာကျော်သာသနာပြု
အနာဂါရိကဓမ္မပါလ အမည်ခံ ဒွန်ဒေးဗစ်ဟေဝဝိတာနေ
(၁၈၆၄–၁၉၃၃)

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့အာဇာနည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု
ဆရာတော် ဘဒ္ဒန္တစန္ဒြမဏိမဟာထေရ်
(၁၈၇၆–၁၉၇၂)

www.burmeseclassic.com


www.burmeseclassic.com



၂၀ရာစု အိန္ဒိယဗုဒ္ဓသာသနာ့သမိုင်းတွင် အထူးမှတ်တမ်းတင်
ခံရသည့် ဥပဒေပါရဂူကြီး ဒေါက်တာဘီအာဘမ်ဘေဒကာ
(၁၈၉၁–၁၉၅၆)နှင့် ဇနီးတို့ကို
ဆရာတော် ဦးစန္ဒြမဏိနှင့်အတူတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၌နေပြီး ကမ္ဘာလှည့်သာသနာပြုသူ
အီတာလျံဘုန်းတော်ကြီး
ဦးလောကနာထ (၁၈၉၇–၁၉၆၆)

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကို သာသနာပြန့်ပွားအောင် ဆောင်ရွက်နေသော
မြန်မာပြည်ဖွား
ကမ္မဋ္ဌာန်းနည်းပြဆရာ ဂုရုကြီး ဦးဂိုအင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒကျမ်းပြုအကျော်
ဆရာကြီးဓမ္မာစရိယဦးဓွေးလှိုင်
ဟောပြောနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



အနာဂါရိကဓမ္မပါလအား လမ်းမှန်သို့ပို့ဆောင်ပေးခဲ့သည့်
၁၉ ရာစု အထူးခြားဆုံးဂမ္ဘီရပညာရှင်
ရှုရှားအမျိုးသမီးကြီး မဒမ်ဘာလာဗာစကီ
(၁၈၃၁–၁၈၉၁)

www.burmeseclassic.com

www.burmeseclassic.com



# မန္တလေးတိုင်း

## ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း

## ဆရာတော် ဦးကေသဝ (အဂ္ဂမဟာပဏ္ဍိတ) ၏

## မိတ်ဆက်စကား

ကောဇာသက္ကရာဇ် ၁၃၆၄–ခုနှစ် သီတင်းကျွတ်လ ပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (၃၀-၁၀-၂၀၀၂) မန္တလေးတိုင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်း စာသင်ခန်းမဆောင်၌ ဆရာကြီး ဓမ္မာစရိယဦးဗွေလှိုင် ၏ "ဓမ္မကထာ" ဟောပြောပွဲ အခမ်းအနား ဖြစ်ပါတယ် ဘုရား။

ဘုရားတပည့်တော်တို့ သင်တန်းသား သံဃာတော်တို့ အားလုံးသိပြီးဖြစ်ကြတဲ့ အတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများဆိုင်ရာ စီမံချက်စည်းမျဉ်း စည်းကမ်း စာအုပ် အခန်း(၁၀)၊ စာမျက်နှာ(၃၇)၊ အပိုဒ်(ည)မှာ 'အချုပ်အားဖြင့် တရားဟောစကားပြောသင်ပေးခြင်းသည် ပိဋကတ်ကျမ်းစာထဲမှ တရားများကို ထုတ်ပြီး သင်ပေးရုံသာမဟုတ်၊ မည်သည့်နေရာမှာ မည်သို့ဟောရမည်၊ မည်မျှလောက် ဟောရမည်။ မည်သည့် ဝေါဟာရမျိုးသုံးရမည် စသည်ဖြင့် ခေတ်မီမီ ဟောပြောတတ်စေရန် အလေးထားပြီး သင်ကြားပေးရမည်။ ဤသို့သင်ပေးရာ၌ ဆရာလုပ်သူက ရှင်းလင်းပြောပြ နားလည်စေခြင်း၊ မှတ်သင့်သည်ကို မှတ်စုပေး၍ မှတ်သားစေခြင်း၊ လက်တွေ့ဟောပြောနိုင်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



အဟောအပြောကောင်းသူများကို ပင့်ဖိတ်၍ သင်တန်းသားများအား နာကြားမှတ်သားစေခြင်း စသည်တို့ကို ဆောင်ရွက်ရမည်လို့ ဆိုထားပါတယ်။

ဒီတော့ တပည့်တော်တို့ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းက ပြီးခဲ့တဲ့ အပတ်စဉ်တွေမှာလည်းပဲ အကြောင်းအားလျော်စွာ အခွင့်အခါကောင်းရလို့ ဒီ ရန်ကုန်မြို့မှာရှိတဲ့ သတ္တိရောကျော်ကြားမှု ထင်ရှားမှုရောပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုလည်းပဲ ပြီးခဲ့တဲ့ အပတ်စဉ်တွေမှာ ပင့်ဖိတ်ပြီးတော့ စာသင်ခန်းမှာ အခုလိုပဲ စိမ်ချက်စည်းမျဉ်းနဲ့အညီ ဟောပြောပို့ချပေးခဲ့ကြပြီး ဖြစ်ပါတယ်။

ယခုလည်းပဲ ဆရာကြီးဦးဒွေးလှိုင် ရောက်နေကြောင်းသိရတာနဲ့ မနက်ဖြန်လည်းပဲ ရန်ကုန်ပြန်တော့မှာဆိုတော့ ကနေ့ပဲ ဖြစ်မြောက်အောင်ဆိုပြီးတော့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ညွှန်ကြားရေးမှူး ဆရာဦးအောင်သိန်းညွှန့်ထံမှာ သွားပြီးတော့ မနက်ကမှ တပည့်တော် အစီအစဉ်လုပ်ပါတယ်။

ဒီတော့ တပည့်တော်က အနည်းငယ်မျှ ပဋိသန္ဓာရစကားပြောလိုတာက အရှင်ဘုရားတို့တပည့်တော်တို့ အခုလိုဆရာကြီးများရဲ့ ဟောပြောမှုကိုတစ်ဦးချင်း တစ်ယောက်ချင်း အနေနဲ့ အခွင့်အခါသင့် ဖို့မလွယ်ကူပါဘူးဘုရား။ အခုလိုသင်တန်းကျောင်းဆောင်မှာ တစုတဝေးထဲနဲ့ အကြောင်းအခွင့်သင့်လို့မို့ ကြားနာခွင့်မှတ်သားခွင့်ရတာဟာ ထင်သာစရာလည်း ကောင်းပါတယ်၊ တပည့်တော်တို့ စိမ်ချက် စည်း

www.burmeseclassic.com

www.burmeseclassic.com



မျှဉ်းနဲ့အညီ ဆောင်ရွက်ရလို့ လဲပဲ တပည့်တော်တို့ပညာရေး အဖွဲ့ရဲ့တာဝန် ဝတ္တရားလည်း ကျေ၊ ဝမ်းမြောက်စရာလည်း ဖြစ်၊ ဗဟုသုတလည်းတိုးပွား အကျိုးများတဲ့ကိစ္စတစ်ခုပါ။

ဒီတော့ကာ တပည့်တော်က တိုတိုကျဉ်းကျဉ်းပဲ မိတ်ဆက်ပေးပါရစေ၊ အခု ဟောပြောမယ့် ဆရာကြီး ဦးဒွေးလှိုင်ဆိုတာ ထွေထွေ ရာရာတော့ အထူးမိတ်ဆက် ပေးစရာ မလိုတော့ပါဘူး၊ အရှင်ဘုရားတို့ကို အနီးစပ်ဆုံး ပြောရလို့ရှိရင် ဒီစာမေးပွဲ ဖြေခဲ့ကြဖူးတဲ့ ပုဂ္ဂိုလ်တိုင်း ရှေးကတော့ ပထမကြီးတန်း မှာပြဋ္ဌာန်းတဲ့ ပဋ္ဌာန်း "ညဝါ" ပေါ့ဘုရား။ "ပဋ္ဌာန်းအရ ကောက်" ညဝါကျမ်းကြီးမှာ 'ဆဋ္ဌက' ရိုက်တဲ့ ပဋ္ဌာန်း ကျမ်းကြီးရဲ့ နိဒါန်းကိုရေးတာ ဆရာကြီး ဦးဒွေးလှိုင် ဖြစ်ပါ တယ်။ မောင်းထောင်အရှင် ကောလိနိယဆိုတဲ့ ဘွဲ့အမည်နဲ့ ရေးထားတာပါ။ တပည့်တော်တို့ ငယ်စဉ်ထဲက ဒီနိဒါန်းကြီးကို ဖတ်ကြည့်လိုက်တာနဲ့ ဆရာကြီး ရဲ့ဗဟုသုတ–ဆရာကြီးရဲ့ အရေး အသား–ဆရာကြီးရဲ့ ဒီစာပေ ပရိယတ္တိ အရည်အချင်းကို သိရှိ ရပါတယ်။

နောက်နောင်လည်းပဲ တပည့်တော်တို့ ဆရာကြီးရေးတဲ့ စာအုပ်တွေ အရှင်ဘုရားတို့ လည်းပဲ သိဖူး၊ ကြားဖူး၊ ဖတ်ဖူး၊ လေ့လာဖူးကြပြီးသားဖြစ်မယ်လို့ ထင်ပါတယ်ဘုရား၊ ဒါကြောင့် ယခု ဟောပြောမယ့်ဆရာကြီးရဲ့ အနေအထားနဲ့ တပည့်တော် ဤမျှပဲ မိတ်ဆက်ပေးပါရစေ ဘုရား။

နောက်တချက်က လည်းပဲ ဒီဘက်ကထိုင်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဦးအောင်သိန်းညွန့်က လည်း ညွန်ကြားရေးမှူးပါ၊ လက်ရှိ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ မန္တလေး ပရိယတ္တိသာသနာ့ တက္ကသိုလ်မှာ ရောက်ရှိပြီးတော့ တာဝန်ဝတ္တရားများထမ်းဆောင် နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ဘုရားတပည့်တော် တို့ သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာနဆိုတာဟာ တပည့်တော်တို့ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းနဲ့ တပည့်တော်တို့ သာသနာပြု လုပ်ငန်းမှာ အဓိကအကျဆုံး ဆက်နွှယ်ပတ်သက်တဲ့ ဌာန တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ပဲ ဆရာဦးအောင်သိန်းညွန့် တို့ကိုလည်း အရှင်ဘုရားတို့ တပည့်တော်တို့က သိရှိမှတ်သား ထားဖို့ဖြစ်ပါတယ်။

ဆရာကြီး ဦးဒွေးလှိုင် ဟောပြောပွဲမှာ ဦးအောင်သိန်း ညွန့်ကလည်းပဲ မိတ်ဆက် နိဒါန်းစကား ပြောမှာဖြစ်ပါ တယ်။

ဒါကြောင့် ယခုအချိန် ကစပြီးတော့ အရှင်ဘုရားများ အကြောင်း အခွင့်အခါ အား လျော်စွာရရှိတဲ့၊ ဗဟုသုတများ ကို နာယူမှတ်သားကြပါ၊ စာမေးပွဲလည်း အကျုံးဝင်စေရ မည်ဆိုတဲ့ စီမံချက်အတိုင်း လာမယ့်စာမေးပွဲတွေမှာ ထိုက် သင့်သလို မေးကောင်းမေးသွား ပါလိမ့်မယ်ဘုရား။

ဒါကြောင့် လေးလေး စားစားနဲ့ နာယူမှတ်သား ကြိုးစားကြပါလို့ တိုက်တွန်းရင်း တပည့်တော် ‘ ပဋိသန္ဓာရ ’ စကားနဲ့ နိဂုံးချုပ်အပ်ပါတယ် ဘုရား ...။

( သာဓု ) ၃

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ညွှန်ကြားရေးမှူး၏

## မိတ်ဆက်စကား

တပည့်တော်များ ဆရာကြီး ဦးဋ္ဌေးလှိုင်နဲ့ ပတ်သက်ပြီးတော့ မိတ်ဆက်စကား အနည်းအကျဉ်းမျှ လျှောက်ထားပါရစေဘုရား။ အနည်းအကျဉ်းမျှ ဆိုတာ တပည့်တော်တို့က အရှိန်ရသွားလို့ရှိရင် မိတ်ဆက်စကားတင် တစ်နာရီလောက်ဖြစ်ရင်ဖြစ်သွားတတ်လို့ပါဘုရား။

ညက ဘုရားတပည့်တော်များ မန္တလေးဆုတောင်းရဘုရားက ဆရာကြီးရဲ့တရားပွဲမှာလည်း ဂေါပကအဖွဲ့တွေက မိတ်ဆက်စကား ပြောပေးပါဆိုလို့ တပည့်တော် အခုလိုပဲ မိတ်ဆက်စကား ထ,ပြောဟာ '၄၅' မိနစ်၊ တစ်နာရီဖြစ်သွားလို့ မနည်း ပြန်ဘရိတ်အုပ်လိုက်ရတယ်ဘုရား။ တရားဟောတဲ့ ပုဂ္ဂိုလ်က အချိန်မယူရဘဲနဲ့ မိတ်ဆက်တဲ့ ပုဂ္ဂိုလ်က အချိန်တွေအများကြီး ယူတဲ့သဘောမျိုး ဖြစ်သွားလို့ပါဘုရား။

သို့သော်လည်းပဲ ဘုရားတပည့်တော်တို့ ဝါသနာပါလို့ပါဘုရား။ ဝါသနာပါလို့ဆိုတာ မမွေ့ယောသကပေါ့ဘုရား၊ မမွေ့ယောသကသဘောမျိုးပေါ့၊ အရှင်ဘုရားတို့က ရဟန်းသံဃာများဆိုတော့ ဆရာကြီးနဲ့ တော်တော်နီးစပ်တာပေါ့ဘုရား၊ ဆုတောင်းရမှာရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ဆရာကြီးကို နာမည်အားဖြင့်တော့ သိတာပေါ့ဘုရား

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်းပဲ ဒီဆရာကြီးတွေ ဘာကြောင့် ဒီဓမ္မတွေကို ရေးသားနေတယ်။ ဟောပြောနေတယ်၊ မိမိကိုယ်တိုင်ကျင့်သုံးပြီးတော့မှ ဒီကျင့်သုံးပြီးသား ဓမ္မတွေကို ဘာကြောင့်ဖြန့်ဖြူးနေတယ်ဆိုတာကို သိစေချင်နေတဲ့ ဆန္ဒကြောင့်ပါဘုရား၊ အခုဒီမှာကတော့ အရှင်ဘုရားတို့က ရဟန်းသံဃာတော်များ ဖြစ်နေသည့်အတွက် ရှည်ရှည်ဝေးဝေး မလျှောက်တော့ပါဘူးဘုရား။

**အဘိဓဇခြေရင်း ခဝပ်စင်း၍**

ဆရာကြီး ဦးဒွေးလှိုင်က တပည့်တော်တို့ အခု ဘုတလင်မြို့နယ် မောင်းထောင်အနားမှာရှိတဲ့ မောင်းထောင်အစိတ်အပိုင်း ရွာတရွာမှာ မွေးတာပေါ့ဘုရား၊ ဘုတလင်နဲ့ မောင်းထောင်နဲ့ ဆရာကြီးရွာက ကပ်လျက်ပါ။

ဆရာကြီး ငယ်ငယ်ရွယ်ရွယ်နဲ့ကပဲ ဆရာကြီးဟာ စာပေ၊ ပညာဝါသနာပါတဲ့အခါကျတော့ အသက် '၁၅' နှစ် '၁၆' နှစ်နဲ့ ဆရာကြီးက စာတွေပေတွေရေးနေတာပါဘုရား။

ဆရာကြီး အဲဒီမှာ စာတွေသင်ပြီးတော့မှ တပည့်တော်တို့ မစိုးရိမ်ကျောင်းတိုက် အဘိဓဇဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသရဲ့ တပည့်အရင်းဖြစ်ပြီးတော့မှ ဆရာတော်ကြီးရဲ့ လိုအပ်ချက်တွေကို ရဟန်းဘဝနဲ့ပဲ ဆရာတော်ကြီး ဆဋ္ဌသင်္ဂါယနာ ဆောင်ရွက်နေချိန်မှာ ဆရာကြီးက အကုန်လုံး စာပေဆိုင်ရာကိစ္စတွေကို ဖြည့်ဆည်းဆောင်ရွက်ခဲ့တာပါဘုရား။

ဒီကနေ့ တပည့်တော်တို့ ဒီမစိုးရိမ်ကျောင်းတိုက်မှာ ရှိတဲ့ ဆရာတော် ဦးရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)တို့

www.burmeseclassic.com

www.burmeseclassic.com



ဘာတို့ ဆိုရင် ဆရာကြီးကိုယ်တိုင် စာတောင်ချခဲ့ဖူးတာပါဘုရား၊ မစိုးရိမ်တိုက်မှာပဲနေပြီးတော့မှ(ပါဠိ့ဘာဏီ-ပါဠိစကားပြော အသင်း ) ကို ထူထောင်ပြီးတော့မှ ပါဠိဟောပြောပွဲတွေ ပါဠိစကားရည်လုပွဲတွေ အဲဒီအသက် '၂၀' ဝန်းကျင် အရွယ်ကတည်းက ဆရာကြီးက လုပ်လာတာပါဘုရား။

ဒီဘက်နောက်ပိုင်း အခါကျတော့လည်း 'ရဝေစိုးမင်း' 'မောင်းထောင်အရှင်ကောလိနိယ " စတဲ့ကလောင်နာမည်နဲ့ စာတွေအများကြီး ရေးခဲ့တာပါဘုရား၊ စာပေဆုတွေလည်း တော်တော်ခပ်များများရခဲ့ပါတယ်ဘုရား။

ဒီနောက်ပိုင်းရောက်လာတဲ့အခါကျတော့ ဒီ 'ဆဋ္ဌသင်္ဂါယနာ ' ခေတ်မှာ မစိုးရိမ်အဘိဓဆရာတော်ဘုရားကြီးနဲ့ အတူတူတွဲပြီးတော့ ရန်ကုန်ကမ္ဘာအေးမှာ ဓောက်လျှောက်ပညာရှိလူတော်ကောင်းကြီးတွေနဲ့ နီးနီးစပ်စပ် ဆည်းကပ်မှီခိုပြီးတဲ့အခါကျတော့မှ ဆရာကြီးရဲ့ ပရိယတ္တိစာပေတွေဟာ ပြောင်မြောက်လာတဲ့ သဘောရှိပါတယ်ဘုရား။

နောက်ဆရာကြီး '၃၃' နှစ်အရွယ်လောက်မှာ ကျန်းမာရေး ချို့တဲ့ပြီး အမြဲတမ်းရောဂါဝေဒနာဖြစ်တော့မှ ဆရာကြီး လူပျံတော်ဘဝရောက်ခဲ့ပါတယ်ဘုရား။

**ပါဠိအဘိဓာန်ကျမ်းကြီးများ ဖြစ်မြောက်ခဲ့**

အဲဒီအခါကျတော့မှ ဆရာကြီးဟာ တပည့်တော်တို့ သာသနာရေး ဦးစီးဌာန 'အဘိဓာန်' လုပ်ငန်းကြီးမှာ အရှင်ဘုရားများသိတော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးဟာ ၂၂-အုပ်ရှိပါတယ်ဘုရား။ ၁၄-အုပ်လောက်က ဒီပခု ကျွတ်တို့မန္တလေးတို့မှာရှိတဲ့ စာသင်တိုက်ကြီးတွေက ဆရာတော်ဘုရားကြီးများ စုဆောင်းပြုစုထားတဲ့ ပါဠိပုဒ်ပဒတွေကို ဆရာကြီးဦးစီးပြီးတော့မှ ကိုယ်တိုင်ကိုယ်ကျ စာအုပ်တွေ ဖြစ်လာအောင် လုပ်လာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ သာသနာရေးဦးစီးဌာနမှ 'အဘိဓာန်' လိုအပ်ချက်ကို ဆရာကြီးကိုယ်တိုင် သိရှိပြီး တာဝန်သဘောမျိုးမဟုတ်ဘဲနဲ့ နှစ်နှစ်ခြိုက်ခြိုက် ထဲထဲဝင်ဝင် အတွင်းကျကျ မခိုမကပ်လုပ်လာခဲ့တဲ့ ဆရာကြီးတပါး ဖြစ်ပါတယ်။ ဒီဘက်နောက်ပိုင်းမှာ တပည့်တော်တို့ သာသနာရေးဦးစီးဌာနက ထွက်ပြီးတော့မှ စာပေတွေ ရေးသားခဲ့ပါတယ်ဘုရား။

**ကျမ်းပြုစု**

**သာသနာစောင့်ရှောက်**

ဘုရားတပည့်တော်များ အခုဒီဗုဒ္ဓစာပေတွေ ဖတ်ရှုလေ့လာတဲ့သူတိုင်းသိနေတဲ့ 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' ဆိုတာ ဆရာကြီး အသက် ၄၂ နှစ်က ရေးခဲ့တဲ့ စာအုပ်ပါဘုရား၊ ဒီစာအုပ်ကြီးကို ဖတ်ကြည့်မယ်ဆိုရင်၊ စာရေးတဲ့ပုဂ္ဂိုလ်ကြီးပင်လျှင် ရဟန္တာတစ်ပါးများ ဖြစ်နေမလားလို့ ထင်ရလောက်အောင်ပင် ထဲထဲဝင်ဝင်ခံစားပြီးတော့ ရေးသားခဲ့တာပါဘုရား။

ဒီလို စာပေမျိုးတွေ ရေးသားတဲ့ အချိန်မှာလည်း ဆရာကြီးက စာထဲပေထဲက ဆိုထားသည်မျှ မဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်တိုင် ဝေဘူဆရာတော် ဘုရားကြီး၊ မဟာစည်ဆရာ တော်ဘုရားကြီးအစရှိတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘုရားကြီးတွေဆီမှာ နည်းခံ ကျင့်သုံး အားထုတ်ပြီးတော့မှ ရေးသား ခဲ့တဲ့စာပေတွေ ဖြစ်ပါ တယ်ဘုရား။

နောက်ပိုင်းမှာဆရာ ကြီးကအနာဂါမ်ဆရာသက်ကြီး မေတ္တာဝါဒ၊ ရတနာသုံးပါး ကျေးဇူးစတဲ့ စာအုပ်တွေအများ ကြီးပါပဲဘုရား။ ဆရာကြီး ပြုစုရေးသားခဲ့တဲ့စာအုပ်တွေ တော်တော်ခပ်များများထဲက သီဟိုဠ်ခေတ်စံတော်ဝင် အရိယာများ ဆိုတာဖတ်တဲ့ သိတဲ့လူ တော်တော်ကိုနည်းပါ တယ်။ သို့သော် ဘုရားတပည့် တော်များ သမိုင်းအထောက် အထားတွေကို လေ့လာချင်တဲ့ အခါကျရင် တပည့်တော်တို့လို ဒီဘာသာရေးနဲ့ ပတ်သက်ပြီး တော့ စာပေတွေ စာတမ်းတွေ လေ့လာရေးသားရတဲ့ ပုဂ္ဂိုလ် တွေ လက်မလွှတ်နိုင်တဲ့ စာအုပ် ကောင်းတစ်အုပ် ဖြစ်ပါတယ် ဘုရား။

**သာသနာရေးအကြံပေးပုဂ္ဂိုလ်**

အဲဒီတော့ ဒီစာပေတွေ ပြုစုပြီးတဲ့ ဒီဘက်နောက်ပိုင်းမှာ ဆရာကြီးက တဖက်ကလည်း ပဋိပတ္တိပွားများ၊ တဖက်က လည်း ပရိယတ္တိစာပေတွေ ရေးပြီးတဲ့နောက်ပိုင်းကျတော့ တပည့်တော်တို့ သာသနာရေး ဝန်ကြီးဌာနက ဆရာကြီးကို အကြံပေးပုဂ္ဂိုလ်ဆိုပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ခန့်ပါတယ် ဘုရား။

ဝန်ကြီးဌာနအနေနဲ့ ခန့်တယ်ဆိုတာ ဝန်ကြီးသဘော အရသက်သက်ခန့်တာ မဟုတ်ပါဘူး

www.burmeseclassic.com



ဘုရား၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်၌က မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားတဲ့ ဗုဒ္ဓဘာသာစာပေ ပညာရှင် ပုဂ္ဂိုလ်ကြီးတွေကို ၁၉၉၃ ခုနှစ်၊ ဖွန်လ '၂၂' ရက်နေ့မှာ ရန်ကုန်မြို့ ပေါ်မှာရှိတဲ့ ရုံးကြီးတစ်ခုကို အကုန်လုံးဖိတ်ကြားပါတယ်။

ဝန်ကြီး၊ ဒုဝန်ကြီး၊ ညွှန်ချုပ်စတဲ့ လူကြီးများနဲ့ တပည့်တော်တို့ စာပေနဲ့ ဆက်စပ်နေသော လူတွေကို ဖိတ်ကြားပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခုဝန်ကြီးချုပ်) တို့ ကိုယ်တိုင် အဲဒီမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးဝိုင်းထိုင်၊ မြန်မာနိုင်ငံတော်အတွင်း ဗုဒ္ဓဘာသာဝင် ကလေးသူငယ်များမှ တက္ကသိုလ်ကျောင်းသားများအဆင့်အထိ တိကျခိုင်မာ ပြည့်စုံသော ဗုဒ္ဓဘာသာစာပေများ ရေးသားထုတ်ဝေရေး အစည်းအဝေးလုပ်၊ လိုက်လျော ညီထွေရှိမယ့် Guide Line တွေ ဆွေးနွေးချထားပေးပြီးတော့၊ အစည်းအဝေးမှာ ဒီဆရာကြီးတို့ လိုအပ်တာ မှန်သမျှတွေ မင်းတို့ သာသနာရေးဌာနက အကုန် ဖြည့်ဆည်း ဆောင်ရွက်ပေးကြ၊ နိုင်ငံတော်အနေနဲ့ ဘာတွေ–ဘာတွေ လုပ်ခဲ့တယ် ဆိုတာ ပထမဦးဆုံး အရှင်ဘုရားများ တွေ့မိပါလိမ့် မယ်ဘုရား။

မနေမနား

ကြိုးစား ဆောင်ရွက်သူ

နွှေပိုင်းဆိုရင် 'ပြည်ခိုင်ဖြိုး' အသင်းတွေမှာ Text book အနေနဲ့ သင်နေတဲ့ ဗုဒ္ဓဘာသာ တရားတော် အခြေခံအဆင့် စာအုပ်တစ်အုပ် ထွက်ပါတယ် ဘုရား၊ ဒါ နှစ်ချင်းပြီးတွေ့ ပါပဲဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရားများ တကယ်လို့ ကိုယ့်ကျောင်းကိုယ့်ကန်မှာ ပြန်ပြီးတော့ ထိုင်မယ်ဆိုရင် ကျောင်းထိုင်ပြီးတော့မှ ကိုယ့်တပည့် ဒကာ၊ ဒကာမများ ကျောင်းသားကျောင်းသူများကို သင်ပေးမယ်ဆိုလို့ရှိရင် ဒီအသက် ဒီအရွယ် ဒီမူလတန်းလောက် အရွယ်ဆိုရင် ဒီဟာနဲ့ တန်တဲ့ Course ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်၊ နောက်တစ်ခါ ဗုဒ္ဓဘာသာ တရားတော် အထက်တန်းအဆင့် ဆိုပြီးတော့ သင်ကြားနိုင်အောင် နောက်တအုပ်ရေးပါတယ်ဘုရား။

နောက်တစ်ခါ ဗုဒ္ဓဘာသာတရားတော် အဆင့်မြင့် ဆိုပြီးတော့ နောက်တအုပ် ပြုစုပါတယ်ဘုရား။

အဲဒီအခြေခံ အဆင့်၊ အထက်တန်းအဆင့်၊ အဆင့်မြင့် ဆိုတဲ့ ကျမ်းစာအုပ် သုံးအုပ်စလုံးကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် သူ့ရဲ့တိုက်တွန်းတာဝန်ပေးချက်အရ တပည့်တော်တို့ သာသနာရေးဌာနက တာဝန်ခံပြီးတော့မှ ပိဋကတ်တတ်သော ဆရာကြီးများ ဦးစီးရေးတဲ့ စာအုပ်တွေပါ၊ အဲဒီတော့ ဒီစာအုပ်တွေရဲ့ နိဒါန်း ဖတ်ကြည့်ရင် ဒီဆရာကြီးတွေရဲ့ နာမည်တွေတွေ့ရပါမယ်။

တပည့်တော်တို့ တောင်ပါပါတယ်ဘုရား၊ ဒုတိယအုပ်အထိ တပည့်တော်တို့ပါ ပါတယ်ဘုရား။ ဒီစာအုပ်တွေဆိုလို့ရှိရင် သာမန်အားဖြင့် ပြောမယ်ဆိုရင် ကျန်တဲ့ဆရာကြီးတွေလည်း တပည့်တော်တို့ရဲ့ ဆရာကြီးတွေပါပဲဘုရား။ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာ၊ ဆရာကြီးတွေပါပဲ။

တပည့်တော်အခု ရန်ကုန်မှာ နေနေတာဆိုတော့ ဆရာကြီးအိမ်က တပည့်တော် အိမ်နဲ့ နီးနီးလေးပါဘုရား၊ မလှမ်း မကမ်းလေးပါဘုရား။

တပည့်တော် အားတယ် အလုပ်မရှိဘူးဆိုရင် ဆရာကြီးဆီ ညဘက်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ စကားပြောတယ်။ မသိတာရှိရင် တပည့်တော်မေးတယ်။ စာနဲ့ပေနဲ့ ပတ်သက်တာလည်း တပည့်တော် မေးတာပါပဲ၊ အကျင့်သိက္ခာပိုင်းနဲ့ ပတ်သက်ပြီး ကိုယ့်စိတ်ထဲမှာ သံသယဖြစ်နေတာ ဆိုလည်း တပည့်တော် မေးတာပါပဲ၊ တပည့်တော်တို့ရဲ့ ဆရာပါပဲ ဘုရား။

အခြား အခြားသော အကြံပေးပုဂ္ဂိုလ် ဆရာကြီးတွေကတော့ သူတို့ကတော့ ဒီအခြေခံ စာအုပ်အဆင့် စာအုပ်ရေးမယ်ဆိုရင် ပထမပိုင်းမှာ ဘာတွေပါသင့်တယ်၊ ဒုတိယပိုင်းမှာ ဘာပါသင့်တယ်၊ တတိယပိုင်းမှာတော့ ဘာပါသင့်တယ်၊ Course ကို ဆွဲတာပေါ့ ဘုရား၊ ဒါမှ ပြည့်စုံမှာကိုး။

ဆရာကြီးကတော့ အဲဒီ အကြံပေးပုဂ္ဂိုလ်အဖွဲ့ထဲမှာလည်း အငယ်ဆုံးပါဘုရား။ အဲ တပည့်တော်တို့နဲ့ ပေါင်းစပ်ပြီးတော့မှ ရေးတာသားတာကအစ ကိုယ်တိုင်ဝင်ပြီးတော့မှ ကိုယ်တိုင်လုပ်ခဲ့တဲ့ ဆရာကြီးတစ်ဦးပါ။

ဒီစာအုပ်တွေ ပြီးတဲ့အခါကျတော့ ဒီအခြေခံ အဆင့်ကိုလည်း အင်္ဂလိပ်ဘာသာပြန်ပြီးသား ရှိပါတယ်ဘုရား။ ဒီဘက်ကဘာသာပြန်တဲ့အဖွဲ့မှာ တပည့်တော်က ကျန်တဲ့ ဝန်ထမ်းသုံးလေးဦးနဲ့ ဦးစီးပြီးတော့မှ ဒီဆရာကြီးတွေဆီမှာ ပြန်တင်ပြပြီးတော့မှ တည်းဖြတ်ရပါတယ်ဘုရား။ အဲဒီအခါမှာ ဆရာကြီးကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး စကားတစ်လုံးချင်းတစ်လုံးချင်းကို စိစစ်ပေးပါတယ်။ အဲဒီစကားလုံးကတော့ ဒါနဲ့မှသင့်မယ်၊ ဒီစကားလုံးကတော့ ဒီလိုလုပ်လို့မရဘူး စသည်ဖြင့် သူကိုယ်တိုင် အနီး

www.burmeseclassic.com

www.burmeseclassic.com



ကပ် ကြီးကြပ်ပြီးတော့ အင်္ဂလိပ် ဘာသာပြန်ထားတဲ့ Teaching of the Buddha (Level one) ဆိုတာလည်း ရှိပါတယ်ဘုရား။

အခု တပည့်တော်တို့ ၁၉၉၈ ခုနှစ်၊ ဖွန်လထဲမှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် တည်ထောင်ဖို့ တာဝန်အပေးခံ ရတဲ့ အခါကျတော့ အထက် တန်းအဆင့် ပထမပိုင်းကို တပည့်တော်နည်းတူပဲ ပြန်တဲ့ ပုဂ္ဂိုလ်တွေ ပြန်ထားတဲ့ အင်္ဂလိပ်ဘာသာပြန် စာအုပ်ကို လည်း ဆရာကြီးကိုယ်တိုင် တည်းဖြတ်ပြီးတော့ ထုတ်ဝေ ခဲ့ပြီး ဖြစ်ပါတယ်ဘုရား။ အဲဒီ အကြိမ်ထိမှာလည်း ဆရာကြီး ဟာ တဖက်ကလည်း ပရိယတ္တိ စာပေတွေကို ရေးသားပြုစု ဟောပြောလုပ်ကိုင် ဆောင်ရွက် သလို တဖက်ကလည်း ပဋိပတ္တိ လုပ်ငန်းတွေကို မိမိဆောင်ရွက် နေကျ မဟာစည်နည်းနဲ့ အမြဲ တမ်းအားထုတ်နေတဲ့ ဆရာကြီး တစ်ဦး ဖြစ်ပါတယ်ဘုရား။

နောက် ဘုရားတပည့် တော်များ ဒီသာသနာရေး ဝန်ကြီးဌာန နွေရာသီတိုင်းမှာ အမြဲတမ်း ဆောင်ရွက်တဲ့ ဒီဗုဒ္ဓဘာသာ တရားတော် ယဉ်ကျေးမှုသင်တန်းတွေကို ဆရာကြီးကိုယ်တိုင် ပြည်နယ်နှင့် တိုင်း ၁၄–ခု လှည့်လည်ပြီး တော့မှ ကျန်တဲ့ ဒီသင်ပြမယ့် ဆရာတွေနဲ့ တပြည်လုံး အနှံ့ လိုက်ပြီးတော့ ကိုယ်တိုင် ကိုယ်ကျ ဟောပြောပို့ချတဲ့ ဆရာကြီးလည်း ဖြစ်ပါတယ်။ တပည့်တော်တို့ ဒီပဋိပတ္တိ လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့မှ ထဲထဲ ဝင်ဝင်လုပ်ခဲ့တာကတော့ ပြီးခဲ့တဲ့ သင်္ကြန်မတိုင်မီနဲ့ သင်္ကြန် ဒီဘက်နောက်ပိုင်း ကာလပဲ ဖြစ်ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



**ပျောက်ကွယ်လုကန္ဒီနည်း ပြန်လည်ဖော်ထုတ်ခဲ့**

ပြီးခဲ့တဲ့ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ မတ်လလောက်က စပြီးတော့မှ တပည့်တော်တို့ ရန်ကုန်မှာ 'ကန္ဒီ' ဆရာတော် ဘုရားကြီးရဲ့ ရှုမှတ်ပွားများ အားထုတ်နည်း၊ ဒီနည်းနဲ့ ပတ်သက်ပြီးတော့မှ ရန်ကုန်မြို့မှာ စိတ်ဝင်တစားနဲ့ မိမိကိုယ်တိုင်လည်း အားထုတ်တယ်။ လူပုဂ္ဂိုလ်တွေပါဘုရား၊ ရဟန်းပုဂ္ဂိုလ်တွေမဟုတ်ပါဘူး၊ တော်တော်အံ့သြဖို့ကောင်းပါတယ်၊ ဒီသာသနာရေးဟာ ပဋိပတ္တိနဲ့ပဲဖြစ်စေ၊ ပရိယတ္တိနဲ့ပဲဖြစ်စေ အင်မတန် အံ့သြဖို့ကောင်းပါတယ်။

လူပုဂ္ဂိုလ်နှစ်ဦး သုံးဦးက သူတို့ဆရာအစဉ်အဆက်က ရလာတဲ့နည်းကို သူတို့ကိုယ်တိုင်လည်း အားထုတ်၊ နီးစပ်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း ပြသပါတယ်။ အဲဒီလိုလုပ်နေတဲ့ အချိန်မှာ ဘုရားတပည့်တော်များ ဘုတလင်မြို့ မောင်းထောင်ရွာ အနီးမှာရှိတဲ့ မြေဖင်းတောရ ဆရာတော်ဘုရားကြီး သက်တော် '၈၂'နှစ်ရှိ ဆရာတော်ဘုရားကြီး ဦးသောဘိတလည်း ဒီနည်းကိုအားထုတ်နေတယ်ဆိုတာ သိတဲ့အခါကျတော့ ဆရာကြီးရဲ့ အစ်ကိုကြီးဖြစ်သည့် အားလျော်စွာ သူတို့ချဉ်းကပ်ပါတယ်။

ချဉ်းကပ်ပြီးတော့ ဒီကန္ဒီရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးရဲ့ နည်းသည် မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာသမိုင်းမှာ အခြားပဋိပတ္တိနည်းများကဲ့သို့ မဟုတ်ဘဲ ရက်တိုတိုကာလအတွင်းမှာ သမထပိုင်းဆိုင်ရာ ကျတော့လည်း ထူးထူးခြားခြား ထိုးထိုး

www.burmeseclassic.com

www.burmeseclassic.com



ဖေါက်ဖေါက် သိမြင်နိုင်၊ ဝိပဿနာပိုင်း ဆိုင်ရာကျတော့လည်း ဒီသမထကို အခြေခံပြီးတော့မှ ပြတ်ပြတ် ထင်ထင် အားစွမ်းပေးနိုင်တဲ့ နည်းတနည်းဖြစ်တယ်ဆိုတာ သိရပါတယ်ဘုရား။

စောစောက တပည့်တော် လျှောက်ထားသလို မောင်းထောင်မြေဖင်းတောရ ဆရာတော် ဘုရားကြီးကို ဆရာကြီးကိုယ်တိုင်ပင့်ပါတယ်ဘုရား။ တပည့်တော်လည်း ရှိပါတယ်။ တပည့်တော်များလည်းဒီပဋိပတ္တိလုပ်ငန်းကို ဝါသနာပါပါတယ် ဘုရား။ အဲဒီအခါမှာ ထိုပုဂ္ဂိုလ်များက ဆရာတော်ဘုရားကြီး ရန်ကုန်ရောက်တဲ့အချိန် ဆရာတော်ဘုရားကြီးကို လျှောက်ပါတယ်။

လျှောက်တော့ ပထမ သုံးလေးရက် လေးငါးရက်မှာ ဆရာတော်ဘုရားကြီးက သက်တော်လည်း '၈၂' နှစ် ရှိနေပြီး ကျန်းမာရေးက အထိုက်အလျောက်ချို့တဲ့နေတဲ့ အတွက် လက်မခံပါဘူး၊ နောက်ပိုင်းကျတဲ့အခါကျတော့မှ လက်ခံလိုက်သည့်အတွက် ဘုရားတပည့်တော်များက အပြည်ပြည်ဆိုင်ရာ သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်း ဆိုပြီးတော့ဖွဲ့လိုက်ကြပါတယ်ဘုရား။

**ထူးထူးခြားခြား**
**စွန့်လွှတ်စွန့်စားသောပုဂ္ဂိုလ်**

ဖွဲ့ပြီးတော့မှ ဆရာကြီးဦးဌေးလှိုင်က ဥက္ကဋ္ဌလုပ်ပါတယ်ဘုရား။ ငွေကြေးတတ်နိုင်ပြီးတော့မှ ဒီတရားအားထုတ်မှုအပေါ်မှာ အလွန်ဝါသနာပါတဲ့ ရွှေသရဖူ ဦးသန်းအောင် ဆိုတာ အသက် ၄၀ ပတ်ဝန်းကျင်ပဲ ရှိပါသေးတယ် ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအင်မတန် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါ၊ ငွေကြေး ပြည့်စုံသလို တရားအားထုတ်တဲ့ ပဋိပတ္တိ လုပ်ငန်းကိုလည်း အင်မတန် စိတ်ဝင်စားတယ်၊ လူငယ်ပိုင်း လွန်စ၊ လူလတ်ပိုင်းတဦးပါ။ သူ့စီးပွားရေးက အင်မတန် ကောင်းပါတယ်။

သို့သော် သူများများ စားစား လှူနေတာ ဘယ်သူမှ မသိပါဘူး၊ သူကဒီလို ပဋိပတ္တိ လုပ်ငန်းတွေ ဒီအဖွဲ့တွေက သာသနာကို ထူထောင်တဲ့ လုပ်ငန်းတွေ များသောအားဖြင့် သာသနာပြု သာသနာပြုလို့ ဆိုပြီး ဘုရားတွေတည် ကျောင်း တွေဆောက် အခမ်းအနားတွေ လုပ် ဘယ်လောက်ကြီးလှူ သွားပြီဆိုတာမျိုးကို ရွှေသရဖူ ဦးသန်းအောင်က လုံးဝ စိတ် မဝင်စားပါဘူး ဘုရား။

လူငယ် ဖြစ်သော် လည်းပဲ တိုးတိုးတိတ်တိတ်နဲ့ သာသနာကို တကယ် တမ်း ထိရောက်အောင်ဖြည့်စွမ်းနိုင်မယ့် အလုပ်ဆိုလို့ရှိရင်ဦးသန်းအောင် က ရှေ့ဆုံးကပါ၊ သူကိုယ်တိုင် လည်း ဒီအလုပ်ကို အင်မတန် လုပ်တဲ့ လူငယ်ပိုင်းလွန်စ လူ လတ်ပိုင်းဝင်စ လူတဦးပါ၊ အင်မတန်မှ လောကကြီးဟာ အံ့သြဖို့ကောင်းပါတယ်၊ သူလှူ တဲ့အလှူတောင် ဘယ်သူမှ မသိစေရပါဘူး၊ လှူနေတဲ့ အလှူက တော်တော်အံ့သြ လောက်အောင် စွန့်လွှတ်စွန့်စား နေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။

ထိုပုဂ္ဂိုလ်ကပဲ ဒီရက် '၆၀' တရားစခန်းကုန်ကျစရိတ် အားလုံးအတွက် တာဝန်ယူ မယ်၊ အဖွဲ့ရဲ့အတွင်းရေးမှူး လည်း သူ့ကိုဝိုင်းပြီးတော့ ပေးတဲ့ အတွက် သူကိုယ်တိုင်တာဝန်ယူ ပြီးတော့ ဘုရားတပည့်တော်များ

www.burmeseclassic.com



မှော်ဘီမြို့နယ် လှပဒါးကျောင်းမှာ ရဟန်းတော်ဆိုရင် ဓမ္မာစရိယ အောင်ပြီးသား၊ လူပုဂ္ဂိုလ်တွေဆိုရင်တော့ ဘွဲ့ရပြီးသား၊ ဒါမှသာလျှင် ဒီပုဂ္ဂိုလ်တွေက ဒီနည်းကို ပြန်လည်ဖြန့်ဖြူးနိုင်မယ်ဆိုပြီးတော့ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေ လက်ခံပြီးတော့မှ မြေဖင်းတောရဆရာတော်ဘုရားကြီး ကိုယ်တိုင်ကြွရောက်ပြီးတော့မှ ရွှေသိမ်တော်တောရကန္တီဆရာတော်ဘုရားကြီးရဲ့ ပဋ္ဌိပတ္တိအားထုတ်နည်းဖြင့် ရက်ပေါင်း '၆၀' တရားစခန်း ဖွင့်လှစ်ခဲ့ပါတယ်။

ဆရာကြီးကိုယ်တိုင် အဲဒီရက်ပေါင်း '၆၀' တရားစခန်းမှာကိုယ်တိုင်လည်းထိုင်၊ ယောဂီတွေကိုလည်း ကြီးကြပ်ပေးခဲ့ပါတယ်။

ရက်ပေါင်း '၆၀' တရားစခန်းပြီးတော့လည်း ဒီမှာ ဝင်ပြီးတော့ တရားအားထုတ်တဲ့သူတွေက ဒီမှာသူတို့တွေ့ကြုံခံစားရတဲ့ သမထရဲ့ အကျိုးကျေးဇူးတွေ သူတို့သိလာတော့ သူများတွေကို ပြောပါတယ်။ သမထဝိပဿနာ အကျိုးကျေးဇူးတွေ သူများတွေကို ပြောပြပါတယ်။ ( မှော်ဘီ–လှပဒါး တရားစခန်းဝင် ပုဂ္ဂိုလ်များ၏ ကိုယ်တွေ့ပြောပြချက်များကို စုပေါင်း၍ ဓမ္မရသ–အမည်ဖြင့် ဓမ္မဒါန စာအုပ်ထုတ်ဝေပြီးဖြစ်ပါသည်။ )

## ရက်ပေါင်း ၉၀ တရား စခန်း ဖွင့်လှစ်

ပြောတဲ့အခါကျတော့ တဆင့်စကားသိပြီးတော့မှ ဒီနည်းကို ဆက်အားထုတ်ချင်တဲ့ ပုဂ္ဂိုလ်များက ထပ်ပြီးတော့လည်း လုပ်ပေးပါဦးလို့ ပြောတဲ့အတွက် တပည့်တော်တို့ ဒီရှစ်ဝါမဝင်ခင်လေးမှာ ရက်ကုန်က

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့တဲ့ ယောဂီ ၂၀ ဦး ကျော်ကျော်နှင့် ဆရာကြီး ကိုယ်တိုင်မောင်းထောင်မြေဖင်း တောရမှာ သုံးလ (ဝါတွင်းသုံးလ) တိတိ ရက်ပေါင်းကိုးဆယ် တိတိ ကန္တိနည်းကို အားထုတ်ခဲ့ကြပါတယ်။

ဆရာကြီးကိုယ်တိုင် လည်း ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို ခံယူပြီးတော့မှ ဆရာကြီးကိုယ်တိုင်လည်း အားထုတ် ယောဂီတွေကိုလည်း နည်းပေးပြီး၊ အခု တပည့်တော်တို့ ဝါကျွတ်တဲ့အခါကျတော့ တရားစခန်းသိမ်းပြီး ပြန်လာတဲ့ အခိုက် ဘုရားတပည့်တော်ဆီ မှာပဲ 'ကဲ–ငါလည်း ပင်ပန်းလာပြီ၊ ခဏတော့ ဒီမှာနားချင် သကွယ့်' ဆိုပြီးတော့ နားရင်း နဲ့ အခုလိုကြုံတွေ့ရတဲ့ ပဋိပတ္တိ တရားပွဲ အတွေ့အကြုံဖြစ်ပါတယ်ဘုရား။

နည်းယူစရာ အနောက်ကမ္ဘာလူသားတွေရဲ့ အလေ့အထ

အဲဒီတော့ တပည့်တော်များ နိဒါန်းအားဖြင့် အကျဉ်းချုပ်လျှောက်ချင်တာကတော့– ဘုရားတပည့်တော် ကိုယ်တိုင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှာ ဒီမပြောင်းခင် စီမံခန့်ခွဲရေး ဝင်လုပ်ရင်း နှစ်ပေါက် စာသင်ခဲ့တဲ့ဆရာပါဘုရား။

တပည့်တော် ဘာသင် ခဲ့သလဲဆိုတော့–နိုင်ငံခြားသား တွေကို 'ပါဠိ'သင်ပါတယ်။ ပထမနှစ်ဝက်မှာကော၊ ဒုတိယ နှစ်ဝက်မှာကော သင်ပါတယ်၊ ဒါ တပည့်တော် အတွေ့အကြုံ လေးကို ကြုံတုန်းလေးလျှောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါဘုရား။

သင်တဲ့အခါမှာ ဂျာမန်အမျိုးသမီးကျောင်းသူတယောက်က သူကပြောရုံနဲ့ လက်မခံဘူးဘုရား။ ဒါ သူတို့ရဲ့ ထုံးစံပဲ၊ western တွေရဲ့ ထုံးစံပဲ။ သူတို့ အနောက်လောကမှာကျတော့ ဒီလိုပညာတွေ ဘာတွေပေးတယ်ဆိုလို့ရှိရင် မိနစ် ၅၀ အချိန်ပေးတယ်ဆိုလို့ရှိရင် မိနစ်အစိတ်နာရီဝက်လောက် က lecturing time ပဲ၊ ဒါဆိုလို့ရှိရင် သူပြောချင်တာပြောမယ်၊ အောက်မှာ နားထောင်ချင်တဲ့ ပုဂ္ဂိုလ်က နားထောင်၊ ဒီ–မိနစ်နှစ်ဆယ်–အစိတ်လောက်ကို ရှေ့က Lecturer က Lecturing လုပ်ပြီးပြီဆိုရင် အဲဒီထဲက ဒီမှာရှိတဲ့ Student တွေက တယောက်ပြီးတယောက် ထပြီး လက်ညှိုးထောင်ပြီး ဘယ်ကတော့ ဘာမဟုတ်ဘူးလား– ဘယ်ကတော့ ဘာမဟုတ်ဘူးလား။ ဒါ သူတို့ရဲ့ အလေ့အကျင့်ဘုရား။ ဒီ lecture မှာ သူတို့ဘယ်လောက် နားလည်တယ် နားမလည်ဘူး၊ စိတ်ဝင်စားတယ် စိတ်မဝင်စားဘူးဆိုတာ အဲဒီ Repercussion ဒီ Reaction က သူတို့ရဲ့ ပေးမှတ်ပဲ။

သူတို့အနောက် လောကမှာ တပည့်တော်တို့ အရှေ့မှာရှိတဲ့ ပညာသင်ကြားရေး စနစ်လို ရှေ့ကပြောချင်တဲ့ လူကလည်း သူပြောချင်တာပြောသွား။ အောက်က ထိုင်နားထောင်သူကလည်း သူမှတ်ချင်မှတ် မမှတ်ချင်နေ၊ ပြီး တချိန်ပြီးသွားပြီးရော၊ နောက်မှ သူများဆီက ပြန်ကူး၊ ဒီစနစ်မဟုတ်ဘူးဘုရား၊ သူတို့ စနစ်က အဲဒီလိုရှိပါတယ်ဘုရား။

တပည့်တော်က အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေ စာသင်ရတဲ့ အခါကျတော့ ကျန်တဲ့နိုင်ငံ ဒီအရှေ့ပိုင်းက ကမ္ဘောဒီးယား တို့ လာအိုတို့ ဥပမာအားဖြင့် စက်ာပူ ထိုင်ဝမ် ကိုရီးယား အဲဒီလူတွေတောင် ဒီလောက် လျှာမရှည်ဘူး။ အနောက်ဖက် ကနေဒါ၊ အမေရိကန်၊ ဂျာမန်တို့ ပြင်သစ်တို့ အရမ်း 'လျှာ' – ရှည်တယ်၊ ဆရာပြောတိုင်း ဘယ်တော့မှ သူတို့မယုံဘူး။ မယုံဘူးဘုရား။ သူတို့ကပြန်ပြန် ပြီးမေးကြတာ။ ကဲပြီးပြီ မင်းဘာမေးမလဲ – Any question? ဆိုအဲဒီလိုလုပ်ပြီးပြီ ဆိုရင်လာပြီ၊ question မေးလို့ ရှိရင်လည်း ကုပ်ကုပ်ကပ်ကပ် ကို မေးတာပါဘုရား။

အဲဒီတော့ အဲဒီဂျာမန် အမျိုးသမီးက ခဏခဏ–သူက ပြောတယ်။ ထထမေးတယ်။ ထထမေးတော့ တပည့်တော်ကလည်း တတ်နိုင်သမျှရှင်းပြပါ တယ်။ တပည့်တော်သင်တာက ပါဠိ၊ ပါဠိဆိုတာက 'အက္ခရာ' Alphabet ပဲ၊ Alphabet ဆိုတာ– တပည့်တော်တို့ ဥပမာအားဖြင့် မြတ်စွာဘုရားဟောတဲ့ 'ပါပသ္မိံ ရမတိမနော'' ထားပါတော့ ဘုရား။ 'ပါပသ္မိံ'' ရယ်''ရမတိ' ရယ် 'မနော'' ရယ်က alphabet ပဲ၊ 'မနော''ဆိုတာ ဘာလဲ၊ 'ပါပသ္မိံ-ဆိုတာဘာလဲ၊ 'ရမတိ'' ဆိုတာ ဘာလဲ၊ ''ရမတိ'' ဆိုတာ ဘယ်လောက် အတိုင်းအတာထိ မွေ့လျော်သွား သလဲ၊''မနော' ဆိုတဲ့ စိတ်က ဘယ်စိတ်လဲ၊ 'ပါပသ္မိံ' မကောင်းဘူး–မကောင်း ဘူး။ What is the meaning of Pa Pa? ပါပဆိုတာ ဘာလဲ၊ အရှင်ဘုရားတို့ တပည့်တော် တို့က 'ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ'

www.burmeseclassic.com

www.burmeseclassic.com



နော်ဘုရား၊ သူ့အသက်သတ်ရင် အပြစ်ရှိတယ်လို့ပြောတယ်၊ မူစလင်ဘာသာက လည်ပင်းလှီးဟာလာလုပ် ကုသိုလ်ရတယ်လို့ပြောတယ်၊ 'ပါပ' လား အများကြီးပါပဲ ဘုရား။

အဲဒီတော့– 'ပါပသို့ ရမတိ မနော –စိတ်ဆိုသည့် စိတ်သည် မကောင်းမှုမှာမွေ့လျော်တယ်၊ တပည့်တော်တို့က အမှတ်တမဲ့ ပြောလိုက်တယ်၊ ဘာကြောင့်ပြောလဲ။

ပါပသို့–ဆိုတာရယ် ရမတိ –ဆိုတာရယ် မနောဆိုတာရယ် ရှေ့က–Alphabet တွေ တပည့်တော်တို့က အက္ခရာကို ကြည့်ပြောလိုက်တာ။ အက္ခရာတွေရဲ့ နောက်ကွယ်မှာ မြုပ်ကွယ်နေတဲ့ အဓိပ္ပါယ်တွေ အများကြီး ရှိပါတယ်ဘုရား။

ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာစာပေမှာ–ဒီတလုံးချင်း တလုံးချင်းကို အဓိပ္ပါယ်ဖွင့်တဲ့–'အဋ္ဌကထာ' ဆိုတာ ရှိလာတာပါဘုရား၊ 'ဋီကာ' ဆိုတာ ရှိလာတာပါဘုရား။

အဲဒီတော့–သူကရှေ့မှာ ရှိတဲ့စကားလုံးထဲမှာ အတင်း–တပည့်တော်ကို ခံငြင်းနေတယ် ဒီအမျိုးသွီးက။

အဲဒီတော့ –တပည့်တော်က သူ့ကိုပြောတယ်၊ ဟော့ ငါ့အခု မင်းကို သင်နေတာ exercise လုပ်ပေးနေတာနော်၊ Language-အဲဒါတွေ မင်းကို သင်နေတာ။ မင်းဗုဒ္ဓဘာသာအကြောင်း တကယ်သင်ချင်ရင် မင်းအဲဒီလောက်တင် တင်းတိမ်မနေပါနဲ့ ပါဠိတတ်ရုံနဲ့–ပါဠိသိရုံနဲ့ မင်းဗုဒ္ဓဘာသာကို နားလည်နိုင်မှာ မဟုတ်သေးဘူး။ ဘာဖြစ်လို့လဲ တပည့်တော်တို့ အင်္ဂလန်နိုင်ငံက pali Society က ရိုက်စ် ဒေးဗစ်တို့၊ အိုင် ဘီအော်နားတို့၊ ဖောဒီမှာ ပါဠိ

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေရှိတယ်၊ သူတို့က– ပါဠိစကော်လာတွေ၊သူသိတဲ့ပါဠိ စကားလုံးနဲ့ ဒီဘက်ကသူသိတဲ့ အင်္ဂလိပ်စကားလုံးကို လှယ်ပေး လိုက်တယ်ဘုရား။ ဒါပဲသူသိတာ။

သို့သော် သူ့ရဲ့အတွင်း ပိုင်းမှာ ဗုဒ္ဓဘာသာကိုကြည်ညို မြတ်နိုးတဲ့ စိတ်တော့ရှိတယ် christianity ရဲ့ soul နဲ့ပတ်သက် တဲ့ သူ့ရဲ့အစွဲလေးကတော့ သူ့ မှာမပျောက်ဘူး။ အဲဒါကြောင့် မို့ တပည့်တော်တို့ရဲ့ ဒီပါဠိ Pali Text Society က ပြန် ထားတဲ့ ပါဠိတော် အင်္ဂလိပ် ဘာသာပြန်တွေကို စိတ်မချ လို့ ၂၀–၈–၈၀ ပြည့်နှစ်မှာ– ဝန်ကြီးချုပ်ဟောင်း ဦးနုက ပိဋကတ် အင်္ဂလိပ် ဘာသာပြန် ဆိုပြီးတော့–ထလုပ်ခဲ့တာပါ၊ တပည့်တော်တို့ ဗုဒ္ဓဘာသာဟာ အဲဒီထိအောင် လေးနက်တဲ့ ဘာသာတခုပါဘုရား။

ဘယ် လော က် ထိ အောင်ပြန်သလဲ ဆိုရင်–ဥပမာ အားဖြင့် ဘိက္ခုပုဒ်၊ဘိက္ခုပဟာ အဓိပ္ပါယ်အများကြီးထွက်နိုင် တယ်ဘုရား။

ထင်ရှားတဲ့ အဓိပ္ပါယ် ကတော့ 'ဘိက္ခန သီလော ယာစနာသီလော ဘိက္ခု' တောင်းစားတတ်သော အလေ့ရှိ သောကြောင့် ရဟန်း။ မကြိုက် ဘူး။ ဘိက္ခုဆိုတဲ့ဒီ Alphabet က သံသာရေဘယံ ဣက္ခတီတိ ဘိက္ခု= ဒါဆိုရင်တော့ မဆိုဘူး ပေါ့ဘုရား။ တောင်းတတ်သော အလေ့ရှိသောကြောင့် ရဟန်း ဆိုတဲ့ အဓိပ္ပါယ်လည်း ထွက် တယ်၊ သံသရာဘေးကိုကြောက် လို့ ဝင်ပြီးတော့ ဘုန်းကြီး ဝတ်တယ်ဆိုတဲ့ အဓိပ္ပါယ် လည်းထွက်တယ်။

စာစောက Alphabet

www.burmeseclassic.com

www.burmeseclassic.com



ပဲတတ်တဲ့ အင်္ဂလိပ်ကြီးက ဘိက္ခု ဆိုတာကို အဲဒီလိုပြန်ရင်တော်သေးတယ်၊ သူ့ဘာသာပြန်ချလိုက်တာက ဘုန်းကြီးများ Beggar ဆိုတာဖြစ်သွားတယ်၊ ဘိက္ခု = ရဟန်း ,အဓိပ္ပာယ်ပြည့်ပြည့်စုံစုံဖွင့်မယ် ဆိုရင် Member of the Buddhist Order ဆိုလည်း ဖြစ်ပါတယ်ဘုရား။ တပည့်တော် အဲဒီနမူနာတွေပါ ပြောလိုက်တယ်။

အဲဒါကြောင့် မှီလို့ မင်း ဗုဒ္ဓဘာသာကို တကယ်နားလည်တက်ကျွမ်းချင်ရင် ဒီ Alphabet လောက်တင်မရပ်ပါနဲ့၊ Alphabet ရဲ့နောက်ကွယ်မှာရှိတဲ့ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရတွေကို ရအောင်ယူပြီးတော့မှ မင်းနိုင်ငံကိုပြန်ပါ၊ ဒါပေမဲ့ မင်းဒီအတိုင်းစိတ်ကူးယဉ်ပြီးတော့ ဝိဘဇ္ဇဝါဒလေးနဲ့ သွားလုပ်လို့ မရဘူးနော်၊ဗုဒ္ဓဘာသာမှာ Meditation ဆိုတာရှိတယ်၊ Your knowledge of Buddhism will not be sufficient without any practice of Medeitation. လို့ပြောပြလိုက်တယ်၊ ဟောဒီ Practice လုပ်မကြည့်လို့ရှိရင် မင်း ဗုဒ္ဓဘာသာ နားလည်သွားမှာ မဟုတ်ဘူး။ မှန်လည်း မှန်ပါတယ်ဘုရား။

အနှစ်သာရဘက်ကို ဦးလှည့်ပေးတော်မူကြပါ

တပည့်တော်တို့ အရှင်ဘုရားတို့ ငယ်ငယ်ကစပြီးတော့ တော်တော်ခပ်များများ က Alphabet ဆိုတဲ့အက္ခရာချည်းပဲ တပည့်တော်တို့သင်ခဲ့ရပါတယ်။

တပည့်တော်တို့ နိုင်ငံခြားသားတွေ အဲဒီလို သတင်းပေးနေတဲ့ချိန်မှာ တပည့်တော်တို့ ဗုဒ္ဓဘာသာ ဝင်တွေကတော့ အခမ်းအနားတွေ ပွဲလမ်းသဘင်တွေနဲ့ ကိုယ့်ဘာသာရေးကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အချိန် ကုန်နေဆဲပဲရှိပါတယ်၊ အရှင်ဘုရားများဆိုရင် ဘာပဲပြောပြော ကိုယ့်ရပ်ကိုယ့်ဒေသ ကိုယ့်ဒကာ ဒကာမ ကိုယ်ကျောင်းသား / သူ လေးတွေကို တတ်နိုင်တဲ့နည်းနဲ့ မျက်စိဖွင့်ပေးတော်မူကြပါဘုရား။ အချိန်အခါကျရောက်နေပါပြီ။

တပည့်တော်တို့ အခုမန္တလေးတိုင်းအတွင်းမှာရှိတဲ့ ဘကကျောင်း '၂၇၈' ကျောင်းကိုသွားတာနှစ်မြို့နယ်ပဲကျန်ပါတော့တယ်ဘုရား၊ အဲဒီမှာ 'ဘက' လုပ်ငန်းကို တကယ် ဝါသနာပါပြီးတော့မှ စာအခြေ တော်တော်ရှိတဲ့ အရှင်ဘုရားများကို တပည့်တော် အမြဲတမ်း လျှောက်ပါတယ်–

"ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အရှင်ဘုရားတို့ လာတက်ပါ။ ဒီလုပ်ငန်းကို အရှင်ဘုရားတို့ ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်းကောင်းကောင်းလုပ်နိုင်ပါတယ်ဘုရား။" အဲဒီလိုတပည့်တော်အမြဲတမ်း လျှောက်ထားလာခဲ့ပါတယ်ဘုရား။

အဲဒီတော့ ဘာပဲပြောပြော ဒီကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းလုပ်ငန်းမှာ ဒီပရိယတ္တိ ပဋိပတ္တိနည်းများစွာရှိတဲ့အနက်က တစိတ်တပိုင်းဖြစ်တဲ့ အခုဆရာကြီး ဘုန်းဘုန်းတို့ကို အချိန်တို သင်ပြပြောပြမယ့် ကန္တီရွှေသိမ်တော် တောရဆရာတော်ကြီးရဲ့ 'သုခပဋိပဒါခိပ္ပါဘိညာနည်း၊' ဆရာတော်ဘုရားကြီးရဲ့ အဲဒီနည်းကိုဆရာကြီးက ငယ်စဉ်ကတည်းကစပြီး ဒီနှစ်မှာ ပရိယတ္တိစာပေတွေရော လက်တွေ့လုပ်ထားတဲ့ ပဋိပတ္တိနဲ့ရော အစုံပေါင်းစပ်ပြီးတော့မှ ရသမျှ

www.burmeseclassic.com

www.burmeseclassic.com



အချိန်လေးမှာ အရှင်ဘုရားများ
ကို ဗဟုသုတပေးမှာ ဖြစ်ပါ
တယ်။

အရှင်ဘုရားများက
တဆင့် ပြန်လည်ဖြန့်ဝေရမှာ
ဖြစ်တဲ့အတွက် တတ်နိုင်သမျှ
ရှူးရှူးစိုက်စိုက်လေး နာယူမှတ်
သားတော်မူကြပါလို့ အထူး
တိုက်တွန်းလျှောက်ထားအပ်ပါ
တယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

**မမြင်ရသောအန္တရာယ်များ**

တိုက်တာတစ်ခု၌ သံဃာများ နှစ်ပက္ခဖြစ်ပြီး တစ်ဦးမျက်နှာ တစ်ဦးက မကြည့်နိုင်သောအခြေအနေမျိုး ရောက်လာလျှင် (ရောက်လာအောင်ဖန်တီးပြီးလျှင်) တစ်ဖက်၌ ယုတ်ညံ့သော ဖျက်ဆီးရေးအတတ်များကို ချပေး၍၊ တစ်ဖက်၌မူ "ဥုံဖွ" ဆိုရုံနှင့် ချက်ချင်းရောဂါပျောက်၊ လုပ်သူကို အတတ်သိနိုင်သော ပညာမျိုးကို ချပေးကြသည်။

ထိုအခါ ဥသျှစ်သီးနှစ်လုံးလုံး ကွဲတော့သည်။

ဓမ္မဒူတ တတိယအုပ် - စာ ၊ ၃၂၆။

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနဿ စ လောကဿ၊

ဝုဍ္ဎိဘာဝတု သဗ္ဗဒါ ။

သာသနမ္ပိ စ လောကဉ္စ ၊

ဒေဝေါ ရက္ခန္တု သဗ္ဗဒါ ။

ဝမ်းသာလွန်းလို့ပါ

တပည့်တော်များ မနက်က ကျောင်းထိုင် ဆရာတော် နာယကဆရာတော် ကြွရောက်ပြီးတော့ မမျှော်လင့်ဘဲနဲ့ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှာ ခရီးကြုံခိုက်ဟောပြောလျှောက်ထားပေးဖို့အမိန့်ရှိပါတယ်။ ဘုရားတပည့်တော်မှာ အင်မတန်တန်ဖိုးရှိတဲ့ ဆုလာဘ်ကြီးချီးမြှင့်လိုက်သလို ဘုရားတပည့်တော်ခံစားရပါတယ်၊ ဒါဘုရားတပည့်တော် စကားအရ လျှောက်တာ မဟုတ်ပါဘူးဘုရား၊ တပည့်တော်တို့ မြန်မာနိုင်ငံတဝန်း တလျှား

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ပြီးတော့ သင်တန်းတွေပေး တရားတွေဟော အဟော အပြောကောင်းတဲ့ ပုဂ္ဂိုလ်လည်း မဟုတ်ပါဘူး၊ ဓမ္မကထိကလည်း မဟုတ်ပါဘူး၊ ကိုယ်သဘောပေါက်သလို ပရိတ်သတ်နားလည်အောင် ဟောပြောတဲ့ သဘောမျှသာဖြစ်ပါတယ်။

သို့သော်ငြားလည်း ဟောရမယ်ဆိုလည်း ဟောပါတယ်။ အဲသလို ဟောခဲ့ရ သင်တန်းတွေပြခဲ့ရ ဒါတွေထဲမှာ တပည့်တော်တို့က အိုးကွဲထဲမှာ ရေဖြည့်ရသလို၊ ကိုယ့်ကိုယ်ကိုလည်း သဘောပေါက်လာပါတယ်၊ 'ထန်းပတ်ပြား မြင်းစီးရသလို' ငါပြေးရသလောက် မောတာပဲလို့၊ တသက်တာ ဘဝအတွေ့အကြုံ ဟောပြောမှုအတွေ့အကြုံ ပြုံပြန်စဉ်းစားတဲ့အခါ အဲဒီလိုပဲ တချို့နေရာတွေမှာ ခံစားရပါတယ်။ လေးလေးစားစားနဲ့ နာယူမှတ်သားတဲ့နေရာတွေ တွေ့ရတော့လည်း အတိုင်းမသိ ပီတိတွေဖြစ်ရပါတယ်။

မည်သို့ဖြစ်စေ အများအားဖြင့် လူဒကာ ဒကာမ ကလေးသူငယ်များကိုသာ ဘုရားတပည့်တော် သင်ကြားဟောပြောခဲ့ရတာဖြစ်တဲ့အတွက် တနည်းအားဖြင့် သာသနာအတွက် တိုင်းပြည်ရဲ့ အနာဂတ်အတွက် ကောင်းတာမှန်သော်လည်းပဲ အရှင်ဘုရားများ တပါးကို စက္ကန့်ပိုင်းလောက် မိနစ်ပိုင်းလောက် နာရီပိုင်းလောက် တွေ့ဆုံဆွေးနွေးဟောပြောရတာနဲ့စာရင်တော့ မနှိုင်းယှဉ်လောက်အောင် ဘုရားတပည့်တော် အားတွေကုန်သွားသလို ထင်ရပါတယ်၊ အရှင်ဘုရားများ အပါး ၆၀–၇၀ ဟောပြောရတာ လူပရိသတ် ခြောက်သောင်း၊ ခုနစ်သောင်း၊ ခြောက်သိန်း၊ ခုနစ်သိန်း ဟောပြောရတာထက် အများကြီး တန်ဖိုးရှိပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ဘုရားတပည့်တော် ဝမ်းသာဂုဏ်ယူကြောင်း ဦးစွာပထမ လျှောက်ထားပါရစေဘုရား။

**တစ်ကမ္ဘာလုံးချွတ်ခြုံကျနေတဲ့လောကကြီး**

အဲဒီတော့ ဘုရားတပည့်တော်တို့ ခုနကဆရာ ဦးအောင်သိန်းညွန့် ဒါ တူလိုသားလို ဘုရားတပည့်တော်တို့ အစဉ် တစိုက်နေခဲ့တာပါ၊ အဲ သူတို့ကလည်း မိဘလို ဆရာလို နှစ်ပေါင်း များစွာဆည်းကပ်ပြီးတော့ လာခဲ့ကြတာပါ၊ အင်မတန်တော်တဲ့ ပုဂ္ဂိုလ်တွေပါ၊ ကိုရင်ဘဝနဲ့ ပထမကျော်အောင်တယ်၊ ဓမ္မာစရိယ အောင်တယ်၊ အင်္ဂလိပ်စာကို လက်တန်းပြောနိုင်ရေးနိုင်တယ်၊ Translation ကို Write down ကောက်ရေးနိုင်တယ်၊ အဲဒါကြောင့် ဘုရားတပည့်တော်ကလည်း ဟို သူ့ကိုတောင်ဇွေး Staff လက်စွဲ သဘောမျိုးအမြဲထားပါတယ်။ ဘုရားတပည့်တော်က တတ်မှ မတတ်ဘဲကိုး။

အဲဒီတော့ ဘုရားတပည့်တော်တို့က ဂေါတမဗုဒ္ဓရဲ့ 'ဘဂဝါ' ကောလိပ်ကလာကြတာ၊ ဒီခေတ်ဒီအခါမှာ International ခေတ် Globalization ခေတ် Knowledge ခေတ် Media ခေတ် ကမ္ဘာတဝန်း တလျှားဘယ်နေရာမှာမှ ထိန်ချန်ထားလို့မရ တိုးလျှိုပေါက် လျှပ်ရှား သွားလာထိတွေ့ ဆက်ဆံနေကြတဲ့ အချိန်အခါမှာ ဘုရားတပည့် တော်တို့ သာသနာဟာလည်းပဲ–

'သာသနဿ စ လောကဿ ဝုဍ္ဍိဘဝတု သဗ္ဗဒါ'

သာသနာတော်ကြီးလည်း တိုးတက်ပါစေ၊ လောကကြီးလည်း တိုးတက်ပါစေ၊

www.burmeseclassic.com

www.burmeseclassic.com



'သာသနမ္ပိစ လောကဉ္စ ဒေဝါ ရက္ခန္တု သဗ္ဗဒါ'

သာသနာကိုရော လောကကိုပါ သမ္မာဒေဝနတ်အပေါင်းတို့ စောင့်ရှောက်မစနိုင်ကြပါစေ၊ ကြည့်ရှုနိုင်ကြပါစေ။

ရှေးကရဟန္တာအရှင်သူမြတ်ကြီးများ ဒီဂါထာလေးရေးသွားတာ သာမန်မဟုတ်ပါဘူး ဘုရား။ ဘုရားတပည့်တော်တို့ သူတော်ကောင်းတရားမြတ်နိုးတဲ့ပုဂ္ဂိုလ်တွေ ဒီသူတော်ကောင်းတရားတွေ ချည်းပဲ ကျင့်ကြံပွားများ လေ့လာဆည်းပူးနေရုံမျှနဲ့ ဒီသာသနာ သူတော်ကောင်းတရားတွေ ထွန်းကားမှာ မဟုတ်ပါဘူး၊ မိမိရပ်နေတဲ့ ground, မိမိရပ်နေတဲ့ Stand, ဤလောက ဤကမ္ဘာ ဤမြန်မာနိုင်ငံ ဒီဒကာ ဒကာမတွေ ဒီကနေ့ ဘာဖြစ်နေသလဲ? ဘယ်အခြေအနေမှာ ရှိသလဲ? ဒီလိုမစဉ်းစားရပေဘူးလားဘုရား။

လောကကြီးက နိမ့်ကျပြီးတော့ ချွတ်ခြုံကျတဲ့လောကကြီးပေါ်မှာ သာသနာဆိုတာ လောကပေါ်မှာ တည်ဆောက်ရတာဖြစ်လေတော့ ကိုယ်တည်ဆောက်ထားတဲ့ လောကကြီးသည် အကျင့်စာရိတ္တ စီးပွားရေး၊ လူမှုရေး အသိဉာဏ်ချွတ်ခြုံကျနေတဲ့ လောကကြီးမှာ တည်ဆောက်တဲ့ သာသနာဟာ ဂုဏ်မြောက်နိုင်ပါ့မလားဘုရား၊ မမြောက်နိုင်ဘူး၊ အရှင်ဘုရားတို့ တပည့်တော်တို့ တာဝန်တွေ အများကြီး ရှိနေပါသေးတယ်ဘုရား။

ဘုန်းကြီးနှင့်ဘုန်းကြီးလူထွက် လူပျိုတော်တွေ အလုပ်မလုပ်ဘူးဘုရား၊ ရေသာခိုပြီးတော့ မျှောပြီးတော့လိုက်နေကြတယ်၊ တိုးတက်၊ တီတွင်၊ ကြံဆ၊ ကိုယ့်ရှိတဲ့ အားတွေကို အသုံးပြုပြီး ဒီလူတွေကို ဒီသာသနာကို ဘယ်လို ငါကျေးဇူးတုံ့ဆပ်

www.burmeseclassic.com

www.burmeseclassic.com



ရမလဲ? အသင့်အနေအထားမှာ ငါ အကျိုးပြုဖို့ ဘယ်လိုလုပ်ရမယ် ဆိုတဲ့စိတ် တပည့်တော်တို့မှာ အင်မတန်နည်းခဲ့ကြတယ်ဘုရား။

'သာသနဿစ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ ”

သာသနာလောကကြီးအားနည်းနေရင် တပည့်တော်တို့က လောကကြီးကို မြှောက်တင်ပေးရမယ့် တာဝန်ရှိတယ်၊ သာသနာ ချည်းပဲ သူ့ဟာသူစည်ပင်လို့ ရတာမှမဟုတ်ဘဲ၊ ဒီမြေ့,ဒီ Ground, ဒီလောကကြီးပေါ်မှာ စိုက်ရတဲ့ တည်ဆောက်ရတဲ့ Foundation လုပ်ရတဲ့ သာသနာ လောကကြီးစည်ပင်ပြန့်ပွားချမ်းသာဖို့ လူတွေ အသိဉာဏ်ရဖို့ စာရိတ္တကောင်းဖို့ လောဘစရိုက် ဒေါသစရိုက်တွေ အားကြီးနေရင် ဒီလောဘစရိုက်တွေ ဒီဒေါသစရိုက်တွေ နည်းပါး လျော့ပါးချုပ်ငြိမ်းအောင် ငါ ဘယ်လိုလုပ်ရမလဲ ဆိုတဲ့တာဝန် တပည့်တော်တို့မှာ အများကြီးတာဝန်ရှိပါတယ်။

လောကကြီးက စည်ပင်သာယာပြီး နေတဲ့ လောကကြီး ပေါ်မှာ တပည့်တော်တို့ သာသနာအဆောက်အဦးကြီးထည်ထည်ဝါဝါ ဆောက်ပြီးတော့များ သီတင်းသုံးနေထိုင်ကြရင် ဘယ်လောက်ချမ်းမြေ့ စရာကောင်းလိမ့်မလဲ ဘုရား။

## မြောင်းထဲ မရောက်ဖို့လို

အဲဒီတော့ အခုနိုင်ငံတော်အစိုးရနဲ့တကွ နိုင်ငံတော် သံဃ မဟာနာယကဆရာတော်ဘုရားကြီးများ ညွှန်ကြားတော်မူချက်အရ အသီးသီးတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ဗုဒ္ဓဘာသာကို ဟိုး ရှေးဦး စဉ်လာအရ လေ့လာဆည်းပူးသင်ကြားကြရုံနဲ့ ဖြန့်ချိကြရုံမဟုတ်ဘဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခုနကဘုရားတပည့်တော်များ လျှောက်ထားတဲ့ Globalization International ခေတ် Media နည်းပညာခေတ်နဲ့ လိုက်လျောညီထွေရှိအောင် ရေမြှင့်ရင်ကြာမြင့်ရမယ်ဆိုတဲ့အတိုင်း ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး စနစ် ဘ–က ကစပြီးတော့ ကျောင်းထိုင်ဘုန်းကြီး၊ ဘုန်းတော်ကြီးများ သင်တန်းကျောင်းအလယ်နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးများအဆုံး အသွယ်သွယ်အဝဝ အောက်ခြေမှသည် ခေါင်ထိပ်သို့တိုင်အောင် ဘာမှ လိုလေသေးမရှိအောင်နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ အမြော်အမြင်နဲ့ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးမှု ဒကာ–ဒကာမတွေရဲ့ ပစ္စည်းလေးပါးပံ့ပိုးထောက်ပံ့မှု အရှင်ဘုရားများရဲ့ လုံ့လဝီရိယတွေ အဲဒါတွေ တွေ့ရတော့ ဘုရားတပည့်တော် ဝမ်းသာအားရဖြစ်မိပါတယ်။

ဘာဖြစ်လို့လည်းဆိုတော့ တပည့်တော်တို့က တိုးတက်လာတဲ့ ကမ္ဘာမှာ တိုးတက်တဲ့သာသနာ ဒ်လိုဖြစ်ရမှာပါ။ သင်ကြားနည်း ဟောပြောနည်း အဲဒီလိုမဟုတ်ရင်တော့ တပည့်တော်တို့ဟာ လောကကြီးက တပည့်တော်တို့ကိုထားပစ်ခဲ့မှာပါဘုရား၊ ဘယ်မှာထားခဲ့မလဲ မြောင်းထဲထားပစ်ခဲ့မှာပါဘုရား။ သည့်လိုမဟုတ်ဘူးလားဘုရား။

ဒီနိုင်ငံရဲ့ အစွန်အဖျားတောတောင်တွေ လူအရောက်ပေါက်နည်းတဲ့နေရာတွေကို အရှင်ဘုရားတို့ တပည့်တော်တို့ ရောက်ကြရမှာပါဘုရား၊ ဒီရေစီးကြောင်းနဲ့အညီ ဘုရားတပည့်တော်တို့ သင်ကြားပို့ချ၊ အဲ ဟောပြောကျင့်သုံးမှု မပြုလုပ်နိုင်ဘူးဆိုရင်တော့ တပည့်တော်တို့ဟာ မြောင်းထဲရောက်ကြရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒီသင်ကြားနည်းစနစ်တွေ ဟောပြောဖြန့်ချိနည်းစနစ်တွေ ခေတ်နဲ့အညီ ကျွဲကူးရေပါ သာသနာနဲ့ လောက,လောကနဲ့သာသနာ Side by Side လောကလည်း တိုးတက်စေရမယ်။ သာသနာလည်း တိုးတက်စေရမယ်။

လောကကနိမ့်ကျနေရင် ဒုစရိုက်တွေပြန့်ပွားနေရင် သာသနာကဆွဲပြီးတော့ တွဲပြီးတော့ ခေါ်ရမယ်၊ မြှင့်ပေးရမယ်၊ အဲဒီ Ground ပေါ်မှာ တပည့်တော်တို့ သာသနာကို တည်ဆောက်ခဲ့တာကိုး။ သူနိမ့်ကျရင် တပည့်တော်တို့က မြှင့်လို့ရပါ့မလား၊ မရဘူးဘုရား။

အဲဒီတော့ တပည့်တော်တို့ ပေါ့ပေါ့နေလို့ မရဘူး၊ သာသနာလှေကြီးပေါ်မှာ တပည့်တော်တို့ လှေကြုံစီးလို့မရဘူး၊ ခတ်တက်ကို လှော်ရမယ်၊ ပဲ့တန်ရင် ပဲ့ရမယ်၊ လှေပေါက်လို့ရေဝင်ရင် ခပ်သင့်ရင် ခပ်ရမယ်၊ အမြိန့်သားလှေကြုံစီးလိုက်လာရင် သာသနာတည်းဟူသော လှေပေါ်မှာ အဲဒီလှေကြုံစီးတဲ့ ပုဂ္ဂိုလ်တွေများလာရင် ဒီသာသနာလှေကြီးဟာ မကြာပါဘူးဘုရား။

## ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ကြမလဲ

ဒီနေ့ သည်လောက်တိုးတက်လာတဲ့ခေတ်ကြီးဟာ တပည့်တော်တို့ လွန်ခဲ့တဲ့အနှစ်ငါးဆယ်နဲ့ မတူတော့ဘူးဘုရား။ တိုးတက်လာတဲ့ခေတ်ထဲမှာ ဒီလို အံ့ဝင်ခွင်ကျလေးဖြစ်နေတာ ခုနကပြောသလို နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်အစိုးရ၊ ပစ္စည်းလေးပါးဒကာ ဒကာမတို့နဲ့ အရှင်ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကိုသိပြီးတော့ ဆောင်ရွက်တဲ့ အနေအထားတွေကြောင့် တပည့်တော်တို့ ဒီလို Level လေး တပည့်တော်တို့ လိုက်နိုင်တယ်။

အဲဒါတပည့်တော်တို့ ဖေါက်သွားရင် တပည့်တော်တို့ ကျန်ခဲ့မှာ၊ သူကရှေ့ကသွားမှာနော်၊ လောက,ကနော် ရှေ့က သွားမှာ။ အဲဒီတော့ အဲဒါတွေက အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းပါတယ်။

ဆရာ ဦးအောင်သိန်းညွှန့် ပြောတာတွေချည်းပဲ ဆက်ပြီး တော့ တပည့်တော် နာချင်စိတ်ပေါက်လာတယ်၊ သို့သော်လည်း အချိန်ကမပေးတဲ့ အတွက် အဲသလောက်ပဲ နာရပါတယ်။ တပည့် တော်လည်း အင်မတန်ကျေးဇူးတင်ပါတယ်ဘုရား၊ အဲဒီတော့ တပည့်တော်တို့ "ဩစိတ္တ"ဂုဏ်ကိုပြောတဲ့နေ့က ဘုရားတပည့်တော် ဝိပဿနာ လျှောက်ထားဖို့ပါဘုရား၊ မလျှောက်ထားခင်–

'သာသနဿစ လောကဿ ဝုဍ္ဎိဘဝတု သဗ္ဗဒါ '

ဆိုတဲ့ ပဏာမအခြေခံ၊ ဒါ–ရဟန္တာ အရှင်မြတ်ကြီးများ နေ့စဉ် ပရိတ်ထဲရွတ်ပွားဖတ်ရလောက်အောင် သာသနာအကြောင်း လောက အကြောင်းတို့ နှီးနှောစဉ်းစားနိုင်အောင် သာသနာအပေါ် လောက အပေါ်မှာ မေတ္တာဓါတ်တွေ အင်အားတွေ ဖြန့်ဖြူးနိုင်အောင် သတိပေးတဲ့အနေနဲ့ စီးကုံးရေးသားထားတဲ့ ဂါထာလေး၊ ဒါကိုပြန် ပြီးတော့ ဘုရားတပည့်တော် လျှောက်ထားတဲ့အတိုင်း ...

ဒီကနေ့ '၂၀' ရာစု သာသနာနဲ့ လောကတို့ အထိုက် အလျောက်လေး မြည်းစမ်းနိုင်အောင် သမထ – ဝိပဿနာတွေ မလျှောက်ထားခင် လျှောက်ထားခွင့်ပြုပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အကျဉ်းချုပ် ဘုရားတပည့်တော် လျှောက်ထားရမယ်လို့ရှိရင် ...

ဒီ ၂၀ ရာစုကုန်ခါနီးနဲ့ ၂၁ ရာစုဟာ ကမ္ဘာကြီးဟာ ပိုပြီးတော့ ကြောက်စရာအခြေအနေ၊ အရှင်ဘုရားများသိတော်မူတဲ့အတိုင်းပဲ ဖြစ်ပါတယ်၊ လူတွေအစုလိုက် အပြုံလိုက် မီးလောင်တိုက်သွင်းတဲ့ ပွဲကြီးတွေနော်၊ နောက်ပြီးတော့ရင် သဘာဝအန္တရာယ်ကြီးတွေ လောကကြီးတခုလုံး 'ကပ်' ဆိုက်နေပါတယ်။

အများအားဖြင့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံအငြင်းပွားမှု သတ်ဖြတ်မှု သွေးချောင်းစီးသတ်ဖြတ်မှုတွေ ဝတ်မွတ်မှုတွေ၊ ဒါတွေဖြစ်လာတဲ့အခါမှာ နိုင်ငံကမ္ဘာအကြီးအကဲတွေက ကမ္ဘာကြီးကို သူတို့လည်းပဲ သူတို့ဉာဏ်မီသလောက်အတိုင်းအတာနဲ့ ကြီးပွားချမ်းသာစေချင်ကြတာပဲ၊ ကြီးပွားချမ်းသာအောင်လည်း အစွမ်းကုန်သူတို့ဆောင်ရွက်နေကြတာပဲ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးဆိုတာ အဲဒါကြောင့်ပေါ်ပေါက်လာရတာပါဘုရား။

အဲဒီအဖွဲ့ချုပ်ကြီး မပေါ်ပေါက်ခင်တပည့်တော်တို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး မပေါ်ပေါက်ခင် ဟိုး ... ပထမ ကမ္ဘာစစ်ကြီးအပြီး AD-1919 မှာ ဟို ကုလသမဂ္ဂမခေါ်သေးဘူး၊ ဟိုတုန်းက နိုင်ငံပေါင်းချုပ်အသင်းကြီး The League of Nations ပေါ်ပေါက်ခဲ့တယ်ဘုရား။ ကမ္ဘာ့နိုင်ငံအကြီးအကဲတွေ စုပေါင်းဆွေးနွေးညှိနှိုင်းအဖြေရှာပြီးတော့ ကမ္ဘာသူ ကမ္ဘာသားတွေ ချမ်းသာအောင်ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့ကြတာပါ။

ဒါပေမယ့် ဒီအသင်းကြီးလည်း အဲဒီအသင်းဝင်ပုဂ္ဂိုလ် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အသင်းဝင်ခေါင်းဆောင်တွေရဲ့ အတ္တကြောင့် အဲဒီနိုင်ငံပေါင်းချုပ် အသင်းကြီးလည်း ပျောက်ကွယ်ခဲ့ရပါတယ်။

အခုကုလသမဂ္ဂအဖွဲ့ချုပ်ကြီး ဒုတိယကမ္ဘာစစ်ပြီးလို့ AD-1945 အောက်တိုဘာ 24 နေ့မှာ တရားဝင် ထူထောင်ဖွဲ့ကြပြန်တယ်၊ အဲဒီတော့ ဘုရားတပည့်တော်များစိုးရိမ်ပါတယ်၊ ဒီအသင်းအဖွဲ့ကြီးကို 'For the world fair of main kind' တကမ္ဘာလုံး လူသားတိုင်း ငြိမ်းအေးချမ်းသာသာယာဝပြောစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကြီးမားသော ကုန်ကျစရိတ်တွေနဲ့ ဒီလိုဆောင် ရွက်ခဲ့ကြပါတယ်။

အဲဒီလို ဆောင်ရွက်ရင်း ဆောင်ရွက်ရင်းနဲ့ အဲဒီဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အတ္တကြောင့် ဒီကုလသမဂ္ဂအဖွဲ့ကြီးဟာလည်း အဲဒီအတ္တကြီးရဲ့အောက်မှာပဲ ပျောက်ကွယ်သွားလေမလား။ ဒီလို စိုးရိမ်မိပါတယ်ဘုရား။

အဲဒီတော့ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေဟာ အဖြေတစ်ခုတွေ့ပါတယ်။ ဟိုး ... ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးသန့်ရှေ့က ဒဂ်ဟာမ္မားရှိုး (Dag Harmmarskjold) သူကလေယာဉ်ပျက်ကျပြီးတော့ ကွယ်လွန်သွားရတဲ့ ခေါင်းဆောင်အတွင်းရေးမှူးပါ။ လူတွေကို တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အရှေ့နဲ့အနောက် တောင်နဲ့မြောက် အားလုံးသင့်မြတ်အောင်လုပ်နေတဲ့ကြားကနေပြီးတော့ ရှေ့က ရေလောင်းသွားတယ်၊ နောက်ကမီးတွေ ထ, တောက်လာတယ်၊ ငြိမ်းချမ်းရေးလုပ်ရင်းနဲ့ စစ်ပွဲက ဆက်ဆက် ပြီးတော့ မီးပွားလာတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်းလုပ်လို့ကတော့ မရဘူး။ လူတွေ Spirituality ရှိမှနော်။ စိတ်ဓါတ်ပိုင်းဆိုင်ရာမြင့်မားလာအောင် လုပ်ပေးမှရမယ်တဲ့။ အဲ - ဒဂ်ဟမ္မားရှိုးက သဘောပေါက်ပါတယ်။ သူ့နောက်မှာ တဆက်တည်း တက်လာတဲ့ ဦးသန့်က ( convergence ) တပည့်တော်အသက် "၆၀" မှ အင်္ဂလိပ်စာဖတ်တတ် လာတာပါ။

အဲဒီတော့ ဒီကမ္ဘာကြီး ငြိမ်းချမ်းရေးရအောင် ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးက ဦးစီးဦးဆောင်လုပ်ပြီးတော့ ဆောင်ရွက်တယ်၊ ဆောင်ရွက်ပေမဲ့ ခုနက "ဒဂ်ဟမ္မားရှိုး" ပြောသလို 'ရှေ့က ရေလောင်း နောက်ကမီးတောက်'၊ 'ပြောလေကဲလေ မန်းလေပြဲလေ' အဲဒီလိုဖြစ်နေတယ်။

အဲဒီတော့ တကယ်တမ်းငြိမ်းချမ်းရေးရချင်ရင်တော့ "Unless there is a spiritual renaissance, this world will know no peace." နိုင်ငံရေးနဲ့ စိတ်ပိုင်းဆိုင်ရာ 'သဟဇာတ' ဖြစ်မှ compromise ဖြစ်မှ ဒီကမ္ဘာကြီးငြိမ်းချမ်းမယ်၊ သူ ဒီလို GuideLine ပေးသွားပါတယ်။

ပိုပြီးတော့ ပွင့်လင်းအောင်ပြောရရင် နိုင်ငံရေးနဲ့ ဘာသာရေး ဒီမျဉ်းပြိုင်နှစ်ခုဆုံဆည်းတဲ့ convergence ဒီဆုံချက်မှာမှ ငြိမ်းချမ်းရေးဆိုတာရှိတယ်တဲ့၊ အလွန်အမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်တွေပါ၊ ဟိုဟာ ... နိုင်ငံရေး နိုင်ငံရေးသပ်သပ်ကွာ၊ ဘာသာရေး ဘာသာရေး သပ်သပ်ကွာ၊ နိုင်ငံရေးထဲ ဘာသာရေး သမားတွေလာမရောနဲ့ ဘာသာရေးသမားတွေ နိုင်ငံရေးကိုလာမရော နဲ့၊ နိုင်ငံရေးသမားတွေ ဘာသာရေးကို ခုတုံးမလုပ်နဲ့ အစရှိသည်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးထင်ရာ ပြောကြတာပေါ့လေ။ ကိုယ်ရတဲ့ State ကိုယ်ပြောချင်တာပြောကြတာပဲ။

အဲဒီလိုကမ္ဘာ့ကုလသမဂ္ဂ State က ဦးသန့်ကတော့ နိုင်ငံရေးနဲ့ ဘာသာရေးမညီးပြိုင်နှစ်ခုဆုံချက်မှာမှ ကမ္ဘာ့ငြိမ်းချမ်းရေး ရှိတယ်၊ နိုင်ငံရေးနဲ့ဘာသာရေး နှစ်ခုပေါင်းဆုံကျင့်သုံးမှ ကမ္ဘာကြီးဟာ ငြိမ်းချမ်းမယ်ဆိုတဲ့အမြင်ကို Guide Line ချခဲ့ပါတယ်။

အဲဒီ ဒဂ်ဟမ္မားရှိုးနဲ့ ဒီပုဂ္ဂိုလ်ကြီးများရဲ့ Guide Line အရ ဒီကနေ့ နှစ်ထောင်ပြည့်နှစ် ကုလသမဂ္ဂ **Religious Forum** ပေါ့နော်၊ International **Religious Forum** နော်၊

နောက် ဒီကမ္ဘာ့ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး ညီလာခံကြီး တစ်ခု '၂၀၀၀' ပြည့်နှစ်ကကျင်းပခဲ့ပါတယ်။

အဲဒီလွန်ခဲ့သောအနှစ်ငါးဆယ်ကျော်က ခေါင်းဆောင်ကြီးများ ညွှန်ကြားခဲ့တဲ့ Guide Line ပေးခဲ့တဲ့ဟာအရ ဆောင်ရွက်ကြရတာပါ။ အထွေထွေ အတွင်းရေးမှူးချုပ်ဖြစ်သူ ဘဝကိုန်းက အဲဒီလို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြီးတော့ အစီရင်ခံပါတယ်၊ အင်မတန်မှ ဝမ်းသာစရာ ကောင်းပါတယ်ဘုရား။

ကမ္ဘာကြီးငြိမ်းချမ်းဖို့ရာ သည့်ပြင်နည်းတွေနဲ့လုပ်လို့မရဘူး၊ ဘာသာရေးမပါဘဲ ရကိုမရဘူးဆိုတဲ့ ဒီ Guide Line ဟာ တပည့်တော်တို့ ဝမ်းမြောက်စရာ အင်မတန်မှကောင်းပါတယ်။

တနည်းအားဖြင့်ကြည့်ရင် ဒီကနေ့ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေတဲ့ စစ်ပွဲကလေးတွေ စစ်ပွဲကြီးတွေ ပြင်းခုံမှုတွေ တော်တော်များများ ဟာ မညှာမတာပြောရင်တော့ ဘုရားသခင်စစ်ပွဲတွေ ဘုရားသခင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ကွယ်ကနေပြီးတော့ မြှောက်ထိုးပင့်ကော်လုပ်တဲ့ ငြင်းခုံမှုတွေလို့ တပည့်တော်တို့ ဒီဧရိယာအတွင်းမှာ ပြောရင်တော့ လွတ်လွတ်လပ်လပ် တပည့်တော် အဲဒီလိုပြောချင်ပါတယ်။

**ကမ္ဘာ့ထိပ်သီးညီလာခံကြီးကျင်းပခဲ့**

ဆိုလိုတာက ဘာသာရေးအယူအစွဲတွေကြောင့် ပိုပြီးတော့ ဒီကမ္ဘာကြီးဟာ ကွဲပြဲတာပါ။ ခေါင်းဆောင်ကြီးတွေက မြင်တယ်၊ ဘယ်ဘာသာ ဘယ်ဘာသာက ဘယ်လိုဘယ်လို သူတို့အားလုံး လေ့လာပြီးပါပြီ။ ဗုဒ္ဓဘာသာကို အကြွင်းမဲ့ယုံကြည်ပါတယ်။ လက်ခံပါတယ်။ ဗုဒ္ဓဘာသာဟာ သူတစ်ပါးကို မနှိပ်စက်ဘူး၊ ကောင်းကျိုးကိုသာ ပြုတယ်။ သူတို့ ဒီလိုသဘောပေါက်ပါတယ်။

အဲဒါကြောင့်လည်း သူတို့ကုလသမဂ္ဂ ဘာသာရေးညီလာခံကြီး မကျင်းပခင် ဆွစ်ဇာလန်မှာ "World Economics Forum" စီးပွားရေးညီလာခံကြီး ကျင်းပတော့ ကလင်တန်တို့ Sorros တို့ Bill Gates တို့ နော်၊ အဲတကယ့် ကမ္ဘာ့အကျော်ဒေးယျ ပုဂ္ဂိုလ်တွေချည်းပဲ၊ အပေါ်ဆုံးထိပ်ကလူတွေချည်းပဲ၊ အပေါ်ဆုံးထိပ်ကလူတွေ ခြောက်ရာ ခုနစ်ရာပါတဲ့ ညီလာခံကြီးမှာ ဂုရုကြီး မစ္စတာ ဂိုအင်ကာကိုပင့်ဖိတ်ပြီးတော့ သူတို့နာယူကြပါတယ်။ ကမ္ဘာကြီးငြိမ်းချမ်းအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ နည်းလမ်းကို ဟောပြောနိုင်းပါတယ်။ ဝမ်းပမ်းတသာနဲ့ ခံယူကြပါတယ်။

ဒီပွဲဟောပြောပြီးတာနဲ့ တပြိုင်နက် မစ္စတာကလင်တန်က 'ဆရာကြီး အမေရိကန်ကိုကြွပြီးဟောပြောပေးပါဦး' လို့ ဖိတ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအားလျော်စွာပဲ အဲဒီ '၂၀၀၀' ပြည့်နှစ် ဘာသာရေး ညီလာခံကြီးကြီးပြီးတော့ ဆရာကြီး အဲဒီကိုသွားပြီးတော့ အဲဒီမှာ ဟောပြောရပါတယ်။

အဲဒီတော့ ဆွစ်ဇာလန်မှာ ဟောပြောခဲ့တဲ့ မိန့်ခွန်းတွေ ကုလသမဂ္ဂမှာ ဟောပြောခဲ့တဲ့ မိန့်ခွန်းတွေ တပည့်တော်အကုန်လုံး အင်္ဂလိပ်ဘာသာနဲ့ ပြန်ပြီးတော့ မဂ္ဂဇင်းတွေထဲမှာ ရေးသားခဲ့ပါတယ်။ စုပေါင်းပြီးတော့လည်း တပည့်တော်ထုတ်ဝေမှာပါ။ (ဂုရုကြီး ဦးဂိုအင်ကာ ဟောပြောချက်များကို စုပေါင်း၍ ဆရာကြီး ဦးဒွှေလှိုင်က 'ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီး' အမည်ဖြင့် ဘာသာပြန်ဆို စာအုပ်ထုတ်ဝေထားပြီး ဖြစ်ပါသည်။)

အဲဒီတော့ ဘာသာတရားကို ဒီနေ့ '၂၁' ရာစု လူသားတို့ရဲ့ အတွေးအခေါ်နဲ့ကိုက်ညီအောင် Approach လုပ်နိုင်တာဟာ လုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ မစ္စတာဂိုအင်ကာကြီးဟာ အလွန်ချီးကျူး ကျေးဇူး တင်ထိုက်တဲ့ ပုဂ္ဂိုလ်ကြီးပါ။

## ကမ္ဘာကို သာသနာဘယ်လိုပြုကြမလဲ

အရှင်ဘုရားတို့ တပည့်တော်တို့ တတ်သလိုမဟုတ်ပါဘူး။ သို့သော် သူဘာတတ်လို့ လုပ်နိုင်တာလည်းဆိုတာ အညာကို အရှင်ဘုရားများအကဲခတ်နိုင်ပါတယ်၊ အဲဒါ ဘာပါလဲဘုရား၊ 'ဝိပဿနာ' ပါပဲ။ 'Language' တွေ တပည့်တော်တို့က အင်္ဂလိပ်စာတတ်မှ တရုပ်စာတတ်မှ ဘာတတ်မှ 'Language' တွေလိုက်ပြီးတော့ တပည့်တော်တို့က ကုန်းရုန်းပြီးတော့ "Speaking" သင်တန်းတွေ ဘာတွေလုပ်၊ အဲဒါမှ ကမ္ဘာကို သာသနာပြုလို့ရမယ်ထင်ပြီးတော့ အဲဒီလိုလုပ်ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါလည်းပဲ မှန်သင့်သလောက်မှန်ပါတယ်၊ သို့သော်လည်း ပဲ ဒါဟာ အဓိကမကျဘူးဘုရား၊ အဓိကကျတာက 'Theory'ကို 'Practical' နဲ့ တွဲနိုင်မှ မဟုတ်ဘူးလားဘုရား။

အဲ 'Theory 'ဆိုတဲ့ တပည့်တော်တို့ သုတမယ ပရိယတ္တိ စာပေကတော့ ဒီကနေ့ ထိုင်ဝမ်မှာ ဘိက္ခုဗောဓိဆိုတဲ့ အမေရိကန် ရဟန်းရေးတဲ့ သင်္ဂြိုဟ်ကျမ်း၊ ဆရာကြီးရွှေဇံအောင်ရေးတာရှိတယ်။ 'a compendium Philosophy'၊ ဘိက္ခုနာရဒ ရေးတာရှိ တယ်။ Manual of Abhidhamma သင်္ဂြိုဟ်ကျမ်းလေးကို ဘိက္ခုဗောဓိဆိုပြီးတော့ အမေရိကန်ရဟန်းတော်ကရေးတယ်။ အဲဒါ တရုတ်လိုဘာသာပြန်ပြီး တရုတ်လူမျိုးတွေ တော်တော်များများ ဒါတွေဖတ်ပြီးပြီဘုရား၊ ဝိသုဒ္ဓိမဂ်(သဗ္ဗုရိဒီဓမ္မာရှင်း)နောက်ဝိသုဒ္ဓိ မဂ် ကျမ်းကြီးကိုလည်း တရုတ်လို ဘာသာပြန်ပြီးသွားပြီဘုရား။

စာပေအရ တပည့်တော်တို့ရှင်းရှင်းလေးပြောရရင် သူတို့ ကို လူလည်လုပ်လို့မရဘူးဘုရား၊ သူတို့လောက်လည်း တပည့်တော် တို့ ခေတ်မီအောင် မလေ့လာနိုင်ဘူး၊

သူတို့ကဒေါက်ခနဲ ကြည့်လိုက်ရင် ဒေါက်ခနဲ အဖြေထွက် လာတယ်၊ တပည့်တော်တို့ ဒီ facility 'တပည့်တော်တို့မရှိဘူး၊ အဲဒီတော့ သူတို့တွေက အဲဒီလောက်ထိ ပညာရေးတစ်ခု ဆည်းပူးတဲ့ နေရာမှာ အဲဒီလောက်အထိ လွယ်ကူတဲ့ အထောက်အကူ ပစ္စည်းတွေ နဲ့ အဲဒီလိုလာကြတော့ တပည့်တော်တို့ထက် အများကြီးအားသာ နေပြီ၊ အဘိဓမ္မာတွေနော်၊ ဒီဝိသုဒ္ဓိမဂ်မှာသဘောတရားတွေ သမထ တရားတွေ ဝိပဿနာတရားတွေ သူတို့အများကြီးနားလည်နှံ့ကြပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတပည့်တော်တို့ သွားဟောလို့မရဘူး။ သူတို့ကိုယ်တိုင် ဝိပဿနာဆောင်းပါးတွေအများကြီးရေးကုန်ကြပြီ၊ ဆရာကြီး ဦးဂိုအင်ကာ အကြောင်းပြု၍လဲပဲ ကမ္ဘာမှာ ဒီကနေ့ ကမ္ဘာမှာ နိုင်ငံပေါင်း '၅၀' ကျော်မှာ ဆရာကြီးရဲ့ "Centre" တွေမှာ အားထုတ်နေတာ လူပေါင်း နေ့စဉ်တစ်သောင်းနှစ်သောင်းလောက် ရှိတယ်၊ ဒီလိုခန့်မှန်းလို့ရပါတယ်။ ဒါတွေလည်းပဲ ဝမ်းသာစရာပေါ့ ဘုရား။

## လူပျံတော်တွေ အိပ်ပျော်နေကြ

အဲဒီတော့ တပည့်တော်တို့ ခေတ်ကိုကြည့်ပြီးတော့ ဒီကနေ့ မြန်မာနိုင်ငံထေရဝါဒ ဦးစီးဦးဆောင်ပြုနေတဲ့ ရဟန်းတော်အရှင်မြတ်များနဲ့ ဘုန်းကြီးများ၊ ဘုန်းကြီးလူထွက် လူပျံတော်များ ဘာလုပ်သင့်သလဲ? အရေးတကြီးဘာတွေဆောင်ရွက်ဖို့ လိုအပ်နေပြီလဲ?

၁၂ရာစုတုန်းက အိန္ဒိယမှာ သာသနာ ကွယ်ခဲ့ကြရသလို တက္ကသိုလ်ကြီးတွေ ဘာကြီးတွေ သင်တန်းကျောင်းကြီးတွေတော့ လုပ်ပါရဲ့၊ "နာလန္ဒာ" လို ထမိန်ခြုံပညာရေးကအစ မော်ပညာ အဆုံးသင်တဲ့ သာသနာတော့ သာသနာလို့ ပြောတာပေါ့။ ဒီလို မစင်မကြယ်အရောအနှောတွေပါတဲ့ တက္ကသိုလ်ကြီးတွေ ကောလိပ်ကြီးတွေ တပည့်တော်တို့က အဲဒီလိုလုပ်နေကြရင် "၁၂" ရာစုတုန်း ကလိုပဲ အိန္ဒိယနိုင်ငံကြီးမှာ ဗုဒ္ဓဘာသာတွေ အကုန်လုံး မောင်းထုတ် ခံလိုက်ရသလို မောင်းထုတ်ခံကြရမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီသင်ခန်းစာတွေဟာ တပည့်တော်တို့ ဒီကနေ့ နောက်မှာ အသုံးတွေဟိန်းနေတုန်း ရှိပါသေးတယ်။ ဒီသင်ခန်းစာတွေ တပည့်တော်တို့ ယူရမှာပါနော်။

## သတ္တမသင်္ဂါယနာဖြစ်ပေါ်လာနိုင်

အဲဒီတော့ တပည့်တော်တို့က ဒီခေတ် ခုနက ဆရာဦးအောင်သိန်းညွန့် လျှောက်သလို ကမ္ဘာ့ကကျောင်းသားတွေက ထေရဝါဒတက္ကသိုလ်တွေမှာ အမေးအဖြေ အစပ်အစုတွေများပြီးတော့ စူးစူးစမ်းစမ်းနဲ့ လေ့လာနေကြလို့ ကြိုးစားပြီးဖြေရှင်းနေရတဲ့ အချိန်မှာ တပည့်တော်တို့ ဆရာတော်တွေ၊ တပည့်တော်တို့ ဒကာ–ဒကာမတွေက ပုတီးလေးတချောက်ချောက်နဲ့နော်၊ဂိုဏ်းဆရာတော်တွေဆီသွားလိုသွား၊ နှစ်လုံးသုံးလုံး ပေးတဲ့ဘုန်းကြီးတွေဆီကပ်လိုကပ် ဘုန်းကြီးတွေကပါ နှစ်လုံးသုံးလုံးပေးတဲ့အခြေအနေထိရောက်နော်။

အဲဒီတော့ ကျောင်းတွေကန်တွေမှာ ဘာသာရေးအခမ်းအနားတွေ ဘာတွေလုပ်ကြပြန်တော့လည်းပဲ အားလုံး Treasure ဖြစ် ဖို့ ၊ ကိုယ့်ကျောင်းအကြီးအမှူးကြီးတွေရောက်ဖို့ သူဌေးသူကြွယ်တွေလာဖို့၊ ဒီကျောင်းထဲမှာ ပွဲလမ်းသဘင်ကြီးတွေ အမြဲတမ်းရှင်သန်ပြီးတော့ ဒီဘုန်းကြီးအင်မတန်ဘုန်းကြီးတယ်ဆိုတာမျိုး၊ နောက်သုံးထပ်တိုက်ကြီးတွေ ဖြစ်ဖို့နော်၊ အဲဒီလို ပကာသနတွေမှာ တပည့်တော်တို့ဟာ 'မေး' တင်နေကြမယ်ဆိုရင် တပည့်တော်တို့ သာသနာ မကြာပါဘူးဘုရား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သာသနာကပျက်မှာလား။ မြတ်စွာဘုရားသာသနာကမပျက်ပါဘူး–လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆည်းပူးထားတဲ့ သာသနာ၊ ဒီမှာ သာသနာနေလို့မရရင် တနေရာမှာ သာသနာပြန့်ပွားမယ်၊ စည်ပင်မယ်၊ သတ္တမသင်္ဂါယနာ တင်ကြပါလိမ့်မယ်ဘုရား။

## ဘာသာရေးဓာတ်ခွဲခန်းဝင်ဖို့လို

လေ့လာတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ တန်ဖိုးသိတဲ့လူတွေရှိပါတယ်။ အဲဒီတော့ တပည့်တော်တို့ခေတ်အခါ အခြေအနေအချိန်အခါကို သိပြီးတော့ တပည့်တော်တို့ တန်ဖိုးမဖြတ်နိုင်တဲ့ မြတ်စွာဘုရားရဲ့ စကားလုံးတွေ သူတော်ကောင်း တရားတွေကို မီးမောင်းထိုးပြနေတဲ့ စကားလုံးတွေကို စကားလုံးပေါ်မှာတင် မေးတင်မနေဘဲနဲ့ စကားလုံးနောက်ကွယ်မှာ ရှိတဲ့ 'အတ္ထ' အဓိပ္ပါယ်အယူအဆ သဘောသဘာဝ အဲဒါတွေထိ ဆိုက်အောင် တပည့်တော်တို့ကိုယ်တိုင် Practical ကွင်းဆင်းဖို့ Laboratory မှာ တကယ်တပည့်တော်တို့ ဓါတ်ခွဲခန်းမှာ တပည့်တော်တို့ ဝင်ဖို့အရေးကြီးလာပါပြီ၊ စာပေ–ပရိယတ္တိနဲ့ တပည့်တော်တို့ ရှေ့ကိုလည်းသွားလို့မရပါဘူး၊ အနောက်ကိုလည်းသွားလို့ မရပါဘူး၊ သူတို့က ခေတ်မီနည်းစံနစ်တွေနဲ့ လေ့လာ တတ်ကျွမ်းကုန်ကြလို့ စာတွေ တော်တော်ရေးကုန်ကြပြီ၊ ဒီလိုမဟုတ်ဘူးလား ဘုရား။

အဲဒီတော့ တပည့်တော်တို့က ခေတ်သိဖို့ရာ '<u>ပညာလည်းရှိ ခေတ်လည်းကြည့် ယုတ္တိရှာတတ်စေ</u>။'

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော် အလင်္ကာစာဝါချတုန်းက မစိုးရိမ်ကျောင်းတိုက်ထဲမှာ 'သြစိတ္တျဂုဏ်' ကို ပညာရှိဆိုတာ ပညာရှိရုံနဲ့မပြီးဘူး ဘုရား၊ ခေတ်ကိုလည်းသိရမယ်၊ ဂါထာလေးတော့ မေ့ကုန်ပြီဘုရား၊ 'ပညာလည်းရှိ ခေတ်လည်းသိ ယုတ္တိရှာတတ်စေ'

ယုတ္တိရှာတတ်စေဆိုတာ 'သြစိတျ'' ဂုဏ်မြောက်အောင် လည်း ရေးတတ်ရမယ်၊ ခေတ်ကိုလည်း သိရမယ်၊ ပညာတတ်ရုံနဲ့ မပြီးသေးဘူး၊ အဲဒီလိုဆိုတဲ့အတိုင်း 'သြစိတျ' ဂုဏ်နဲ့ ပြည့်စုံအောင် ဒီနေ့တပည့်တော်တို့ ရပ်တည်ဖို့လိုပါတယ်။

ဒီလိုရပ်တည်နိုင်အောင် နိုင်ငံတော်အကြီးအကဲများ၊ ဆရာတော်ကြီးများ သင်တန်းတွေ တပည့်တော်တို့ ဒီလိုသင်တန်းကျောင်းတွေ ဖွင့်လှစ်ပြီးတော့ အဲဒီလိုသင်ကြားပြသနေတာကို အရှင်ဘုရားများစိတ်ဝင်တစား လေ့လာပြီးတော့ ဆည်းပူးနေကြတာ၊ အဲဒီလိုနေကြတဲ့နေရာမှာ ဟောပြောခွင့်လျှောက်ထားခွင့် ဆုံစည်းခွင့်ပေးတဲ့အတွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဆရာတော်ဘုရားကြီး ဘုရားတပည့်တော်အား တန်ဖိုးမဖြတ်နိုင်သော ဆုလာဘ်ကြီးကို ဒီကနေ့လာရောက်ချီးမြှင့်တာပါကလား ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံခြားသားတစ်ဦး၏ ကိုယ်တွေ့

တိုတိုလျှော့ာက်ရရင် အင်္ဂလိပ်တစ်ယောက်ကို မြန်မာနိုင်ငံမှာ လက်တွေ့တရားအားထုတ်ဖို့ လွှတ်လိုက်တယ်၊ လွှတ်လိုက်တဲ့အခါ ရိပ်သာတစ်ခုမှာ တရားအားထုတ်တယ်။

အားထုတ်ပြီး ၃-၄ ရက်နဲ့သူဟာ အင်္ဂလန်ကိုပြန်သွားတယ်။ "ဟ ဒီကောင်မြန်လှချည်လား။ ဘယ့်နှယ် ဒီကောင်အစတုန်းကတော့ တရားလိုချင်လှချည့်ရဲ့ ဘာရဲ့နဲ့၊ ဗီဇာ-ပတ်စ်ပို့ခက်ခဲတဲ့အချိန်မှာ မင်းငါလွှတ်တာ၊ မင်းသဘောပေါက်အောင် ကျေနပ်အောင်လွှတ်လိုက်တာ၊ မင်းဟာ အချိန်ပေးမလေ့လာဘဲ ဘာလို့ပြန်လာတာလဲ။"

'ဟာ' တဲ့၊ 'တပည့်တော်ကို တရားပြတဲ့ဘုန်းကြီးက သူ့ကျောင်းနားမှာ လာဝပ်တဲ့ခွေးကို ရိုက်လိုက်တာဘုရား' တဲ့နော်၊ ဟင့် 'သျှီးပါအောင်ရိုက်တာ'တဲ့၊ 'ရက်ရက်စက်စက်ကိုရိုက်တာ' တဲ့။ 'ဒီကမ္မဋ္ဌာန်းဆရာပေးတဲ့တရား တပည့်တော်မလိုချင်တော့ဘူး' တဲ့။

ကဲ ဘယ့်နဲ့တုံးဘုရား၊ တပည့်တော်တို့လည်းပဲ အရိုက်ခံပြီးတော့ သင်ခဲ့ရတာပါပဲနော်၊ ဟို အကျိုးရှိတဲ့နေရာရှိတာပေါ့နော်၊ ကျေးဇူးလည်းကြီးပါရဲ့၊ သို့သော်လည်း ဒီခေတ်-ဒီစနစ်ဟာ ဘယ်အခြေအနေလဲ၊ ဘယ်ခေတ်လဲဆိုတာ တပည့်တော်တို့စဉ်းစားပြီး ဆောင်ရွက်ကြဖို့ပါဘုရား။

## စာကြောင်းပေါ်မှာ မဖတ်ပါနဲ့

ခုနကဆရာဦးအောင်သိန်းညွန့် လျှောက်ထားသလို စကားလုံး ပေါ်မှာ မေးတင်မနေကြပဲနဲ့ သုတမယလို့ဆိုတဲ့ emo-

www.burmeseclassic.com

www.burmeseclassic.com



tional level, Level, Devotional Level စိတ်အဆာပြေ ဝတ်တက် ဝတ်ကပ် ပန်းကပ် ဒီလို ပ,သကိုးကွယ်တဲ့ အဆင့်ကနေပြီးတော့ intellectual Level စိန္တာမယပညာ၊ တပည့်တော်တို့ စိန္တာမယပညာတွေ အများကြီးသုံးရမှာပါ။

အဲဒီလိုအသုံးချတဲ့နေရာမှာ ပညာဒီဂရီ သုံးဆင့်ရှိပါတယ်။ သုတမယလမ်းလဲ တပည့်တော်တို့ဖတ်ရမှာ၊ လေ့လာရမှာ၊ ရှာဖွေရမှာပါ။ မသိသေးကဲ့ Language တွေ့ရင် သင်ယူရမှာပါ။ နောက်ပြီး ကလေးတွေပြန်ပြီး ဖြန့်ဖြူးရမှာပါ။ ဒကာ၊ ဒကာမတွေ ပြန်ဖြန့်ဖြူးရမှာဖြစ်ပါတယ်။

သို့သော် ဒီသုတမယပညာ စကားလုံးပေါ်မေးတင်ပြီးတော့ ပညာနဲ့ဖြန့်ချိလို့ကတော့ အားမပါဘူးဘုရား၊ အဲဒီစကားလုံးရဲ့နောက်ကွယ်မှာရှိတဲ့ meaning အဲဒီအတ္ထကို တပည့်တော်တို့ ဖေါ်ထုတ်ပြီးတော့ ကိုယ်ခံစားနိုင်သရွေ့ ကိုယ်ရဲ့တပည့်တွေ၊ ကိုယ့်ရဲ့ ပစ္စည်းလေးပါးဒကာ၊ ဒကာမတွေ နိုင်ငံသူနိုင်ငံသားတွေကို ပြန်ပြီးဝါးပြီး ကစီချပြီးတော့ ကျွေးဖို့လိုအပ်လာပါတယ်။

စာတခု၊ စကားလုံးတခု၊ ဝါကျတခု Language တစ်ခုတွေ့ရင် Read between the lines ' စာကြောင်းပေါ်မှာ မဖတ်ပါနဲ့၊ စာကြောင်းနှစ်ခုကြားမှာဖတ်ပါ ' အင်္ဂလိပ်စကားပုံရှိတယ်ပေါ့ဘုရား၊ စာကြောင်းနှစ်ကြောင်းကြားမှာ ဖတ်ပါတဲ့။

အဲဒီတော့ သုတမယ၊ ပရိယတ္တိ Language ဘာညာ အမျိုးမျိုးသောဗဟုသုတကို လေ့လာရမယ်၊ အဲဒီလိုလေ့လာတဲ့ နေရာမှာလည်း စကားလုံးပေါ်၊ စာကြောင်းပေါ် မေးတင်မနေကြဘဲနဲ့

www.burmeseclassic.com



ထဲထဲဝင်ဝင်အတ္တအထိ Meaning အထိ ရှင်းရှင်းလင်းလင်း၊ ထဲထဲဝင်ဝင်၊ နိုက်နိုက်ချွတ်ချွတ် တပည့်တော်တို့လေ့လာဖို့ လိုအပ်တဲ့ခေတ် ရောက်လာပါပြီ။

အဲဒီကတဆင့် စိန္တာမယ intellectual Level ဒါနဲ့ပြည့်စုံပါပြီလား။ မာ–တက္ကဟေတု၊ မာ–နယဟေတု၊ မာ–ဂဏှိတ္တ ကာလာမဒီလိုမဟုတ်ဖူးလားဘုရား။ ကာလာမသုတ်တခုလုံး ချိုကြည့်တော့လေ။

မာ–အနုဿဝေန–တဆင့်ကြားနဲ့လည်း၊ ကာလာမ–ချစ်သားကာလာမတို့ မာ–ဂဏှိတ္တ–ဟုတ်လှပြီ မှန်လှပြီဟူ၍ ယုံကြည်လက်ခံခြင်း မပြုကြနှင့်ဦး။ မာ–ပိဋကသမ္ပဒါနေန အစရှိသည်ဖြင့်ပေါ့လေ၊ စိန္တာမယထိအောင်သွားပါ၊ ဒုတိယ level နော်။

ဟော စိန္တာမယ ရောက်ပြန်တော့လဲ 'စဉ်းစားပါ'၊ 'တွေးခေါ်ပါ'၊ 'ဝေဖန်ပါ'၊ 'ညှိနှိုင်းပါ'၊ 'တိုက်ဆိုင်ပါ'၊ 'သုံးသပ်ပါ'၊ သုံးသပ်လို့ရပြီဆိုရင်တောင် ( မာ–တက္ကဟေတု၊ မာ–နယဟေတု ဘဗ္ဗရူပေါတိ မာ–ဂဏှိတ္တ )၊ ဒါတော့ဖြစ်သင့်တာပဲ ဘာညာဆိုပြီး လက်မခံနဲ့ဦးတဲ့။ အဲဒီလောက်ထိနော် ဘုရားရှင်က ။

အော် စိန္တာမယဒုတိယ၊ တက်တော့တက်ရမှာပဲ အဲဒီအဆင့်ကနေပြီး။

သို့သော် ပညာရဲ့စခန်းလမ်း ကုန်တာကတော့ ဘာဝနာမယပညာပါ၊ experiencal Level လက်တွေ့ အဲဒီကိုမရောက်ဘဲနဲ့တော့ မြတ်စွာဘုရားရှင်ရဲ့တရားတော်တွေ၊ စကားလုံးတွေဟာလေးအသချေနဲ့ ကမ္ဘာတစ်သိန်း အရင်းအနှီးပြုပြီးမှ နှုတ်တော်ကတွတ်တွတ်တွတ်တွတ် ရွတ်ဖတ်ထုတ်ဖော်လိုက်တဲ့ စကားလုံးလေး

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့အဓိပ္ပါယ်ကို ဘယ်လိုမှပြည့်စုံအောင် မရနိုင်ပါဘူးဘုရား။ စကားလုံးတိုင်း၊ စကားလုံးတိုင်းမှာ လေးအသချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီအားတွေ စကားလုံးတိုင်းမှာပါရှိပါတယ်၊ အဲဒါကို ခံစားနိုင်အောင် experiencial level ဘာဝနာမယပညာနဲ့မှ တပည့်တော်တို့ ချဉ်းကပ် လို့ရမှာဖြစ်ပါတယ်။

ညကလည်း ဘုရားတပည့်တော် သွားစရာရှိသေးတယ်၊ မနေ့ညကလည်း သိပ်နေမကောင်းလို့ မဟောနိုင်ဘူး၊ ကိုအောင်သိန်းညွန့် ကန္တီနည်းမရောက်သေးဘူး။ အခုမှ ဘုတလင်လောက်ရှိသေးတယ်၊ ကန္တီမရောက်သေးဘူး၊ ဆက်ပြီးတော့ အနည်းငယ်ချုံပြီး လျှောက်ပါရစေတော့ဘုရား။

## ထောင့်ကျိုးအောင်လုပ်ပေးခဲ့

ဘုရားတပည့်တော် အသက်သုံးဆယ်လောက်ကစပြီးတော့ မကျန်းမာတာကိုအကြောင်းပြုပြီးတော့ သိမ်ဖြူဆရာတော်အရှင်နာဂသိန်နဲ့ပေါင်းပြီး ခြောက်လလောက် ဆေးပညာတွေတတ်၊ ဆေးဆရာတွေဖြစ်ပြီးတော့ ဆယ်နှစ် ဆေးလောကမှာ ကျင်လည်ခဲ့ရတယ်၊ မကျန်းမာတာကို အကြောင်းပြုပြီး ကျေးဖုံရှင်မဟာစည် ဆရာတော်ဘုရားကြီးနားချဉ်းကပ်ပြီးတော့ နှစ်လကျော်ကြိုးစား အားထုတ်ခဲ့တဲ့အတွက် ဝိပဿနာအပေါ်၊သမထတရား၊ ဒီတရားတွေ အပေါ်မြတ်နိုးတတ်တဲ့ လူတယောက်ဖြစ်ခဲ့ရတယ်။ အဲဒီတော့ အကောင်းအဆိုးတွေဟာ လောကကြီးပေါ်မှာဒွန်တွဲပြီးတော့ အဲဒီလိုသွားနေတာပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဆရာတော်ဘုရားကြီးများရဲ့ ကျေးဇူးမေတ္တာ၊ ကရုဏာတွေကြောင့် ဘုရားတပည့်တော်ထောင့်မကျိုးတာတွေ ဝေဘူ ဆရာတော်ဘုရားကြီးများ၊ မဟာစည်ဆရာတော်ဘုရားကြီးများ အထိုက်အလျောက် နေသာထိုင်သာရှိအောင် ထောက်ပံ့တွေတော်တော် လေးပြေအောင်တော့ တပည့်တော်ကို ဆုံးမပေးသွားတော်မူပါတယ် ဘုရား။ ဒါလေးနဲ့ပဲ တပည့်တော်အမောဖြေပြီး နေခဲ့ရပါတယ်။

## ခုမှ မတတ်မှန်းပိုသိလာ

အဲ အသက်ခုနစ်ဆယ်အထိ တပည့်တော်ကို နိုင်ငံတော် အစိုးရက ဆက်ခန့်တဲ့အခါ နဖါးကြိုးမဖြုတ်တဲ့အခါ အသက်ခုနစ် ဆယ်အထိ အလုပ်လုပ်ခဲ့ရတာပါနော်၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် သုတ္တန္တဌာနမှာလည်း တပည့်တော် တွဲဖက် ပါမောက္ခဆိုပြီး လုပ်ခဲ့ရပါတယ်။ အတော်တတ်တာကိုးဘုရာ့။

ဘုရားတပည့်တော် အဲဒီတတ်တာတွေဟာ မတတ်တာတွေ ပါလားဆိုတာ အဲဒီကမ္မဋ္ဌာန်းကျောင်းရောက်မှသိတာဘုရား၊ ငါတော် တာတွေဟာ ငါမတော်တာပါလားဆိုတာ ခုတ်ခွဲကြည့်မှ သဘော ပေါက်လာခဲ့ရပါတယ်။

အဲဒီတော့ အသက်ခုနစ်ဆယ် ပြည့်တဲ့နှစ်မှာပဲ ဘုရားတပည့် တော် အလုပ်ကလည်း ထွက်ရပါတယ်။ ကိုယ်ရည်မှန်းထားတဲ့ အလုပ်ကလည်း ဒါမှပဲလုပ်ဖြစ်မှာ မဟုတ်လားဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## နည်းပညာက မခက်ခဲ

ဘုရားတပည့်တော်ရဲ့ နောင်တော်အရင်းဖြစ်တဲ့မောင်းထောင်မြေဖင်းတောရဆရာတော်ဘုရားကြီး ရန်ကုန်၊ မော်ဘီလှပဒါးကျောင်းမှာ ဖြစ်ခေါင့်ဖြစ်ခဲ ရက် ၆၀ တရားစခန်းပွဲကို လုပ်တဲ့နေရာမှာလည်း ဘုရားတပည့်တော်က စည်းမျဉ်းထုတ်ပါတယ်၊ အားလုံး Graduate တွေရွေးပါတယ်။ သီလရှင်ဆရာလေး၊ ဦးပဉ္စင်းတွေ လူတွေ အသက်ငါးဆယ်အရွယ်အောက်သာပါတယ်။ ငါးဆယ်အထက်မလာရလို့ တပည့်တော်စည်းမျဉ်းဆွဲပါတယ်။ ဒါကို ကိုယ်က ခုနစ်ဆယ့် တစ်နှစ်ဆိုတော့ ကိုယ်က စည်းမျဉ်းဆွဲတဲ့လူကိုး၊ အင်း–အဲဒါဆိုတော့ ကိုယ်စည်းမျဉ်းနဲ့ ကိုယ်ကတော့ ကိစ္စမရှိဘူးလေ၊ အဲ–တပည့်တော် တစ်ယောက်ပဲပါတယ်။

အဲဒါ ငါ့တော့ခွင့်လွှတ်ကြကွာ၊ ငါက Over Stay ပဲ၊ မင်းတို့စခန်းမှာ၊ အင်း အဲဒီလိုပဲပြောရမှာ။

အဲဒီစခန်းမှာ အင်မတန် ပင်ပန်းပါတယ် ဘုရား၊ ဘုရားတပည့်တော် နားထဲမှာ ကြားရတာတစ်ခုရှိတယ်။ အဲဒီဘုရားတပည့်တော်နဲ့ လုပ်ဖော်ကိုင်ဖက် အပြည်ပြည်ဆိုင်ရာသဒ္ဓမ္မဇောတိက ဖေါင်ဒေးရှင်း မှာလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေက ခုနကအခမ်းအနားမျိုးရှေ့မှာ လျှောက်ထားသွားသလိုပေါ့၊ ကန္တီနည်းနဲ့ အဟုတ်လုပ်ထားတဲ့ပုဂ္ဂိုလ်၊ အဲဒီတော့ ဒီမြန်မာနိုင်ငံမှာက ကန္တီနည်းနဲ့ပြတဲ့ပုဂ္ဂိုလ် မရှိသလောက် ဖြစ်ပါတယ်။

ဒီကန္တီနည်းကလည်း ဒီနေ့လက်တွေ့ပြမှ ယုံမယ်ဆိုတဲ့ ကမ္ဘာသူ ကမ္ဘာသားတွေအတွက်Western တွေအတွက် အင်မတန်မှ

www.burmeseclassic.com

www.burmeseclassic.com



ဆီလျော်တဲ့နည်းပညာဖြစ်တယ်၊ အဲဒါကြောင့် အငန်းမရသူတို့က ဒါလုပ်တယ်၊ တပည့်တော် ကန္တီနည်း ဘယ်လောက်ကောင်းမှန်းလည်းမသိပါဘူး၊ တပည့်တော်လည်း အာနာပါနလည်း လုပ်တာပဲ၊ သတိပဋ္ဌာန်လည်း လုပ်တာပဲ၊ သက်သာရာရပါတယ်။ ချမ်းသာပါတယ်၊ ထောင့်တွေပြေပြီးတော့ အင်မတန်မှ နေလို့ထိုင်လို့ ကောင်းပါတယ်ဘုရား။

သို့သော် လိုအပ်တဲ့ ဒီဆာလောင်မွတ်သိပ်မှုကို အထိုက်အလျောက် အမောပြေစေတဲ့ အဆင့်ထိတော့ တပည့်တော် မရပါဘူး၊ ဒါတပည့်တော် အမှန်အတိုင်းလျှောက်တာပါ။ နည်းမကောင်းလို့တော့မဟုတ်ပါဘူး၊ ဘုရားတပည့်တော်ကိုယ်၌က ဖိဖိစီးစီး မလုပ်နိုင်တာတွေလည်း ပါပါတယ်။

အဲဒီတော့ အဲဒီနည်းနဲ့ သင်တန်းပြတဲ့အခါကျတော့ ဘုရားတပည့်တော် ဝင်ထိုင်ပါတယ်။ ဘုရားတပည့်တော်က ဘာကြောင့် ပင်ပင်ပန်းပန်း နွေရာသီခေါင်ခေါင်ကြီးမှာ ဒီလောက် ကြိုးစားပမ်းစား လုံ့ချည်တွေ၊ အင်္ကျီတွေမှာ ချွေးတွေဟာညှစ်ယူရမတတ် တပည့်တော် ပင်ပန်းကြီးစွာထိုင်ရပါတယ်၊ ရာသီဥတုကြောင့်ပါ၊ နည်းပညာက မခက်ခဲပါဘူး။

## မိုးကြိုးကျသလိုခံစားရ

အဲဒီလိုထိုင်တဲ့အခါကျတော့ တပည့်တော်ရဲ့ တွန်းအားက ဘာလဲဆိုတော့ အဲဒီလုပ်ဖော်ကိုင်ဖက် ဆရာကြီးများက ရဟန္တာ အရှင်မြတ်ကြီးလို့ယူဆရတဲ့ ရွှေမြင်၊ နောက်မြင်ဆိုတဲ့ မုဂ္ဂိုလ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တပါးကအခမိန့်ရှိတယ်။ "မောင်တို့ မောင်းထောင်မြေဖင်း တောရ ဆရာတော်ဘုရားကြီးရဲ့ ကျွတ်တမ်းဝင်မဲ့ ဝေနေယျတွေ အများ ကြီးရှိနေသေးတယ်၊ မင်းတို့ ပစ္စည်းလေးပါးနဲ့ စွမ်းအားရှိသမျှ ကြိုးစားဆောင်ရွက်ကြ "တဲ့၊ အဲဒါလည်းတပည့်တော်ခေါင်းပေါ်မှာ မိုးကြိုးကျသလို တပည့်တော်ခံစားရပါတယ်ဘုရား။

အဲဒါ တပည့်တော်တို့က နိဗ္ဗာန်၊ မဂ်ဖိုလ်၊ ဈာန်ဘာညာ ဆိုဟဲ့ဟာတွေဟာ ဒီဘဝမှာ တတ်နိုင်သမျှလုပ်၊ နောက်ဘဝတွေ မှာလည်းလုပ်၊ ဟိုးဘဝ ဟိုးဘဝတွေလည်းလုပ်၊ ဟိုး နောက်ဆုံး အဆုံးစွန်သောဘဝ၊ ယာဝ-အကြင်မျှလောက်သော ကာလပတ်လုံး တာဝ-အဲဒီလိုဆိုတော့ တပည့်တော်တို့က ရှေးကလုပ်ခဲ့တာတွေ ဟောခဲ့တဲ့တရားတွေက နိဗ္ဗာန်အဝေးကြီးထင်ရတယ်၊ ဈာန်၊ မဂ်၊ ဖိုလ်ဆိုတာလည်း ရရပါလို၏အရှင်ဘုရား ဆိုပြီး ဆုတောင်း နေရတာ ကိုက စိန္တိတံ သတ္တသချေ်ယျံ ဒါတွေကအများကြီး ဖြည့်ရဦးမှာ၊ နိဗ္ဗာန်ဆိုတာ အဝေးကြီး၊ ဈာန်ဆိုတာတောင်ဒီခေတ်မှာ ရှိကောင်း လုပ်ကောင်း ရစကောင်းတဲ့တရား မဟုတ်တော့ဘူးလို့ တပည့်တော် အဲဒီလောက်ထိအောင် နားလည်ခဲ့ပါတယ်၊ သဘောပေါက်နေတာ၊ ကိုယ်နဲ့မရာဘူးလို့ထင်တယ်။

အဲဒီဆရာတော်ဘုရားကြီးက အဲဒီလိုအမိန့်ရှိခဲ့တယ်ဆိုတော့ တပည့်တော်တို့လည်း အားတက်တာပေါ့ဘုရား။

တခါ မြေဖင်းတောရဆရာတော်ဘုရားကြီးက တပည့်တော် ပွင့်ပွင့်လင်းလင်းဘုရား။ ဒီစကားဘယ်မှမပြောပါဘူး။ ပြောလို့သင့်၏ မသင့်၏လို့လည်း တပည့်တော် စဉ်းစားနေလို့ပါ။ ဒီမှာတော့တခါက် တည်း စိတ်ကပေါ်လာလို့ တပည့်တော်လျှောက်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



'ဘုန်းကြီးက တမင်တဖိုလ်လောက်တော့ လွယ်လွယ်လေး ပေးနိုင်ပါတယ်'တဲ့။

တပည့်တော် အစ်ကိုကြီး အနှစ်သုံးဆယ်လုပ်တာ တပည့် တော်ဘာမှ တရားနဲ့ပတ်သက်လို့ မပြောဘူး။ ယောဂီတွေလည်းပဲ တရားကဆန်းတဲ့အတွက်၊ မယုံကြည်လောက်အောင်ဆန်းကြယ် တဲ့အတွက် "မင်းတို့တယ်သူ့မှမပြောရဘူး" ဆိုပြီးတော့ ပိတ်ထားတာ အနှစ်သုံးဆယ်တိတိ တပည့်တော်ကိုတောင်မပြောဘူး။ တပည့်တော် တို့ ကံပါပဲဘုရား။

အဲဒီတော့ မောင်းထောင်မြေဖြင်း တောရဆရာတော်ဘုရား ကြီးရဲ့ ကျွတ်တမ်းဝင်မယ့်ဝေနေယျတွေ အများကြီးရှိနေသေးတယ် ဆိုသော စကားသည်လည်းကောင်း၊ ဘုန်းကြီးကတမင်တဖိုလ် လောက်တော့ လွယ်လွယ်လေးပေးနိုင်ပါတယ်ဆိုတဲ့ စကားသည် လည်းကောင်း တပည့်တော်ခေါင်းကြီးမှာ မှုံးကြိုးနှစ်ချက်ပစ်သလို ကြောက်လည်းကြောက်တယ်၊ တပည့်တော်တို့ဘဝ အရမ်းနာလှ ချည်လားဘုရား။ အဲဒီတော့ တပည့်တော်လဲ ကြည်ညိုလေးစားတဲ့ စိတ်တွေဖြစ်လာတယ်၊ စိတ်ထဲမှာလည်း အားတက်လာတယ်။ အဲဒါနဲ့ ဘုရားတပည့်တော် အားထုတ်ပါတယ်။

## နိမိတ်လွှတ်ပြီး စေစားတဲ့နည်း

ကန္ဒီနည်းဆိုတာ ထွက်လေဝင်လေမှတ်တာပါနော်၊ ထွက်ထိသိ ဝင်ထိသိ ဒါလေးကိုမှတ်ပါတယ်၊ ဖုသန နည်းပါဘုရား။ အတိုလျှောက်ရရင် ထွက်ထိသိ ဝင်ထိသိကိုလည်းမှတ်တာ ဒီလက်

www.burmeseclassic.com

www.burmeseclassic.com



ကနေပြီးတော့လည်း ဂဏနာ တစ်-နှစ်-သုံး-လေး-ငါး-ခြောက်-ခုနစ်-ရှစ်နော်၊ ထွက်တယ်ဝင်တယ်၊ တစ်ပေါ့ဘုရား ရှင်းရှင်းလေး လျှောက်ရင်။ထွက်တယ်ဝင်တယ် နှစ်-ထွက်တယ် ဝင်တယ် သုံး-လေး-ငါး---အဲဒါကိုမှ တခုယူ၊ နောက်ဆယ်ခု ဆယ်ခုပြည့်တဲ့အခါ လက်ကောက်ဝတ်ပေါ်တင်၊ ဒီ-ဒီ တတောင်ဆစ်ထား၊ ပခုံးပေါ်ထား၊ နားရွက်ပေါ်ထား၊ ခေါင်းပေါ်ထား၊ တနေ့ဘယ်လောက်ရလဲ၊ သုံးထောင်၊ လေးထောင်စသည်ပေါ့ ဘုရား။ သုံးရာ-လေးရာ လောက်ရရင် အလင်းတွေက တခါထဲ လက်လက် လက်လက် ဖြစ်လာပါတယ်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ပြတဲ့အတိုင်း ကြယ်ရောင်လေးလို ဘာလို ရေတံခွန်လိုစသည်ဖြင့်ပေါ့ဘုရား။ အမျိုးမျိုးဖြစ်ပါတယ်။ အလင်းရောင်တွေဖြစ်ပါတယ်။

အဲဒီအလင်းရောင်လေးကို ထိန်းထားပါ။ ဆယ်ရက် ဆယ့်ငါးရက်ဆိုရင်၊ အဲ-အရဟံသုံးရက်၊ မေတ္တာတစ်ရက်၊ အသုဘ တစ်ရက် (ပရိကံ ငါးရက်)။

ငါးရက်ပြီးရင် တပည့်တော်တို့ 'ဝါရေဝါမှတ်' ခေါ်ပါတယ် နော်၊ ဟို 'ဂဏနာ' နဲ့ 'ဖုသနာ' တွဲပြီးတော့ စိတ်ကိုထွက်မပြေး အောင်၊ အင်မတန်ရိုင်းတဲ့ နွားသိုးကို ချည်တိုင်မှာ နင်လား ငါလား ကျစ်ကျစ်ပါအောင် တုပ်ချီထားသလို ထိတာ သိတာလေးတွေလဲ မှတ်ရတယ်။ 'ဖုသန' နည်းနဲ့တခါတည်းကိုင်ပြီးတော့ ကြပ်ထား တယ်၊ နောက် 'ဂဏနာ' နည်းနဲ့ တစ်နှစ်သုံးလေး နဲ့လည်းတုပ် ထားလိုက်တော့ ဒီစိတ်က မပြေးနိုင်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ရက်တိုတို ဆယ်ရက်လောက်နဲ့ တပည့်တော်တို့ အလင်းတွေကိုရပါတယ်။အဲဒီအလင်းတွေကို မွေးမြူစုဆောင်းပြီးတော့ တပည့်တော်တို့စေစားတဲ့နည်းပါပဲ။ ဒါ နိမိတ်လွှတ်တယ်လို့ခေါ်ပါတယ်။

အဲဒီနိမိတ်က ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ပေါ့ဘုရား။

(က) အာဒိကမ္မိကဿ ဟိ ပထဝီမဏ္ဍလာဒီသု နိမိတ္တံ ဥဂ္ဂဏှန္တဿ တမာရမ္မဏံ ပရိကမ္မနိမိတ္တန္တိ ဝုစ္စတိ .....

(ခ) စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ အာပါထ မာဂတံ၊ တဒါ တမေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံနာမ.....

(ဂ) ... ယဒါ တပ္ပဋိဘာဂံ ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိ သင်္ခါတံ ဘာဝနာမယ မာရမ္မဏံ စိတ္တေ သန္နိသိန္နံ သမပ္ပိတံ ဟောတိ၊ တဒါ တံ ပဋိဘာဂနိမိတ္တံ.....

တပည့်တော်တို့ သင်္ဂြိုဟ်တုန်းက ကျက်သာကျက်ခဲ့ရတယ်၊ ဘာမှန်းလည်းမသိဘူး။ အသက် (၇၀)အထိလည်း ဘာမှမသိဘူး။ အလွန်အံ့ဩစရာကောင်းတယ်ဘုရား။

လွယ်လွယ်မှတ်ချင်ရင်တော့ (၁) အားထုတ်ခါစ၌ တွေ့ရတဲ့ နိမိတ်အမျိုးမျိုးသည် ပရိကမ္မနိမိတ်၊ (၂) အဝေးအနီး ပို့ယူလို့ ရနိမိတ်မျိုးသည် ဥဂ္ဂဟနိမိတ်၊ (၃) ကြီးစေသေးစေဆိုပြီး ဘုရားပွား လို့ရနိမိတ်မျိုးသည် ပဋိဘာဂနိမိတ်လို့ မှတ်ထားပေါ့ဘုရား။

မြတ်စွာဘုရားပါဠိတော်တွေမှာကြည့်ရင် ဈာနပု ဝိပဿ

www.burmeseclassic.com

www.burmeseclassic.com



နာတွေချည်းပဲ တွေ့တယ်။ သုဒ္ဓဝိပဿနာ မရှိဘူး။

## ချာန်ကရှေ့ ဝိပဿနာကနောက်

မဟာစည်ဆရာတော်ဘုရားကြီးများကတော့ သူတို့ရတော်မူတဲ့နည်းအတိုင်းသာ ပေးသွားရှာကြရတာကိုး။ ဒါပေမဲ့ သူအားရတော်မမူဘူး။ သမထကိုအခြေခံတဲ့ ဝိပဿနာတွေ ဒီခေတ်မှာ လိုအပ်တယ်–တဲ့။ အာနာပါနကိုအထင်မသေးကြနဲ့တဲ့။ ဒီလိုအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ပေါ်ပေါက်ပါစေ၊ ဒီသမ္မာဆန္ဒနဲ့ ဆရာတော်ဘုရားကြီးရဲ့သူ့တရားတော်တွေထဲမှာ ရေးထားပါတယ်။

ပါဠိတော်တွေမှာလည်း ဒီတိုင်းပဲ နောက် ချာန်၊ စူဠသီလ မဇ္ဈိမသီလ မဟာသီလ၊ ပြီးတော့ ပထမချာန်၊ ဒုတိယချာန်၊ တတိယချာန်၊ စတုတ္ထချာန်၊ ပြီးမှ ဝိပဿနာဉာဏ်...အယံခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော၊ မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသူပစယော သေယျထာပိ မဟာရာဇာ... 'သာမည ဖလ' သုတ် (ဒီ ၁–၅၂) မှာလေ။

တပည့်တော် အဲဒီတန်ခူးလထဲက စာမကြည့်ရဘူးဘုရား။ မျက်စိကလည်းမကောင်းတာနဲ့၊အလုပ်ထဲလဲရောက်နေတာနဲ့။ အဲဒါလေးတွေပြီးတော့ ဖတ်ချင်တယ်၊ နှီးနှောကြည့်ချင်တယ်။

အဲဒီတော့ 'နာမရူပ ပရိစ္ဆေဒ' ရုပ်နာမ်ကွဲဖို့ကို အဲဒါ ဝိပဿနာပြတာ၊ ဣဓ ဒဿနံ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ။ (ဒီ၁–၅၂)

ဣဓ ဒဿနံ = ဤဝိပဿနာကျင့်စဉ်သည်လည်း၊ ဒါကရုပ်

www.burmeseclassic.com

www.burmeseclassic.com



ဒါကနာမ် ပယင်းပုတီးမှာ ကြိုးနဲ့သီသလိုတွေ့ရတာလေ။ ရုပ်မှန်း နာမ်မှန်းသိသွားရတယ်။ ဤဝိပဿနာ အခြခံကနေ မြတ်စွာဘုရား ဟောတယ်၊ တစ်မျက်နှာတောင်မပြည့်ဘူး။ ပြီးတော့ အဘိညာဉ်ကို သွားတယ်။

ဣဒမ္ပိ–ဤကျင့်စဉ်သည်လည်း၊ ပုရိမေဟိ–ရှေး၌ပြဆို ပြီးခဲ့သော၊ သန္ဒိဋ္ဌိကေဟိ–ကိုယ်တိုင်လုပ်လျှင် ကိုယ်တိုင်တွေ့ရသော၊ သာမညဖလေဟိ–ရဟန်းပြုကျိုးတို့ထက်၊ ဝါ–ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ချမ်းသာတို့ထက်၊ အဘိက္ကန္တတရဉ္စ–ပို၍ကျေနပ်စရာလည်းကောင်း၏။

ပဏီတ တရဉ္စ–မရောင့်ရဲနိုင်အောင် အလွန်လည်းပဲ အရသာရှိလှပေ၏။

ဟော– အဲဒီလိုဟောတာဘုရား။ စျာန်ကိုရှေ့ကသွားပြီးမှ ဝိပဿနာလာတယ်။ ဒါပေမဲ့ အဲဒီစျာန်တွေ တပည့်တော်တို့ ပျောက် ကုန်ပြီ။ အဘိညာဉ်တွေ ပျောက်ကုန်ပြီ။

အဲဒီတော့ တပည့်တော် မြေလျှိုးမိုးပျံချင်လို့ မဟုတ် ပါဘူးဘုရား။ ဒီပျောက်ကွယ်နေတဲ့တရားတွေ ငုပ်ကွယ်နေတဲ့ တရား တွေ စာနဲ့လက်တွေ့ အမြဲတန်းရှင်သန်ပြီးတော့ ဒီသတ္တလောကကြီး ကို ကောင်းကျိုးပြုစေချင် ကောင်းကျိုးဖြစ်ထွန်းစေချင်တဲ့ ဆန္ဒကြောင့် ငါးစွမ်းအားရှိသမျှ လေ့လာပြီးတော့ ဖေါ်ထုတ်မယ်လို့ ရည်ရွယ်ချက်နဲ့ ဘုရားတပည့်တော် အပမ်းတကြီး ဆောင်ရွက်ပါတယ်။

ပထမ အရပ် သုံးရက်လုပ်တယ်၊ တရက်လုပ်ရင် တရက်

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှေးကသိတဲ့အခံနဲ့ ၊ ကိုယ့်ရဲ့ အမိပွါယ် လေးနက်တဲ့အဟာန်နဲ့ ဘုရားတပည့်တော် ခံစားရပါတယ်။

အထက်ဘုံက ဘုရားတွေဖူးမြော်ရ

ကိုယ်တွေ့ပဲ အကျဉ်းချုပ်လျှောက်ကြပါစို့။

နောက် မေတ္တာလုပ်တဲ့အခါမှာ သတ္တလောကကြီးတခုလုံး စကြဝဠာအနန္တပေါ်မှာ အပေါ်စီးရပြီးတော့ တယောက်ထဲကနေပြီး တော့ ကိုယ့်အောက်မှာ စကြဝဠာကြီးရှိနေတယ်။ အဲဒီလောက်အထိ အပေါ်စီးရပြီးတော့ သတ္တဝါတွေ ကောင်းကျိုးချမ်းသာဖြစ်နိုင်အောင် တပည့်တော်တို့ မေတ္တာပို့နိုင်တဲ့ အနေအထားအထိရောက်ပါတယ်။ ဒါ ဘုရားတပည့်တော် တယောက်ထဲမဟုတ်ပါဘူး။ လူတော်တော်များ များ ဒီအတိုင်းပဲရောက်ကြတာပါ။

'အရဟံ' လို့စပြီးတော့ ပွားလိုက်ကတည်းက ဒီမှာနိမိတ် တွေက ပြိုးပြိုးပြက်ပြက် ဝင်လာပါတယ်။ အံ့သြစရာကောင်းတာက အကြာကြီးထူထောင်ရတာ မဟုတ်ပါဘူးဘုရား။ တရက်နှစ်ရက် အတွင်းမှာ ဒီနိမိတ်ဟာရတတ်ပါတယ်။ဆယ်ရက်ထက်မလွန်ဘူး ဘုရား ဒီ နိမိတ်ရတာ။ ဒါ 'ပရိကမ္မ' နိမိတ်ခေါ်ပါတယ်။

နောက် 'ပဋိဘာဂ' နိမိတ်၊ နောက် ဒီအရဟံသုံးရက်၊ မေတ္တာတရက်၊ အသုဘတရက်၊ သေရချည်သေး၊ သေရချည်သေး၊ တရားကလည်း အရမ်း တပည့်တော်တို့ အထင်သေးစရာ ကောင်းတယ်။

ကဲ မင်းတို့ဒီနေ့ သေရချည်သေး၊ သေရချည်သေး ပွားကြွာဆိုပြီးခိုင်းလိုက်တာ၊ ရှိုးလိုက်တာဘုရား၊ ဘာမှလည်း

www.burmeseclassic.com

www.burmeseclassic.com



Definition မပေးဘူး၊ အဲဒါနဲ့ကိုယ့်နေရာမှာ သေရချည့်သေး သေရချည့်သေးနဲ့ပေါ့။ တနေ့ကုန် ကိုယ်မသာကိုယ်ကြည့်နေရတယ်၊ အသုဘဆယ်ပါးလုံးအထိ တပည့်တော်တို့တွေ့ရပါတယ်၊ စာတတ်လို့ မဟုတ်ဘူး၊ စာမတတ်တဲ့ လူတွေလည်းဒီအတိုင်းပဲ၊ လက်နဲ့ကိုင်ပြ သလိုဘုရား၊ ဒါ 'သမထ' မရောက်သေးဘူးနော်၊ ဟို 'ပုဗ္ဗကိစ္စ' ပဲရှိသေးတယ်။

အဲ 'ဝါရေဝါမှတ်' ထွက်သည် ဝင်သည် တစ်၊ ထွက်သည်ဝင်သည် နှစ်၊ ထွက်သည်ဝင်သည် သုံး ... ရှစ် အထိ တခုပဲမှတ်ထား၊ နောက် ထွက်သည်ဝင်သည် 'တစ်မှရှစ်' အဲဒါ တခုပဲမှတ်ထား၊ နောက် ဆယ်ခုပြည့်တော့ ဒီ (လက်ကောက်ဝတ်) မှာထား၊ ဒီမှာထားလိုက်၊ ဒီဘက်ကငါးဆယ် ဒီဘက်ကငါးဆယ်၊ တစ်ရာ။ တစ်နာရီအတွင်း တပည့်တော်တို့ တစ်ရာလောက်ရ ပါတယ်။

အလုပ်မအားလပ်တဲ့ ပုဂ္ဂိုလ်များကဆိုရင် သုံးဆယ် ငါးဆယ် လောက်နဲ့လည်း အဲဒီ နိမိတ်ကို လွှတ်လို့ရတဲ့ ပုဂ္ဂိုလ်တွေ တွေ့ရပါ တယ်။ နိမိတ်လွှတ်တယ်ဆိုတာ အဲဒီ 'ပဋိဘာဂ' နိမိတ်ပေါ့ဘုရား၊ လက်လက်ထနေအောင် တောက်ပနေတဲ့အလင်း ကြီးတစ်ခု တပည့်တော်တို့ မျက်နှာဝန်းကျင်မှာ ပေါ်နေတာပါပဲ၊ အဲဒါကို တပည့်တော်တို့ စုစည်းပြီးတော့ လိုအပ်သလိုနိုင်းစေ လိုအပ်သလို နိုင်းလို့ရပါတယ်၊ အဲဒါကို တပည့်တော်တို့လွှတ်တာပါ၊ တထောင့်လွှာ လောက်ကစပြီး လွှတ်တာပါ။ အဲဒါ နိမိတ်လွှတ်တာ ခေါ်ပါတယ်။

ဒီနိမိတ်နဲ့ လွှတ်လိုက်တဲ့အခါရောက်တော့ တထောင့်လွှာ

www.burmeseclassic.com

www.burmeseclassic.com



တတောင့်ထွာကနေ နှစ်တောင့်ထွာ ဆယ်တောင်–ဆယ့်ငါးတောင်–တစ်ဖာလုံ–နှစ်ဖာလုံ–တစ်မိုင်–နှစ်မိုင်–မိုင်ငါးဆယ်–မိုင်တစ်ရာ–မြန်မာနိုင်ငံမှာရှိတဲ့ ဘုရားတွေအားလုံးကို တပည့်တော်တို့အသေးစိတ်ကိုယ်တိုင်ရောက်သလို ကြည့်ရပါတယ်၊ ဖူးရပါတယ်ဘုရား။

အဲဒီဘုရားထဲမှာ ဘာတွေ 'ဌာပနာ' ထားသလဲဆိုတာ အထိကြည့်ချင်ဖူးချင်လည်း ဖူးနိုင်ပါတယ်ဘုရား။ သို့သော် အဲဒီနေရာမှာအင်မတန်သိမ်မွေ့ပါတယ်၊ အစောင့်အရှောက်တွေ ရှိပါတယ်။ မလိုလားတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်၊ တပည့်တော်တို့ လွှတ်လိုက်တဲ့နိမိတ်အလင်းတန်းကို ဆီးပြီးတော့ ဒီလိုကာပါတယ်၊ ကာရင် သွားမလုပ်နဲ့နော်၊ အဲဒီလို သိမ်မွေ့ပါတယ်။

အရှင်ဘုရားများလည်း တစိတ်တပိုင်းကြားပြီး သို့မဟုတ်ကျင့်ဖူးတဲ့ပုဂ္ဂိုလ်ရှိကောင်း ရှိပါလိမ့်မယ်။ အဲဒီတော့ မြန်မာနိုင်ငံဘုရားတွေ ပြီးတော့အိန္ဒိယဘုရားတွေ ဗိဇာပတ်စပို့မကုန်ဘဲနဲ့ တပည့်တော်ဖူးရပါတယ်ဘုရား။ နောက်ပြီးတော့ သီဟိုဠ်ကဘုရားတွေ၊ ဒီထက်ပိုအံ့သြစရာကောင်းတာက– ရှေးကတော့ ကန္တီဆရာတော်ဘုရားကြီးများ အဲသလောက်ပဲ ခိုင်းပုံရပါတယ်၊ ဒါလဲ ဘုရားတစ်ဆူနှစ်ဆူလောက်ပေါ့လေ၊ သူတို့ခိုင်းပုံရပါတယ်။

အခု ဒီဆရာတော်ရောက်တဲ့အခါကျတော့ တောကလူတွေသနားတယ်ကွာလို့ဆိုပြီးတော့ တောထွက်တာ အနှစ်သုံးဆယ်ကျော်ပါပြီ၊ တောထွက်ပြီးလို့ ငါးနှစ်၊ ခြောက်နှစ်လောက်ရမှ တစ်ယောက်စ၊ နှစ်ယောက်စ ဒီလိုပြလာရာကနေပြီးတော့ ဆရာတော်ဘုရားကြီးက ဟိုး စူဠာမဏိ တာဝတိံသာက စူဠာမဏိနော်။ မြတ်စွာဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အလောင်းတော်ရဲ့ဆံတော်ပေ့ါ၊ နောက် စွယ်တော်ပေ့ါ၊ ဟိုး ဒီစကြာဝဠာမှာ အမြင့်ဆုံးဖြစ်တဲ့ အကနိဋ္ဌ–ဗြဟ္မာ့ဘုံ၊ အဲဒီမှာ ဒုဿစေတီ ဝတ်လဲတော်စေတီ ပေ့ါနော်။ အဲဒီစေတီကြီးထဲမှာ ဌာပနာထားတဲ့ ပရိဘောဂဓါတ်တော်မွေတော်တွေကို တပည့်တော်တို့ ဒီမျက်စိအောက်မှာ ဒီလိုလက်ဝါးပေါ်မှာ တင်ပြီးကြည့်ရသလို ပြတ်ပြတ်သားသား မြင်ရတာပါဘုရား၊ အဲဒီနိမိတ်အယူဆိုတာ၊ ဒါဘယ်လောက်ထူထောင်ရလည်းဆိုတော့ ရက်နှစ်ဆယ်အတွင်းမှာ တပည့်တော်ဖူးရတာပါ။

## တတိယမျက်လုံး

အဲဒီတော့ တပည့်တော်အရမ်း အံ့သြသွားတယ်၊ လက်တွေ့မှ ယုံမယ်ဆိုတဲ့ seeing is believing ဆိုတဲ့ နိုင်ငံခြားသူ နိုင်ငံခြား သားတွေများပြလိုက်ရင် ဘယ်လောက်ကောင်းမလဲ၊ တပည့်တော် အဲဒီစိတ်ကူးတွေဖြစ်တယ်။

နောက်ပြီးတော့ တပည့်တော် ဒီသာသနာ ဒီစကြာဝဠာရဲ့ အချက် အခြေအမြစ်အကျဆုံးဖြစ်တဲ့ မူလဘူတသမိုင်းဦး ကနဦးစေတီ တော်ကြီးတွေဖူးတွေ့ရတာ သူ့ရဲ့မွေဇာစ်အရင်းတိုင်း ပရိဘောဂ စေတီ ဓါတ်တော်မွေတော်တွေကို ဖူးရတာ၊ ဖူးလို့ရတာနဲ့ တပြိုင်နက် ထဲ ဖူးလိုက်ရတဲ့ ယောဂီဟာ ရင်ထဲမှာ အရှင်ဘုရားတို့ ကိုယ်ချင်းစာ ကြည့်စမ်းပါ၊ မျက်ရည်တွေ စမ်းစမ်းစမ်းစမ်းဖြစ်လာတာ၊ ကိုယ့် မျက်စိကိုယ် မယုံဘူးဖြစ်လာတယ်၊ ဒီလိုဖြစ်ပါတယ်ဘုရား။

တပည့်တော်ဆိုရင် ' ဝါရေဝါမှတ် ' သုံးရက်လောက်ဆိုတော့ စကြာဝဠာအနန္တ အကုန်လုံးလင်းရှင်းပြီးတော့ ဘာမှမရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထုတွေ ဘာမှမရှိဘူး။ ခန္ဓာကိုယ်လည်းမရှိဘူး။ စကြဝဠာကြီး တခုလုံး လင်းချင်းနေတာ။ ဒီလိုခံစားရပါတယ်။

တပည့်တော်တစ်သက်နဲ့တစ်ကိုယ် ဒီလိုမခံစားဖူးပါဘူး။ တပည့်တော်လည်း အသေအလဲလုပ်တာ၊ နားထင်တွေပိန်ကျပြီးတော့၊ အေး နင်တို့တရားအားထုတ်ရင် ငါ့လိုရုပ်ပေါက်အောင်လုပ်၊ ကမ္ဘဋ္ဌာန်းရုပ်ပေါက်အောင်လုပ်ဆိုပြီးတော့ ဘုရားတပည့်တော်လူတွေကိုတိုက်တွန်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြုပ်ကွယ်နေတဲ့ တရားတွေကို တပည့်တော် ဒီGeneration ကို တပည့်တော် စာနဲ့ လက်တွေ့နဲ့ တပည့်တော်စွမ်းအားရှိသမျှ လက်ဆောင်ပါးခဲ့ချင်လို့ပါ။ အသိပေးချင်လို့ပါ။

အဲဒီတော့ စကြဝဠာအနန္တ လင်းချင်းပြီးတော့ အဲဒီ အလင်းထဲမှာ တပည့်တော်ထိုင်နေရတာ၊ ဒါတင်မကဘူး၊ နောက်ထပ် အလင်းအခုက တပည့်တော် နေ့လယ်ပိုင်းဒီအချိန်မှာ လမ်းလျှောက်ပြီးတော့သွားလည်း အဲဒီနေထက်လင်းတဲ့ အလင်းကြီး တစ်ဖျာရာလောက်ဟာ တပည့် တော်ရှေ့မှာ အမြဲတမ်း ကပ်ပါလာတယ်၊ အဲဒီတော့ ဘုရားတပည့်တော် တောင်ဝှေးနဲ့သွားရပါတယ်၊ ခေါင်းကို ခြုံပြီးတော့သွားရပါတယ်၊ ဒါကျင်းလားချိုင့်လားဆိုတာ တပည့်တော်မသိဘူး။ အလွန်ဆန်း ကြယ်ပါတယ်။

အဲဒီတော့ နိမိတ်တွေလွှတ်လို့စေလို့ရလာတယ်၊ ဒါက ဒီရက်ပိုင်းကလေးနဲ့ ဒီလောက်ကြီးကျယ်မြင့်မြတ်တဲ့ ဓမ္မအင်အားတွေ ဓမ္မစက္ခုတွေ ဒီ The third eyes တတိယမျက်လုံး လို့ခေါ်မလား။ ဒီဟာတွေရဖို့ တပည့်တော်ဘယ်လိုမှ မယုံနိုင်ဘူး။ စာတတ်တဲ့လူဆို

www.burmeseclassic.com

www.burmeseclassic.com



ပိုလို့မယုံဘူး။ ဒါကြောင့် မင်းတို့မပြောကြနဲ့ ဆရာတော်ကြီးက ပိတ်ထားတယ်ဆိုတာ သဘောပေါက်သွားတယ်။

ခုတော့ဆရာတော်ကြီးလည်း ပိတ်လို့မရတော့ဘူး။ အောက်ပြည်အောက်ရွာအကုန်လုံး၊ပညာတတ်ပုဂ္ဂိုလ်တွေပါ အကုန်လုံးလေ့လာတဲ့အခါမှာတော့ တပည့်တော်ကစပြီးတော့ အခုဒီအသုတ်ကစပြီးတော့ "ကဲ မင်းတို့ပြောလို့ရသလောက်ပြောကြ။ သို့သော် နားထောင်မယ့်သူကိုလည်းကြည့်၊ သဒ္ဓါတရားရှိမှပြောကြ၊ သဒ္ဓါတရားရှိမယ့်လူကိုမှ ပြောကြ"လို့ ဒီလိုခွင့်ချက်လေးနဲ့ တပည့်တော်တို့ကို ခွင့်ပြုတဲ့အတွက် ညောင်ကန်မှာတပွဲ မောင်းထောင်မှာတပွဲ ဘုတလင်မှာတပွဲ မုံရွာမှာတပွဲ ဒီဆုတောင်းရဘုရားမှာတပွဲ တပည့်တော် ဟို Detail သတင်းလေးတွေ ပေးလာတာပေါ့ဘုရား၊ တပည့်တော်လည်း ဝမ်းသာပါတယ်။

## သက်သေရှိမှပြော

အဲဒီတော့ မြတ်စွာဘုရားတောင်မှကွ သက်သေရှိမှပြောတာတဲ့။

ဟိုတချိန်ကဂိဇ္ဈကုဋ်တောင်မှာ ရှင်မောဂ္ဂလာန်နဲ့ရှင်လက္ခဏတို့လက္ခဏသံယုတ်ပါဘုရား။ တောင်ပေါ်ကနေဆင်းပြီး ဆွမ်းခံကြွလာတော့ ရှင်မောဂ္ဂလာန်ကပြုံးတယ် "အရှင်ဘုရား ဘာလို့ပြုံးတာလဲ"လို့ ရှင်လက္ခဏကမေးတယ်၊ "ငါ့ရှင် ခုမမေးနဲ့၊ မြတ်စွာဘုရားရှင်ရှေ့ရောက်မှမေး ဝေဠုဝန်ကျောင်းတော် ရောက်မှမေး" အဲဒီလိုပြီးတော့ ရွာထဲဆွမ်းခံသွား၊ ဆွမ်းစား၊ မြတ်စွာဘုရားကိုမှောက်

www.burmeseclassic.com

www.burmeseclassic.com



တော်သို့ရောက်၊ အဲဒီအခါမှာ ရှင်လက္ခဏာက ထပ်မေး၊ ထပ်မေးတဲ့ အခါမှာ– "ငါ့ရှင်တို့ ဂိဇ္ဈကုဋ် တောင်ပေါ်က ဆင်းလာတဲ့ တောင်ဝှမ်းလေးမှာ အရိုးစုပြိတ္တာကြီးပြေးလွှားနေတာ ၊ သူ့ခမျာချမ်းချမ်းသာသာ မပြေးရဘူး၊ အနောက်က သိန်းစွန်ရဲတို့ ကျီးတို့ကနောက်ကနေ လိုက်ပြီးတော့ လိုးဆိတ်နေတဲ့အတွက် တဒီဒီအော်ပြီးတော့ ဆင်းရဲ ပင်ပန်းစွာ ပြေးလွှားနေရတယ်။ ဒီတိရစ္ဆာန်အရိုးစုပြိတ္တာကြီးကို မြင်နေရလို့ ငါပြုံးနေတာ ငါ့ရှင်လက္ခဏာ"လို့ ရှင်မောဂ္ဂလာန်က ပြောတယ်။

ပြောတဲ့အခါ မြတ်စွာဘုရားရှေ့မှာ ပြန်ဖြေတဲ့အခါမှာ မြတ်စွာဘုရားက "စက္ခုဘူတာ ဘိက္ခဝေ မမသာဝကာ ဘဝန္တိ"။

"ဘိက္ခဝေ–ချစ်သားရဟန်းတို့၊ စက္ခုဘူတာ–မျက်စိ အမြင်ရှိလာကြကုန်သော။ မမသာဝကာ–ငါ့တပည့်သားတို့သည်။ ဘဝန္တိ–ထွက်ပေါ်လာကြပါပကောလား။

မြတ်စွာဘုရားအားရနှစ်သက်တော်မူတယ်။ "ငါ ဘုရားဖြစ်စကတည်းက ဒီသတ္တလောကကြီးထဲမှာ ဒီလိုထူးဆန်းတဲ့ သတ္တဝါတွေရဲ့ဖြစ်ရပ် ငါဘုရားမြင်တော်မူတယ်၊ သို့သော် ငါဘယ်သူ့ မှမဟောဘူး၊ မယုံမှာစိုးလို့၊ မြတ်စွာဘုရားတောင်မှ သက်သေရှိမှ ဟောတာကွ တဲ့၊ အဲဒါကြောင့် ငါမပြောတာ၊ အခုတော့ ငါ့ဘက်က သက်သေထူမဲ့လူတွေများလာပြီတဲ့၊ မင်းတို့ပြောလိုက ပြောနိုင်တယ် တဲ့၊ သို့ော်ခြွင်းချက်တွေနဲ့ပြောကြ။

"မောင်ဒွေးလှိုင် မင်းတသက်မှာ မင်းမိန်းမလည်းမပြောနဲ့ မင်းသမီးလည်းမပြောနဲ့..." ဆိုပြီး ပိတ်ထားတဲ့ဟာတွေ တပည့်တော်

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိပါသေးတယ်၊ အံ့ဩစရာချည်းပါဘုရား။

အဲဒီတော့ တပည့်တော် Experience level ဘာဝနာမယ ဆိုက်အောင် အဲဒီပညာနဲ့နှိုက်နဲပြီးတော့ အဲဒါမှာပဲ့ဝေစ ထိုးထွင်းနိုင်မှ Perfection အဲဒီလောက်ထိအောင် ရေဆုံးမြေဆုံး ဒီကနေ့လိုက်လို့ မခက်တော့ ဘူးဘုရား။

## အံ့ဩစရာတွေချည်းတွေ့မြင်ရ

အဲဒီတော့ ဒီသမထကျင့်စဉ်မှာပေါ့ဘုရား၊ ချုံ့၍ဘုရား တပည့်တော်လျှောက်ပါမယ်။ သမထကျင့်စဉ်မှာ ဒီဝိသုဒ္ဓိမဂ်မှာတော့ နှာသီးဖျားသည်အစ ရင်ချိုင့်သည်အလယ် ချက်သည်အဆုံး၊ ချက်သည်အစ ရင်ချိုင့်သည်အလယ် နှာသီးဖျားသည် အဆုံးပေါ့။

ဟိုမှာတော့ အဲဒီလိုမဟုတ်ဘူး၊ အထက်ဘဝင်သည်အစ ရင်ချိုင့် သည် အလယ် အောက်အာကာသသည် အဆုံး ဆိုပြီးတော့ တပည့် တော်တို့ နိမိတ်အလင်းလုံးကို အောက်ကို ဖောက်ချရပါတယ်၊ နှစ်သိန်း လေးသောင်း အထုရှိသောမြေကြီးကို အလင်းလွှန်ပူကြီး ဒီလိုရစ်ပြီးတော့ ဖောက်သွားသလို တပည့်တော် အတိုင်းသား ငုံ့ကြည့်တော့ မြင်နေရပါတယ်။ တပည့်တော်ဖောက်လိုက်တဲ့ အလင်းလွှန်ပူကြီးဟာ ရှိရှိရှိရှိနဲ့ တော်တော်ကြာရစ်သွားပြီးတော့ ကြည့်လိုက်တော့ အောက်မှာစိမ်းပြာပြာ လှိုင်းကလေးတွေနဲ့ လွှန့်နေ တာတွေ့ရပါတယ်။ အဲဒီလှိုင်းကလေးပေါ်မှာ ' လ ' ကလေး သာနေတာတွေ့ရပါတယ်၊ ဟာ–ရေပေါ်မှာ ' လ 'သာနေပါလား ကြည့်လိုက်တော့ 'လ' လေးလို့ထင်တာပေါ့လေ၊ ကြည့်လိုက်တော့ မဟုတ်ဘူး၊ ငါ့ရဲ့လွှတ်လိုက်တဲ့အလင်းဟာ အဲဒီ ရေပေါ်တင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



သူကရစ်နေသေးတာပါလားလို့ သွားတွေ့တယ်။

အဲဒါနဲ့ တပည့်တော်ဆက်ပြီးတော့ ဖောက်တယ်ပေါ့ဘုရား၊ အောက်ရောက်တော့ တိမ်တိုက်တွေတွေ့ရတယ်၊ အံ့ဩစရာကောင်းတယ်ဘုရား၊ မြေအောက်ရေ ရေအောက်လေ လေအောက်အာကာသ လောကဝိဒူ အဖွင့်နဲ့လည်းပဲ အင်မတန်ကိုက်ညီပါတယ်ဘုရား။ So meny Universal အဲဒီသိပ္ပံနည်းနဲ့လည်း ကိုက်ညီတယ်ဘုရား။

အဲဒီလို Method ကနှစ်ရက်ထဲခိုင်းပါတယ်။ အဲဒီ lesson က ဒါကဘာကိုပြတာလည်းဆိုတော့ တပည့်တော် သဘောပေါက်သွားတာ လျှောက်တာပါဘုရား၊ ဟုတ်ချင်မှဟုတ်မှာပါ၊ စကြဝဠာ အနန္တကို တိုးလျှိုပေါက်ကြည့်ချင်ရာ အပိတ်အပင်အတားအဆီးမရှိ ကြည့်လိုရာကြည့်နိုင်တယ်ဆိုတဲ့ သခ်ၤန်းစာ နှစ်ရက်ပဲပေးပါတယ်။

ဘယ်လောက် အားရစရာကောင်းသလဲဘုရား၊ ဥပမာ ရေကြောကိုကြည့်မယ် လျှောင်ကြောကိုကြည့်မယ် ဓါတ်သတ္တု သယံဇာတ ရေနံကြည့်မယ်၊ ဇီဝလက်နက်တွေကြည့်မယ်၊ ဘာလုပ်နေတာ ဘယ်သူဘာအကုန်ကြည့်မယ်၊ ကြည့်လို့မရဘူးလားဘုရား၊ သိပ် သေချာတာပေါ့၊ ဒီထက်သိမ်မွေ့တဲ့ပြဿနာတွေ သိကြားတွေက Meeting ထိုင်နေတာ တပည့်တော်တို့ ဒီတိုင်းတွေ့တာပဲ။

ဟာ-ဓတရဋ္ဌက ဒီမှာ၊ ဝိရူပက္ခကဒီမှာ၊ ဝိရူဠှက-ကုဝေရ ဟော သူ့အဆောင်အယောင် သူ့အဝတ်အစားတွေနဲ့ ၊ ဒီက သိကြားမင်း၊ ဒီကမိဖုရားတွေ အဝိုင်းသား တပည့်တော်တို့မြင်ရတယ်၊ အံ့ဩစရာ အလွန်ကောင်းပါတယ်။

အဲဒီတော့ ဟိုဥစ္စာသာမန်ပဲလေ၊ အဲဒီတော့ လယ်တီဆရာ တော်ဘုရားကြီးအကြောင်းလည်း အနည်းငယ်ပြောပြီးတော့ တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော် နိဂုံးချုပ်ပါရစေဘုရား၊ အချိန်မီလေး ညလည်းဟောရမှာမို့။

**လယ်တီဆရာတော်ဘုရားကြီးရဲ့အလင်းနိမိတ် လွှမ်းဖွယ်**

၁၂၅၇ ခုနှစ်ပေါ့နော်၊ အိန္ဒိယ မဇ္ဈိမဒေသကို ဆရာတော်ဘုရားကြီး ဘုရားဖူးကြွပြီးတော့ ပြန်လာပါတယ်၊ ရန်ကုန်ရောက်၊ အဲဒီမှာ ဆရာတော်ဘုရားကြီး အကြီးအကျယ် သံဝေဂ ဖြစ်တော်မူခဲ့ပုံရပါတယ်။ လယ်တီကျောင်းတိုက်ကို မပြန်တော့ဘူး၊ ရန်ကုန်ရဲ့တောင်ဘက်က ဒလတောကြီးတန်း ဆပဂံတောရ(ကော့မှူးမြို့နယ်)မှာ ဝင်ပြီးတော့ ကသိုဏ်းနဲ့အာနာပါန အားထုတ်တယ်၊ ဇီးဖြူလုံးလောက် ခုနကပြောတဲ့အလင်းရတယ်၊ ဇီးဖြူလုံးလောက်ကနေ ဂုံညင်းလုံးလောက်၊ နောက် လက်ဖက်ရည်ပန်းကန်လုံးလောက်၊ အဲဒီလိုကြီးကြီးပြီး သမုဒ္ဒရာကြီးလို အလင်းကြီးဖြစ်သွားပါတယ်၊ စောစောက တပည့်တော်တွေ့ရတဲ့ အလင်းမျိုးပေါ့ဘုရား။

အဲဒါကြီးကို ပဋိဘာဂနိမိတ်၊ နိမိတ်တို့ဟူသည် လင်းရမယ် တောက်ပရမယ် တည်ငြိမ်ရမယ်ပြောတယ်၊ ငါ့နိမိတ်က မတည်ငြိမ်ဘူး အဲဒီတော့ ဒါ အတုကြီးဖြစ်မှာပဲဆိုပြီးတော့ ဆရာတော်ကြီး က ဖျက်တာ မျက်စိမှိတ်လေ ပေါ်လေ၊ ဖျက်လို့မရဘူး၊ အဲဒီတော့ မချိမဆံ့ တိုတိုလျှောက်ရလို့ရှိရင် ဆီမီးတိုင်တွေထွန်း၊ ရသမျှဆီမီး ခွက်တွေထွန်း၊ ထွန်းပြီးတော့ တညလုံးအိပ်လို့နေမှ အဲဒါ ပျောက် သွားတယ်။

"မောင်ဝဏ္ဏိတ (လယ်တီဦးလှတင်)ရာ၊ မောင်ဇဝန (သိမ်တောင်ဆည်ကြီးဆရာတော်)ရာ ငါကအတုကြီးထင်ပြီးတော့မချိမဆံ့ ကြိတ်မှိတ်ပြီး ဖျောက်ရတယ်၊ အဲဒီ 'ပဋိဘာဂ' နိမိတ်ကြီး

www.burmeseclassic.com



သာ ငါဆက်ပြီး ထိန်းသိမ်းထားရင် စကြဝဠာတရိုး တိုးလျှိုပေါက် 'စေ' ချင်သလို 'စေ' လို့ရသွားပြီကွာတဲ့၊ ငါ့ ဆရာမရှိလို့...ဆရာ မရှိတဲ့အခါ အဲဒီလိုဖြစ်ပါတယ်။

ဒါကြောင့် "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော".....

ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ၊ ဉာဏာယ = သိရလေအောင်၊ သတ္ထာ=တကယ်ပြသတတ်တဲ့ဆရာကို၊ ပရိယေသိတဗ္ဗော= ရှာရမယ်။

လွန်ခဲ့တဲ့အနှစ်တစ်ရာရဲ့ဟိုဘက် ဒါတောင် များပါသေးတယ်၊ အနှစ်ခြောက်ဆယ်၊ ခုနစ်ဆယ်ရဲ့ ဟိုဘက်မှာ ပုဂံခေတ်လောက်အထိ အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်မှာ အဲဒီ 'ပဋ္ဌိပတ္တိ' ကျင့်စဉ်ကြီး ပျောက်ကွယ်ခဲ့တယ်၊ အဲသလောက် ကြီးကျယ်မြင့်မြတ်တဲ့ ဉာဏ်ကြီး ရှင် အာဇာနည်ပုဂ္ဂိုလ်ကြီးများသော်မှ ပြသတဲ့ဆရာမရရှိတဲ့အတွက် တကယ့်အစစ်ကြီး စကြဝဠာတရိုး တိုးလျှိုပေါက်စေစားနိုင်တဲ့ ကမ္ဘာကြီးကို ချုပ်ကိုင်နိုင်တဲ့ တကယ့် ဓမ္မစကြူကြီးရတာကို လက်နက်မှန်းမသိဘဲနဲ့ လက်လွှတ်ခဲ့ရတယ်၊ နောက်ပိုင်းရောက်တော့ ဆရာတော်ဘုရားကြီး သိပါတယ်ဘုရား။

## ကင်းဝန်မင်းကြီး မျက်ရည်ကျတဲ့တရား

အဲဒါကြောင့် "သတိမြဲရာ 'ပထမာ' ဒုမှာ ရှည်–တိုသိ၊ လုံးစုံလင်းရာ 'တ'ဲ့သော 'စ' မှာငြိမ်းစေဘိ" ကင်းဝန်မင်းကြီးကို ဟောဒီထဲမှာ ဟောသွားတာ၊ ကင်းဝန်မင်းကြီး မျက်ရည်တောက် တောက် ကျတယ်၊ ပြောရင်အရှည်ကြီးနော်။ ပြောလည်းပြောချင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒကာကြီးက မောလည်းမောနေပြီ နော်။

အဲဒါကြောင့် အရှင်ဘုရားများအတွက် ဆရာမရှာရ တော့ပါဘူး၊ ဒါက 'သမထ' ပဲရှိပါသေးတယ်၊ 'ဝိပဿနာ' ကို ကူးတဲ့အခါ ရောက်တော့ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်နဲ့ T.V ထဲမှာ ဓါတ်ခွဲခန်းမှာပြသလို ဒီလိုမြင်ရပါတယ်ဘုရား။

အဆုတ်–အသည်း–ကလီစာ–သွေးတွေ ဘယ်ကဘယ်လို သွားတယ်–ဘယ်ကိုရောက်တယ်–အကုန်မြင်နေရတယ်။ ဟောဒီ သွေးဟာ ဘယ်နားရောက်နေပြီ၊ ဘယ်နားသွားနေပြီ။ အင်မတန် သေးမျှင်တဲ့ဟာလေးထိ မျက်စိထဲမမြင်နိုင်တဲ့ဟာလေးထိ ဒီသွေး ရောက်နေတာ တပည့်တော်သိပါတယ်၊ ဒီသွေးတွေ ဆုတ်နေတာကို လည်း တပည့်တော်သိပါတယ်၊ အထဲကကလီစာတွေကိုလည်း အကုန်သိပါတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်းသိတယ်၊ တခြား ပုဂ္ဂိုလ်တွေလည်း သိနိုင်တဲ့ ပုဂ္ဂိုလ်တွေလည်းရှိပါတယ်၊ အံ့ဩစရာ မကောင်းဘူးလားဘုရား။

နှစ်ရက်အတွင်း နာမရူပပရိစ္ဆေဒဉာဏ်ကို သဲသဲကွဲကွဲ သိတယ်ဘုရား။ စာမတတ်ဘဲနဲ့ မယုံကြည်နိုင်လောက်စရာပါဘုရား၊ သမာဓိ ထူထောင်ထားတာကိုး။

လေး၊ ငါးရက်အတွင်းမှာ ပစ္စယ ပရိဂ္ဂဟဉာဏ်ကြောင်း ကျိုးဆက်နွယ်ပြီး သတ္တဝါတွေ ဒီရုပ်ခန္ဓာ ဘယ်လိုရလာတယ်၊ ဒါကြီးကို ဆက်ပြီးတော့ တွယ်တာ နှစ်သက်နေရင်တော့ "အဝိဇ္ဇာပစ္စယာ တဏှာ"၊ မသိလို့ လိုချင်တယ်၊ လိုချင်တာ များတော့ စွဲလန်းတယ်၊ စွဲလန်းတော့လုပ်တယ်၊ လုပ်တော့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရတော့ ဟိုသြဒနုကူမွာသူပစယော ပစ္စုပ္ပန်အာဟာရနဲ့ ပံ့ပိုးယုယထောက်ပံ့ ဒီဒုက္ခကြီးကိုပဲ တပည့်တော်တို့ သယ်ပိုးပြီးတော့ လျှောက်သွားနေရတဲ့ တာဝန်ကြီး၊ ဒုက္ခကြီး၊အဲဒီမှာပေါ်ပေါက်ပါတယ်။

**ခေတ်ကတောင်းဆို၍ ပေါ်လာခြင်းလော**

တခါနောက်ဘဝတို့ အမိဝမ်းထဲမှာ ပထမံ ကလလံဟောတိ ကလလာဟောတိ အဗ္ဗုဒံ..... ဒါအခု တပည့်တော်ငယ်ငယ်က ရတဲ့စာမို့ ပြောနိုင်တာဘုရား၊ တပည့်တော် လေးငါးခြောက်လရှိပြီ စာမကြည့်နိုင်တာ.....

ပဌမံ ကလလံ ဟောတိ၊
ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊
ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊
ကေသာ လောမာ နခါပိ စ။

ပဌမံ = ပဋိသန္ဓေနေခါစ ပထမသတ္တာဟ၌။
ကလလံ = ရေကြည်သမုတ် ကလလရုပ်သည်။
ဟောတိ = ဖြစ်တည်၏။
ကလလာ = ကလလရေကြည်အဖြစ်မှ နောက်၌။
အဗ္ဗုဒံ = အမြှုပ်ပွက်သည်။
ဟောတိ = ဖြစ်၏။
အဗ္ဗုဒါ = အမြှုပ်ပွက်အဖြစ်မှ နောက်၌။

www.burmeseclassic.com

www.burmeseclassic.com



ပေသိ = အသားတစ်သည်။
ဇာယတေ = ဖြစ်၏။
ပေသိ = အသားတစ်အဖြစ်မှ နောက်၌။
ဃနော = မာမာခက်ခက် တခဲနက်သည်။
နိဗ္ဗတ္တတေ = ဖြစ်၏။
ဃနာ = မာမာခက်ခက်တခဲနက်အဖြစ်မှ နောက်၌။
ပသာခါ = ဦးခေါင်း–ခြေ–လက် ခက်မငါးဖြာ
ကိုယ်အင်္ဂါတို့သည်။
ဇာယန္တိ = ဖြစ်လာကုန်၏။

ကေသာလောမာ နခါပိစ = ဆံပင် – မွေးညှင်း – ခြေသည်း လက်သည်းတို့သည်လည်း ။ ဇာယန္တိ = ဖြစ်လာကုန်၏။

(အရှင်ဖနကာဘိဝံသ၏ သဂြိုဟ်ဘာသာဋီကာ–စာ–၅၂၉)

ရေမြုပ်ကလေးက အမိဝမ်းထဲမှာ ကလလရေကြည်လေး ခုနစ်ရက်တဲ့၊ နောက်အမြှုပ်ကလေးခုနစ်ရက်၊ သားတစ်ခုနစ်ရက်၊ ဃနခေါ်တဲ့ မာမာခက်ခက်လေးခုနစ်ရက်၊ 'ခက်မ' ငါးဖြာ ခုနစ်ရက်၊ နောက် ဆံပင်–မွေးညှင်း–ခြေသည်း၊ လက်သည်း အစရှိသဖြင့် ပေါ့လေ၊ အဲဒါတွေဟာ အသေးစိတ် Detail ပြန်မြင်ရတယ်။

အဲဒါဘယ်ကလာတာလည်းဆိုတော့ နောက်ကိုပြန်ရင် ငါးဘဝ ခြောက်ဘဝ၊ ဆယ်ဘဝ ပစ္စယပရိဂ္ဂဟဉာဏ်မှာ အကုန်မြင်တာ ပါပဲ၊ အရမ်းအံ့ဩစရာကောင်းပါတယ်ဘုရား။

သမထဆိုတာကတော့ ဘယ်မှာဖြစ်ဖြစ်ရနိုင်တယ်၊ သာသနာမရှိလည်းဖြစ်တယ်။ ဘုရားဖူးရတယ် ဘာဘုရားဖူးရတယ် ဘာညာ လူတွေကတော့ တအံ့တဩ ပြောကြရှာတာပေါ့ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြောလောက်ပါပေတယ်။ အံ့စရာတွေကိုး ...။

သို့သော်ဒါတွေက အဓိကမဟုတ်ပါဘူး၊ ဝိပဿနာ ရှုမှတ်တဲ့နေရာမှာ ဉာဏ်တွေတစိမ့်စိမ့် ရက်ပိုင်းလေးနဲ့ တစ်ဉာဏ်ကို တပည့်တော်တို့ နှစ်ရက်ပဲရှုရပါတယ်၊ တစ်ဉာဏ်ပြီးမှတစ်ဉာဏ် ဒီလိုကိုင်ပြသလို တပည့်တော်တို့ သင်သွားတာပါ။

အဲဒီတော့ ဒါတွေဟာ ဒီခေတ်ကတောင်းဆိုလာလို့ ခေတ်ရဲ့အခြေအနေအရ ပေါ်ပေါက်လာတာဖြစ်ပါစေလို့ တပည့်တော်များ ဆုတောင်းပါတယ်။

အဲဒီတော့ တပည့်တော်များ အားထုတ်ပြီးတော့ ပြန်လာတဲ့ အမျိုးသမီးတယောက်အကြောင်းပြောပြီး နိဂုံးချုပ်တော့မယ်၊ ချုပ်ခွင့်ပြုပါတော့ဘုရား။

## မပျော်ရင်သုံးနှစ် ပျော်ရင်တစ်သက်

ဒီအမျိုးသမီးတယောက်က ရောက်ရောက်ချင်း မနေနိုင်ဘူးဘုရား၊ သူ့ဆရာက စစ်ကိုင်းမှာ ရိပ်သာကြီးထောင်ပြီးတော့ ဆယ့်ငါးနှစ်လောက် တရားတွေပြနေတယ်၊ ယောဂီတွေလည်း ခုထိ အများကြီးပါပဲ။

အဲဒီအမျိုးသမီးက သူ့ဆရာတော်ကို ဝမ်းသာအားရတယ်လို့ ဖုန်းဆက်ပြီးတော့ လျှောက်တယ်။

ဆရာတော်ဘုရား တပည့်တော် မုံရွာမြောက်ဘက် ဘုတလင် မိုင်နှစ်ဆယ်ရှိတယ်၊ အဲဒီကနေဟိုဘက် ခုနစ်မိုင် သွားရတယ်၊ မြေဖင်းတောရ မောင်းထောင်ဆရာတော်ဘုရားကြီးထံမှာ တပည့်

www.burmeseclassic.com



တော် တဝါတွင်းတရားအားထုတ်တာ၊ 'ဦးဒွေးလှိုင်' နဲ့၊ အား ထုတ်ပြီးတော့၊ အခု ဘဘဦးဒွေးလှိုင် ကိုယ်တိုင်လိုက်ပို့လို့ တပည့် တော်အခု မန္တလေးကိုရောက်လာပါပြီဘုရား၊ အရှင်ဘုရားဆီကို ဘုရားတပည့်တော် ခြေတော်ဦးတင်လာရောက်ပြီး ဦးခိုက်ပါ့မယ် ဘုရား။

ဟိုကနားထောင်လိုက်တယ်၊ သူ့ဆရာပေါ့လေ၊ တစ်ချိန်က တရားပေးတဲ့ဆရာ။

ဟဲ့ နေစမ်းပါအုံး နက်ဖန်ထိအောင် ငါမဆိုင်းနိုင်ဘူး၊ ပြောစမ်း၊ နင် ဝိပဿနာဘယ်နှရက်လုပ်ခဲ့ရလဲ။

တပည့်တော်မ ဝိပဿနာ ရက်နှစ်ဆယ်ပဲ လုပ်ခဲ့ရပါတယ် ဘုရား။

ပြောစမ်း ဘာတွေပေးလဲ၊ ရူပပရိဂ္ဂဟက စပေးတယ်ဘုရား၊ ရူပ ပရိဂ္ဂဟက 'စ' ပေးတော့ ဘာတွေဘာတွေပေါ့၊ အဲဒါပြီးတော့ ဘာတွေ ဘာတွေမြင်ရတယ်ဘုရား။ အဲဒါလျှောက်လိုက်တာ နောက်ဆုံးတော်တော်သိမ်မွေ့တဲ့ မပြောကောင်းတဲ့နေရာအထိ လျှောက်တယ်နဲ့တူပါတယ်ဘုရား၊ ဟိုက တသက်လုံး ကမ္မဋ္ဌာန်း ပြလာပြီးတော့ ဒီတရားမြတ်နိုးလို့ ကြိုးစားအားထုတ်နေတဲ့ ဆရာတော်ကြီးက အဲဒီတယ်လီဖုန်းလည်း 'ချ 'ပြီးရော သပိတ်တလုံး သက်နိုးသုံးထည်နဲ့ ညတွင်းချင်းတောထွက်သွားတယ်ဘုရား။

ဒါ မနေ့တနေ့ကမှ အဖြစ်အပျက်၊ တပည့်တော်တို့ရောက် ပြီးမှ ဖြစ်တဲ့အဖြစ်အပျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလိုက်မရှာကြနဲ့၊ မပျော်ရင်သုံးနှစ် ပျော်ရင်တသက်လုံး ငါတောထဲမှာပဲ နေတော့မယ်ဆိုပြီးတော့ အမိန့်ရှိပါသတဲ့ဘုရား။

ဒါလက်တွေ့ပါ။ အရှင်ဘုရားများလည်း အကြောင်းအား လျော်စွာ အခြေအနေအရ ကျန်းမာရေးအရ ကိုယ့်လက်ကိုယ့်ခြေ ကိုယ်သယ်နိုင်တုန်း မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကို 'ပရမာယ ပူဇာယ' အကောင်းဆုံးသော ပူဇော်ခြင်းဖြင့် ပူဇော်နိုင် ကြပါစေလို့ မေတ္တာပတ္ထနာပြုရင်း ဒကာကြီးအား သနားသဖြင့် နားခွင့်ပြုတော်မူကြပါဘုရား.....။ ။

(သာဓု. သာဓု. သာဓု)



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မှု


အထွတ်အထိပ် အောင်မြင်မှု ဆုလာဘ်များသည် ကောင်းမြတ်သောအလုပ်၌ ရှပ်ရှပ်ခွဲခွဲ တဖွတ်ထိုး လုပ်တတ်သူများအတွက်သာလျှင် ဖြစ်သည်။

မမ္မာစရိယဦးဋ္ဌေးလှိုင်

www.burmeseclassic.com

www.burmeseclassic.com





# မန်း/ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
# ဆရာတော်ဦးကောသဝ ၏ ဒုတိယအကြိမ်
# မိတ်ဆက်ပန်ကြားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ပရိသုပဋ္ဌာက သိပ္ပါလယ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း အမှတ်စဉ်(၈) သင်တန်းမှာ ပို့ချတော်မူကြတဲ့ ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်အရှင်မြတ်များအားလုံး ပါဘုရား။

ဘုရားတပည့်တော်များ ယနေ့ ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ (၁၅-၁-၂၀၀၃) ဗုဒ္ဓဟူးနေ့၊ နေ့လည် (၁) နာရီ အချိန်မှာ (ဒုတိယအကြိမ်မြောက်) တပည့်တော်တို့ဆရာကြီး ဓမ္မာစရိယဦးဒွေးလှိုင် သင်တန်းခန်းမအတွင်းမှာ သင်တန်းသား သံဃာတော်အရှင်မြတ်များ၊ ကထိက နည်းပြဆရာတော်များ အပါ

www.burmeseclassic.com

www.burmeseclassic.com



အဝင်ပေါ့ဘုရား။ လက်တွေ့ဗဟုသုတ၊ သမထဝိပဿနာ တရားများနဲ့ ပတ်သက်လို့ တပည့်တော်တို့ အရှင်ဘုရားတို့ရဲ့ မူလပဓာနကိစ္စဖြစ်တဲ့ သူတော်ကောင်းတရားများ အဓိကထား၍ ဟောပြောပို့ချမယ့် အခမ်း အနားဖြစ်ပါတယ်ဘုရား။

တပည့်တော်တို့မှာလည်း သင်တန်းစည်းမျဉ်းစည်းကမ်းများအရ နိုင်ငံမှာထင်ပေါ်ကျော်ကြားသော ပညာရှိပုဂ္ဂိုလ်များ၊ အထူးပညာရှင်များကို ရံဖန်ရံခါပင့်ဖိတ်၍ သင်တန်းသားများ လက်တွေ့ ဗဟုသုတ ဖွံ့ဖြိုးစေရန် ပို့ချပွဲ၊ ဟောပြောပွဲများ ပြုလုပ်ပေးရမည်ဟု ညွှန်ကြား ထားချက်အရ level ကိုက်ညီတဲ့ အခမ်းအနား ဖြစ်ပါတယ်ဘုရား။


ဒါကြောင့် တပည့်တော်တို့ ယနေ့ပြုလုပ်တဲ့ ဓမ္မာစရိယဦးဒွေးလှိုင်၏ ဟောပြောပွဲအခမ်းအနားကို ဆရာကြီးဟောပြောချက်များ အချိန်များများရစေရန်အတွက် ဘုရားတပည့်တော်က ပဋိသန္ထာရ စကားကို တိုတိုကျဉ်းကျဉ်းပဲ ပြောကြားပါရစေဘုရား။

ကနေ့တော့ တပည့်တော်တို့ နည်းပြဆရာတော်များရော၊ ဥပထမ္ဘကအဖွဲ့နဲ့ အတွင်းရေးမှူးဖြစ်တဲ့ ဆရာဦးသန်းဝင်း၊ ဆရာနတ်မောက်(ဦး)ထွန်းရှိန်တို့လည်းပဲ လာရောက်ပြီးတော့ ကြားနာမှတ်သားကြပါတယ်။ ဒါကြောင့် ယခုအချိန်မှစ၍ ဆရာကြီးရဲ့ ပို့ချချက် စတင်ဆောင်ရွက်ပို့ချပေးပါရန် ပန်ကြားအပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ဒီကနေ့ ကြွရောက်တော်မူလာကြတဲ့ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ကျောင်းအုပ်၊ နာယက၊ ကထိက၊ စာချဆရာတော်များ အမှူးပြုပြီး သကာလ ကြွရောက်လာ ရောက် နားသောတဆင်တော်မူကြတဲ့ ကျောင်းထိုင်ဆရာတော် ဘုရားကြီးများအား ဘုရားတပည့်တော် ရှိသေစွာ ဂါရဝပြုအပ်ပါ တယ်။ အထူးသဖြင့် ဘုရားတပည့်တော် အမြင့်ကနေပြီးတော့ အခြေအနေအရ ဟောပြောရတာကိုလည်း ခွင့်လွှတ်သီးခံပေးကြပါလို့ တပည့်တော် လျှောက်ထားအပ်ပါတယ်ဘုရား။

## နောက်ပြန်လှည့်မရသော သမိုင်းဘီးများ

ဘုရားတပည့်တော်တို့ သာသနာပြုတဲ့ပုဂ္ဂိုလ်တွေ သာသနာမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ သံဃာတော်များဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ မြတ်စွာဘုရားရဲ့ တာဝန်တွေကို အရပ် ပြော ပြောရရင် ပခုံးပြောင်းပြီးတော့ ထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရားများနောက်က တပည့်တော်တို့ကလည်း တာဝန်ရှိရှိနဲ့ မှုဝေထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်များအဖြစ် ဘုရားတပည့်တော်တို့က ခံယူပါတယ်။ အဲဒီတော့ မြတ်စွာဘုရားရှင် သာသနာတော်ကြီးဟာ လောကဉပမာအားဖြင့် ခေါက်ရာငှက်ကဲ့သို့ နှမ့်ချိုမြင့်ချိုနိမ့်တုံမြင့်တုံ ၂၅၀၀ ခရီးရှည်ကြီးကို မိုင်တိုင်တစ်ခုပြီး တစ်ခုဖြတ်သန်းခဲ့တယ်။

ဒီကနေ့ ၂၅၄၆မှတ်တိုင် ရောက်လာပါပြီ၊ ရှင်မဟာကဿပအစရှိသော သက်တော်ရှည်အရှင်မြတ်ကြီးများရဲ့ အမြော်အမြင်၊ သာသနာကို ပံ့ပိုးတော်မူခဲ့ကြတဲ့ သာသနာပြု မင်းကောင်းမင်းမြတ်၊ ပြည်သူလူထုရဲ့ ထောက်ခံမှုအရ မြတ်စွာဘုရား သာသနာတော်ကြီးဟာ ဒီကနေ့ နှစ်ပေါင်း၂၅၀၀ကျော်အထိ အောင်မြင်စွာဖြတ်သန်း ပြီးတော့ လာရောက်နိုင်ခဲ့ပါပြီဘုရား။

အရှင်ဘုရားများ ဘုရားတပည့်တော်များ လက်ထက်ရောက်တော့ ခေတ်ကမြတ်စွာဘုရားပွင့်တော်မူတဲ့ခေတ်၊ အသောကမင်းကြီးများခေတ်၊ မင်းတုန်းမင်းကြီးများခေတ်ကဲ့သို့ လှည်းနေလှေအောင်းခေတ် မဟုတ်တော့ပဲနဲ့ အရှင်ဘုရားများ သိတော်မူတဲ့အတိုင်း International ခေတ်၊ Globalization ခေတ် ရောက်လာတာနဲ့အမျှ တပည့်တော်တို့လူမျိုးဟာ တပည့်တော်တို့လူမျိုးကြီးပဲသပ်သပ် ရပ်တည်လို့မရတော့ပါဘူး။

ဘုရားတပည့်တော်တို့ရဲ့ ယဉ်ကျေးမှုဟာ ယဉ်ကျေးမှုသပ်သပ်ရပ်တည်မယ်လို့ အခြေအနေက မပေးတော့ပါဘူးဘုရား။ ဘုရားတပည့်တော်တို့ သာသနာလည်း ကိုယ့်ဆရာနဲ့၊ ကိုယ့်ဒကာအစဉ်အလာအတိုင်း ဒီလိုပဲ နေသွားကြမယ်၊ ဒီလိုခိုလို့ မရတော့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဘုရား။

ကမ္ဘာနဲ့အဝန်း သိပ္ပံပညာတွေ media တွေ ထွန်းကားလာတာနဲ့အမျှ ကမ္ဘာနဲ့အဝန်း လူဦးရေစီးဆင်းမှုဟာ တစ်နေ့ထက်တစ်နေ့ပိုပြီးတော့ လျင်မြန်ပြန့်ပွားလာတာ အရှင်ဘုရားများ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါလိမ့်မယ်။

ဘုရားတပည့်တော် မန္တလေးကို ရောက်တဲ့အခါ တစ်ခေါက်နဲ့တစ်ခေါက် မတူတော့ဘူးဘုရား။ တစ်ခေါက်နဲ့တစ်ခေါက် ပြောင်းလဲသွားတာကို တပည့်တော်တို့က အရှင်ဘုရားများထက်စာလျှင် ရှေ့မီ၊နောက်မီ ဖြစ်တဲ့အတွက် မန္တလေးမြို့ကြီးရဲ့ လျင်မြန်စွာပြောင်းလဲသွားတဲ့ အခြေအနေကို ဘုရားတပည့်တော် ခံစားရပါတယ်။ ခံစားရတာနဲ့အမျှ တပည့်တော်တို့က မွေ့မွေ့လျော့လျော့ ဒီလိုမနေပဲနဲ့ ရှေ့ကထက်ပိုပြီးတော့ ကြိုးစားရတော့မယ့် အခြေအနေတွေ တာဝန်တွေ တပည့်တော်တို့ ပခုံးမှာ အလိုလို ရောက်လာပါတယ်။

တည်ငြိမ်အေးဆေးတဲ့ခေတ်မှာ တည်ငြိမ်အေးဆေးသလို ဆောင်ရွက်လို့ရပါတယ်။ လှုပ်ရှားပူလောင်တဲ့ခေတ်မှာဆိုလည်း စီးပွားရေး၊ လူမှုရေး လှုပ်ရှားပူလောင်တဲ့ခေတ်နဲ့အညီ စိမ့်ဝင်အောင် ဆောင်ရွက်ပေးလို့ရပါတယ်။

## လက်ရွေးစင်သံဃာဇကျိုပ်ဖြင့် သာသနာစပြု

လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးတွေ ရောထွေးလာတယ်၊ အယူဝါဒ၊ အတွေးအခေါ်တွေ ပေါင်းဆုံလာကြတဲ့အချိန်မှာ ဘုရားတပည့်တော်တို့က မွေ့မွေ့လျော့လျော့မနေပဲနဲ့ ကိုယ့်ရဲ့ယဉ်ကျေးမှု၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ဘာသာတရား ရှေးကထက်တိုးပြီးတော့ ကြိုးစားမှ တန်ကာ ကျမှာပါ။

**ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ၊**
**အန္ဓီဘူတသ္မိ လောကသ္မိံ၊ အာဟဉ္ဆံ အမတဒုန္ဒုဘိ။**

မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီး ၄၉ရက် ဘယ်လို လျှောက်ရမလဲ မသိဘူးဘုရား။ အနားယူတယ် (သို့) လောကကြီးကို ခြုံငုံသုံးသပ်တယ်၊ ကြိုတင် Prepare လုပ်တယ် ပြင်ဆင်တယ်။ ဒီလိုပြောရင် မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို ထိခိုက်မလား မသိဘူးဘုရား။

လောကအမြင်နဲ့ ၄၉ ရက်လုံးလုံး ဘာရေ အစာအာဟာရမျှ မဘုဉ်းပေးရသေးခင် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အနားယူတော် မူပြီးတာနဲ့ တစ်ပြိုင်နက် ဂယာကနေပြီးတော့ ပထမဆုံးတရား ဟောဖို့ မိဂဒါဝုန်တောကို ကြွပါတယ်။ မိဂဒါဝုန်ရောက်တဲ့အခါ ဦးပကကြီးနဲ့တွေ့။ တွေ့တော့ အရှင်ဘုရားများ သိတော်မူပြီးတဲ့ အတိုင်း ဦးပကကြီးက ဘယ်သွားမှာတုန်း လျှောက်တော့–

**'ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ'**

ကာသိတိုင်းရဲ့ မြို့တော်ဖြစ်တဲ့ ဗာရာဏသီ၊ ဗာရာဏသီရဲ့ အနောက်ဘက်မှာရှိတဲ့ မိဂဒါဝုန်တောတန်း၊ ဓမ္မစက်ကြီးကိုလှည့် ဖို့ အဲဒီကို 'ငါ' သွားမယ် ဦးပက တဲ့။

**အန္ဓီဘူတသ္မိ လောကသ္မိံ၊**
**အာဟဉ္ဆံ အမတဒုန္ဒုဘိ။**

အင်မတန်လှတဲ့ စကားလုံးလေးပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အန္တိဘူတသမ္ဘိ = အဝိဇ္ဇာအမှောင်ကြီး ကျပြီးတော့ တစ်လောကလုံး အိပ်မောကျနေတဲ့ ကမ္ဘာကြီးကို တရားစည်ကြီး ဆော်တီးပြီးတော့ ငါ ရိုက်နှိုးဦးမယ် ဦးပကာ တဲ့။

အဲသလိုကြေညာပြောပြီးတော့ မြတ်စွာဘုရား ပထမဝါ မိဂဒါဝုန်မှာ သီတင်းသုံးပါတယ်။

တစ်ဝါတွင်းသုံး လက်တွေ့ဖကျိုပ်သောရဟန်းတော်များ၊ ဦးစွာပဉ္စဝဂ္ဂီ ငါးပါးနဲ့တကွ ဖကျိုပ်သောရဟန်းတော်များ မြတ်စွာ ဘုရားထံမှာ စာတွေ့၊ လက်တွေ့သဘောတရားအကုန်လုံး သင်ကြား နာယူကျင့်သုံးပြီး သကာလ သီတင်းကျွတ်တာနဲ့ တစ်ပြိုင်နက်တည်း

**‘ စရထ ဘိက္ခဝေ စာရိကံ ’**

ထ,သုံးလုံးနဲ့ မြတ်စွာဘုရားက ပထမဦးစွာရလာတဲ့ သံဃာ တော် ရဟန္တာဖကျိုပ်ကို နှိုးပါတယ်ဘုရား။ စေတော်မူပါတယ်ဘုရား။ အဲဒီပထမဝါမှာ ရဟန္တာ ခြောက်ကျိပ်နဲ့ သာသနာပြုတာ ဂင်္ဂါမြစ် ဝှမ်းမှာ မကြာမတင်ပဲ သာသနာပြန့်ပွါး သွားတာဘုရား။

## ထ,သုံးထနဲ့လှည့်လည်ကြ

ဘုရားတပည့်တော်တို့ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းက သံဃာတော် ရ၀ ကျော်ရှိတယ် ဆိုတော့ မြတ်စွာဘုရား သာသနာပြုရတာထက် ဆရာတော်ဦးကေသဝတို့ သာသနာပြုရတဲ့အားက ပိုကောင်းပါတယ်လို့ မပြောနိုင်ဘူးလား ဘုရား။ ပြောနိုင်ပါတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



**စရဏဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ, ဗဟုဇနသုခါယ, လောကာနုကမ္ပာယ, အတ္ထာယ, ဟိတာယ, သုခါယ ဒေဝ မနုဿာနံ။**

သွားကြ---ဒေသစာရီ လှည့်လည်ကြ...။

အဲဒီမှာ ဒေသစာရီကြွခိုင်းတယ်။

နောက်တစ်ထ,က-

**ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ၊ မဇ္ဈေကလျာဏံ၊ ပရိယောသာနကလျာဏံ၊ သာတ္ထံ၊ သဗျဉ္ဇနံ၊ ကေဝလပရိပုဏ္ဏံ**

ဘာမှဖြည့်စွက်စရာလည်းမလို ပယ်နုတ်စရာလည်း မလိုဘူး။ အကြွင်းမဲ့ပြည့်စုံတဲ့ Totally complete ဓမ္မကိုဖြန့်ချိကြ၊ အရပ်ဘဝမျက်နှာ ဖြန့်ချိဟောကြားကြ။

နောက်-တတိယ ထ,ကတော့-

'ဗြဟ္မစရိယံ ပကာသေထ'

ဘဝနေနည်းကို ကိုယ်တိုင်ကျင့်သုံးတတ်အောင် ညွှန်ပြတာ။ သတ္တဝါတွေ ဆင်းရဲနေကြတယ်။ ကိုယ်ရောစိတ်ရော ပင်ပန်းနေကြတယ်။

ဒီပင်ပန်းမှုတွေကို ပြေပျောက်စေရန်အလို့ငှာ ဘဝနေနည်း ဗြဟ္မစရိယ အကျင့်နဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်တွေ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောကြ။

**စရထ ဘိက္ခဝေ စာရိကံ၊ ဒေသေထ ဓမ္မံ၊ ပကာသေထ ဗြဟ္မစရိယံ၊ ပရိသုဒ္ဓံ ဗြဟ္မစရိယံ.....။**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနည်းနဲ့ မြတ်စွာဘုရား ပထမဆုံး ဖြေကျိုပ်ပဲရပါတယ် ဘုရား။ အဲဒီနည်းနဲ့ တပည့်တော်တို့ ခရစ်တော် မပေါ်မီ ဘီစီ ၆၂၃ ခုနှစ် မြတ်စွာဘုရားရှင် လောကကြီးထဲမှာ ပေါ်ထွန်းပွင့်တော်မူလာပြီးနောက်၊ အရှင်ဘုရား တပည့်တော်တို့ ယယ်ယယ်က သင်ခဲ့ရတဲ့ သဒ္ဒါကြီးထဲမှာ –

**စက္ခုနော ဘူတော စက္ခုဘူတော၊**
**စက္ခုဘူတောဝိယ ဘူတော**
**သောယံဘဂဝါတိ စက္ခုဘူတော ။**

ကလေးတုန်းကတော့ ကျက်သာကျက်ရတာ ဘာအဓိပ္ပါယ်မှ မသိဘူး။ခုတော့ အရသာရှိလိုက်တာဘုရား။

တလောကလုံး အမှောင်ကျနေကြတဲ့ လောကကြီးထဲမှာ မျက်စိသဖွယ် အလင်းရောင်သဖွယ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရား။ ဒီပါဠိလေးက အင်မတန် အရသာရှိတယ်ဘုရား။

အဲဒီတော့ မျက်စိသဖွယ် ဖြစ်တဲ့မြတ်စွာဘုရား၊ အဲသလို ဖြေကျိုပ်သော ရဟန်းတော်တို့ကို ညွှန်ကြားတော်မူတော့ တပည့်တော်တို့သာသနာ စတင်ပြုခဲ့ရတာပါ။

## စည်းကမ်းကိုတန်ဖိုးထားသည့်မြတ်ဗုဒ္ဓ

၄၅ဝါပတ်လုံး မနေမနား၊ တစ်နေ့၂၄နာရီမှာ ၁နာရီနဲ့ မိနစ်၂၀လေးပဲ အနားယူရရှာပါတယ်။ တစ်ခါတည်း တက်သုတ်ရိုက်ပြီး သာသနာပြုရတာ။

သက်တမ်းတိုတဲ့ အချိန်အခါဆိုတော့ တက်သုတ်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုရတာပါဘုရား။ တက်သုတ်ရိုက်သာသနာပြုရတဲ့အခါမှာ အတိုက်အခိုက်တွေ စင်ပြိုင်တွေ ယှဉ်ပြိုင်မှုတွေ၊ ဂိုဏ်းတွေ အလူး အလဲနဲ့ တစ်ခါတည်းဒုက္ခတွေ မြတ်စွာဘုရားရဲ့ ကြီးမားတဲ့ဒုက္ခတွေ၊ ဘဝခရီး ကိုယ့်လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အဲသလောက် ကြီးကျယ်တဲ့ဒုက္ခတွေ မရှိဘူးထင်ပါတယ်ဘုရား။ ဘယ့်နှယ့်တုန်း ဘုရား။

အဲဟိုတက်က နိဂဏ္ဌနာဋ္ဌပုတ္တဂိုဏ်းကလည်းစွပ်စွဲ၊ သုန္ဒရီတို့ စိဥ္စမာဏဝိကာတို့ ဘာတို့ညာတို့ အမျိုးမျိုးပေ့ါ။

နောက်ဆုံး ဒီသေကြောင်းကြံတဲ့အထိပေ့ါဘုရား။ မြတ်စွာဘုရား အကြိမ်ကြိမ် သေကြောင်းကြံ ခံရတဲ့အထိ ဒီလိုဖြတ်သန်းပြီးတော့ မမောတမ်းမနားတမ်း သာသနာပြုခဲ့ရတာ။

အဲဒီတာဝန်ကို ပရိနိဗ္ဗာန်စံတဲ့အချိန်က စပြီးတော့ အရှင်ဘုရားများအပေါ်မှာ ပခုံးပြောင်းခဲ့ပါပြီ။

အဲသလိုဇကျိုပ် တစ်ပါးသော ပထမ သာသနာ့မစ်ရှင် ကမ္ဘာ့သမိုင်းမှာ သာသနာပြု Missionary သမိုင်းမှာ၊ကမ္ဘာမှာ အအောင်မြင်ဆုံးနဲ့ ပထမဆုံးသောသာသနာပြုအဖွဲ့။ အဲသလိုသမိုင်းမှတ်တမ်း တင်သွင်းဂုဏ်ပြုခြင်းခံရတဲ့ တပည့်တော်တို့ သာသနာရဲ့ လုပ်ဆောင်ချက်ပါ။

အခြားသောဘာသာဝင်တွေဟာ မြန်မာဗုဒ္ဓဘာသာရဲ့ နည်းစနစ်တွေ ကျင့်ထုံးတွေ၊ နောက်ဆုံး အသွင်/အပြင် အဝတ်အစားတွေ

www.burmeseclassic.com

www.burmeseclassic.com



ကစပြီးတော့ ဒီကပဲစံနမူနာ ယူတယ်ဆိုပြီးတော့ အနောက်တိုင်း ပညာရှင်တွေက အဲသလိုရေးသားကြပါတယ်။

ဘာဖြစ်လို့လည်းဆိုတော့ တပည့်တော်တို့ သာသနာက သာသနာ၂၃၅ခုနှစ် ရောက်သွားတဲ့အခါ အသောကမင်းကြီးနန်းစံ တဲ့အချိန်မှာ တတိယသံဂါယနာ တင်ပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတယ်ဟေ့ဆိုတဲ့ အချိန်က စပြီးတော့ စည်းလွှတ် ၊ဝါးလွှတ် အဲသလိုနေလိုတဲ့ ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားရဲ့ သာသနာကို ဆန့်ကျင်လာကြတယ်။

စည်းမဲ့ကမ်းမဲ့ နေချင်တဲ့ပုဂ္ဂိုလ်တွေ၊ တာဝန်မဲ့နေချင်တဲ့ ပုဂ္ဂိုလ်တွေ၊ တစ်သံသရာလုံး အာရုံခံစားမှုနောက် လိုက်လိုတဲ့ ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားရဲ့ တရားတော်တွေကို အလိုလို ဆန့်ကျင်လာကြတယ်။မြတ်စွာဘုရား ပညတ်ထားတဲ့စည်းမျဉ်းဥပဒေ တွေကို သူတို့က ပြင်းထန်တယ်၊ ခက်ခဲတယ်ထင်ကြတာကိုး။ အဲဒီတော့ ပထမ ပရိနိဗ္ဗာန်စံတော်မူပြီးကတည်းက သာသနာမှာ နှောင့်ယှက်မဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာတယ်။

အမြော်အမြင်ကြီးမားတဲ့ ရှင်မဟာကဿပ အစရှိသော မထေရ်ကြီးများက ပထမသံဂါယနာ တင်ကြ။ နောက်ဒုတိယ သံဂါယနာ တင်ကြ။ ဝေသာလီမှာ၊ ဒုတိယ နှစ်တစ်ရာကြာတော့ ဒုတိယ သံဂါယနာတင်။

ဩော် မြတ်စွာဘုရားကို သိမီတော်မူကြသော ရဟန္တာအရှင် သူမြတ်ကြီးများက ငါတို့က မြတ်ဘုရားရှင်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ စကားတော်တွေကို လေးအသခေျာ်နဲ့ ကမ္ဘာတစ်သိန်း ဆည်းပူးပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ပေါကြားနိုင်တဲ့ ဒီဓမ္မတွေ ဒီဝိနယတွေမကွယ်ပအောင် ငါတို့က သံဂါယနာ တင်ခဲ့တာတော့ ဟုတ်ပါပြီ။

ဒီသံဂါယနာက နောင်နှစ်ပေါင်း ဘယ်လောက်အနှောင့် အယှက်မရှိပဲနဲ့ ခံနိုင်ပါ့မလဲလို့ အနာဂတံသ ဉာဏ်တော်နဲ့ကြည့်တဲ့ အခါမှာ လားလား... နှစ်တစ်ရာမှ မကြာသေးဘူးဘုရား။ သာသနာ တွင်းမှာ အနေချောင်သကိုးဗျ သာသနာက။ သာသနာ တွင်းမှာ လာပြီးတော့ ဝမ်းကြောင်းတဲ့ပုဂ္ဂိုလ်တွေ ဝင်လာကြတယ်။ဇာတ်နိမ့်တဲ့ ပုဂ္ဂိုလ်တွေဝင်လာကြတယ်။

တစ်ချိန်ကတော့ ရှင်ဘုရင်ကိုယ်တိုင် ထီးနန်းစွန့်ပြီးတော့ သာသနာထဲ ဝင်လာတယ်။ ပက္ကုသာတိမင်းတို့လို နောက်တဖြည်း ဖြည်းနဲ့ သာသနာကအင်မတန် Favourite , ဖြစ်တဲ့ ဂင်္ဂါမြစ်ဝှမ်း ဒေသတစ်လျှောက်လုံးမှာ မြတ်စွာဘုရားနဲ့ ရဟန္တာမထေရ်မြတ်ကြီး တွေ ကျေးဇူးကြောင့် လူတွေက၊ သူဌေးတွေက မင်းစိုးရာဇာတွေက အကုန်လုံးပံ့ပိုးကြတဲ့အခါမှာ သာသနာကအင်မတန်နေပျော်တယ်။ အထက်တန်းလည်းကျတယ်။ ကောင်းကောင်းနေရ၊ စားရတယ်။ ဘာမှလည်း မလုပ်ရဘူးဆိုတော့ သာသနာထဲဝင်ပြီး ဝမ်းကြောင်းတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာတယ်။

## လူ့ပြည်ဆင်းသာသနာပြုရမှာ ပျော်လွန်းလို့

အဲဒီအန္တရာယ်မြင်တော့ ဒုတိယသံဂါယနာတင်တဲ့ မထေရ် မြတ်များက သံဂါယနာတင်ပြီးရုံနဲ့ စိတ်အေးတော်မမူကြရှာ သေးဘူးဘုရား။ လာမယ့်အနှစ်တစ်ရာ၊ အသောကမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



လက်ထက်ရောက်တဲ့အခါမှာ သာသနာဝင်ပြီး ဝမ်းကြောင်းမဲ့ ပုဂ္ဂိုလ်တွေ၊ အယူဝါဒရေးရာနဲ့ ပတ်သက်တဲ့ လက်သစ်တရားတွေ၊ လက်သစ်စာပေတွေ ဘုရားအမည်ခံပြီးတော့ ဒီလိုဟောပြောမယ့် လူတွေကြိုက်အောင် ဟောပြောစည်းရုံးမယ့် အခြေအနေတွေ မြင်တော်မူတဲ့အတွက် အဲဒီ အနှစ်တစ်ရာကျော်တဲ့အခါမှာ ဒီသာသနာကို ဆက်လက်ပြီးတော့ ထိန်းသိမ်းနိုင်မယ့်ပုဂ္ဂိုလ်တွေ ဒီလောကမှာ ရှိပါသေးရဲ့လားဆိုပြီး အနာဂတံသဉာဏ်နဲ့ဆင်ခြင်စဉ်းစားတဲ့အခါ လူ့ပြည်မှာလည်းမတွေ့ရ၊ နတ်ပြည်မှာလည်းမတွေ့ရဘူးဘုရား။ ဗြဟ္မာ့ပြည်ကြည့်လိုက်တော့ အရှင်ဘုရားများသိတော်မူတဲ့အတိုင်း တိဿဗြဟ္မာကြီးကို သွားတွေ့တယ်။

တိဿ ဗြဟ္မာကြီးသွားတွေ့တော့ ရဟန္တာအရှင်မြတ်များက တန်ခိုးအဘိညာဉ်နဲ့သွားပြီး မေတ္တာရပ်ခံတောင်းပန်ကြတယ်။ တိဿဗြဟ္မာကြီးက လူ့ပြည်ဆင်းပြီးတော့ သာသနာပြုရမှာ အင်မတန်ဝမ်းသာသွားတယ်လို့ဆိုတယ်။ ဗြဟ္မာစည်းစိမ်ချမ်းသာ၊ ဗြဟ္မာဝိဟာရနဲ့ ဗြဟ္မာစည်းစိမ် ဒီလိုနေရတဲ့ ဘဝက ဗမာလိုရှင်းရှင်း ကောက်ချက်ဆွဲရလျှင် တမင်ကိုယ့်ကိုယ်ကို သတ်သေပြီးတော့ အင်မတန်စက်ဆုပ်စရာကောင်းတဲ့ အမိဝမ်းတွင်းခေါင်းထဲကို ၁၀ လတိတိ အောင်းရမဲ့ဒုက္ခ၊ နတ်ဗြဟ္မာတွေအတွက် ငရဲခံရသလောက်ကြီးမားတဲ့ဒုက္ခ၊ အဲဒီဒုက္ခ မကြောက်ဘူးဘုရား။

တတိယ အသောကမင်းကြီးလက်ထက်မှာ သာသနာသန့်ရှင်းပြီးတော့ မြတ်စွာဘုရား တရားတော်တွေပြန့်ပွားအောင် ဆောင်ရွက်ရမဲ့တာဝန် ငါ့ရောက်လာပြီဆိုပြီးတော့ ပျော်ပျော်ပါးပါး

www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုရတော့မယ်ဆိုတဲ့စိတ်နဲ့ ဝမ်းသာအားရ လက်ခံတော်မူပါသတဲ့ဘုရား။

## အသောကမင်းကြီးရဲ့ ဖီလော်ဆော်ဖီ

အဲဒါနဲ့ တတိယသံဂါယနာတင်ပါတယ်။ တတိယသံဂါယနာတင်တဲ့အခါမှာတော့ အသောကမင်းတရားကြီး၊ သူလည်းပဲ နယ်ချဲ့တဲ့သူ၊ လူတွေသတ်ပြီးတော့ အာဏာယူခဲ့သူပဲ။

ဒါပေမဲ့ ကလိင်္ဂစစ်ပွဲကြီးရဲ့ အနိဋ္ဌာရုံတွေတွေ့ရတဲ့အခါမှာကျတော့ စိတ်တွေ ပြောင်းလဲသွားတယ်။ ဩော် –စစ်တိုက်ရတယ်ဆိုတာ၊ ရှင်ဘုရင် လုပ်ရတယ်ဆိုတာ လူတွေကို သတ်ရတာပါလားနော်။ အဲဒီမှာ ကြောက်ရွံ့ထိတ်လန့်လာတယ်။ သံဝေဂတွေဖြစ်လာတဲ့အချိန်မှာပဲ နိဂြောဓ သာမဏေလေးနဲ့ တွေ့ပြီးတော့ ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ တယ်ပေါ့ဘုရား။

နောက် တိဿဗြဟ္မာကြီးကနေပြီးတော့ဖြစ်လာတဲ့ ကိုရင်တိဿ၊ ဦးပဥ္စင်းတိဿ၊ တိဿမထေရ်ကြီး။ အဲဒီ မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးထံမှာ ဘာသာတရားတွေ၊ ကျင့်သုံးနေထိုင်နည်းတွေ နာယူပြီးတော့ တိုင်းပြည်အုပ်ချုပ်ပါတယ်။ ၃၊ ၄ နှစ်လောက် သာသနာကို မလှည့်နိုင်သေးပါဘူး။ ၃၊ ၄ နှစ် နိုင်ငံရေးတွေပြေလည်အောင် ဖြေရှင်း၊ တိုင်းရေးစည်ပင်မှုတွေ စီမံဆောင်ရွက်ပြီးမှ အဲဒီရဟန္တာ အရှင်မြတ်ကြီးထံမှာ နည်းခံပြီးတော့ သာသနာပြုတော၊ တတိယ သံဂါယနာတင်တာ၊ အသောကာရုံ ကျောင်းကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြီးတော့ တတိယ သံဂါယနာ တင်တာနော်။

အဲဒီတော့ အသောကမင်းကြီးရဲ့ ဆောင်ပုဒ်လည်းပဲ အင်မတန် မှတ်သားစရာ ကောင်းပါတယ်။

သူ့ရဲ့ ဆောင်ပုဒ်က၊ ဆောင်ပုဒ်ဆိုသည်မှာ သူ့ရဲ့တစ်သက်တာလုံး ကိုင်ဆောင်ပြီးတော့သွားတဲ့ Philosophy ပါ။ ASOKA Philosophy ဟာ ဘဝနဲ့ရင်းပြီးတော့ လေးလေးနက်နက် မြတ်မြတ်နိုးနိုးနဲ့ ချမှတ်ထားတဲ့ သူ့ရဲ့မူ။

**' မတံ ဟိ မေ သဝလောကဟိတံ '**

အဲဒါ အဒ္ဓမာဂဓီခေါ်ပါတယ်။

အဲဒီခေတ်က ပြောဆိုသုံးနှုန်းတဲ့ စကားလုံးပါ။

ဒီခေတ်ပါဠိ နဲ့ပြောမယ်ဆိုရင်

မတံ ဟိ မေ သဗ္ဗလောကဟိတံ ။

မေ – ငါ ... အသောကမင်းတရားကြီး၏၊

မတံ – အလိုတော်ကား၊

သဗ္ဗလောကဟိတံ – လူမျိုးမရွေး၊ ဘာသာမရွေး၊ သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားချမ်းသာကို ပေးရန် အလို့ငှါသာဖြစ်ပါပေ၏။

တိုင်းသူပြည်သား၊ ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ အကျိုးစီးပွားကောင်းကျိုး ချမ်းသာရေးကိုပဲ ဆောင်ရွက်မယ်၊ သူလုပ်ချင်တဲ့အလုပ်က ဒါပဲ။ သူဖြစ်ချင်တာကလည်း ဒါပဲ။

မတံ ဟိမေ သဗ္ဗလောကဟိတံ ...

နောက် ဆက်ပြီးတော့ပြောတယ် အသောကမင်းကြီးက ။

www.burmeseclassic.com

www.burmeseclassic.com



နထိ ဟိ မေ ဒေါသေဝ ဥဋ္ဌာနသာ အဒ္ဒသံတိလနာယေ စာ။
ကဋ္ဌဝိယမုတော ဟိ မေ သဝလောကဟိတော။ တသာ ပုနာ သေ မုလေ
ဥဋ္ဌာနေ။
အဒ္ဒသံတိလာနာ ပုနာ သေ မုလေ ဥဋ္ဌာနေ။ အဒ္ဒသံတိလာနာ စာ၊
နထိ ဟိ ကံမတလာ သဝလောကဟိတေနာ။

ပါဠိုလိုပြန်လိုက်ရင်–

နတ္ထိ ဟိ မေ ကမ္မန္တရံ သဗ္ဗလောကဟိတမှာ။

သဗ္ဗလောကဟိတမှာ = နိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအားလုံးတို့၏ အကျိုး စီးပွားဆောင်ရွက်ခြင်းအလုပ်မှ တစ်ပါး၊

အညံ ကမ္မန္တရံ = အခြားလုပ်ဆောင်ဖွယ်ကိစ္စသည်။
မေ – ငါ အသောကမင်း၏ စိတ်ထဲမှာ ၊
နတ္ထိ ဟိ – အလျှင်းပင်မရှိပါချေတကား။

လူတွေကောင်းကျိုး ချမ်းသာလုပ်ဖို့မှတစ်ပါး အခြားရည်ရွယ်ချက် ငါ့–မှာ ဘာမှမရှိဘူး။ တစ်ချောင်းတည်းသော စိတ်နဲ့ သာသနာပြုတယ်ဆိုတာ၊ ဟိုဟာလည်း လုပ်ချင်၊ ဒီဟာလည်း လုပ်ချင်၊ ဒါလည်း ဖြစ်ချင်၊ ‘ချင်’ တွေများလို့ မရဘူး။ တစ်ချောင်းတည်းသော စိတ်ရှိမှ ရပ့်မယ်။ အသောကမင်းရဲ့ Philosophy ပါ ဘုရား။

အသောကကျောက်စာထဲမှာ ပါပါတယ်၊ နောက်တော့လည်း အများကြီးပါပဲ။

နတ္ထိ မေ တောသော – သူ့ အားရကျေနပ်မှုမရှိဘူး။
ဥဋ္ဌာနနမှိ – သာသနာရေး တိုင်းသူပြည်သားတွေရဲ့ ကောင်းကျိုး ချမ်းသာ ဆောင်ရွက်ရာ၌၊

www.burmeseclassic.com

www.burmeseclassic.com



**သန္တုဋ္ဌိနတ္ထိမေတောသော** – တချို့ အသောက ကျောက်စာမှာ 'တာသော' ဖြစ်နေတယ်။ အင်္ဂလိပ်ဘာသာပြန်ကြည့်တဲ့အခါမှာတော့ 'တောသော' တွေ့တယ်။တောသောမှ အားရကျေနပ်မိခြင်း အဓိပ္ပါယ်ပါဘုရား။

**တောသော** – သံတုဋ္ဌော ပေါ့ဘုရား။

နတ္ထိ မေ တောသော ဥဋ္ဌာနမှိ ...

နိုင်ငံသူ၊ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ အကျိုးစီးပွားဆောင်ရွက်တဲ့နေရာမှာ၊ ထထကြွကြွ လုပ်ရကိုင်ရတဲ့ နေရာမှာလည်းပဲ အားရတယ်လို့ မရှိဘူးနော်။

ကျွန်တော်တို့ ကျောင်းထိုင် ဘုန်းကြီးသင်တန်းဥပဇ္ဈာကအဖွဲ့နဲ့ နှင်လားငါလားပဲနော်၊ ဘယ်နှယ့်တုံးဗျာ။

ဘယ်လုပ်ငန်းက ဘယ်လိုဖြစ်နေတယ်၊ ဘယ်အနားမှာ ဘာဖြစ်နေတယ်။ ဘယ်နိုင်ငံ ဘယ်အစိတ်အပိုင်းက ဘယ်လိုနေတယ်ဆိုတာ ဒီလို စုံစမ်းဖို့၊ မေးမြန်းဖို့၊ အဲဒီအကြောင်းကို စဉ်းစားဝေဖန်ဖို့ အဲဒီကိစ္စဆောင်ရွက်ရာမှာလည်း –

**နတ္ထိ မေ တောသော** – အားရ တင်းတိမ် ကျေနပ်တယ်လို့ မရှိပါဘူး။

အသောကမင်းကြီးရဲ့ Philosophy ပါဘုရား၊ အဲဒီစိတ်နဲ့လုပ်လို့ အသောကမင်းကြီးခေတ်ဟာ သာသနာက ဂင်္ဂါမြစ်ဝှမ်းမှာသာ မဟုတ်တော့ဘဲနဲ့ ဟိုဘက် မက်ဆီဒိုးနီးယား၊ ဂရိ ပြည်နယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိရန်၊ အိရတ်၊ ဟိုဘက်က တပည့်တော်တို့ အရှေ့ဥရောပနိုင်ငံတွေ အကုန်လုံး ပြန့်သွားတယ်။

အဲဒီကနေပြီးတော့ အခြားဘာသာဝင်တွေက မြန်မာဗုဒ္ဓဘာသာဝင်ရဟန်းတော်တွေ ဝတ်ပုံ၊ နေပုံ၊ ထိုင်ပုံ၊ စားပုံ၊ စည်းကမ်းတကျ နေနည်းထိုင်နည်း စည်းရုံးနည်းဟောပြောနည်းတွေ အဲဒါတွေ အားလုံး သူတို့အတုယူပြီးတော့ သူတို့ လုပ်ကြတယ်။ ဒီလို ရေးပါတယ်။ တပည့်တော်တို့ စွပ်စွဲတာ မဟုတ်ဘူးနော်၊ ဖတ်တာ၊ မှတ်ထားတာ တွေ သိသလောက်လျှောက်ပါတယ်။

ဒါထားလို့ ... အဲဒီတော့ အသောက မင်းတရားကြီးရဲ့ လုပ်ဆောင်ချက်တွေက အများကြီးပေါ့ဗျာ။ သူ့ရဲ့ကျေးဇူးကြောင့် အရှင်ဘုရားများ ဒီသာသနာကို ဒီလိုဘုရားတပည့်တော်တို့ ကြုံတွေ့ရခြင်း ဖြစ်ပါတယ်။

သူက ကျောက်စာ အောက်ပိုင်းလေးမှာ ဆက်မှာထားခဲ့သေးတယ်။

မမ ပုတြာကျ ပမုတြာကျ ဣဒံ အာဃေန ပရာကမေန ပရာကမန္တု ။

| | |
|---|---|
| ပုတ္တရာကျ | – သားတော်သမီးတော်တို့သည် လည်းကောင်း၊ |
| ပမုတြာကျ | – မြေးတော်အစဉ်မြစ်တော်အဆက် မြစ်တော်အညွန့် အစွန့်ရှည်စွာသော သားစဉ်မြေးဆက်တို့သည် လည်းကောင်း၊ |
| ဣဒံ | – ဤငါ၏ သာသနာပြုလုပ်ငန်းကြီးကို၊ |

www.burmeseclassic.com

www.burmeseclassic.com



ပရာကမန္တု အာဃေန ပရာကမေန –

အဂ္ဂေန ပရက္ကမေန – ကြီးမြတ်ထက်သန်သော လုံ့လဖြင့်၊ ဒါ
ငါ့တာဝန်ပါလားဆိုတဲ့စိတ်နဲ့၊

ပရာကမန္တု – ကြိုးစားရစ်ကြပါကုန်လော့။

အဲဒီလိုတိုက်တွန်းခဲ့တယ်ဘုရား။ ကျောက်စာက။

သူက သာမည လုံ့လဝီရိယနဲ့ မရဘူး။ တကယ့်ကို ထက်ထက်သန်သန် လုပ်မှ ဒီသာသနာပြုကလုပ်လို့ရပါတယ်။ ကျောက်စာထဲမှာလည်း အဲဒီလိုရေးထားခဲ့ပါတယ်။

အနှောင့်အယှက်တွေကြားက သာသနာ

အဲဒီလို သာသနာပြုအာဇာနည် သူရဲကောင်း အသောက မင်းတရားကြီးရဲ့ ပခုံးပြောင်းခြင်း လွှဲပေးခြင်းကိုလည်း တပည့်တော်တို့ ခံရတယ်။ တပည့်တော်တို့ ဒီလိုဂုဏ်ယူရမှာ မဟုတ်ဘူး လားဘုရား။ သာသနာပြုစိတ်ဓာတ်အားသန်နေတဲ့ အရှင်ဘုရားတို့ကို တပည့်တော်တို့အားကိုးပါတယ်။ တပည့်တော် အရှင်ဘုရားတို့ သံဃာ ၇၀ ကျော်ကို ဟောတာမဟုတ်ဘူးဘုရား။ ဩဝါဒ ပေးတာလည်း မဟုတ်ဘူးဘုရား။ အဲဒီလို လျှောက်ထား ခွင့်ရတာ တပည့်တော် အင်မတန် ဝမ်းသာစရာ ကောင်းတယ်။ သံဃာ ၇၀၀၊ ၇၀၀၀ လျှောက်ထားခွင့်ရသလိုပါပဲဘုရား၊

တစ်နေ့က ကျောင်းထိုင်ဆရာတော် နာယက ဆရာတော် ဘုရားကြီးကိုယ်တိုင် ဘုရားတပည့်တော်ဆီလာရောက် ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ရှိတာ အင်မတန် ဂုဏ်ယူပြီးတော့ ပေါ့ပေါ့ပါးပါးပဲ လက်ခံပါတယ်။ အင်မတန် ဂုဏ်ယူပါတယ်။

ဒီခေတ်က အသောကမင်းကြီးများ ခေတ်မဟုတ်တော့ဘူး။ စောစောကလျှောက်သလို Globalization ခေတ်နော်၊ International ခေတ်၊ လူမျိုးစီးဆင်းမှုတွေဟာလည်း မြန်မှမြန်ဘုရား။ ဒုစရိုက်တွေကလည်း ကြမ်းမှကြမ်းဘုရား။ အဲဒီလိုဖြစ်ပါတယ်။

အဲဒီတော့ ပထမဆုံး ဘုရားတပည့်တော်လျှောက်ချင်တာက ဒီတပည့်တော်တို့ နိုင်ငံနဲ့စာရင် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံကလေးဟာ အိန္ဒိယမှာ မြတ်စွာဘုရားသာသနာ၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ၊ အသောကမင်းကြီးများလက်ထက် မဇ္ဈိမဒေသမှာ သာသနာ တည်ထွန်းခဲ့ပြီးတော့ နှစ်ပေါင်း၃၀၀ ကျော် အလွန်ဆုံး ၅၀၀ ပေါ့ဘုရား။ ရှင်နာဂသိန်တို့ခေတ်၊ အဲဒီမြေ ႏ မြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကိုရတဲ့အရပ်မှာ သာသနာကွယ်ခဲ့ရတယ်။

သာသနာသိုက်က သီဟိုဠ် (သီရိလင်္ကာ)ကိုပြောင်းပါတယ်။ ပြောင်းပြန်တော့လည်းပဲ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက်မှစ၍ ကျည်းကုလားတွေနဲ့ ဘယ်လိုတိုက်ရတယ်ဆိုတဲ့ဟာတွေ လူတွေကိုသတ်ရတာ မဟုတ်ဘူးလားဘုရား။ အဲဒီသမိုင်းတွေကလည်း အခုထိ သမိုင်းကြွေးတွေရှိနေကြတုန်းလားမသိပါဘူး။ အဲဒီတော့ အဲဒီနိုင်ငံကြီးမှာလည်း သာသနာထွန်းကားတာ လွတ်လွတ်လပ်လပ် မထွန်းကားရဘူးဘုရား။

ဒတ်ချ်တို့၊ အင်္ဂလိပ်တို့၊ ပေါ်တူဂီတို့နှစ်ပေါင်း ၅၀၀ ကျော် လောက် နိုင်ငံခြားသားတွေရဲ့လက်အောက်မှာ အားတုတ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



သန့်ခဲ့ရပါတယ်။ သာသနာမပျောက်ရုံတမယ်လေးပဲ ကျန်တော့တယ် ဘုရား။

## တန်ခိုးကြွဒ္ဓိပါဒ်ရှာရင်း သာသနာပြုခဲ့သူ

အဲဒီအချိန်မှာ တပည့်တော်လျှောက်ချင်တာက အနာဂါရိကဓမ္မပါလဆိုတဲ့ပုဂ္ဂိုလ် မစ္စတာဂွှန်ဒေးဗစ်လို့ ဝေါဟာရအမည်ရတယ်။ ၁ဝတန်းမအောင်ဘူးဘုရား။အဲဒီတော့ အိုလ်ကော့ဆိုတဲ့ ရေတပ်ဗိုလ်မှူးကြီး အော်လကော့ဒ်နဲ့ မဒမ်ဗလာဗာစကီဆိုတဲ့ ရုရှားအမျိုးသမီးကြီးနော်။

၁၉–၂၀ ရာစုမှာ အထက်မြတ်ဆုံးသော ဂမ္ဘီရပညာရှင်လို့ တစ်ကမ္ဘာလုံးက ဂုဏ်ပြုရတဲ့ မဒမ်ဗလာဗာစကီ၊ အဲဒီပုဂ္ဂိုလ်ကြီးနဲ့ ပေါင်းပြီးတော့ အနာဂါရိက ဓမ္မပါလလို့ နောင်တစ်ချိန်မှာ တွင်လာမဲ့ ဂွှန်ဒေးဗစ်။

၁၆ နှစ်သားကစပြီးတော့ သာသနာရေးလုပ်ပါတယ်။ အဲဒီအချိန် သီဟိုဠ် ကျောင်းကြီးတွေမှာ၊ သီဟိုဠ်ဘာသာရေးလုပ်ငန်းကြီးတွေမှာ တခြားဘာသာရေးတွေ လွှမ်းမိုးဖိစီးလာတော့ တိုင်းသူပြည်သားတွေက သည့်ပြင်နိုင်ငံခြားသားတွေရဲ့ ဘာသာစကားကိုသာ အထင်ကြီးတယ်။ သူတို့ရဲ့ ယဉ်ကျေးမှုကိုသာ အထင်ကြီးတယ်။ အဲဒီတော့ ဗုဒ္ဓဘာသာလူနည်းစု နည်းနည်းလေးပဲကျန်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးဆိုတာလည်း လူကဖြစ်တာဆိုတော့ ဒီအတိုင်းပေါ့ဘုရား။

အခြားဘာသာတွေ၊ ဘာသာဝင်တွေလုပ်တဲ့ လုပ်ငန်းတွေပဲ စိတ်ဝင်စားပြီးတော့ ဒါမှခေတ်မီတယ်ပေါ့နော်။ အဲသည်နည်းနဲ့ လိုက်လုပ်ကြတာ၊ ဗုဒ္ဓဘာသာ၊ ရှင်ပြု၊ ရဟန်းခံကစပြီးတော့ ပရိတ်ရွတ် ဘာသာရေးအခမ်းအနားတွေအားလုံးဟာ ပုံပျက်ပန်းပျက် ဖြစ်ကုန်တယ်။

အဲဒါတွေကို ပါရမီရှိတဲ့ဂျွန်ဒေးဗစ်က ဘုန်းကြီးကျောင်းတွေသွား တော့လည်း သူ့စိတ်ထဲဘဝင်မကျဘူး။ ဘုန်းကြီးတွေနေပုံ၊ ထိုင်ပုံ ပြောပုံ၊ ဆိုပုံကိုလည်းသူမကြိုက်ဘူး။

အဲဒီတော့ ဒီသီဟိုဠ်(သီရိလင်္ကာ) သာသနာကို ပြန်လည်ပြုပြင် မှပဲ။ သူ့စိတ်ထဲမှာ ဒီလိုဖြစ်တယ်။ အဲဒီလိုပြုပြင်တဲ့အခါမှာ သာမန်အားဖြင့် ပြုပြင်လို့မရဘူး။ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့မှ ဒီသာသနာပြုပြင်လို့ရမှာပဲလို့တွေးတယ်။

သူက ဒီခုနကပြောတဲ့ ဂမ္ဘီရပညာရှင် ရုရှားအမျိုးသမီးကြီး ဆီစာရေးတယ်။ ရုရှားအမျိုးသမီးကြီးက အိန္ဒိယတောင်ပိုင်းမှာ၊ စာရေးတဲ့အခါကျတော့ ကူညီပေးပါပေါ့။ သူဟာ ဟိမဝန္တာက မမြင်ရတဲ့ အထက်ဆရာကြီး တွေ တပည့်ခံ၊ ဘဝနစ်မြှုပ်ပြီးတော့ ပညာယူမယ်။ အထက်ဂိုဏ်း ပညာတွေယူမယ်။ တန်ခိုးဣဒ္ဓိပါဒ် တွေရမယ်၊ သူက သာသနာပြုချင် တာကိုး။ အဲဒါနဲ့ သူစိတ်ထဲရှိတာ လည်းပဲ အနာဂါရိကဓမ္မပါလရဲ့ အတ္ထုပ္ပတ္တိထဲမှာ ရေးတယ်ဘုရား။

ဟိမဝန္တာက တကယ့်အကျော်ဒေးယျပုဂ္ဂိုလ်ကြီးတွေနော်၊ တကယ်ပေါက်မြောက်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိနဲ့မြင်လို့မရဘူး။ အထက်ဆရာကြီးတွေ၊ အဲဒီအထက် ဆရာကြီးတွေရဲ့ခြေရင်းမှာ ဝပ်စင်းခိုလှုံပြီးတော့ ဒီပညာတွေယူမယ် ပေါ့ဘုရား။ချာန်တန်ခိုးပါဝါတွေ ယူမယ်ပေါ့။ သူ့စိတ်ထဲက ဘယ်လို ထင်သလဲဆိုတော့ –

Old, he also understood to be following of the north buddha.

အဲဒီအထက်ဂိုဏ်းဆရာကြီးတွေ၊ မြတ်စွာဘုရားရဲ့ တကယ့်အ ရင်း အမြစ်ကျတဲ့ သာဝကကြီးတွေ၊ မြတ်စွာဘုရားရဲ့ တပည့်ကြီးတွေ လို့ သူကယူဆတယ်။ ၁၆–၁၇နှစ်သားက သူထင်တာဘုရား။

အဲဒီတော့ တပည့်တော်တို့ဂိုဏ်းပညာတွေ၊ မမြင်ရတဲ့ဘိုးတော် တွေ၊ ဘွားတော်တွေဆိုတာလည်းပဲ တချို့က ဗုဒ္ဓဘာသာထင် မှတ်ပြီးတော့ သာသနာပွဲတွေ၊ ဘာတွေလုပ်ကြတယ်။ ဒီလိုမဟုတ်ဘူး လားဘုရား။

မဟာစည်ဆရာတော်ဘုရားကြီးက အမိန့်ရှိတယ်။ သူ့တပည့် ခံပြီးတော့ ကမ္မဋ္ဌာန်းပြနေတဲ့လက်ထောက်ကမ္မဋ္ဌာနာစရိယ နယ်က တချို့ ကိုယ်တော်တွေက သာသနာပွဲဆိုပြီးတော့ ဘုရားရှေ့မှာ လူတွေ လုပ်သလို အမွှေးတိုင်ထွန်းလိုက်၊ ဖယောင်းတိုင်ထွန်းလိုက်၊ ငှက်ပျောသီး၊ အုန်းသီးတွေ စားဖွယ်သောက်ဖွယ်တွေ နှစ်ဆယ့်လေး နာရီ ထားလိုက်။ ဥပည့်တော်တို့ စာတတ်တဲ့ပုဂ္ဂိုလ်တွေတောင် အဲဒီလို ယောင်ကြတယ်ဘုရား။ ဒါဟာ ဗုဒ္ဓဘာသာပဲလို့ အဲလိုထင် အောင်ကို သူတို့တမင်လုပ်ကြတာဘုရား။

အဲဒါကြောင့် ဘိုးတော်ထိုးတဲ့ပွဲ၊ လာဘ်လာဘလိုချင်၊ သူဌေးဖြစ် ချင်လို့ ဖြတ်လမ်းနည်းနဲ့ သူဌေးဖြစ်ချင်လို့ ဘိုးတော်၊ ဘွားတော်တင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ပွဲ။ တပည့်တော်တို့ ဘုရားခန်းတွေလည်း သူရသတီမယ်တော်ကြီးရော အန်းကုန်းဘိုးတော်ကြီးရော ထင်တဲ့ဟာတွေ အကုန်လုံး သိမ်းကျုံးပြီးတော့ထည့်ထားတာနော်။

တပည့်တော်တို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

တပည့်တော်တို့ အဖွဲ့သားတွေ၊ အရှင်ဘုရားတို့ တပည့်တွေရဲ့ ဗုဒ္ဓဘာသာခံယူမှုဟာ ဘယ်အတိုင်းအတာအထိ ခိုင်မာမလဲဆိုတာ မစဉ်းစားသင့်ဘူးလားဘုရား။ အေးဗျာ၊ အဲဒီသူငယ်ကလည်း အဲဒီလိုထင်တာ။ အဲဒီဘိုးတော်တွေက ဟိမဝန္တာက တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေက ကျောက်ခဲကောက်ပေးရင် ရွှေဖြစ်တယ်ထင်တာ။

သူက အဲဒီပညာလိုချင်တာ။ လိုချင်တဲ့အခါ သူက ဟိုဆရာမကြီးနဲ့ တိုင်ပင်တဲ့စာလေး ရေးလိုက်တယ်ပေါ့ဘုရား။ သူ့စိတ်ထဲမှာလည်းပဲ တကယ့်ဗုဒ္ဓဘာသာအမာခံ ရဟန္တာကြီးတွေ၊ အရိယာပုဂ္ဂိုလ်ကြီးတွေ လို့ထင်တာပေါ့။ သူတို့ကလည်း ဒီလိုထင်အောင် လုပ်ကြတာပေါ့။ အဲဒီတော့ သူက -

အဲဒီဆရာကြီးတွေထံမှာ ခြေဆုပ်၊ လက်နယ်ပြုပြီးပညာကို ရအောင်ယူမယ်။ အဲသလို ရေးလိုက်တဲ့အခါကျတော့ ဆရာမကြီးက စာတစ်ကြောင်းပြန်ရေးတယ်။ ဂွန်ဒေးဗစ်ဆီ၊ ချက်ချင်းပဲကောက်ပြီး စာရေးလိုက်တယ်။ ဒီလူငယ်လေးဟာ အရွယ်နဲ့မလိုက်အောင် အင်မတန်ထက်တဲ့သူငယ်။ ဆယ်တန်းတောင်မအောင်ဘူးဘုရား။

အဲဒီတော့ ဒီသူငယ်ကလေးဟာ သီဟိုဠ်ကနေပြီး အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ဆရာမကြီးဆီပေါ့နော်။ ၁၉-၂၀ရာစုမှာ စိတ်ပညာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သတ်လို့ ကိုင်ရိုတို့ဘာတို့ကတောင် ဩချရတဲ့ ရှုရှားအမျိုးသမီး ကြီးပေါ့။ သူကလည်း ဒီကလေးရဲ့စာတွေ့ပြီးတော့ ချက်ချင်းစာပြန် ရေးတယ်။ ရေးခဲ့တဲ့စာက–

The only refuge for him who aspires to ture Perfection is the buddha alone.

အကြွင်းမဲ့ပြည့်စုံစင်ကြယ်မှုကို လိုလားတဲ့သူအတွက် တစ်ခု တည်းသော ကိုးကွယ်အားထားရာကတော့ ဗုဒ္ဓပါပဲ။ ချစ်သား– အထင်မလွဲနဲ့။ နောက်ပြီးတော့ ချစ်သားအခုသင်ယူနေတဲ့ ပါဠိထဲမှာ သားလိုချင်တဲ့ occult Power တွေအပြည့်စုံရှိတယ်။ ဟိမဝန္တာကမမြင်ရတဲ့ ဆရာကြီးတွေကို လွမ်းမနေနဲ့သား။ သူက ပါဠိလည်း သင်နေတယ်ပြောတာကိုး။ သာသနာပြုချင်တယ် ဆိုပြီးတော့။

သားသင်တဲ့ပါဠိထဲမှာ သားလိုချင်တဲ့ occult Power အကုန်ရှိတယ်နော်။ ငါတို့ရတဲ့ ပါဠိဟာ အဲဒီပါဠိထဲမှာ ရှိတဲ့ ပါဠိနဲ့ နှိုင်းယှဉ်ရင် ဘာမှမပြောပလောက်ဘူး။ အဲဒီမှာ ဘာသာရေးကို ဇောက်ချပြီးလုပ်တာဘုရား။

အဲသလိုဇောက်ချပြီးလုပ်တဲ့အခါမှာ သူ့အသက် ၃၀အရွယ် အနောက်တိုင်းမှာ ပထမဆုံးသော ဘာသာရေးညီလာခံကြီး လုပ်ပါတယ်။ ချီကာဂိုမြို့မှာ၊ အဲဒီညီလာခံကြီးမှာ အသက် ၃၀ပဲရှိတဲ့ အဲဒီ အနာဂါရိက ဓမ္မပါလက အဲဒီညီလာခံကြီးမှာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ သူက တက်ပြီးပြောတယ်။ ဟိုဟိန္ဒူဘာသာဘက်က တစ်ယောက်ပေါ့ဘုရား။နာမည်တွေတော့မေ့ကုန်ပြီဘုရား။ ခရစ်ယာန်ကတစ်ယောက် ပြောတယ် အစရှိသည်ဖြင့်ပေါ့လေ

www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံး။ ပရိသတ်က လွန်ခဲ့တဲ့ အနှစ်တစ်ရာကျော်က ဗုဒ္ဓဘာသာဆိုတာ အနောက်တိုင်းမှာ လေ့လာစပဲရှိသေးတယ်။

အဲဒီမှာသူက ဗုဒ္ဓအကြောင်းဟောလိုက်တဲ့အခါကျတော့ လူတွေက အရမ်းစိတ်ဝင်စားလာပြီးတော့ ဒေါ်လာတွေထောက်ပံ့ကြတယ်။ အဲဒီမှာ ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ကနေစပြီးတော့ သံဝေဇနီယဌာနတွေ အကုန်လုံးထုတ်ဖော်တာ သီရိလင်္ကာက ကမ္ဘာကျော်သာသနာပြု လူသူတော်ကြီး အနာဂါရိက ဓမ္မပါလ (၁၈၆၄–၁၉၃၃)ပေါ့ဘုရား။ သူ့ကျေးဇူးကြောင့် ဒါကမြတ်စွာဘုရားပွင့်တဲ့နေရာ၊ ဖွားတဲ့နေရာ၊ တရားဦးဟောတဲ့နေရာ၊ ပရိနိဗ္ဗာန်ပြုတဲ့နေရာ။ အဲဒီလိုတပည့်တော်တို့ သိရပါတယ်။ သူရှိတဲ့ အမွေတွေအကုန်လုံး ပထမဂန္ဓကုဋီတိုက်ဆိုပြီးတော့ ဂပည့်တော်တို့ မိဂဒါဝုန်မှာ တည်ထားပါတယ်။

အဲဒီတော့ ၁၆နှစ်သားထဲက သီဟိုဠ်ဘုန်းကြီးတွေရဲ့ နေပုံ၊ ထိုင်ပုံ၊ ဟောပုံ၊ ပြောပုံ ဘာသာရေးနည်းမျဉ်း ဥပဒေဝိနည်းတွေမှာ လျှော့ရဲရဲလုပ်ပုံတွေကို အားမရလိုက်တာနဲ့ သူကိုယ်တိုင်လှည့်ပတ်စည်းရုံး၊ တစ်နိုင်ငံလုံးလှည့်ပတ်သွား၊ ဂျပန်တို့၊ မြန်မာနိုင်ငံတို့။ အထူးသဖြင့် မြန်မာနိုင်ငံကို အထူးအားကိုးပြီးတော့ လာတယ်။ လာတဲ့အခါ အော်လကော့ဒ် ( Colonel Henry steel Olcott ) ဆိုတဲ့ ရေတပ်ဗိုလ်မှူးကြီးနဲ့ သူနဲ့ မြန်မာနိုင်ငံရဲ့ မန္တလေးတို့ ဘာတွေတို့ လှည့်ပတ်သွားပြီးတော့ ၁၅နှစ်သားကိုရင် ကလေးတွေ ပင့်သွားတယ်။

ဟိုမှာ သူကောင်းကောင်းထောက်ပံ့ပြီးတော့ ကောလိပ်တွေ၊ ကျောင်းတွေ၊ တက္ကသိုလ်တွေအများကြီးဖွင့်တယ်ဘုရား အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာထောက်ပံ့ Training ပေးပြီးတော့ ဆောင်ရွက်တဲ့အတွက် ၁၅နှစ်သားကိုရင်စန္ဒဟာ ဦးစန္ဒြမဏိ ဗာဗာဂျီးဆိုပြီးတော့ အသက်(၉၀) (၁၀၀)မှာ ကုသိနာရုံဌာနတွေ ဖော်သွားတယ်။ ကောလိပ်တွေ၊ တက္ကသိုလ်တွေ ထူထောင်သွားတယ်။ ဦးစန္ဒြမဏိ နော်၊ မြတ်စွာဘုရားရှင်၏ ဇာတိဒေသနီပေါမှာ သာသနာဆက် ပျောက်သွားလိုက်တာ ဦးစန္ဒြမဏိပြန်လည်ဖော်ထုတ်တာ ပေါ့ဘုရား။

အဲဒီတော့ ဦးစန္ဒြမဏိ (၁၈၇၅–၁၉၇၂)ဆိုတာ ခုနကပြောတဲ့ အနာဂါရိကဓမ္မပါလကမွေးထုတ်တဲ့ ကိုရင်လေးကနေပြီးဖြစ်လာတဲ့ ကိုရင်လေးပါ။ တပည့်တော်တို့ ဒီသာသနာဟာ ဒီလိုပဲ လက်ဆင့်ကမ်းပြီးတော့ သွားကြရတာပါ။

## သာသနာ့မော်ကွန်းတင်ရမည့်ပုဂ္ဂိုလ်

အဲဒီတော့ အနာဂါရိကဓမ္မပါလအကြောင်း အတိုချုပ်ပဲ လျှောက်ကြပါစို့ဘုရား။

အနာဂါရိကဓမ္မပါလ အသက်၆၀–၇၀ရှိတဲ့အခါ ကောလိပ်တွေ၊ ကျောင်းတွေအကုန်လုံး တည်ထောင်ပေးတယ်ဘုရား။ အဲသလို ဆောင်ရွက်ပြီးတော့ ကျန်းမာရေး၊ စည်းကမ်းတွေကစ လိုလေသေး မရှိအောင် အဲဒီလိုဆောင်ရွက်တာ။ သူ့ရဲ့ဟောပြောမှု စည်းရုံးမှုတွေ တစ်ကမ္ဘာလုံးမှာ မဟာဗောဓိအသင်းကြီး၊ မဟာဗောဓိအသင်းကြီး ဆိုပြီးတော့ တစ်ကမ္ဘာလုံး အင်္ဂလန်အထိ အဲဒီလိုလုပ်တာ။ တပည့် တော်တို့နိုင်ငံမှာလည်း နှစ်သင်းလောက်ရှိတယ်။ အဲလို ဆောင်ရွက်ပြီး တော့ မြတ်စွာဘုရားရှင်ရဲ့ သံဝေဇနီယဌာန၊ အဝိဇဟိတဌာနတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်တယ်။

ဗုဒ္ဓဂယာစေတီတော်ကြီးကိုလည်းပဲ ဗုဒ္ဓဘာသာတွေပိုင်အောင် သူလည်းပဲတရားဖြစ်ပြီးတော့ ဆောင်ရွက်ရတယ်။ တစ်သက်လုံး တရားဖြစ်နေရတာ သူ့လက်ထက်မှာ ဗုဒ္ဓဘာသာတွေလက်ထဲကို ရောက်မလာသေးဘူးဘုရား။

တရားရုံးသွားရ ရှေ့နေတွေနဲ့တိုင်ပင်ရ၊ ငွေကြေးတွေအကုန် လှူရ၊ ပင်ပန်းပြီး နောက်ဆုံး အသက် ၆၀–၇၀ရောက်တဲ့အခါ မှာတော့ သာသနာပြုရတာပင်ပန်းပြီးတော့ မိဂဒါဝုန်မှာ ကျန်းမာရေး မကောင်းတော့ဘူး၊ နှလုံးရောဂါလည်းဖြစ်၊ အဲဒီတော့ကိုရင် ဝတ်လိုက်တယ်။ ဒေဝမိတ္တဆိုတဲ့အမည်နဲ့၊ ဒေဝမိတ္တဓမ္မပါလ ဖြစ်လာတာပေါ့။ အနာဂါရိကဆိုတာ လူသူတော် အိမ်ထောင် မပြုဘူး။ ဗြဟ္မစာရီဘဝ နဲ့နေတာ။ အဲလိုကနေပြီး ကိုရင်ဝတ်တယ်။ နောက် ရဟန်းပြုတယ်။ သေခါနီးတဲ့အခါရောက်တော့ ဆရာဝန်တွေကနေပြီး တစ်ခါတည်း ဆေးတွေတိုက်တယ်။ ဆေးတိုက်ပေမဲ့ ရောဂါကမရွေ့တော့ဘူး။ ဘာလို့လည်းဆိုတော့ သေရမဲ့ရောဂါကဖြစ်လာ တာကိုး။

အဲဒီတော့ ဒီ ငါဆောင်ရွက်ထားတဲ့ ဒီဘဏ္ဍာငွေတွေထဲက နေပြီးတော့ ငါအသက်ရှင်ရာ ရှင်ကြောင်း မင်းတို့လုပြီးတော့၊ ပိုက်ဆံ အကုန်ခံပြီးတော့ ငါ့ဆေးမကုကြပါနဲ့ကွာ။ နောက်ပိုင်းမသောက်တော့ ဘူး၊ အဲဒီဆေးလက်မခံတော့ဘူး။

သူစုဆောင်းထားတဲ့ ကလေးတွေ၊ မိဘမဲ့ကလေးတွေ၊ တက္ကသိုလ်တွေ၊ ကောလိပ်တွေ ဘာညာဖွင့်ထားတာ။ အဲဒီအတွက်

www.burmeseclassic.com

www.burmeseclassic.com



သာ သုံးကြတော့ကွာ။ ငါ့ကျန်းမာရေးအတွက် ဆေးတွေ၊ ပိုက်ဆံတွေ အကုန်ခံပြီး ငါ့လာမတိုက်ကြနဲ့တော့။ မသောက်တော့ဘူး။ ဆေးတွေ ပစ်ပယ်လိုက်တယ်။

အဲဒီတော့ သူကညည်းတယ်။ သေလိုက်ပါတော့လားတဲ့၊ ငါသေချင်ပါပြီနော်။ မြန်မြန်သေလိုက်စမ်းပါ။ သေပြီးတော့ ဟောဒီမြတ်စွာဘုရား တရားဦးဟောတဲ့မိဂဒါဝုန်တောထဲမှာ သူရဲ့ ဂန္ဓကုဋီတိုက်ကြီးဆောက်လှူထားတာရှိတယ်။ မိဘအမွေအနှစ်တွေ အကုန်လုံး ကျောင်းဆောက်တယ်။

"ဟောဒီမိဂဒါဝုန် မြင့်မြတ်တဲ့အဲဒီတောထဲမှာပဲ ငါသေပါရစေ။ မြန်မြန်သေလိုက်ပါတော့၊ ဟောဒီတောထဲ၊ ဟောဒီနေရာမှာပဲ ၂၅ ကြိမ်တိုင်တိုင် ဒီမှာပြန်ဝင်စားပြီးတော့ ဒီမြတ်စွာဘုရားရဲ့ တရားတွေ ဖြန့်ချိရာ ဒီဗဟိုဌာနကြီးမှာ ၂၅ဘဝလုံးလုံး သာသနာပြုရပါလို၏" ဒီလိုဆုတောင်းသတဲ့ဘုရား။ အလွန်အားကျစရာကောင်းတဲ့ပုဂ္ဂိုလ်၊ တပည့်တော်တို့ကဒါတွေ အတုယူရမှာပါဘုရား။ မဟုတ်ဘူးလား ဘုရား။

၂၅ ဘဝလုံးလုံး ဒီမှာလူပြန်ဖြစ်ပြီးတော့ မြတ်စွာဘုရားရဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆည်းပူးမှ ရရှိထုတ်ဖော်နိုင်တဲ့ တရားတော်တွေ ပြန့်ပွားအောင် ၂၅ဘဝလုံးလုံးလုပ်ပါရစေ။

အဲသလို ပြင်းပြသောဆန္ဒနဲ့ အနာဂါရိကဓမ္မပါလအဲဒီမှာပဲ ကွယ်လွန်သွားတယ်။

သာသနာမှာ အင်မတန်မှတ်တမ်းတင်ထိုက်တဲ့ ပုဂ္ဂိုလ်ပါဘုရား။ ၁၆နှစ်သားလေးကစပြီးတော့ သာသနာပြုတာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အဓိတာလျံဘုန်းတော်ကြီး ကမ္ဘာလှည့်

နောက်ဆက်ပြီးတော့ ဘုရားတပည့်တော်လျှောက်ထားချင်တာက ဘုရားတပည့်တော်တို့ အဓိတာလျံဘုန်းတော်ကြီး ဦးလောကနာထ (၁၈၉၆–၁၉၆၆)၊ ဘုရားတပည့်တော်ကလည်း ထူးတာတွေ အင်မတန် စိတ်ဝင်စားတယ်ဘုရား။ ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများရေးတဲ့ ဆရာကြီး ဖြစ်တဲ့အတိုင်း ဒါနနဲ့ထူးရင်လည်း ဘုရားတပည့်တော်ကြိုက်တယ် ဘုရား။ ထင်းခွေ၊ ရေခပ်နဲ့ထူးရင်လည်း တပည့်တော်ကြိုက်တယ်၊ ထူးမှကြိုက်တယ်ဘုရား။

အဲဒီတော့ ထူးတဲ့ပုဂ္ဂိုလ်တွေအကြောင်းဆိုရင်လည်း ဘုရားတပည့်တော်က အသည်းစွဲမှတ်မိတယ်။ အဲဒါအခုတော့ တပည့်တော်သတိကလည်းမေ့ ဒီဟာလေးတွေကလည်း ထိတွေ့မှုနည်းနည်းလေးနည်းနေတော့ ကင်းကွာနေတော့ မလိုလဲ၊ လိုလဲ ဘုရားတပည့်တော်ဆောင်ရွက်ရတာပေါ့ဘုရား။

အဲဒီတော့ ဦးလောကနာထဆိုတာ အဓိတာလျံဘုန်းတော်ကြီးပါ။ အသက်၂၇နှစ်ကတည်းက သူ့ဟာသူ ဓမ္မပဒစာအုပ်ဖတ်ပြီးတော့ ဗုဒ္ဓဘာသာဖြစ်လာတဲ့ပုဂ္ဂိုလ်၊ အရှင်ဘုရားများသိပြီးသားပါ။ မြန်မာနိုင်ငံမှာ အသက်၂၈နှစ်မှာရဟန်းပြုပါတယ်။ မစိုးရိမ်ကျောင်းတိုက်မှာ ဆရာတော်ဦးဉာဏနော်။ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီတွေကို ဘာသာပြန်တဲ့ဆရာတော်ပါ။

အဲဒီမှာ မဇ္ဈိမနိကာယ် အဋ္ဌကထာတွေသင်တယ်။

အဲဒီတော့ သူက၊ သူ့ရဲ့ဆောင်ပုဒ်လေးတစ်ခုရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အသောကမင်းကြီးလိုမွေ့ခြနော်။

**မတံ ဟိ မေ ဆဝလောကဟိတံ၊**

ဆိုတဲ့အသောကဆောင်ပုဒ်လို သူကလည်းဆောင်ပုဒ်လေးတစ်ခုရှိတယ်။ ဘယ်လိုလည်းဆိုတော့ -

The water is pure that flows.

The monk is pure that goes.

အဲသလိုရေးတယ်ဘုရား။ ရေဆိုတာ၊ အင်းတွေအိုင်တွေထဲမှာရှိတဲ့ရေဆိုတာက ငြိမ်ပြီးနေတဲ့အတွက် အမှော်၊ အမှိုက်၊ တိရစ္ဆာန်တို့ရဲ့အညစ်အကြေးတွေကျတော့ အဲဒီတည်ငြိမ်နေတဲ့ရေဟာ မသန့်ရှင်းဘူး။ ရေဟာ အမြဲတမ်းစီးဆင်းနေမှ ever flowing အဲဒီရေမှ သန့်ရှင်းတယ်တဲ့။

The water is pure that flows, the monk is pure that goes.

ရဟန်းဆိုလျှင်လည်းပဲ အဲဒီအမှိုက်သရိုက်တွေ ချေးညှော်တွေကျပြီးတော့ ကိုယ့်ကျောင်းထဲမှာ ခေါင်းမြီးခြုံပြီးတော့ ဖျာရာတံဆိပ်ကျောမှာနှိပ်၊ အဲသလိုနေတဲ့ရဟန်းဟာမသန့်ရှင်းဘူး။ အကျိုးမဖြစ်ထွန်းဘူး။ မိမိအတွက်ရော၊ သူတစ်ပါးအတွက်ရောတဲ့၊ တော်ကြာနေအမှိုက်ကျ လာ၊ မြူမှုန်တွေကျလာ၊ ဟိုအညစ်အကြေး၊ ဒီအညစ်အကြေးတွေ ကျလာ။ အဲဒီတော့ အဲဒီလိုအိပ်မနေပါနဲ့တဲ့။ ပျင်းမနေပါနဲ့တဲ့။

အမြဲတမ်းရုန်းကန်လှုပ်ရှားပြီးတော့၊ မသိသေးတာတွေသိအောင်လုပ်ပါ။ သိတာတွေ နောက်ကို ပြန်ပြီးတော့ မျှခဲ့ပါ။ ရှေ့ကို တိုးရှေ့ပါ။ အားရတင်းတိမ်ခြင်း မရှိပါနဲ့တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း alearn ဖြစ်နေပြီးတော့ တိုးတက်အောင်လေ့လာဆည်းပူးပြီးတော့ နောက်ကပရိသတ်ကိုလည်း မျှဝေပါတဲ့။ အဲဒါမှ ရဟန်းမှာ တိုးတက်ပါတယ်တဲ့။

**The Water is pure that flows.**

**The monk is pure that goes.**

အဲဒီတော့သူဟာ ဒီပုဂ္ဂိုလ်ဟာ ဒီလိုအံ့ဩစရာကောင်းတဲ့ ပုဂ္ဂိုလ်ဘုရား။ နောက် တပည့်တော် အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ၏ ကမ္ဘာလှည့်တရားဆိုပြီးတော့ ဘုရားတပည့်တော် စာအုပ်ရိုက်ပါတယ်။ အရှင်ဘုရားများ ဒီသာသနာပြုတဲ့ ပုဂ္ဂိုလ်များအတွက် အင်မတန်ဆီလျော်ပါတယ်၊ အင်မတန်လည်း စိတ်ဝင်စားစရာကောင်းပါတယ်။

အဲ ဒကာကြီးက ဒီစာအုပ်က နည်းနည်း actual level ဖြစ်နေမလားမသိဘူးနော်။ ဒကာကြီးကလည်း မရောင်းရဘူး၊ အရှင်ဘုရားများကပဲ အားပေးပါနော်။

အဲဒီတော့ ဘုရားတပည့်တော်စက်နဲ့ ဘုရားတပည့်တော်ရိုက်တာ။ ကိုယ့်ဟာကိုယ် စိတ်တိုင်းကျ Decoration ကိုယ့်ဟာကိုယ် ပြင်ဆင်ပြီးတော့ ဘာသာပြန်ပြီးရိုက်တာ။ စက်ကလည်း အကောင်းဆုံး။ အခု တပည့်တော်စက်ကြီးဟာ အခုကိုယ်ပွား သတင်းစာကြေးမုံမှာရိုက်တာ တပည့်တော်စက်ပါဘုရား။ အဲ တပည့်တော်က အဲဒါတွေနဲ့ အကျိုးမပေးဘူး။ တပည့်တော်က အခုလို အရှင်ဘုရားတို့နဲ့ပဲ ပြောရခဆိုရ ဒါပဲ အကျိုးပေးတယ်ဘုရားနော်။

**အဲဒီတော့** အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလှည့်တရားတဲ့နော်။ အဲဒါ ကမ္ဘာကို သုံးပတ်လှည့်ပြီးတော့ တရားတွေဟောတာ။

အဲဒီတော့သူက စာအုပ်ထဲကဘုန်းကြီးလို သူနေမယ်ဆိုပြီးတော့ ရွာထဲသွားတဲ့အခါ ဖိနပ်မစီးဘူး။ ထီးမဆောင်းဘူး။ အမြဲတမ်း ဆွမ်းခံတယ်။ ညအိပ်တော့လည်း မအိပ်ဘူး။ အိပ်တယ်ဆိုတာ မရှိဘူး၊ မတ်တတ်ခြင်ထောင်နဲ့။ အမြဲတမ်း နိသဇ်ဓုတင်ဆောင်တယ်။ သက်သတ်လွတ်ဘုဉ်းပေးတယ်။ ကောသနိဇ်ဓုတင် ဆောင်တယ်။ ဟိမဝန္တာမှာ ၇ နှစ် လုံးလုံး ဝိစီပိတ်တရားကျင့်တယ်၊ တကယ့် အာဇာနည်ဘုရား။ မြန်မာရဟန်းတော် အပါး ၃၀၀ ခေါ်ပြီး တော့ ဟိုးတစ်ကမ္ဘာလုံး သက်န်းရောင်ဖုံးသွားစေမယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ပဲ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က ရွှေတိဂုံမှာ စုရပ်လုပ်၊ အနောက် ရိုးမကြီးဖြတ်ပြီးတော့ ဗောဓိမဏ္ဍိုင်ကိုသွားတယ်။ ရောက်လည်း ရောက်တယ်။

နောက်တစ်ခါ သီဟိုဠ်က ဘုန်းကြီးအပါး ၅၀ လောက်ပင့်ပြီး တော့ အဲဒီမှာဆုံတယ်။ စုရပ်လုပ်တယ်။

တစ်ခါထိုင်းဘုန်းကြီးတွေ အရှေ့ရိုးမကို ဖြတ်ပြီးတော့ ရွှေတိဂုံ မှာ စုရပ်လုပ်တယ်။ အဲဒီကနေ အနောက်ရိုးမ ဖြတ်ပြီးတော့ တစ်ခါ တည်း ဗုဒ္ဓဂယာမှာ စုရပ်လုပ်တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့ အဲဒီလုပ်ဆောင်ချက်တွေဟာ မအောင်မြင်ပဲ ဖြစ်ရတယ်နော်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ ကမ္ဘာ လှည့်ပတ်ပြီးတော့ သုံးကြိမ်တိုင်တိုင် တရားတွေ ဟောတယ်။

တတိယကမ္ဘာစစ်ကြီးမှာလည်း နိုင်ငံအသီးသီးမှာရှိတဲ့ တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်တွေကို မင်းတို့ စစ်ဘီလူးတွေ ဒေါသတွေဖြစ်ပြီးတော့၊ ဒေါသအလိုလိုက်ပြီးတော့ စစ်မဖြစ်ပါနဲ့။ သတ္တဝါတွေ ဆင်းရဲကုန်ကြပြီ ဆိုပြီးတော့ သတ္တိရှိရှိနဲ့ စစ်တမ်းမေတ္တာစာတွေရေးတယ်။ အဲဒီတော့ စာအုပ်ဝယ်ပြီးတော့သာ ဖတ်ပါဘုရား။

နောက်တစ်ခုက ဘုရားတပည့်တော်တို့ အဲဒီတုန်းက အင်္ဂလိပ်ခေတ်ပေါ့။ အဲဒီတော့ တပည့်တော်တို့ အိန္ဒိယနိုင်ငံမှာ နိုင်ငံကြီးမှာ လွန်ခဲ့တဲ့ အနှစ်တစ်ရာက လူဦးရေ ဗုဒ္ဓဘာသာဟာ ၅၀၀၀၀ ပဲ ရှိတယ်ဘုရား။ အခု အနှစ်တစ်ရာရှိလာတဲ့အခါရောက်တော့ နှစ်ဆယ့်နှစ်သန်း၊ နှစ်ကုဋေပေါ့နော်။ ငါးသောင်းကနေပြီးတော့ အနှစ်တစ်ရာအတွင်းမှာ သန်း (၂၀) ကျော်သွားပြီဘုရား။ အဲဒါ ဦးလောကနာထ၊ အနာဂါရိက ဓမ္မပါလ၊ ဒေါက်တာ အမ်ဘေဒကာ အဲဒီပုဂ္ဂိုလ်တွေ ဆောင်ရွက်တဲ့ကျေးဇူး၊ နောက်ပြီး တပည့်တော်တို့ ကိုရင်လေး စန္ဒပေါ့ ဘုရား။ နောက်တော့ စန္ဒြမဏိ ဗာဗာဂျီးဆိုပြီးတော့ ကုလားတွေက အင်မတန်ဦးတိုက်ရတဲ့ အသက်ရာကျော် ဆရာတော်ကြီး ဦးစန္ဒြမဏိ ကုသိနာရုံဆရာတော်ဘုရားကြီး။

အဲဒီအရှင်မြတ်ကြီးများရဲ့ ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ သူတို့ခေတ်၊ သူတို့စနစ်မှာ ဗုဒ္ဓခေတ်မှာ ဗုဒ္ဓဟာ တာဝန်ကျေအောင် မနေမနား ငန်းတိုက်ပြီးတော့ ဆောင်ရွက်တော်မူကြသလို ဘုရား မရှိတဲ့ နောက်မှာလည်း ရဟန္တာအရှင်မြတ်ကြီးတွေက ဒါ ငါ့တာဝန် ပါလားလို့ ဆောင်ရွက်ကြသလို သူ့ခေတ်နဲ့သူ တာဝန်ကျေအောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်တော်မူကြတဲ့ အကြောင်းရင်း တစ်စိတ်တစ်ဒေသပါ ဘုရား။

**ဂုရုကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်သာသနာပြုခရီး**

ဒီ ၂၁ ရာစုရောက်တော့၊ ဒါလည်းပဲတပည့်တော် စာအုပ် ကြော်ငြာဦးမှာနော်။ တပည့်တော်လက်ထဲတောင် မနေ့ကမှ ရောက်လာတာ။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီး ဂုရုကြီး မစ္စတာ ဂိုအင်ကာကြီး အကြောင်းပါ။

မစ္စတာဂိုအင်ကာကြီးအကြောင်းကို တပည့်တော်တို့ ဒီလွန်ခဲ့တဲ့ အေဒီ ၂၀၀၀ ၊ ၈ လ ပိုင်းက ကုလသမဂ္ဂညီလာခံကြီးဆိုတာ ရှိတယ်ဘုရား။ ဘာသာရေးညီလာခံကြီးကျင်းပသွားတာ အရှင်ဘုရား များ သိပြီးဖြစ်မှာပါ။

အဲဒီညီလာခံကြီးမှာ ဘာသာရေး ခေါင်းဆောင်တွေ စုပေါင်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာသူ ကမ္ဘာသားတွေ ငြိမ်းချမ်းအောင် ဆိုပြီးတော့ ဆောင်ရွက်ကြတာ။ အဲဒီတော့ ဒီနိုင်ငံရေး ဒီကုလသမဂ္ဂ State ခုံကြီးက နိုင်ငံရေးလုပ်တဲ့ State ခုံကြီးပဲလို့ ငါတို့ နိုင်ငံရေးနည်း သံတမန်နည်း လက်နက်နဲ့တအားဖိတဲ့နည်း မီးလောင်တိုက်သွင်းတဲ့ နည်း လခရိက္ခာတွေ တွန်းပြီးတော့ ပေးတဲ့နည်းနဲ့ ဒီကမ္ဘာကြီးကို ငြိမ်းအေးအောင်... တို့မလုပ်နိုင်တော့ဘူး။ ဘာသာရေးနဲ့ လုပ်ကောင်း လုပ်နိုင်လိမ့်မယ်ဆိုတဲ့စိတ်နဲ့ ဘာသာရေးဆရာကြီးတွေကို အဲဒီ နိုင်ငံရေး State ခုံမှာ တင်ပြီးတော့ ဟောပြောစေတာဘုရား။ ပြီးတော့ ညီလာခံကြီး လုပ်ပါတယ်၊ အဲဒီညီလာခံကြီးလည်း လုပ်ပြီးရော မကြာဘူးဘုရား၊ ဂန္ဓာရလို့ဆိုတဲ့ အာဖဂန်နစ္စတန်နော်၊ မြောစရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ၊ ၁၇၅ ပေရှိတဲ့ ဆင်းတုတော်ကြီးတွေ ပရိနိဗ္ဗာန်စံတော်မူရတယ်။ အဲဒီညီလာခံကြီးလုပ်ပြီးနောက်နော်။

အဲဒီ ညီလာခံကြီးမှာ မစ္စတာကိုအင်ကာကြီးက တစ်ခါတည်း ၁၀ မိနစ်လောက်ဟောရတဲ့ဟာကို ပရိသတ်ကြီးရဲ့ သြဘာလက်ခုပ်သံကြီးက တီးလိုက်၊ တစ်ခွန်းပြောလိုက်၊ သြဘာလက်ခုပ်တီးလိုက်၊ ဆက်ပြောလို့မရဘူး။ အဲဒါ လက်ခုပ်သံတွေ ကြားထဲကနေပြီးတော့ ပြောတဲ့အခါကျတော့ သဘာပတိ လုပ်တဲ့သူက ကလင်ကလင်ခဏခဏခေါက်တယ်။ ပရိသတ်တွေကိုရော သဘာပတိကိုရော တောင်းပန်ပြီးတော့ သူပြောတဲ့ မိန့်ခွန်းတွေပေါ့ဘုရား။

အဲဒါကိုလည်း ဘုရားတပည့်တော်ရေးထားပါတယ်။ အရင်းအတိုင်း အရှင်ဘုရားများ အင်္ဂလိပ်စာလေ့လာတဲ့ ပုဂ္ဂိုလ်တိုင်းလည်းပဲ မူရင်းအတိုင်းရအောင်ဆိုပြီးတော့ ဘာသာပြန်ပေးထားပါတယ်။

နောက်ပြီးတော့ ဆွမ်ဇာလန် ဒါးဗိုစ်ဆိုတဲ့ တောင်ကုန်းမြို့လေးမှာ ကမ္ဘာ့ထိပ်သီးတွေ ကလင်တန်တို့ ဆိုးရပ်စ်တို့ ဘဲလ်ဂိတ်တို့ တကယ့်ကမ္ဘာပေါ်မှာ ထိပ်သီး ပုဂ္ဂိုလ်ကြီးတွေ ဆုံစည်းတဲ့ပွဲ၊ အဲဒီပွဲမှာလည်း ဆရာကြီး (ဦးဂိုအင်ကာ) က ပြတ်ပြတ်သားသား သူ ရဲရဲရင့်ရင့် ပြောပုံတွေဟာ အင်မတန်အတုယူစရာ ကောင်းပါတယ်နော်။

အဲသလို စီးပွားရေး ညီလာခံကြီးမှာ ဒီလိုဝိပဿနာ ဆရာကြီးကိုပင့်ဖိတ်တယ် ဆိုတာလည်း အလွန်အံ့သြစရာကောင်းပါတယ်။ အဲဒီမှာ ၁၅ မိနစ်ပဲ သူ့ကိုပြောခွင့်ပေးတယ်။ ၂၅ မိနစ် discussion လုပ်မယ်၊ ပထမအဲဒီလို လျာထားတာပေါ့ဘုရား။ နောက်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတွေ့တဲ့အခါကျတော့ မစ္စတာကာလင်တန် သမ္မတကြီးကစပြီးတော့ မေးလိုက်ကြ မြန်းလိုက်ကြနဲ့ တစ်ခါတည်း မိနစ် ၄၀ နဲ့ မလောက်တော့ဘူး၊ တစ်နာရီခွဲ ကြာသွားတယ်၊ အဲဒီမိန့်ခွန်းတွေ ဒီစာအုပ်ထဲမှာ အပြည့်အစုံ ပါပါတယ်ဘုရား။

တပည့်တော် အချိန်ကိုငဲ့သောအားဖြင့် တပည့်တော် မဖတ်တော့ပါဘူး၊ အဲဒီစာအုပ်ကတော့ ဈေးကြီးတယ်ဘုရား။ ကိုးရာကျော် လောက်ရောင်းလိမ့်မယ်ထင်တယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီးပါ။

အဲဒီတော့ သူဟာလည်းပဲ အဲဒီအနာဂါရိက ဓမ္မပါလတို့လို၊ ဦးလောကနာထတို့လို၊ တပည့်တော်တို့သာသနာ (၂၀)၊ (၂၁)ရာစုမှာ အလွန့်ကို သာသနာ့အတွက် ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်ပါ။

ဒါသူ့ရဲ့လုပ်ဆောင်ချက်တွေ။ အရှင်ဘုရားတို့၊ တပည့်တော်တို့ ပိဋကတ်သုံးပုံ ဘယ်လိုပဲဖတ်လို့ ဝယ်လို့ရတော့လည်း မိတ္တူတွေကူးပြီးတော့ ဖတ်နေကြရတာ။ မဟုတ်ဘူးလားဘုရား။

အဲဒါတွေကို သူက စာရွက်စက္ကူအကောင်းစားတွေနဲ့ ပထမ CD Room လုပ်ပေးလိုက်ပြီးပြီ။ ပါဠိတော် အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အဲဒါတွေ ခလုတ်ထိုးနှိပ်လိုက်တာနဲ့ တစ်ခါတည်း လိုချင်တဲ့ words တွေပေါ်လာတယ်၊ ပါဠိတော်တွေဖတ်လို့ရတယ်။

သို့သော် ဒါကွန်ပျူတာရှိမှဖြစ်မှာကိုး။ ကွန်ပျူတာမရှိတဲ့ ပုဂ္ဂိုလ်တွေ လွယ်လွယ် ကူကူ ဖတ်နိုင်အောင်ဆိုပြီးတော့ စက္ကူအကောင်းစားတွေနဲ့ ပိဋကတ် ပါဠိတော် ၄၁ အုပ်။ အုပ်ရေ ၃၀၀၀ တမျိုးကို တစ်အုပ်ကို အုပ်ရေ ၃၀၀၀ပေါ့။ အဲလိုရိုက်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



လှူပါတယ်။ အဲလို ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ပါ။ ဒါနလည်းအင်မတန် အောင်မြင်ပါတယ်။

သာသနာလည်းပဲ သူ့ဆောင်ရွက်တဲ့နေရာမှာ ဒီသာသနာကို ပြောတဲ့နေရာမှာ အင်မတန်လည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ အရှင်ဘုရားတို့ သာသနာပြု ပုဂ္ဂိုလ်များအတွက် တပည့်တော်တို့က သာသနာပြုတဲ့၊ သာသနာပြု အောင်မြင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ philosophy, သူတို့ရဲ့ ဒဿန၊ သူတို့ရဲ့စွန့်စားမှု၊ သူတို့ရဲ့ ချဉ်းကပ်ပုံ၊ သူတို့ရဲ့ လုပ်ဆောင်တဲ့ ဝီရိယ အဲဒါတွေ အရှင်ဘုရားများအားကျ ရအောင် ဆိုပြီးတော့ ရောင်းရသည်ဖြစ်စေ၊ မရောင်းရသည်ဖြစ်စေ၊ အဲဒီ ရည်ရွယ်ချက်နဲ့ ဘုရားတပည့်တော် လုပ်ဆောင်ရခြင်းဖြစ် ပါတယ်။

အဲဒီတော့ မစ္စတာ ဂိုအင်ကာကြီး တပည့်တော် သူ့ကိုလည်းပဲ လဆန်း ၁၁ ရက်၊ ၁၂ ရက်နေ့က တပည့်တော်သွားပြီးတော့ သီတဂူဆရာတော် အရှင်ဉာဏိဿရကျောင်းမှာ သွားတွေ့ပါတယ်။ တွေ့ပြီးတော့ ဒီစာအုပ်လေးလက်ဆောင်ပေးတယ်။ ဒါလဲပဲ တပည့်တော်တို့က ကမ္ဘာကို သာသနာပေါက်ရောက်အောင်၊ လွယ်လွယ်ကူကူနဲ့ လက်ခံချင်လာအောင် သူ့ရဲ့approach ပေါ့နော်။ ချဉ်းကပ်ပုံနော်။ ရွတ်ဆိုသုံးနှုန်းပုံ၊ အဲဒါလေးတွေဟာ အင်မတန် ကျေးဇူးတင်စရာ ကောင်းတဲ့အတွက် တပည့်တော်တို့က ဒါ နွေး ထွေးစွာ ကြိုဆိုတဲ့အနေနဲ့ သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့၊ မွေ့ကိုလည်း ပူဇော်တဲ့အနေနဲ့ တပည့်တော်က ဒါ ခြောက်သိန်းကျော်လောက် ကုန်ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com




တပည့်တော် မချမ်းသာပါဘုရား။ တပည့်တော်တို့လုပ်ရမယ့်တာဝန်ကို ဘုရားတပည့်တော် ကြိုးစားပြီး လုပ်ဆောင်ခြင်းသာဖြစ်ပါတယ်။

အဲဒီတော့ ဘုရားတပည့်တော် နိဂုံးချုပ်ပါမယ်။


ဘယ့်နှယ့်တုန်းဘုရား–။

ဒီ staste ခုံရပြီ။ ဒီ MIC ကိုင်ထားမှတော့ ကိုယ်လွှတ်မှပြီးတော့မှာ မဟုတ်ဘူးလားဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအကျော်
အဂျန္တာလိုဏ်ဂူထဲက သရဏာဂုံသံကြီး

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရင်တွေရဲ့ဆောင်ရွက်ချက်

ရပ်ကွက်တိုင်းမှာ ဓမ္မာရုံရှိရတယ်၊ မန္တလေးနေပြည်တော် ရွှေကြိုးသတ်နယ်မြေအတွင်းမှာ ဥပုသ်သည်ပေါင်း ဥပုသ်ယူသူပေါင်း ၂၄၀၀ ဖွဲ့စည်းပြီးတော့ ကိုယ့်ရပ်ကွက်၊ ကိုယ့်ဓမ္မာရုံကိုယ့်ဟာကိုယ် အသီးသီးတာဝန်ယူပြီးတော့ ဒီရပ်ကွက်ရဲ့ ကျန်းမာရေး ဘာသာရေး လုပ်ငန်းတွေ ဒီလိုဆောင်ရွက်ကြရတာဘုရား။ ရောဂါ တစ်စုံတစ်ရာဖြစ်တယ်ဆိုရင်လည်းပဲ ကိုယ့်ရပ်ကွက်နဲ့ကိုယ် အောက်လင်းဓာတ်မီး တွေထွန်းပြီးတော့ ဒီရပ်ကွက်ထဲမှာလှည့်ပြီး ပရိတ်တွေရွတ်ကြ၊ ဓမ္မစကြာတွေရွတ်ကြ။

သာသနာကို အောက်ခြေအထိ စိမ့်ဝင်သွားအောင် ဒီလိုဆောင်ရွက်တာဘုရား။ ရှင်ဘုရင်တွေရဲ့ တာဝန်က အင်မတန်ကျေတယ်ဘုရား။ ကျေခဲ့ကြတယ်ဘုရား။ အင်မတန် ကျေးဇူးတင်စရာကောင်းတယ်။

တပည့်တော်မန္တလေးရောက်လာတော့ အောက်မေ့တယ်။ အဲဒီဓမ္မာရုံတွေဟာ ဘယ်နှလုံးလောက်များ လျော့သွားပြီလည်း မသိဘူး။ ဘာဖြစ်လို့လဲ၊ လူတွေက အဲဒီရပ်ကွက်ထဲမှာ မရှိကြတော့ဘူးလေ ဘုရား။ ဘယ့်နှယ်တုန်းဘုရား။

အမြော်အမြင်ကြီးကြီးနဲ့ တရားအားထုတ်တာမဟုတ်ဘူး ဘုရား။ မြောင်းထဲသွားကြတာ။ 'ဒီကောင်တော့ မြောင်းထဲရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်’ ဒီလိုပြောကြတယ်။ အဲဒီတော့ ပိုက်ဆံကတော်တော်များများရလိုက်တာကိုး။ အဲဒီတော့ အဲဒီဓမ္မာရုံတွေအတွက် တပည့်တော် စိတ်ထဲမှာ မကောင်းခြင်းဖြစ်ရပါတယ်ဘုရား။

အမြော်အမြင်ကြီးစွာနဲ့ ရပ်ကွက်တိုင်းမှာ အောက်ခြေထိ စိမ့်ဝင်ပျံ့နှံ့သွားအောင် ဒီလိုဆောင်ရွက်ကြတာ။ အဖေက ဒီဓမ္မာရုံ ဂေါပကလုပ်တယ်ဆိုလျှင် သားလုပ်သူက မြောက်ကြွမြောက်ကြွနဲ့ ဆွမ်းတော်ကြီးခံရတာ။ ဘုရားကို အရဏ်တော်ဆွမ်းကပ်ရတာ မမောပန်းဘူးဘုရား။

ဒီလိုအရွယ်လေးတွေကစပြီးတော့ ပုဆိုး ဝတ်ဖြူဝတ်ပြီးတော့ ဒီလိုဆိုင်းထမ်းထမ်းရတာ၊ ဆွမ်းချိုင့်တွေ ကိုင်သွားရတာ ဒါ အင်မတန်ဂုဏ်ယူကြတာပါဘုရား။ အဲဒီ အစဉ်အလာကောင်းတွေ ဘယ်လောက်များ ဆက်လက်ပြီးတော့ တည်ဦးမလဲဆိုတာ ဘုရားတပည့်တော်တို့ စိတ်တထင့်ထင့်နဲ့ အနာဂတ်ကို မျှော်ကြည့်နေရကြောင်းပါဘုရား။

ဒီခေတ်က လူဦးရေ စီးဆင်းမှု အဲဒါတွေဟာ အင်မတန်မြန်ဆန်တဲ့အတွက် အဲဒါတွေကို ပစ္စက္ခသမိုင်းထဲက သတိပြုပြီးတော့ သာသနာ ကြီးပွားတိုးတက်အောင်ဆောင်ရွက်ကြဖို့ပါ။ ကိုယ့်ရပ် ကိုယ့်ဒေသ ရိုးရာသင်ရိုးသင်စဉ် သာမှု၊ နာမှု၊ သုမင်္ဂလာ ဒုမင်္ဂလနှင့် အချိန်မကုန်ကြဘဲနှင့် အဲဒါတွေ ဆောင်ရွက်ကြဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အမရပူရ ဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသ (၁၂၆၁– ၁၃၃၉) ရဲ့ ဘာသာသွေးစာအုပ်ထဲမှာ အရှင်ဘုရားတို့ ဖတ်ပြီးဖြစ်ပါ လိမ့်မယ်။ မြန်မာ ၁၂၂၅ အေဒီ ၁၈၆၃ ခုနှစ်က ပဲခူးမင်းကြီး ဆာအာသာဖယ်ရာ အောက်မြန်မာပြည်ကြီးကို သိမ်းလိုက်တော့ အောက်ပိုင်းကို သူတို့အုပ်ချုပ်ကြတယ်။ နောက်မကြာမကြာ မင်းတုန်းမင်းကြီးဆီ အခစားဝင်တယ်။

အခစားဝင်တယ်ဆိုတာ ကျန်နေတဲ့ အထက်မြန်မာပြည်ပါ သိမ်းချင်လို့ သူကလာပြီးတော့ စနည်းနာတာ။ အကဲခတ်တာ။ အဲဒီတော့ မင်းတုန်းမင်းကြီးက မင်္ဂလာသုတ် ပေတိုလေးပဲပေးလိုက်တယ်။ မင်္ဂလာတရားပဲ ဟောလွှတ်လိုက်တယ်မဟုတ်လားဘုရား။

သာပြောသာစံ၊ အဲဒီနည်းနဲ့ နိုင်ငံတော်ကို အုပ်ချုပ်သွားတာဘုရား။ အဲဒီတော့ သူ့ဆီကိုလာတဲ့ သံတမန်ကို တစ်ခါတည်း သူက ဗုဒ္ဓဘာသာတွေဟောတာ။ "ဖယ်ရာ" က သူက အင်္ဂလိပ် ဆိုပေမယ့် မြန်မာစကားတတ်အောင်လေ့လာထားတာ။ အဲဒါနဲ့ ၃၈ဖြာ မင်္ဂလာတရားတွေ သူပြောပြီးတော့နေတယ်။ အဲဒီတော့ ဖယ်ရာ လာတဲ့အခါကျတော့ မင်းတုန်းမင်းကြီးက

"ဟော့ 'ဖယ်ရာ' ဟောဒီမှာကြည့်စမ်း"

တစ်နေ့မှာ ညီလာခံတစ်ချိန်ပေါ့ဘုရား။

"ဟော့ . . . တို့က တူမီးလက်နက်ကနေပြီးတော့ မောင်းပြန် လက်နက်လုပ်နိုင်ပြီကွ၊ ဒီမှာ လက်နက်"ဆိုပြီးတော့ ခွပ်ခနဲချပြတယ်။ "ဖယ်ရာ"ဆီကို။

www.burmeseclassic.com

www.burmeseclassic.com



တူမီးလက်နက်ဆိုတာ နောက်ကနေ ယမ်းတွေထိုးပြီးတော့၊ တစ်ခါထိုးပြီး ဒိုင်းခနဲဆို ရှေ့ထွက်ချင်ထွက် နောက်ထွက်ချင်ထွက်၊ ဒီလိုမဟုတ်ဘူးလားဘုရား။ မှန်သကောလေ၊ ရှေ့ထွက်ချင်ထွက် နောက်ထွက်ချင်ထွက်၊ အဲဒီ တူမီးလက်နက်ကနေပြီးတော့ မင်းတို့လို မောင်းပြန်လက်နက်တွေ ငါတို့လုပ်နိုင်ပြီကွ။ ဟောဒီမှာကြည့်စမ်း ဆိုပြီးပြတာ။

အဲဒီတော့ 'ဘုရားအကြိုက် တရားလိုက်က လူ့ဌအရေးပျက်တတ်တယ်' - ဆရာထွန်းရှိန် အယ်ဒီတာကြီးခင်ဗျာ၊ စလေဦးပုညရေးတဲ့ ရေသည်ပြဇာတ်မှာလေ၊ ဦးပုညကြီးက မင်းတုန်းမင်းကြီးကို အကောင်းမပြောဘူး၊ ခနဲ့တယ်မဟုတ်လား။

"ဘုရားအကြိုက် တရားလိုက်က လူ့ဌအရေးညံ့တတ်တယ် ပျက်တတ်တယ်"

အဲဒီလို ဘုန်းကြီးတွေနဲ့ ပေါင်းပြီးတော့ အန္တဆိုရင် တစ်မူး၊ ကလျာဏဆိုရင် တစ်မတ်ဆိုပြီး ပုဆိုးရိက္ခာ၊ လခရိက္ခာတွေပေးပြီးတော့ ဥပုသ်သည်ဇရပ်၊ သိမ်တွေ၊ ဗမာရုံတွေ ဘာသာရေး၊ လူမှုရေးကိစ္စတွေအကုန်လုံး ဒါတွေသူဆောင်ရွက်နေတော့၊ သာသနာရေးကြီးပဲ မဲတင်းလုပ်နေတယ်ထင်ပြီးတော့ မင်းတုန်းမင်းကြီးကို တချို့က အမြင်မကြည်ဘူးဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းကြီးနဲ့ ရေမြုပ်ဖုံးဓာတ်လမ်း

ဘုရားအကြိုက်၊ တရားလိုက်က လူ့ဒွအရေးဖျင်းတတ်တယ်၊ ညံ့တတ်တယ်။ လောကီတွေ ပစ်မထားနဲ့ပေါ့လေ။ ဒီလိုတောင်မှ အဲဒီခေတ်က ခန့်ကြတယ်။

နောက်ပိုဆိုးတာက တစ်နေ့ ခုနက တပည့်တော်တို့ ဖယ်ရာကို သေနတ်ပြလိုက်တယ်နော်။ ဒီ မောင်းပြန်သေနတ်ကြီးကို ဝုန်းခနဲကိုချပြလိုက်တာ၊ အဲဒီ တူမီးကနေပြီး မောင်းပြန်လက်နက် လုပ်တာဟာ New York မှာ တစ်နှစ်ပဲရှိသေးတယ်။ New York က တစ်နှစ်စောပြီးလုပ်တယ်။ တပည့်တော်တို့က နောက်နှစ် မောင်းပြန် သေနတ်လုပ်တယ်။

အဲဒီတော့ သာသနာပြုနေတဲ့ ပဉ္စမသံဂါယနာတင်တဲ့ မင်းတရားကြီးက "ဟဲ့" လက်နက်တွေ ဒီလိုလုပ်ရလားလို့ ဥပ်သကာတွေက ပြောစရာမကောင်းဘူးလားဘုရား။ အပြစ်တင်စရာမကောင်းဘူးလားဘုရား။

နိုင်ငံကာကွယ်ရေးအတွက် နိုင်ငံငြိမ်းချမ်းရေးအတွက် စစ်ဆိုတာလည်းပဲ ထိုက်သင့်သလောက် အတိုင်းအတာထိလိုအပ်တယ် မဟုတ်ဘူးလားဘုရား။

အဲဒီတော့ မင်းတုန်းမင်းကြီးက ဒီဟာတွေလည်းပဲ မလစ်ဟင်း ပါဘူး။ စက်ရုံတွေလည်း ၅၀ လောက်အထိ

www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးတည့်ပေးတာ။ နိုင်ငံခြား ပညာတော်သင်တွေလည်းပဲ အကုန်လုံး လွှတ်ထားတယ်။ အမေရိကန်တို့ ပြင်သစ်တို့ ရုရှားတို့နဲ့လည်း အကုန်လုံး မိတ်ဆက် သဝဏ်လွှာတွေ နှစ်ပြည့် တစ်ပြည် ချစ်ကြည်ရေး အဲဒါတွေ လုပ်ထားပြီး ပြီ။ အင်မတန် ခေတ်မီတယ်ဘုရား။

အဲဒါတွေကို မသုံးသပ်မဆင်ခြင်ဘဲနဲ့ မင်းတုန်းမင်းကြီး ကို မိဖုရားတွေ ဘယ်လောက်၊ ဘယ်လောက်နဲ့ဆိုတော့ ဟိုဟာပြု တဲ့ မင်းကြီးဆိုပြီးတော့ ဒီလိုခနဲ့ပြီးရေးတဲ့သူတွေလည်းရှိတယ်။ အဲဒီလို ရေးတဲ့သူတွေ အသက်မရှည်ကြဘူးဘုရား။

ဆရာထွန်းရှိန် . . . ၊ အဲဒီလို မင်းတုန်းမင်းကြီးကို ခနော်ခနဲ့ရေးတဲ့ပုဂ္ဂိုလ်တွေ အသက်သိပ်မရှည်ကြဘူးဘုရား၊ ပိုဆိုး တာက တပည့်တော်တို့ တစ်နေ့ နန်းတော်မှာ သာသနာပိုင်ကြီးကို ဆွမ်းကပ်နေတာပေါ့လေ။ အရှင်ဘုရားများသိတယ်နော်၊ သိပြီနော်။

ဆွမ်းကပ်နေတဲ့အချိန်မှာ ဒိုင်းခနဲဆိုပြီး အောင်ပင်လယ် ကန်ဘက်ကနေ အသံကြီးတစ်သံထွက်လာတယ်။ "ဟယ် - ဒါ ဘာသံကြီးလဲ" ဆိုတော့ မင်းတုန်းမင်းကြီးက ရှောင်လို့မရဘူး ပေါ့။

"ဒါ ဟို အောင်ပင်လယ်ကန်ကနေ ညီတော် ကနောင် မင်းသား ရေမြုပ်ဗုံး စမ်းသပ်ဖောက်ခွဲတဲ့အသံပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးတွေကလည်း သာသာထိုးထိုးလေးလျှောက်တာ ပေါ့ဘုရား။ ကနောင်ကလည်း ဓါးထက်သကိုး။

"အလို ဘုရား ဘုရား ဘုရား၊ ငါးတွေ တိရစ္ဆာန်တွေ တော့ သေကုန်ပါပြီ"လို့ သာသနာပိုင်ကြီးက ပြောတယ်။ အဲသလို အမိန့်ရှိလိုက်လို့ ရေမြှုပ်ဖုံး မလုပ်ရတော့ဘူး။ အဲသလို လက်နက် တွေ မလုပ်ရလို့ ဘုန်းကြီးတွေနဲ့ပဲ အဲဒီရှင်ဘုရင်ကြီးက ပေါင်းပြီး တော့ သာသနာရေး တွေ လုပ်နေတဲ့အတွက် တိုင်းပြည် အောက်တန်းနောက်တန်းကျနေတယ်၊ ဩော် --- ၁၂၄၇-ခု ရောက်တော့ သီပေါရှင်ဘုရင်ကို ကြက်ကလေး၊ ငှက်ကလေး ဖမ်းသွားသလို လွယ်လွယ်လေးယူသွားတယ်။

တို့ခေတ်နောက်ကျလို့၊ လက်နက်မလုပ်ရလို့၊ ဟောဒီ ဘုန်းကြီးတွေကြောင့် . . . ။

ဘာကားလည်းမသိပါဘူး။ အဲဒီ ရုပ်ရှင်ကား၊ တပည့်တော် မကြည့်ဖူးသေးပါဘူး။ (သူ့ကျွန်မခံပြီဇာတ်ကားဟု လှမ်းပြော သည်) မဟုတ်သေးဘူးဘုရား၊ သူ့ကျွန်မခံပြီက နောက်မှပါ၊ သိပြီသိပြီ 'နန်းတွင်းအရေးတော်ပုံ' ဇာတ်ကားကြီး၊ တပည့်တော် ခုထိ မကြည့်ဖူးသေးပါဘူး။ ဒါရိုက်တာ တင်ယုတို့ ဂျပန် သွားရိုက်တာ။ ရေးတဲ့ စာရေးဆရာလည်း တပည့်တော် သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က တပည့်တော်ချေပမယ်လို့လုပ်တဲ့အခါ ဦးပဍ္ဍင်းပေါက်စဘဝက ဆောင်းပါးပါလာတာ မြဝတီထဲမှာ၊ အဲဒီတုန်းက တပည့်တော် ၂၂ နှစ်ပဲ ရှိသေးတယ်။

တပည့်တော် ချေပမယ် မခံနိုင်ဘူး။ ဘာညာလုပ်တော့ ဦးဆန်းထွန်း (ဆန်းထွန်း–မန်းတက္ကသိုလ်) က တပည့်တော်ကို ချွေးသိပ်တယ်။ သူကတပည့်တော်တို့နဲ့ စာရင်တော့ အဲဒီအချိန်က ရောမပုဂ္ဂိုလ်ကြီးပေါ့ဘုရား။ အဲဒီတော့ သူ့ကိုလည်း တပည့်တော်က အားနာ၊ ကိုယ်ကလည်း အချက်အလက်တွေရှာ ဘာညာဆိုတော့ မရေးဖြစ်ခဲ့ဘူး။

အခုတော့ ရေးသားပြီးပြီဘုရား။ တပည့်တော်တို့ ဒီကမ္ဘာအေးကရိုက်တဲ့ 'ပဗ္ဗဇ္ဇမင်္ဂလာ' ဆိုတဲ့ စာအုပ်ထဲမှာ ရှင်ပြုနည်းစာအုပ်ထဲမှာ ဒီအတိုင်းရေးထားပါတယ်။

ဘုရားတပည့်တော် လျှောက်ချင်တာက အဲဒီနန်းတွင်းအရေးတော်ပုံ ရုပ်ရှင်ကို ကြည့်ပြီးလို့ ရုပ်ရှင်ရုံကဆင်းလာတဲ့ ကလေးတွေဟာ တစ်ခါတည်း ဒီဘုန်းကြီးတွေကြောင့်ကွာ တို့သာသနာ၊ နို့မို့ ဒီအင်္ဂလိပ်ကို တို့ကျူပင်ခုတ် ကျူငုတ်မကျန်တိုက်လို့ရတာပေါ့ . . . တဲ့။

တိုင်တားမင်းကြီးက ဘာပေါ့၊ မိဖုရားကတောင်မှ ဖျတ်ဖျတ် လတ်လတ်နဲ့ ဒီလိုလုပ်နေတဲ့အချိန် ဘုန်းကြီးတွေကကွာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးထဲ ဝင်ရှုပ်ရသလား . . . ကလေးတွေရဲ့ခေါင်းထဲမှာ အဲဒီ Philosophy ဝင်သွားတယ်။ သာသနာအတွက် မနစ်နာဘူးလားဘုရား။

ဒီစာပေမျိုးတွေ ဒီရုပ်ရှင်မျိုးတွေ ခွင့်ပြုသင့်ပါသလား ဘုရား။ ဘယ်သူကမှ ပြောတဲ့ပုဂ္ဂိုလ်မရှိဘူး။ ပထမဆုံးပြောတာ တပည့်တော်ပဲဖြစ်မယ်ထင်တယ်နော်။ တပည့်တော် ပြောတာ ကလည်း ဒီနားကွက်ကွက်လေးဆိုတော့ ဘယ်သူမှကြားမှာ မဟုတ်ပါဘူး။

တပည့်တော်တို့ အဲလိုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် တကယ့် သမိုင်းကို စစ်ဆေးကြတဲ့အခါမှာ ၁၂၄၇ အေဒီ ၁၈၈၅ ခုနှစ် နန်းတွင်း ကို သိမ်းတဲ့အခါ ဒီ ကာနယ်ပရင်တာဂတ်ဆိုတဲ့ အင်္ဂလိပ်စစ်ဗိုလ် ကြီးက နန်းတွင်းတိုက်ပွဲသူလုပ်ရတယ်။ လုပ်တဲ့အခါ ရောက်တော့ နန်းတော်တွင်းမှာ ဘယ်အဆောင်က ဘာတွေရတယ်။ ဘယ်ပစ္စည်းတွေ ဘာညာစာရင်းလုပ်။ အသေးစိတ် Diary ပြုလုပ်ထားတဲ့ မှတ်တမ်းရှိတယ်။ မစ္စတာ ပရင်တာဂတ်ရဲ့ ကိုယ်ပိုင်မှတ်တမ်း။

အဲဒီမှာ ကြည့်တဲ့အခါ မစ္စတာ ပရင်တာဂတ်က ဘာရေး ထားသလဲဆိုတော့ ဒီ 'ဆွစ်ဇာလန်နိုင်ငံလုပ် မြင်း ၁၇ ကောင်အား အင်ဂျင်ကြီးနဲ့ လုပ်လက်စ ရေမြုပ်ဗုံးတွေ အလုံးများစွာတွေ့

www.burmeseclassic.com

www.burmeseclassic.com



ရတယ်’ လို့ပါတယ်။ အဲဒီတော့ ခုနက ပြောသလို ရေမြှုပ်ပုံး မလုပ်ရလို့၊ လက်နက်မလုပ်ရလို့ ဆိုတာ ဟုတ်ပါရဲ့လားဘုရား။ လုပ်လက်စ ရေမြှုပ်ပုံးတွေတောင် ဟိုမှာတွေ့တယ်တဲ့။ မစ္စတာ ပရင်တာဂတ်ရဲ့ မှတ်တမ်းထဲမှာ။

နောက် မင်းတုန်းမင်းကြီးကလည်း ဆရာတော်များနဲ့ အမြဲတမ်းနေပြီးတော့ ဟိုတိုင်းရေး၊ ပြည်ရေး စစ်ရေးတွေ မေ့လျော့နေတာမဟုတ်ဘူး။ ‘ဟေ့ ဖယ်ရာ ဟောဒီမှာကြည့်စမ်း ကွ။ ငါတို့က တူမီးသေနတ် ကနေပြီးတော့ မောင်းပြန်သေနတ် လုပ်နိုင်ပြီ’ ဆိုပြီးတော့ ဝင့်ဝါ၊ ကြွားဝါပြီး ဂုဏ်ယူပြီးတော့ သူမလုပ်ရင်ဘယ်ပြောရဲမလဲဘုရား။

အဲဒီတော့ အဲဒီလိုရေးတဲ့အရေးအသားဟာ သာသနာနဲ့ လူထုကြားမှာ ဒါ သပ်လျှိုတာပဲ။ တစ်နည်းအားဖြင့် မိုင်းဗုံးခွဲတာ ပါပဲဘုရား။

## ဘ–က ကျောင်းတွေ ဘယ်ရောက်နေကြ

အဲဒီတော့ အဲဒီအတွေးအမြင်တွေ ရှိသွားတဲ့ လူငယ်တွေ ဟာ တိုင်းပြည်မှာ လူကြီးဖြစ်လာရင် ဘယ့်နှယ်တုန်းဘုရား။ ကောင်းကောင်းဒုက္ခရောက်မှာပါဘုရား။ ဘုရားသာသနာ။

အဲဒါကြောင့် အရှင်ဘုရားတို့က အားလုံးစေ့ငုပြီးတော့ ဒီခေတ်ဟာ အသောကတို့ခေတ်မျိုးလည်းမဟုတ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတို့ခေတ်မျိုးလည်းမဟုတ်တော့ဘူး။ International, Globalization ခေတ်ဖြစ်တဲ့အတွက် ခေတ်နဲ့စနစ်နဲ့ ညီညွတ်အောင် ရေမြင့်၊ ကြာတင့် ငါတို့ ဘယ်မှာ ဘာတွေ ဘယ်လို ဘယ်အချိန် ဘယ်ဟာကို ဘယ်လောက်ဆောင်ရွက်ရမယ် ဆိုတာကို အရှင်ဘုရားတို့ လေ့လေ့လာလာ မလုပ်သင့်ကြပေဘူးလားဘုရား။

၁၂၂၅ (၁၈၆၃) ခုနှစ်က ဒီဆာအာသာဖယ်ရာဆိုတဲ့ ပဲခူး မင်းကြီးက အောက်မြန်မာနိုင်ငံကို သိမ်းပြီးတော့ လေ့လာလိုက်တာ မြန်မာနိုင်ငံ ဘုန်းတော်ကြီးတွေရဲ့ ဩဇာအာဏာကြီးမားပုံ၊ ဘုန်းတော်ကြီးများ သင်ကြားတဲ့ ဘာသာရေး၊ သင်ခန်းစာတွေ၊ ဆုံးမပုံတွေ၊ သင်ကြားတဲ့ဘာသာရပ်တွေဟာ တိုင်းသူပြည်သားတွေ ငြိမ်ဝပ်ပိပြားမှုရှိပြီးတော့ အေးချမ်းကြပုံ၊ ဒါတွေကို တွေ့တဲ့အခါကျတော့ ကျောင်းသစ်၊ ကန်သစ်တွေ အင်္ဂလိပ်စာသင်ကျောင်းတွေ မဆောက်သေးဘူးဘုရား။ ဘုန်းတော်ကြီးကျောင်းတွေပဲ ဆက်လက်ပြီးတော့ ဖွင့်လှစ်မယ်၊ ကျယ်ကျယ်ဝန်းဝန်းနဲ့ နေရာထိုင်ခင်းလည်းပြည့်စုံတယ်။ သင်ကြားတဲ့ သင်ခန်းစာတွေကလည်း အင်မတန်မှ ကနေ့လူတွေအတွက် ယဉ်ကျေးချောင်မှုရှိစေတယ်။ ဘုန်းကြီးများရဲ့ ဩဇာလည်း ကြီးမားတယ်ဆိုပြီးတော့ လူကျောင်းတွေကို မဖွင့်ရဘူး။ ဘုန်းတော်ကြီး တွေဆီမှာပဲ ရေးအစဉ်အလာအတိုင်း

www.burmeseclassic.com



သင်တန်းတက်ကြ၊ ကျောင်းတက်ရတယ်။ အဲသလို အမိန့် ထုတ်လိုက်တော့ ဒီကျောင်းတွေ မပေါ်သေးဘူး။

မြန်မာ ၁၂၃၀ ပြည့်နှစ်ထိ လူကျောင်းမရှိသေးဘူး။ အင်္ဂလိပ်အစိုးရမင်းကြီးက အဲသလို အစီရင်ခံစာရေးတယ်။ လမ်းညွှန်မှု ပေးလိုက်တယ်၊ ပထမဆုံး ဒီအစိုးရအသိအမှတ်ပြု ကျောင်းပေါင်း ဘယ်လောက်ထိအောင် ရှိခဲ့သလဲဆိုတော့ ၂၀၀၀ ကျော် ၇၀၀၀ လောက်ထိ ဘုန်းတော်ကြီးကျောင်းတွေ ပေါ်လာခဲ့တယ်။

ဒါပေမယ့် ဘုန်းတော်ကြီးတွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှု ဟာ အားနည်းတဲ့အတွက် နှစ်ပေါင်း လေးငါးဆယ်လောက် ၁၂၅၈ ခုနှစ်ရောက်တဲ့အခါမှာတော့ ဘုန်းတော်ကြီးကျောင်းပေါင်း အထက်အောက် ၆၈၇၃ လောက်ရှိသွားတယ်။ အထက်ဗမာပြည် သက်သက်ဆိုရင် ကျောင်းပေါင်း ၂၈၄၈ ကျောင်းရှိသွားပြီ။ အဲဒါ ၁၂၅၈ ခုနှစ်က ဘုရား။

၁၂၇၈ ခုနှစ်ရောက်လာတဲ့အခါမှာတော့ အဲဒီ ကျောင်းပေါင်း ၆၈၀၀၊ ၇၀၀၀ နီးပါးဟာ ၃၀၀၀ လောက်ပဲ ကျန်တော့တယ်။ ဟာ . . . တိုင်းပြည်ရဲ့ ပညာရေးကို ဘုန်းကြီးတွေရဲ့ လက်ထဲဝကွက်အပ် ထားလို့တော့ မဟာန်ဘူးဟေ့ ဆိုပြီးတော့နော်၊ ဒီလို ခေါင်းထဲဝင်သွားပုံ ပေါ်တယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရဲ့ ပညာရေးဟာ အင်မတန် အရေးကြီးတယ်၊ ဘုန်းကြီးတွေရဲ့လက်ထဲတင် တို့ထည့်ထားလို့တော့မဖြစ်ဘူး။ အလားအလာ မကောင်းဘူးဆိုပြီးတော့ စာသင်ကျောင်းတွေ ဖွင့်ပေးရတယ်ဘုရား။

၁၂၃၁ ခုနှစ်လောက်ကနေစပြီးတော့ ကျောင်းတွေဖွင့်တယ်၊ အဲလိုဖွင့်တဲ့အခါရောက်တော့ ဘုန်းကြီးကျောင်းကပဲ များတုန်းပါပဲ။ အဲဒီ ၁၂၇၈ ခုနှစ်မှာ အိမ်ကျောင်းဆိုတဲ့ ခုစာသင်ကျောင်းတွေ ၃၆၇၀ ထိ ဖြစ်လာခဲ့တယ်။ ဘုန်းကြီးတွေ အားကိုးလို့ မဖြစ်တော့ဘူး။ လူကျောင်းတွေ ဖွင့်မှဖြစ်မယ် ဆိုပြီးတော့ ၁၂၇၈ ခုနှစ်မှာ လူစာသင်ကျောင်းပေါင်း ၃၆၇၀ အထိ ဖွင့်လှစ်ပေးရပါတယ်။

အဲဒီတော့ ဘုန်းကြီးကျောင်းက အိမ်ကျောင်းထက် နည်းနည်းလေးပဲပိုတယ်။ ဒါပေမယ့် ကျောင်းသားအရေအတွက်ကတော့ လူကျောင်းက နှစ်သိန်းခွဲလောက်ရှိတယ်။ ဘုန်းကြီးကျောင်းက တစ်သိန်းကျော်လေးပဲကျန်တော့တယ်။

နောက် အဲဒီ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အင်္ဂလိပ်အစိုးရလက်ထက်မှာ အစိုးရအသိအမှတ်ပြုကျောင်းပေါင်း ၆၈၅၃ ကျောင်းရှိရာကနေပြီးတော့ ကြာလေ ကြာလေ ဘုန်းကြီးကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ပျောက်ကွယ်သွားတာဖြစ်တဲ့အတွက် ဘ/ကကျောင်း ဘာသာဆိုပြီး တော့ အခုပြန်ပြီးတော့ ဖွင့်ပြန်တယ်။

ရှေ့ကပြောတဲ့ သူကအဝေးကြီး ရောက်သွားပြီ။ သစ်ပင်အောက်မှာ အိပ်မောကျသလိုပေါ့။ ဥပမာ– ယုန်နဲ့လိပ်အပြေးပြိုင်သလိုပေါ့။ အိပ်မောကျပြီးတော့ ဟာ–အဝေးကြီး ရောက်သွားပြီ။ ငါလိုက်ဦးမှပဲဆိုပြီးတော့ ထပြေးတာ အခု ဘ/က ကျောင်းပေါင်း ဘယ်လောက်ရှိမလဲဆိုတာတော့ ဘုရားတပည့်တော် မလျှောက်တတ်ပါဘုရား။

## ပြုပြင်ဖို့လိုပြီ

ဒါကြောင့် ဆရာတော် ရှင်ဇနကာဘိဝံသက –

အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော . .

တဲ့။

အဲဒီ ဘုန်းတော်ကြီးကျောင်းသင်ပညာသင်စနစ်တွေ မြန်မာ အစိုးရတောင်မဟုတ်ဘူး။ အင်္ဂလိပ်အစိုးရတောင်မှ ဘုန်းကြီးတွေရဲ့ လက်ထဲပညာရေး ဝကွက်ပြီးတော့ အပ်နှံထားခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ်လုပ်ရမဲ့အလုပ်ကို ပီပြင်အောင် မဆောင်ရွက်နိုင်တဲ့အတွက် စင်ပြိုင်ကျောင်းတွေ ထောင်ပေးတယ်၊ ရှိတဲ့ကျောင်းတွေလည်း လုံးပါးပါးပြီးတော့ ဘုန်းတော်ကြီးတွေက အလုပ်မလုပ်ကြ တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဘုန်းကြီးက ကိုရင်ကြီးကို စာသင်နိုင်းတယ်။ ပရိတ်ကြီးရောက်နေတဲ့ ကိုရင်ကြီးက သူ့အောက်ငယ်တဲ့သူကို ကကြီး၊ ခခွေးသင်ခိုင်းတယ်။ ဒီလို မဟုတ်ဘူးလားဘုရား။ အဲဒီကလေးတွေရဲ့ ခေါင်းရင်းမှာ သူက ဆွမ်းစားပြီးတော့ ခေါင်းမြီးခြုံအိပ်တယ်။

အဲဒီတော့ ဘောဒေဝပုတ္တ–– အိုနတ်သား အော်ဆို–– တော်နေ ကြိမ်လုံးနဲ့တဖုန်းဖုန်းရိုက်ပြန်ပြီ။ ဘုန်းကြီးအိပ်ပျော်သွားတော့ တပည့်တော်တို့ အသံတိုးသွားတယ်။

ကျောင်းထိုင်ဘုန်းကြီးလုပ်ရတာ လွယ်တော့မလွယ်ဘူး ဘုရား။ အရှင်ဘုရားတို့တာဝန်တွေ အလွန်ကြီးပါတယ်၊ တပည့်တော်တို့ ငယ်ငယ်က ကြားဖူးတယ်။ ကျောင်းထိုင်ဘုန်းကြီး တာဝန် 'မင်း' လွယ်တာမှတ်လို့တဲ့၊ ဆရာတော်တစ်ပါးက ပြောတယ်။ ပြောစမ်းပါအုံးဆိုတော့ ဆရာတော်ကပြောတယ်၊ ဟော့ – ကျောင်းထိုင်ဘုန်းကြီးလုပ်ရတာ လွယ်တာမဟုတ်ဘူးကွ။ စာကြိုးစားသင်လို့ရတုန်းသင်ကြ။ ကျောင်း ထိုင်ဘုန်းကြီးလုပ်သွားရင် လူတွေအိမ်ထောင်ကျသလို ဘုန်းကြီးကျောင်း ကျောင်း ထောင်ကျတာပဲ၊ ကျောင်းထောင်ကျတယ်ဆိုတာ လွယ်တာ မဟုတ်ဘူး၊ အိပ်နေရုံနဲ့ ပြီးတာမဟုတ်ဘူးလို့၊ တပည့်တော် တစ်ဆင့်စာချတော့ မစိုးရိမ်တိုက်မှာ ဒါလေးပြောတာပေါ့ဘုရား။

အဲဒါ ရှေးကဘုန်းကြီးတစ်ပါးကြားဖူးသေးတယ်၊ အုန်းပင် ရှည့်ခြောက်ပါလား။ ဟော့ ထမင်းခြောက်ဖျာသွားမွှေစမ်းကွာ၊

www.burmeseclassic.com

www.burmeseclassic.com



ထမင်းပိုတာ ဆွမ်းပိုတာလေးတွေ ထမင်းခြောက်လှမ်းရတာကိုးဗျ။ တစ်မူးရရ၊ တစ်ပဲရရ။ "အုန်းပင်ရှည့်ခြောက်၊ ထမင်းခြောက် ဖျာမွေ၊ ဟော့ကောင်– သားရေ ဟိုနားတိုး၊ တိုင်ကို ဝါးနှောင့်နဲ့ မထိုးနဲ့၊ ဟတ်ချိုး–ဘွတ် ဟော့ကောင်လေး ထွေးခံယူခဲ့စမ်း"၊ ဟုတ်လားဘုရား။

အဲဒီတော့ အရှင်ဘုရားများ အလုပ်တွေများတာလည်း ဟုတ်ပါတယ်။ အဲဒီလို တပည့်တော်တို့ တာဝန်တွေ ခေတ်အဆက်ဆက်လျော့ပါးလာခဲ့ကြတဲ့အတွက် နိုင်ငံတော် ပညာရေး တပည့်တော်တို့လက်ထဲမှာ မရှိတော့ဘူး။

ပညာရေးမရှိသလို စီးပွားရေးလည်း မရှိတော့ဘူး။ တပည့် တော်တို့ရဲ့ အာဏာပါဝါလည်း မရှိတော့ဘူး။ အဲဒါတွေ ကိုယ်က အခြောက်တိုက် ဘဝင်မြင့်ပြီဆိုတော့ ဘုန်းကြီးဆိုတော့ ဘာဖြစ်ဖြစ် ဟို တရားသူကြီးက လူမြင်ရင် တရားခံကြီးပဲ အောက်မေ့သလိုပေါ့။ အဲသလို တပည့်တော်တို့ ဆက်ဆံ တတ်တာလေးတွေရှိလာတဲ့အခါမှာ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်နဲ့ တပည့်တော်တို့နဲ့ အံဝင်ခွင်ကျ မဖြစ်မှာ တပည့်တော် စိုးရိမ်တယ်ဘုရား။

ဒီပညာရေးတွေနဲ့ အရှင်ဘုရားတို့ ဒီနိုင်ငံတော်အစိုးရ ခုလို စေတနာ၊ သဒ္ဓါတရားပါပါနဲ့ ဆောင်ရွက်တဲ့ ဥပဒ္ဒာက အဖွဲ့တွေ ကထိက နာယကအဖွဲ့တွေ ကြိုးစားပမ်းစားနဲ့ ခေတ်ကိုသိပြီးတော့ ဒီလိုအားကြိုး မာန်တက် သင်ကြားပေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ အရှင်ဘုရားတို့လည်း စည်းကမ်း လိုက်နာသင်ယူပြီးတော့ ကိုယ့်ရပ်ကိုယ့်ရွာရောက်တဲ့အခါမှာ မြတ်စွာဘုရားရဲ့ ပခုံး ပြောင်းခြင်းခံယူရတာပါလား။ ရှင်မဟာကဿပအစရှိသော ရဟန္တာအရှင်မြတ်ကြီးများရဲ့ ပခုံးပြောင်းခြင်းခံယူရတာ ပါလားဆိုတာ သဘောပေါက်ကြဖို့ပါဘုရား။

အသောကမင်းကြီး၊ မင်းတုန်းမင်းတရားကြီးတို့ရဲ့ သာသနာပြု စိတ်ဓါတ်၊ သာသနာပြုတာဝန်တွေကို ငါ့ပခုံးပေါ်ကို ပြောင်းပေးလိုက် ကြပါလားဆိုတဲ့အသိနဲ့ အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက် ကြဖို့ဖြစ်ပါတယ်။

အဲဒီ မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းများရဲ့ ကျောင်းပိုင် ကျောင်းထိုင်ဆရာတော်ကြီးများနဲ့ အခြားဘာသာ (အခုဆိုရင် ပိုဆိုးပြီ ဘုရားနော်)၊ တခြားဘာသာစာသင်ကျောင်းတွေ အဲဒါတွေက ရိပ်ရိပ်နဲ့ တက်သွားလိုက်တာ ဘုန်းကြီးတွေက တဖြည်းဖြည်းနဲ့၊ ဘုတ်ပင် နောက်ဆုတ်နဲ့ ဆွမ်းလောင်းတဲ့သူ ရှိတဲ့နောက် သူက လိုက်ရမှာလေ။ မြို့ပြအလယ်ခေါင်မှာ အဲဒီကျောင်းမှာ သီတင်းသုံးလို့မရတော့ဘူး၊ အဲဒီဇရပ်၊ အဲဒီဓမ္မာရုံနဲ့ အတူ ရွှေ့ထဲကိုပြောင်းရတော့မယ်။

အခုကျောင်းတွေ ဘယ်ရောက်သွားတုံး။ မင်းတုန်းမင်းကြီး များ လက်ထက်က မန္တလေးနေပြည်တော် ခေါင်းရင်းမှာ မောင်းထောင်ကျောင်း၊ မတ္တရာကျောင်း ဘာကျောင်း၊ ညာကျောင်း တောက်လျှောက် မဟုတ်လားဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ခု အဲဒီမဟုတ်ပြန်တော့ဘူး၊ ဒီရှင်ဘုရင်လည်းမရှိတော့ဘူး။ ဒါ ဟို Centre မဟုတ်တော့ဘူးဘုရား၊ ဟိုမစိုးရိမ်တို့ဘာတို့ အနောက်ထဲရောက်သွားပြီမဟုတ်လား။ ခင်မကာန်တို့ဘာတို့လေ။

အခု အဲဒီမဟုတ်ပြန်တော့ဘူး၊ ဘယ်ရောက်သွားတုံး၊ အရှင်ဘုရားတို့ကလည်း ရေကြည်ရာ၊ မြက်နုရာ၊ ဆွမ်းလောင်းမယ့်လူရှိရာ လိုက်ကြရပြန်ရော။ ဒီလိုမဟုတ်လားဘုရား၊

## အမြွန်းကြားဖို့အရေးကြီး

ဩော်–ခေတ်တွေ ပြောင်းပြီနော်၊ နောက် အရှင်ဘုရားတို့မြန်မာနိုင်ငံမှာ ခေတ်သစ် ဗုဒ္ဓဘာသာမှာ နှစ်ဂိုဏ်းပဲရှိတယ်၊ ထေရဝါဒရယ်၊ မဟာယာနရယ် နှစ်မျိုးပဲရှိတယ်။

မဟာယာနဆိုတာ ပြောမယ့်သာပြောတာ၊ စာအုပ်ထဲသာ ဖတ်ဖူးတာ၊ ဘယ်လိုဟာ မဟာယာနခေါ်မှန်းမသိဘူး။ နောက် အရှင်ဘုရားတို့ရဲ့ ကျောင်းသားတွေ မဟာယာနကျောင်းတွေမှာ ကောင်းကောင်း စာသင်ကြတော့မှာဘုရား၊ လာတော့မယ်၊ ဒါကြောင့် ဒီကနေ့ တံခါးကို လာဖွင့်ခါက်နေပြီ၊ မဟာယာနဆိုတာ ဘာလဲဆိုတာ တပည့်တော်တို့ တူတွေ၊ သားတွေ၊ သမီးတွေသိကြတော့မယ်။ အဲဒီလို အပြိုင်အပြိုင်ပေါ့ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှခေတ်က နိုင်ငံခြား သာသနာပြု နိုင်ငံခြားဘာသာ ကျောင်း၊ လူစာသင်ကျောင်းတွေနဲ့ တပည့်တော်တို့ ပြိုင်ပြီးတော့ ပြေးကြတာ၊ တပည့်တော်တို့က သစ်ပင်အောက်မှာ အိပ်ပြီးတော့ ဟာ-လိပ်က တဖြည်းဖြည်းနဲ့သွားလိုက်တာ အဝေးကြီးရောက် သွားပါလားဆိုတော့မှ ထပြေးလိုက်တာ မဟုတ်လားဘုရား။ ခု (ဘ,က)၊ (ဘ,က) ဆိုပြီးတော့ ဘယ်လောက်ထိအောင် ဘယ်နှမိုင်လောက်ထိအောင် မီသွားပြီလည်းတော့ မသိတော့ဘူး။

အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ ကောက်ချက်ဆွဲပါတယ်။ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ စာသားလေးနဲ့ နိဂုံးချုပ်ပါတော့မယ်ဘုရား။

အပ္ပမတ္တော ပမတ္တေသု ၊ သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃဿော၊ ဟိတွာ ယာတိ သုမေဓသော။
(ဓမ္မပဒ၊ ၄၊ ၁၊ ၁၆၇)

အပ္ပမတ္တော = မမေ့မလျော့သော ခေတ်ကိုသိတဲ့ အခြေအနေကို သိတဲ့၊ ကမ္ဘာ့အခြေအနေကို သိတဲ့၊ ကမ္ဘာ့အခြေအနေကို မမေ့မလျော့ အမြဲတမ်း လေ့လာဆည်းပူးနေတဲ့သူတွေအတွက်၊

ဗဟုဇာဂရော = နိုးကြားထကြွတဲ့ လူမျိုးတွေ၊ အဲဒီပုဂ္ဂိုလ်တွေ၊ အဲဒီသာသနာဝင်တွေ အဲဒီလူတွေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ပမတ္တေသု = မေ့မေ့လျော့လျော့နဲ့ နေကြတဲ့ ပုဂ္ဂိုလ်တွေ၊

နိုးကြားထကြွပြီးတော့ ခေတ်ကိုသိတဲ့ ပုဂ္ဂိုလ်တွေ နိုးနိုးကြားကြား ထထကြွကြွနဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး ၊ စီးပွားရေးကျရင် လူမှုရေးလည်းကျတာပဲ။ နိုင်ငံရေးလည်း ကျတာပဲ။ ပညာရေးကျရင် ကျန်တဲ့ဟာတွေလည်း အကုန်ကျတာပဲ။

အဲဒီလို ခေတ်ကိုသိတဲ့

အပ္ပမတ္တော = မမေ့မလျော့ ခေတ်ကိုသိတဲ့ပုဂ္ဂိုလ်ဟာ၊

ဗဟုဇာဂရော = ပြင်းစွာပြိုင်ဆိုင်ရတော့မှာ၊ တစ်ခုနဲ့တစ်ခု ပြိုင်ဆိုင် ရတော့မှာ၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ပြိုင်ဆိုင်ရတော့မှာ၊ အိပ်နေလို့ မရဘူး။

ဗဟုဇာဂရော = နိုးကြားမှု၊ ထကြွမှုရှိတဲ့ ပုဂ္ဂိုလ်က၊

ပမတ္တော = မေ့မေ့လျော့လျော့နဲ့ နေကြတဲ့ပုဂ္ဂိုလ်တို့သည်၊

သုတ္တေသု = အိပ်မောကြီးကျပြီး နေကြကုန်စဉ်၊

သုမေဓသော = အဲဒီ ကမ္ဘာ့အမြင်ရှိတဲ့ ပုဂ္ဂိုလ်က၊ လူမျိုးရေး အမြင်ရှိတဲ့ ပုဂ္ဂိုလ်က၊ ဘာသာ သာသနာ စီးပွားအမြင်ရှိတဲ့ပုဂ္ဂိုလ်က၊

ပမတ္တေ = မေ့လျော့သောအဲဒီပုဂ္ဂိုလ်တို့ကို၊

www.burmeseclassic.com

www.burmeseclassic.com



သုတ္တေ = အိပ်မောကြီးကျနေတဲ့လူပျင်းတွေကို၊

ဟိတွာ = နောက်မှာ ပစ်ထားခဲ့ပြီးတော့၊

ယာတိ = ရှေ့ကနေရာယူပြီးတော့ ဦးဦးဖျားဖျားတွေ ခံစားပြီးတော့ ရှေ့က တသွား တည်းသွားနေ တော့၏။

အိပ်ရင် မီပါဦးမလားဘုရား၊ နည်းနည်းလေး နောက်ကျရင် နည်းနည်းလေး မမီတော့ဘူး၊ Media ခေတ်ဘုရား၊ ဒီလိုမဟုတ်ဘူးလား။

ယာတိ = ရှေ့ကစီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံစွာနဲ့ ရှေ့က အောင်မြင်စွာ ချီတက်သွားလေတော့၏။

လူပျင်းတွေ၊ စည်းလုံးမှုမရှိတဲ့သူတွေ၊ ညီညွတ်မှုမရှိတဲ့ သူတွေ

ပမတ္တေ = မေ့လျော့ပြီး ခေတ်ကိုမသိတဲ့သူတွေ၊

အဇာဂရ = မနိုးကြား၊ မတက်ကြွတဲ့သူတွေ၊

ဟိတွာ = နောက်မှာချန်ပစ်ထားခဲ့ပြီးတော့၊

ယာတိ = ရှေ့က ကျော်တက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိမိဝ = ဘယ်လိုတုန်းဆိုတော့၊

အဇလာသံ = ထော့နဲ့ ထော့နဲ့နဲ့သွား၍နေတဲ့ မြင်းအိုကြီးကို၊

သီဃသော = လျင်မြန်ဖြတ်လတ်တဲ့ မြင်းပျိုမြင်းလွင်သည်၊

ယာတိ = ရှေ့ကဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ တစ်ခါတည်း နောက်ကလူကို ချန်ပစ်ခဲ့ပြီးတော့တ သွားတည်း သွား၍ အောင်ပွဲကြီးခံလေတော့သတည်း။

ဒါပါပဲဘုရား။

အဲဒီတော့ တပည့်တော်တို့ သာသနာ၊ တပည့်တော်တို့ လူမျိုး၊ တပည့်တော်တို့ ပညာဆက်လက်ပြီးတော့ ထိုက်ထိုက်တန်တန်ရပ်တည်နိုင်ဖို့ဟာ ဒကာကြီးလက်ထဲ နှစ်ကာလများများ မကျန်တော့ဘူးဘုရား။

အရှင်ဘုရားတို့ လက်ထဲမှာပဲ အများဆုံးရှိပါတယ်၊ အရှင်ဘုရားတို့စွမ်းဆောင်နိုင်ရင် စွမ်းဆောင်နိုင်သလောက် ဒီသာသနာ၊ ဒီတိုင်းပြည်၊ ဒီလူမျိုးရဲ့ ဘာသာရေး စီးပွားရေး လူမှုရေးတွေတိုးတက် ပြီးသကာလ၊ မြတ်စွာဘုရား သာသနာဟာ နေဝါလဝန်း ထွန်းလင်းသလို တစ်နေ့တခြား ကြီးပွားတိုးတက်အောင်ဆောင်ရွက်ဖို့ အချိန်ရောက်လာပါပြီဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မမပုတ္တရာစ = ငါ့သားတော် သမီးတော်တို့သည်လည်းကောင်း၊


ပမုတ္တရာစ = မြေးတော်အစဉ်၊ မြစ်တော်အညွန့် အဝွန့်ရှည်စွာသော ကာလပတ်လုံး တည်ရှိကြမယ့် သားစဉ်မြေးဆက်တို့သည်လည်းကောင်း၊

ဣဒံ = ငါ အသောကမင်းကြီးလုပ်ဆောင်ခဲ့တဲ့ သာသနာပြု လုပ်ငန်းကို၊

အဋ္ဌေန ပရက္ကမေန = ကြီးမားပြင်းထန်သောလုံ့လဖြင့်၊

ပရက္ကမန္တု = ကြိုးစားအားထုတ်ရစ်ကြပါကုန်လော။

(သာဓု...။ သာဓု...။ သာဓု...)



www.burmeseclassic.com

www.burmeseclassic.com



# ရှေးဦးအမှာ

မုံရွာဆုတောင်းပြည့်မြတ်စွာဘုရားကြီး၊ ပိဋကတ်စာကြည့်တိုက် တတိယနှစ်ပတ်လည်အကြို အထိမ်းအမှတ်စာပေဟောပြောပွဲတွင် ရှေးဦးစွာ ရန်ကုန်သံယာ့တက္ကသိုလ် ဦးဉာဏသီရိ (ဓမ္မာစရိယ)၊ ရန်ကုန်မြို့ မိဂဒါဝုန်ရိပ်သာ ဆရာတော် ဦးပညာသီဟက ဝိပဿနာတရားအားထုတ်မှု အတွေ့အကြုံများ ရှင်းလင်းဟောကြားပါသည်။

ထို့နောက် ရန်ကုန်မြို့ ယောဂီ ဦးလှရွှေ၊ ရေကြည်အသုတ်မြို့ ယောဂီ ဒေါ်ကျော့၊ မော်ကျွန်းမြို့ ယောဂီ ဒေါ်လှပို၊ မန္တလေးယောဂီ ဒေါ်မြမြဝင်း၊ ယောဂီ ဦးဆွေ (B.Sc) တို့ကလည်း မောင်းထောင် -မြေဇင်းတောရ တရားအားထုတ်မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပါသည်။

အားလုံးပြီးမှ ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်က ဟောပြောခြင်းဖြစ်ပါသည်။ ဟောပြောရာတွင် အထက်ဖော်ပြပါ ယောဂီများ၏ အတွေ့အကြုံကို အခြေခံပြီး ဟောပြောသွားရာ ဓမ္မမိတ်ဆွေများ ဖတ်ရှု၍ နားမရှင်းဖြစ်နေမည်စိုးပါ၍ ကြိုတင်အသိပေးရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ပိဋကတ်စာကြည့်တိုက် တတိယနှစ်ပတ်လည်အကြို အထိမ်းအမှတ်အဖြစ် ဓမ္မစာပေ ဟောပြောပွဲဖြစ်ပါတယ်။

ကြွရောက်လာကြတဲ့ ဆရာတော်-သံဃာတော်များနှင့် ဓမ္မမိတ်ဆွေများ တူ-တူမများ မြေးများအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့စွာဖြင့် ခန္ဓာဝန်ကို ဆောင်နိုင်ကြပါစေ။

**မိထွေးတော်ဂေါတမီကန့်တော့ခန်း**

မဓုရာနိ ပဟဋ္ဌာနိ၊
ဒေါသဂ္ဃါနိ ဟိတာနိစ။
ယေ တေ ဝါကျာနိ သုယျန္တိ၊
တေပိ ဉာ နရုတ္တမ။ အပါဒါန်-၃၊ ၂၁၉

www.burmeseclassic.com



မြတ်စွာဘုရားရှင်ရဲ့ မိထွေးတော် ဂေါတမီထေရီမကြီး ပရိနိဗ္ဗာန်ပြုခါနီး မြတ်စွာဘုရားရှင်ထံမှောက် လာရောက်ပြီးတော့ ပရိနိဗ္ဗာန်စံဝင်ခွင့် တောင်းတဲ့အခါမှာ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးဂုဏ်တွေ၊ တရားတော်ရဲ့ ကျေးဇူးဂုဏ်တွေ ပရိနိဗ္ဗာန်မပြုခင်မှာ လျှောက်ထားသွားတဲ့ ဂါထာလေးပါ။

အင်မတန် မှတ်သားစရာကောင်းပါတယ်။

မဓုရာနိ ပဟဋ္ဌာနိ၊

ဒေါသဃ္ဃါနိ ဟိတာနိစ။

ယေ တေ ဝါကျာနိ သုယျန္တိ၊

တေပိ ပညာ နရုတ္တမ။

နရုတ္တမ = လူတို့၏အမြတ် နတ်တို့၏ဆရာ ဗြဟ္မာတို့၏ သခင်ဖြစ်တော်မူသော သားတော်ကြီးဘုရား . . . ။

တေ = အရှင်ဘုရား သားတော်ကြီး၏။

ဝါကျာနိ = ဟောကြားမြွက်ဖော် တရားတော်တို့သည်။

မဓုရာနိ = ဆိုမိန့်သာယာ ချိုမြိန်ကောင်းမြတ်လှပါပေကုန်တော့သည်ဘုရား . . . ။

ပဟဋ္ဌာနိ = ကြား-နာရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်အားတက်စေနိုင်သော တရာတော်များ ဖြစ်ပါပေကုန်သည်ဘုရား . . . ။

ဒေါသဃ္ဃါနိ = ကိလေသာဆိပ်အတောက်ကိုလည်း ကင်းပျောက်စေနိုင်သော တရားတော်များ ဖြစ်ပါပေကုန်သည်ဘုရား . . . ။

www.burmeseclassic.com

www.burmeseclassic.com



ဟိတာနိစ = လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို လည်း တိုးပွားစေတတ်သော တရားတော်များ ဖြစ်ပါပေကုန်သည်ဘုရား . . .။

(တရားတော်ရဲ့ ကျေးဇူးဂုဏ်တွေကို သူလျှောက်တာနော်။)

ယေ = နတ်နှင့် လူဝယ် ဘယ်သူမဆို အကြင်ပုဂ္ဂိုလ်တို့ သည်။

တေ = အရှင်ဘုရားသားတော်ကြီး၏။

ဝါကျာနိ = ဟောကြားမြွက်ဖော် တရားတော်တို့ကို။

သုယျန္တိ = ကြားနာခွင့်ရ ကြားနာကြရပါကုန်၏။

တေ = ရှင်တော်ဘုရား ဟောကြားမြွက်ဖော် တရားတော် တို့ကို ကြားနာခွင့်ရ ကြားနာကြရသော ပုဂ္ဂိုလ် အားလုံးသည်။

ပညာ = ရှေးကုသိုလ်ထက်သန်၍ အလွန့်ကိုမှ ဘုန်းကံ ကြီးမားသော ပုဂ္ဂိုလ်တို့ မည်ပါကုန်သည် မြတ်စွာ ဘုရား . . .။

(သာဓု၊ သာဓု၊ သာဓု။)

## ကုသိုလ်ကံပွင့်ဉာဏ်စဉ်မြင့်

အဲသလိုပဲ ဟောရကောင်းမလား စဉ်းစားပြီးတော့ ဂါထာ လေးရွတ်ကြည့်တာပါ။

မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေကို နာကြားရတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ နာလို့မဝနိုင်အောင် အင်မတန် နားကြောဆိမ့်အောင်၊ ပီတိစိမ့်အောင် အင်မတန်ဆိမ့်တဲ့ ဓမ္မရသတွေဖြစ်ပါတယ်တဲ့ . . . လျှောက်လိုရင်းကနော်။

ပဟဋ္ဌာနိ ။ ကြားနာရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေရုံမျှမက အားလည်းတက်စေတဲ့ တရားတော်များ ဖြစ်ပါပေသည်ဘုရား . . .။

ဒီတရားတွေကို ကြားရ-နာရတဲ့အခါကျတော့ ဒါနလုပ်ရမှာ ရွံ့နေတဲ့ပုဂ္ဂိုလ်တွေကဒါနလုပ်ရမှာ ရဲရဲတင်းတင်လုပ်လာကြတယ်။ သီလစောင့်ရမှာ ဆုတ်ဆိုင်းဆိုင်းဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေက ရဲရဲတင်းတင်း စောင့်လိုလာကြတယ်။ ရဲရဲတင်းတင်း စောင့်နိုင်လာကြတယ်။ ဘာဝနာ အားထုတ်ရမှာ ကြောက်တဲ့ ပုဂ္ဂိုလ်တွေက လွယ်လွယ်နဲ့၊ ပေါ့ပေါ့ပါးပါးနဲ့ ဘာဝနာတရားတွေ အားထုတ်လာနိုင်ကြတယ်။ ဒါကို လျှောက်လိုရင်းပဲ။

ဘင်ဉာဏ်လောက် ရောက်သွားတယ်ဆိုရင်၊ အာဒီနဝဉာဏ်လောက် ရောက်သွားတယ်ဆိုရင် စာမတတ်တဲ့ပုဂ္ဂိုလ်များကတော့ အသိဉာဏ်တွေ၊ ခံစားမှုတွေ၊ ခံနိုင်ရည်တွေ တိုးတက်လာတာပဲသိတယ်။

ကျွန်တော်တို့ကတော့ စာပေတွေလည်း သိထားတာဆိုတော့ အဲဒီဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်လောက် ရောက်သွားတယ် ဆိုရင်ပဲ အင်မတန်ကို တန်ဖိုးကြီးလှပြီ။ မြတ်စွာဗုဒ္ဓ ဇာလသုတ်မှာ ဟောတော်မူထားတဲ့ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ အယူဝါဒများတွေအားလုံးဟာ အကုန်လုံး အမြစ်ပါနုတ်ပြီးတော့ ပြုတ်ပြုတ်ပြုန်း ဒိဋ္ဌိဝါဒတွေ အကုန်ပြိုလဲသွားတာပဲ။

အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာနော် . . .။

**ကိုယ့်ယူနီဖောင်းကိုယ်လေးစား**

ခုနင်ကပြောသွားတဲ့ ရန်ကုန်မိဂဒါဝုန်ရိပ်သာက ဦးပဥ္စင်းကြီး ဦးပညာသီဟ၊ မယ်တော်ကြီးက ဒေါ်မြမြဝင်းတို့ဘာသာမျိုး။

ဝိပဿနာတွေပြောသွားတဲ့ ဆရာမကြီးဒေါ်မြမြဝင်းကလည်း တခြားဘာသာဝင်ပါ။

သူတို့ ဒီတရားတွေရှုမှတ်လိုက်တဲ့အခါကျတော့ ပိုပြီးတော့ သဒ္ဓါတရားတွေ ခိုင်မာလာတယ်။ အမြင်မှန်တွေ ဖြစ်ပေါ်လာတယ်။ အယူဝါဒ ရေးရာဟာ ပြတ်သားလာတယ်။ ရှင်းလင်းလာတယ်။ တစ်ယောက်ဆိုတစ်ယောက် အဲဒီလိုပုဂ္ဂိုလ်မျိုးများ တရားအားထုတ်ဖြစ်ပါစေလို့ဆိုပြီး အထူးစောင့်ရှောက်ပြီးတော့ ရန်ကုန်ကနေခေါ်လာရတာပါ။

စောစောက အစီရင်ခံခဲ့တဲ့အတိုင်း ဘုတလင်မြို့နယ်၊ မောင်းထောင်မြေဇင်းတောရမှာ ဆရာတော်ဘုရားကြီး ကန္တီနည်းနဲ့ ပြသတဲ့တရားပါ။

ဒီကန္တီနည်းဟာ မြန်မာနိုင်ငံမှာ ပြသတဲ့ပုဂ္ဂိုလ်မရှိသလောက်ရှားပါးသွားတဲ့အတွက် ရန်ကုန်က အသိဉာဏ် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်များက အပြည့်ပြည့်ဆိုင်ရာ သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်း

www.burmeseclassic.com

www.burmeseclassic.com



(သူတော်ကောင်းတရားတွေ နေလို-လလို ထွန်းကားအောင် ဖော်ဆောင်တဲ့အဖွဲ့) ဆိုပြီး ဖွဲ့တော့ ကျွန်တော့်ကို ဥက္ကဋ္ဌရာထူးတင်ပါတယ်။

ဒီနည်းကို ကျွန်တော့် နောင်တော်ကြီးပြုသနေတာ နှစ်ပေါင်း ၃၀ ကျော်ရှိပါပြီ။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်အားမထုတ်ဖြစ်ပါဘူး။

ကျွန်တော်ကလည်း အသက်-၇၀ထိ နိုင်ငံတော်အစိုးရက တစ်ခုပြီးတစ်ခု ရာထူးတွေပေးလိုက်တာ တစ်ခုပြီးတစ်ခုဆိုတော့၊ နဖားကြိုးဖြုတ်တာနဲ့ တစ်ပြိုင်နက် ဥက္ကဋ္ဌလည်းဖြစ်။ ငါဘာမှမသိဘဲနဲ့ ဥက္ကဋ္ဌဖြစ်လို့တော့ မတော်ဘူးဆိုပြီးတော့ မနှစ်က နွေရာသီမှာ ကြိုးကြိုးစားစားအားထုတ်ခဲ့တာပါ။ ဒီတော့မှ ကန္ဓီနည်းရဲ့ သဘောကို တော်တော်လေး နားလည်သဘောပေါက်လာတာပါ။

## အမောလည်းပြေ ဝမ်းသာအားဖြေစ်

အဲဒီတော့ လူပေါင်း ၄၀ကျော်အားလုံး အရွယ်ကောင်းတွေချည်းပဲရွေးပြီးတော့ သင်တန်းပေးခဲ့တာ အလွန်အောင်မြင်ပါတယ်။

အဲဒီသင်တန်းမှာ မလိုက်ရတဲ့ပုဂ္ဂိုလ်များက အညာကိုပို့ပေးပါဆိုလို့ ရဟန်းယောဂီ၊ လူယောဂီ၊ ၂၂-ဦး ဝါတွင်းကာလပတ်လုံး ရက်ပေါင်း ၉၀ တရားစခန်းဝင်ကြတာပါ။ သီတင်းကျွတ်တာနဲ့ တစ်ပြိုင်နက် ရက်ပေါင်း ၉၀ တရားစခန်းလည်းပြီးလို့

www.burmeseclassic.com

www.burmeseclassic.com



ဌာနေကို ပြန်ကြတာဖြစ်ပါတယ်။

အဲဒီက ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး ဦးဘို၊ အခမ်းအနားမှူး ဦးမြင့်စတဲ့ ဓမ္မမိတ်ဆွေများ၊ မြို့ရဲ့ သာသနာရေးတာဝန်တွေ၊ ဘာသာရေး စာပေတာဝန်တွေ၊ သုတစာပေတာဝန်တွေကို ကျေကျေပွန်ပွန်နဲ့ မမောတမ်းလှုပ်ရှား ဆောင်ရွက်နေကြတဲ့ သာသနာ့အကျိုးဆောင်တွေရဲ့ရွက်ဆောင်မှုကြောင့် ပိဋကတ်စာကြည့်တိုက် တတိယနှစ်ပတ်လည် အကြို ဓမ္မစာပေဟောပြောပွဲ အောင်မြင်ခဲ့တာပါ။

အင်မတန်လည်း ကျေးဇူးများပါတယ်။

အဲသလို ဓမ္မစာပေဟောပြောပွဲ အစဉ်အလာတွေကို မနှစ်ကလည်း ဟောပြောခဲ့ဖူးပါတယ်။ ရာသီဥတုက အင်မတန်အေးတော့၊ ကျွန်တော် မြန်မာနိုင်ငံတစ်ဝန်းတစ်လျှားမှာ လှည့်ပတ်ပြီး ဟောတဲ့တရားပွဲတွေထဲမှာ မိုးရွာမှာဟောရတဲ့ တရားပွဲဟာ အားမရဆုံးပါပဲ။ ပရိသတ်များကတော့ သိမှာမဟုတ်ပါဘူး။

အဲဒီတော့ အခုလည်းပဲ ပထမ ညောင်ကန်မှာ ဟောပါတယ်။ (အဖိတ်နေ့)က။ လပြည့်နေ့က မောင်းထောင်မှာ ဟောပါတယ်။ လပြည့်ကျော်တစ်ရက်နေ့ ဘုတလင်မှာ ကျွန်တော်တို့ ဟောခဲ့ပါတယ်။ လပြည့်ကျော်နှစ်ရက်နေ့ ဒီမုံရွာ ဆုတောင်းပြည့် ရင်ပြင်ဓမ္မာရုံကြီးမှာ လာရောက်ပြီးတော့ ဟောပြောရတာပါ။

အဲဒီတော့ မြို့ခံဓမ္မမိတ်ဆွေများ ခုလိုစုစုစည်းစည်းနဲ့ အားပေးနာယူကြတာ တွေ့ရတော့ အင်မတန်မှ အမောပြေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်လည်း ဝမ်းသာပါတယ်။ သာသနာအတွက်လည်း အင်မတန် အားတက်မိပါတယ်။

## နိမိတ်နဲ့လှမ်းဖူးရတဲ့ ကုသိုလ်

ယောဂီတွေကို ပြန်ပို့ရင်းနဲ့ ပထမ ရွာမွန်ဆရာတော် ဘုရားကြီးဆီကို လိုက်ပို့ပါတယ်။

ပို့တဲ့အခါကျတော့ ပို့တဲ့လမ်းတစ်လျှောက်မှာ မမျှော်လင့်ဘဲနဲ့ လှည်းပေါ် ကနေပြီးတော့ ဘုရားတွေဖူးသွားရတယ်။မောင်းထောင်ရွာရဲ့ တောင်ဘက်အဝင်မှာ ရွှေသိမ်တော်ဘုရား၊ ဘုရားသုံးဆူ၊ ဘုရားငါးဆူ၊ လေတင်ဘုရား၊ မောင်းထောင် သာသနာပိုင်ကြီးတည်ထားတဲ့ မြကွမ်းတောင်ဘုရား။

ဒီဘုရားတွေနားက လှည်းဖြတ်သွားရတဲ့အခါကျတော့ ယောဂီတွေက ဝမ်းသာအားရပြောကြတယ်။

"ဟော့ . . . တို့ကျောင်းဝင်းထဲ တရားအားထုတ်တုန်းက တရားနိမိတ်နဲ့လှမ်းပြီးတော့ ဓမ္မစက္ခုနဲ့ဖူးရတဲ့ ရွှေသိမ်တော်ဘုရားဟာ ဒီအတိုင်းပဲတော့ . . .။ သာသနာပိုင်ကြီးတည်တဲ့ မြကွမ်းတောင်ဘုရားကလည်း ဒီအတိုင်းပါပဲလား . . ." ဆိုပြီး ဝမ်းသာအားရဖြစ်ကြတယ်။

မမျှော်လင့်ဘဲနဲ့ ဘုတလင်မှာ တရားပွဲပြီးတဲ့ညက တရားပွဲကျင်းပကြတော့လည်း အင်မတန် ကျေးဇူးများကြပါတယ်။ ဦးထွန်းရီတို့၊ ဒေါ်အုန်းတို့ စသည်ဖြင့်ပေါ့လေ။ အဲဒီက ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတွေ ကြိုးကြိုးစားစား လုပ်ကြပါတယ်။ ဓမ္မမိတ်ဆွေတွေကလည်း အများကြီးပါပဲ။

အဲဒီဘုရားရောက်တော့လည်း မမျှော်လင့်ဘဲ သတိလေးတစ်ခု ဉာဏ်ထဲမှာပေါ်လာတာက အဲဒီမောင်းထောင်က ဘုရားတွေဖူးပြီးရင် သူကတဖြည်းဖြည်း စတက်ဘိုင်စတက် နီးရာကနေပြီး တဖြည်းဖြည်းဝေးရာရောက်အောင် နိမိတ်ကိုလွှတ်တာ၊ သမာဓိအားကောင်းအောင် ထူထောင်တဲ့နည်းပါပဲ။ အကျဉ်းဆုံးပြောတာပါ။

မောင်းထောင်ဘုရားတွေဖူးပြီးရင် ဘုတလင်က ရန်အောင်မြင်ဘုရားကိုဖူးကြ၊ ရန်အောင်မြင်ဘုရားဆိုတာ ဟောဒီဘက်မှာရှိတယ်။ ယောဂီက အဲဒီဘက်ကို မျက်နှာလှည့်ပြီးတော့ မေတ္တာရပ်ခံ၊ ခွင့်တောင်း၊ ဘုရားစောင့်တဲ့နတ်တွေ၊ စေတီရင်ပြင်စောင့်တဲ့နတ်တွေ မြို့စောင့်နတ်တွေ . . .

အဲသလို ပို့လိုက်တဲ့ အခါကျတော့ ရန်အောင်မြင် ဘုရားဖူးကြရတာပေါ့လေ။

အဲဒီလို ဖူးရတဲ့ အခါကျတော့ နေဝင်ရိုးရီမှာ ရန်အောင်မြင်ဘုရားကို ရောက်တဲ့အခါကျတော့ 'ငါတို့အာရုံထဲက ဖူးရတဲ့အတိုင်း နိမိတ်ထဲမှာ ဖူးရတဲ့အတိုင်း ပါပဲလား. . .'၊ မြန်မာနိုင်ငံတစ်ဝန်းတစ်လျားမှာ ဒီမှာအငယ်ဆုံးဖြစ်တဲ့ ယောဂီမလေးက မန္တလေးတက္ကသိုလ်က ညွှန်ကြားရေးမှူးချုပ်ရဲ့ သမီးလေး . . .၊ သူလည်း ဘွဲ့ရပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ရန်အောင်မြင်ဘုရားရဲ့ တံတိုင်းပေါ်မှာ ၁၀ပေ၊ ၁၅ပေ လောက် စေတီလေးတွေပေါက် (တည်)ထားတယ်။ အဲဒီ ကလေးမလေးက သူ့စိတ်ထဲနိမိတ်ထဲမှာ အာရုံပြုဖူးလိုက်တဲ့အခါကျတော့ တံတိုင်းပေါ်မှာ စေတီတွေတည်ထားဆိုတာ သူမယုံဘူး။ တံတိုင်းပေါ်မှာ စေတီတွေတည်ထားတဲ့ ရန်အောင်မြင်ဘုရား . . . ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ငါ့နိမိတ်မှားနေတယ်နဲ့တူတယ်။ ငါ့အမြင်မှားနေတယ်နဲ့တူတယ်ဆိုပြီးတော့ သံသယဖြစ်လို့ ပြန်ဖျက်လိုက်တယ်။

နောက်မှ သူက ဒီစေတီရှေ့လည်းရောက်ရောတံတိုင်းပေါ်မှာ စေတီလေးတွေတည်ထားတာ တွေ့တော့မှ၊ မြန်မာနိုင်ငံမှာ တံတိုင်းပေါ်မှာ စေတီတည်ထားတာ ဒီတစ်ဆူထဲတောင်ရှိသလားမသိပါဘူး။

ဒီတော့မှ တစ်ယောက်က ပြောတယ်။

"ဟော့ . . . ငါကြည့်တုန်းက သဘော်ပင်မှာ သဘော်သီးတွေ အဲဒီလောက်မကဘူး။ အခု ဘာမှ သိပ်မရှိတော့ဘူး" တဲ့။ အင်မတန်ဆန်းကြယ်တဲ့ တရားတွေပါ။

အဲဒါတွေကို သူတို့က ပြန်ပြောပြနေကြတာပါ။

စကားကလည်း မပြောတတ်၊ ပရိသတ်ထဲပြောရတော့ကြောက်၊ အဆင်ပြေအောင် မပြောနိုင်ကြတာကိုတော့ ပရိသတ်များ သည်းခံခွင့်လွှတ်ကြပါ။

အဲသလိုနိမိတ်တွေနဲ့ လွှတ်ပြီးဖူးကြတဲ့ မြန်မာနိုင်ငံ တန်ခိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးဘုရားတွေအားလုံး၊ သည့်ထက်နိမိတ်အားကောင်းလာပြီ ဆိုရင် တစ်မိုင်က ဆယ်မိုင်၊ ဆယ်မိုင်က မိုင် ၁၀၀၊ မိုင် ၂၀၀ ဒီလို တိုး . . . တိုးပြီးတော့ ဆရာတော်ဘုရားကြီးက အဖူးခိုင်း ပါတယ်။

ဒီဖူးတဲ့နေရာမှာ စေတီလုံးကိုသာမက စေတီလုံးပတ်အထဲ ဌာပနာထဲကိုပါ နှိုက်ပြီးတော့ ဖူးလို့ကြည့်လို့ ရပါတယ်။ ကြည်ညို လို့ရပါတယ်။

သရေခေတ္တရာက ဘောဘောကြီးတို့ . . ဘုရားမာ. . . တို့ ဘယ်လိုဌာပနာထားတယ်ဆိုတာတွေ၊ ဒါတွေ အကုန်ဖူးလို့ ရပါတယ်။

ဒါတင်မကသေးဘူး။ အိန္ဒိယမှာရှိတဲ့ သံဝေဇနိယဌာန ဘုရားတွေ . . . သီဟိုဠ် (သီရိလင်္ကာ) ကျွန်းက ဘုရားတွေ . . . အကုန်လုံးဖူးလို့ရပါတယ်။

အဲဒီနောက် ဟိုတာဝတိံသာ နတ်ပြည်မှာရှိတဲ့ စူဠာမဏိ စေတီ၊ ရောင်တော်စေတီပေါ့နော်။ အလောင်းတော်မြတ်ရဲ့ ဆံတော်ကို နတ်သားတွေက ကြာကလပ်နဲ့ခံယူပြီး ဌာပနာထား တဲ့စေတီ။

နောက်မှလာတဲ့ပရိသတ်များက ဆက်မိမှာမဟုတ်ဘူး။ သူတို့ပြောသွားတာ ဘာတွေပြောသွားပါလိမ့်. . . လို့ အောက် မေ့မိကြပါလိမ့်မယ်။

ပြောပြန်တော့လည်း သူတို့က ကြောက်ကြောက်ရွံ့ရွံ့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောကြရတာဆိုတော့ တချို့ဟာတွေ မစေ့ဘူး။

ရောင်တော်စေတီ စူဠာမဏိစေတီ၊ သီတင်းကျွတ်လို့ မီးထွန်းကြတဲ့ မီးပုံးပျံလွှတ်ကြ၊ မီးတွေနဲ့ ပူဇော်ကြတယ်ဆိုတာ ဒီစူဠာမဏိစေတီတော်ကြီးကို ပူဇော်ကြတာပါပဲ။

တစ်နည်းအားဖြင့် မြတ်စွာဘုရားရှင် တာဝတိံသာမှာ အဘိဓမ္မာ ၇-ကျမ်း ဝါတွင်းသုံးလပတ်လုံး ဟောပြီး လူ့ပြည်ပြန်ကြွတဲ့ဘုရားရှင်ကို ပူဇော်ကြတာပါပဲ။

ဒီနေ့ဒီရက်တွေမှာ ဒီတရားပွဲကို ဒီမှာဖြစ်မြောက်အောင်ဆောင်ရွက်ပြီးတော့ ဒီလိုဒီအကြောင်းတွေ ဟောကြားရတာလည်း အင်မတန်မှ တိုက်ဆိုင်မှုတစ်ခုဖြစ်ပါတယ်။ ဝမ်းသာစရာလည်း ကောင်းပါတယ်။

## နတ်သိကြားတွေဆီးကြို

ဒီကနိမိတ်လွှတ်လိုက်တဲ့အခါကျတော့ ဟယ်လီကော်ပတာတို့၊ ရော့ကက် (ဒုံးပျံ)တို့ လွှတ်တင်လိုက်တဲ့အခါမှာ မီးခိုးတန်းကြီးကျန်ခဲ့သလို ၊ဒီနှာသီဖျားက ထွက်သွားတဲ့ အဖြူအလင်းရောင်တန်းကြီးဟာ ဟိုတာဝတိံသာက စူဠာမဏိစေတီကို ရောက်သွားတာပါပဲ။ ရောက်သွားတဲ့အခါကျတော့ သိကြားမင်းက ဆီးပြီးကြိုတယ်။ မိဖုရားလေးယောက်နဲ့ ဆီးပြီးကြိုတယ်။ လာမယ်ဆိုလို့ကြိုနေတာပါတဲ့ . . .။

မယုံကြည်နိုင်လောက်အောင်ကို ဆန်းကြယ်တဲ့ တရား

www.burmeseclassic.com

www.burmeseclassic.com



တွေ . . .။ လာမယ်ဆိုလို့ ဆိုတာက လှမ်းပြီးမေတ္တာပို့တယ်။ ကြိုးမဲ့ ကြေးနန်းလိုပေါ့။ မေတ္တာထက် ကောင်းတာမရှိဘူး။ ဖူးခွင့်ပေးပါ ခွင့်တောင်းလိုက်တယ်။ အဲဒီလိုသိနေတော့ ကြိုဆိုကြတာပေါ့။

ဒီအလင်းတန်းကြီးရဲ့ ညာဘက်က နတ်သားတွေချည်း တန်းစီပြီး လက်အုပ်ချီပြီးတော့ ကြိုနေကြတာ။ တစ်ဖက်က နတ်သမီးတွေချည်းပဲ တန်းစီပြီး လက်အုပ်ချီ ကြိုဆိုနေကြတာ။ နတ်သားကသီးခြား၊ နတ်သမီးကသီးခြား၊ ဒါလည်း မှတ်ထားနော်။

သိကြားမင်းကိုယ်တိုင် ဆံတော်နဲ့စွယ်တော်ဌာပနာထားတဲ့ နေရာကို လိုက်လံပြီးတော့ ပြသကြတယ်။ ဒါတွေဟာ မယုံကြည် လောက်အောင်ကို ဆန်းကြယ်တဲ့ အရာတွေပါ။

## မြဟ္မာ့ပြည်ရောက်

အဲဒါကြောင့် ဆရာတော်ဘုရားကြီးက ယောဂီတွေပြနေတာ နှစ်ပေါင်း ၃၀ ရှိပါပြီ။ ဘယ်သူမှ မပြောရဘူး၊ မယုံကြည်တဲ့ သူတွေ အကုသိုလ်ဖြစ်လိမ့်မယ် . . . ဆိုပြီး ပိတ်ထားတယ်။

မနှစ်က နွေက ကျွန်တော့်လဲပြလိုက်ရော - ဒီတရားကို ကျွန်တော်လည်း ဝင်အားထုတ်လိုက်ရော၊ ကျွန်တော်တင်မကဘူး၊ ခေတ်ပညာတတ်ပုဂ္ဂိုလ်တွေရောဆိုတော့ တစ်ခါတည်းပဲ ရုတ် ရုတ်ရုတ်ရုတ်နဲ့ ပြောကြဆိုကြ တီးတိုးတီးတိုးပြောကြ၊ ပြောပြီးငိမ်း သာအားရဖြစ်ကြရ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလက်နဲ့ကိုင်ပြီး ပြလို့ရတဲ့ တရားတွေဘာပြုလို့ ဖုံးကွယ်ဝှက်ထားရမှာတုံး၊ နိုင်ငံခြားသားတွေ၊ လက်တွေ့မှ ယုံမယ်ဆိုတဲ့သူတွေအတွက် အင်မတန်မှ ထိုက်တန်တဲ့တရားတွေပါလား။ ဒီလိုဖြစ်လာကြပါတယ်။ ဝမ်းသာစရာပါ။ တစ်သက်နဲ့ တစ်ကိုယ်သာသနာတော်မြတ်ရဲ့ ဘုန်းကံတွေကြောင့်ဖူးမြော်ခွင့်ရကြတာပါ။

ပြဟ္မာ့ပြည်ရောက်တော့လည်း ဒီအတိုင်းပါပဲ၊ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၊ လိုက်လံပြီးတော့ပြသကြတယ်။

နတ်ပြည်ဆိုတာ မန္တာတုစတြာမင်းတို့ နေမိမင်းတို့အစရှိတဲ့ လူသားတွေရောက်တာ ဗုဒ္ဓစာပေထဲမှာတစ်ယောက်၊ နှစ်ယောက်လောက်ပဲရှိပါတယ်။ ဒီလိုအစုလိုက် အပြုံလိုက်သွားပြီးတော့ဘုရားဖူးကြ ပြန်လာကြ၊ နောက်တစ်သုတ်က တက်သွားကြဆိုတော့ ကျွန်တော်က စဉ်းစားမိတယ်။

တာဝတိံသာတို့၊ ဟို . . . မပြောကောင်းပြောကောင်းပေါ့လေ - အကနိဋ္ဌပြဟ္မာ့ဘုံဟာ ဒီစကြဝဠာမှာ အမြင့်ဆုံးဘုံ၊ ဒုဿစေတီအမည်ရတဲ့ ဘုရားကြီးကလည်း ဒီ့မြင့်ဆုံးဘုရားကြီး။

အဲဒီမှာရှိတဲ့ ပြဟ္မာတွေ နတ်တွေရဲ့ မီဒီယာတွေကတော့တော်တော့်ကို လှုပ်ရှားသွားမှာပဲ။

ဟာ. . . လာလိုက်ကြတာ ခုနင်ကတစ်သုတ်၊ ခုတစ်သုတ်၊ ဘယ်ကလည်းကြည့်လိုက်တော့ မောင်းထောင်မြေဇင်းတောရကလို့ပြောတယ်။

တချို့ယောဂီတွေကျတော့ သိကြားမင်းကိုတောင် ရန်လုပ်သွားတဲ့သူတွေ ရှိသေးတယ်တဲ့။ အဲဒီလိုကြားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကိုယ်တိုင်ကြုံရ

ဒါတွေဟာ ဖုံးကွယ်ထားသင့်သော အရာတွေမဟုတ်ဘူး ဆိုပြီးတော့၊ အားလုံးသဘောကျပြီးတော့ ဆရာတော်ဘုရားက ခွင့်ပြုပါတယ်နော်။ ဟောပြောခွင့် ခုမှပြုတာပါ။

အဲဒီတော့ မြတ်စွာဘုရားရှင်သည်ပင်လျှင် သက်သေပြစရာ မရှိက (တရားကို) မဟောကြားသေးပါဘူး။ ထိန်းသိမ်းထား တာပါ။

ဟိုဂိဇ္ဈကုဋ်တောင်မှာ ရှင်မဟာမောဂ္ဂလာန်နဲ့ ရှင်လက္ခဏတို့ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွတဲ့အခါမှာ တောင်စောင်းမှာ မြင်ရတဲ့ အရာဝတ္ထုကြီးတစ်ခုကို အကြောင်းပြုပြီးတော့ ပြုံးတယ်။

ရှင်လက္ခဏက - "အရှင်မောဂ္ဂလာန် ဘာကြောင့် ပြုံးတော်မူတာလဲ" လို့ မေးလိုက်တယ်။

"ငါ့ရှင် မြတ်စွာဘုရားရှင်ရဲ့ ရှေ့တော်မှောက်ရောက်မှ ငါ့ရှင် မေးတာ ဖြေပါရစေ. . ." ဆိုပြီး အဲဒီလိုနဲ့ မဖြေဘူး။

အဲဒါနဲ့ မြို့ထဲလှည့်ပတ်ဆွမ်းခံ၊ ဆွမ်းခံပြီး မြတ်စွာဘုရား ရှေ့မှောက်ရောက်၊ သတိရလို့ တစ်ခါထပ်မေး -

မေးတဲ့အခါကျတော့ ရှင်မဟာမောဂ္ဂလာန်က- "ငါ့ရှင်. . . တခြားမဟုတ်ပါဘူး၊ ဂိဇ္ဈကုဋ်တောင်က ဆင်းလာတဲ့အခါမှာ နွားသတ်တဲ့ နွားသတ်သမားတစ်ယောက် ငရဲပြိတ္တာကြီး - ငရဲ သားကြီးဖြစ်ပြီးတော့ သူ့အရိုးစုကြီးကလည်းပဲ ကောင်းကင်ထဲ ရဲ့ ပြေးလွှားနေရတယ်။ ပြေးတာတောင် လွတ်လွတ်လပ်လပ် မပြေး

www.burmeseclassic.com

www.burmeseclassic.com



ရရှာဘူး။ သိန်းစွန်ကျိုးတို့က နောက်ကနေလိုက်ပြီးတော့ ဆိတ်ဆွဲနေတဲ့အတွက် အော်မြည်တမ်းပြီးတော့ ပြေးရတဲ့ အငတ်ပြိတ္တာအရိုးစု ပြိတ္တာကြီးကို တွေ့မိလို့ ပြုံးမိတာပါ . . .” လို့ဖြေတယ်။

အဲဒီမှာ မြတ်စွာဘုရားရှင်က “သာဓု- သာဓု - သာဓုငါ့ရှင်မောဂ္ဂလာန်” လို့ ခေါ်တော်မူတယ်။

စက္ခုဘူတာ ဘိက္ခဝေ မမ သာဝကာ ဘဝန္တိ။

ဘိက္ခဝေ = ချစ်သားရဟန်းတို့။ စက္ခုဘူတာ = မျက်စိအမြင်ရှိကြကုန်သော။ မမ သာဝကာ = ငါ၏တပည့်သားတို့သည်။ ဘဝန္တိ = ဤလောက၌ ဖြစ်ပေါ်လာကြပါကုန်၏။ ဖြစ်ပေါ်နေကြပါပကောလား . . .။

အဲဒီလို မြတ်စွာဘုရား ဝမ်းမြောက်ဝမ်းသာ ရင့်ကျူးတော်မူတာပါ။

ချစ်သားတို့ သာမန်အရပ်သားတို့ထက်သာလို့ ငါဝမ်းသာလိုက်တာ၊ သင်တို့လို ဓမ္မမျက်စိရှိတဲ့သားတော်တွေ ပေါ်ပေါက်လာတာ ငါဘုရား အင်မတန်ဝမ်းမြောက်တော်မူတယ်။ ဒီအရိုးစုအစရှိတဲ့ ဒီသတ္တလောကထဲမှာ ပြောရင်မယုံနိုင်စရာ မယုံကြည်နိုင်လောက်အောင် ဆန်းပြားတဲ့အဖြစ်သနစ်တွေများစွာရှိတယ်။ ငါဘုရားဖြစ်တော်မူစ ရာဇဂြိုဟ်ကြွရောက်ကတည်းက ဒီလိုပြိတ္တာအဆန်းတွေ ဒီလိုသတ္တဝါအဆန်းတွေ ငါကိုယ်တိုင် မြင်ပြီးသားဖြစ်တယ်။ သို့သော် ငါဘယ်သူ့မှမဟောခဲ့ဘူး။ ငါပြောတာကို မယုံလို့ရှိရင် သက်သေပြစရာမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ငါ့ချစ်သားမောဂ္ဂလာန်ပေါ်ပေါက်လာတဲ့အတွက်၊ သက်သေထူစရာရှိတဲ့အတွက်- အေး- ငါဝမ်းသာတယ်။ အဲသည်လိုမိန့်တယ်။

## သဲကန္တာရထဲက အိုအေစစ်

မြေ ဇင်းတောရ ဆရာတော် ဘုရားကြီးကလည်း ဘယ်သူယုံယုံ မယုံယုံ၊ ငါ့ဘက်က "ခင်သိန်း" ရှိတယ်ကွ ဆိုပြီးတော့ သက်သေထူရတာ။ သူပြတာက အနှစ်သုံးဆယ်ရှိပြီနော်၊ "ခင်သိန်း" ဆိုတာ သုံးနှစ်သမီးအရွယ်ကတည်းက မျက်စိကွယ်နေတဲ့ကလေးပါ။

အဲဒီတော့ - ဒါတွေဟာ မြန်မာနိုင်ငံဝိပဿနာလောကမှာ သမထကို ထူထောင်တဲ့ ဝိပဿနာရိပ်သာတွေက မရှိသလောက် ရှားပါးသွားတယ်နော်၊ ဒါဟာ ခေတ်ကတောင်းဆိုတဲ့ နည်းစနစ်တစ်ခု ဖြစ်ပါစေ၊ ဒီလိုပဲ အောက်မေ့ပါတယ်။

ဒီဇင်ဘာ၊ ဇန်နဝါရီမှာလည်း ကမ္ဘာမှာလည်းပဲ ကျွန်တော်တို့ ဖေါင်ဒေးရှင်းလိုပဲ သဒ္ဓမ္မဖေါင်ဒေးရှင်းရှိတယ်။ အဲဒီတော့ သဒ္ဓမ္မဖေါင်ဒေးရှင်းက နိုင်ငံပေါင်းနှစ်ဆယ်လောက်ကို စည်းရုံးပြီးတော့ မြန်မာနိုင်ငံကို နှစ်စဉ်လာရောက် တရားအားထုတ်ကြပါတယ်။

ဘယ်မှာအားထုတ်လည်းဆိုတော့ ပဲခူးရဲ့တောင်ဘက် ဆယ်မိုင်ကုန်း၊ ရွှေတောင်ကုန်းတောရ ဆရာတော်ဘုရားကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာမှာ ဧကတစ်ရာလောက်ရှိပါတယ်။ ချောင်းတွေ၊ မြောင်းတွေ၊ သစ်ပင်ကြီးငယ် အင်မတန်မှ ရှုမောဖွယ်အေးချမ်းတဲ့ နေရာပါ။ လူပေါင်းတစ်ရာက နှစ်စဉ်နိုင်ငံပေါင်း ဆယ့်ခုနစ်နိုင်ငံက ဒီဇင်ဘာ၊ ဇန်နဝါရီတိုင်း ဒီကိုလာပါတယ်။ နှစ်လလောက်တောင် အားထုတ်ကြပါတယ်။

ကမ္ဘာကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပြီးတော့ အင်အားရှိတဲ့ လူတွေက နှိပ်စက်နေတဲ့ ကမ္ဘာကြီး၊ မီးလောင်တိုက်သွင်းနေတဲ့ကမ္ဘာကြီးထဲမှာ အိုအေစစ်ဆိုတဲ့ တကယ့်ငြိမ်းချမ်းတဲ့ နေရာဟာ ဟောဒီကွက်ကွက်လေးပါပဲ - မဟုတ်ဘူးလား၊ ဥက္ကဋ္ဌကြီး။ အိုအေစစ်ဆိုတဲ့ သဲကန္တာရထဲက ရေအိုင်ကလေးဟာ ဟောဒီ မြန်မာနိုင်ငံပဲ ရှိပါတယ်နော်။ ကျွန်တော်တို့ ဂုဏ်ယူစရာပါနော်၊ ဝမ်းသာစရာပါ။

## သမိုင်းဦးခေတ်တော်မွေတော်များဖူး

အဲဒီတော့ ဟောဒီက ယောဂီတွေလည်း ခုနက အသီးသီး ပြောပြသွားတာတွေကို စဉ်းစားဝေဖန်ပြီးတော့ ကိုယ်ကိုယ်တိုင်လည်း အားထုတ်နိုင်အောင် ကြိုးစားကြပါ။ စမ်းသပ်ဖို့လိုအပ်တာပေါ့လေ။ အဲဒီတော့ ဒီတရားက အင်မတန်ဆန်းပါတယ်။ မြန်မာနိုင်ငံမှာ သမထတွေ စျာန်တွေလုပ်တဲ့ နည်းဟာ ကွယ်သလောက် ဖြစ်နေပါတယ်။

အဲဒီတော့ ဆရာတော်ဘုရားကြီးက ဒါတွေဘာကြောင့် ပြရတာလည်းဆိုတော့ ဘုရားဖူးရတာတွေက အဓိကမဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သမာဓိအားကောင်းအောင် ဆယ့်ငါးရက်လောက်ထူထောင်ပေးတာပါ။

ဆယ့်ငါးရက်လောက် သမာဓိအား ထူထောင်ပေးတဲ့ ကြားထဲမှာ ဒါတွေဟာ အပိုဆုပါနော်၊ သမထဟာ သာသနာပမှာလည်းဖြစ်တဲ့အတွက် သိပ်ကြီးကျယ်တဲ့တရားလည်း မဟုတ်ပါဘူး။ သို့သော်လည်းပဲ သမာဓိကို တင်းတင်းရင်းရင်း ထူထောင်လိုက်တဲ့အခါမှာတော့ အပိုဆုအနေနဲ့ ဒီသာသနာသမိုင်းမှာ ဒီမြတ်စွာဘုရားသာသနာမှာ အခြေအမြစ်အကျဆုံး မူလဘူတသမိုင်းဦးဖြစ်တဲ့ ဓါတ်တော်မွေတော် အစစ်တွေကို ကိုယ်တိုင်ဖူးကြရတာဖြစ်တော့ သဒ္ဓါတရားတွေဟာ အင်မတန်ခိုင်မာလာကြပါတယ်။ အဲဒီကျေးဇူးတစ်ခုရပါတယ်။

ကျွန်တော်တို့ ဒီသမထကို လုပ်ရတာ အကြာကြီး လုပ်နေရတာမဟုတ်ပါဘူး၊ အလွန်ဆုံး တစ်လပဲ ကျွန်တော်တို့ ဒီသမထကို ထူထောင်ရတာပါ၊ ကျွန်တော်တော့ အင်မတန် အံ့သြပါတယ်။

## ခန္ဓာကိုယ်ရဲ့အချက်အချာသိဖို့လို

ကျွန်တော့်အသက် ၇၂ နှစ်မှာ ဒီတရားကို တွေ့ရတာဖြစ်တဲ့အတွက် . . . သြ . . . ငါ ချိတ်မိရုံလေးရှိပါလား၊ ဒီလိုလည်း ကိုယ့်ကိုယ်ကိုယ် ခံစားမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ရောက်လေရာရာမှာ အာဠဝကကြီး ကျူးရင့်ခဲ့သလိုပေါ့နော်၊ ရောက်လေရာရာမှာ မြတ်စွာဘုရားရှင်ရဲ့ဘုရားအစစ်ဖြစ်ပုံ၊ တရားတော်ရဲ့ တရားအစစ်ဖြစ်ပုံ၊ သံဃာတော်ရဲ့ သံဃာအစစ်ဖြစ်ပုံ ရောက်လေရာရာ ငါကြွေးကြော်တော့မယ်ဆိုပြီး အာဠဝကကြီးအဓိဋ္ဌာန်ကျူးရင့်ခဲ့တယ်၊ ကျွန်တော်လည်း အဲဒီ စိတ်ကလေးဝင်လာတယ်။ နောင်လည်းပဲ ဒီကို ရောက်ကောင်းမှရောက်မယ်ဆိုတော့ ကျွန်တော်ဒီလိုဟောပြောရခြင်းပဲဖြစ်ပါတယ်။

အဲဒီလို သမာဓိကို ထူထောင်လိုက်တဲ့အခါရောက်တော့ ဝိပဿနာကို ကူးပြောင်းတဲ့အခါမှာ အင်မတန်ကိုရှင်းပါတယ်။ သူက ဒီခန္ဓာကိုယ်မှာ ကျွန်တော်တို့အချက်အချာ အကျဆုံးနေရာသည်- နှာသီးဖျား၊ အဲဒီနှာသီးဖျားအသက်မရှူဘဲ ဒီလိုပိတ်ထားရင် ဆင်ကောင်ကြီးလည်း ဗိုင်းခနဲလဲမှာပဲ။ ဘယ်လောက်ကြီးကျယ်တဲ့အကောင်ကြီးပဲဖြစ်ဖြစ် ဟောဒီနှာခေါင်းကို ပိတ်ထားရင် ဗိုင်းခနဲလဲမှာဘဲ၊ ကျွန်တော်တို့ ဟိုလွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ဗီယက်နန် စစ်မြေပြင်မှာလေ၊ အောက်ဆီဂျင်တွေကို ဒီလို သိမ်းစုပြီးတော့ယူတယ်၊ အောက်ဆီဂျင်ပုံးချလိုက်တော့ ဒီမှာရှိနေတဲ့လေတွေကို အကုန်လုံးစုပ်ယူလိုက်တယ်၊ အဲဒီလေတွေ မရှိတော့ဘူးဆိုတော့ တိုင်းသူပြည်သားတွေ လူတွေက သူတို့ရှူရှိုတဲ့လေမရှိတော့ ဂတ်-ဂတ်-ဂတ်-ဂတ်ဆိုပြီးတော့ လဲလျှသေကုန်တယ်၊ ကျွန်တော်တို့ကတော့ နေ့စဉ်ရှူနေတော့ အရေးမကြီးဘူးနော် ဦးအောင်သိန်း။

www.burmeseclassic.com



အဲဒီတော့ ခန္ဓာကိုယ်မှာ အညာပါပဲ၊ အာနာပါနနော်၊ ပါဠိ တွေလျှောက်ရွတ်ရင်တော့ အများကြီးပဲနော်၊ အင်မတန်လည်း ကြည်ညိုစရာ ကောင်းပါတယ်။

နောက်တစ်ခါ ခန္ဓာကိုယ်မှာ အချက်အချာကျတဲ့ Main နေရာတစ်ခုရှိပါတယ်။ အဲဒါဘာလဲဆိုတော့ ဟဒယဝတ္ထုခေါ်တဲ့ ရင်ချိုင့်-နှလုံး၊ ဝိပဿနာရှုတဲ့အခါ ရင်ချိုင့်ကို ရှုရတာ။

အဲဒီရင်ချိုင့်မှာပဲ ရုပ်ရဲ့အဓိကလှုပ်ရှားမှု သုခုမရုပ်တွေရဲ့ လှုပ်ရှားမှုအသေးစိတ်မြင်ရပါတယ်။ နောက် စိတ်ရဲ့တည်ရာမှာ လည်း အဲဒီမှာပါပဲနော်။

ပဘဿရ **မိဒံ** ဘိက္ခဝေ စိတ္တံ။

အဲဒီနှလုံးအိမ်ထဲမှာ အဲဒီနှလုံးသွေးထဲမှာ ဖျပ်-ဖျပ်-ဖျပ်-ဖျပ် နဲ့ တလက်လက်ထပြီးတော့ တဖိတ်ဖိတ်လင်းနေတဲ့ စိတ်လေးဟာ အဲဒီနှလုံးအိမ်နေရာမှာရှိတယ်၊ အဲဒီစိတ်ကလေးကိုလည်း မြင်ရ ပါတယ်၊ အဲဒီစိတ်ကလေးရဲ့ဆင့်ပွား ဆင့်ပွား ဒီလိုဖြစ်ပေါ်လာရင် အသေးစိတ်မြင်ရပါတယ်။

အဲဒီနှလုံးသားက Press ပေါ့နော်။ ညှစ်ထုတ်လိုက်တဲ့ အခါမှာ သွေးတွေဟာ လည်ပတ်သွားတယ်။ ဒီကနေ ဒီကိုသွား တယ်။ ဒီကနေ ဒီကိုသွားတယ်၊ အကုန်သွေးတွေလည်ပတ်သွား နေတာ၊ နောက်ဆုံး အသေးဆုံးအမျှင်၊ ခြေဖျား၊ လက်ဖျား အသေးဆုံးအမျှင်လေးတွေ ဒီသွေးရဲ့လည်ပတ်မှုဟာ ဘယ်နှသိန်း ရောက်သွားပြီလို့ ယောဂီတိုင်းလောက်နီးပါး မြင်ကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အချက်အချာ အသွာကျတဲ့ ဟဒယဝတ္ထုရင်ချိုင့်ကို တောက်လျှောက် တစ်လတိုင်တိုင်ရှုခိုင်းရတယ်။ ရှုပွားတာတွေမြင်ရတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်ရရင် လူတစ်ယောက် ဘယ်ကလာခဲ့သလဲဆိုတာသိနိုင်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်ရောက်ရင် အကုန်မြင်တာပါပဲ။ ဆယ်ဘဝ ဆယ့်ငါးဘဝ၊ ဘဝနှစ်ဆယ်၊ ဘဝသုံးဆယ်၊ ဘဝတစ်ရာအကုန်မြင်တယ်၊ ဒါတွေဟာ မဆန်းပါဘူး၊ စာပေတွေထဲမှာနော်။

## လွယ်ကူသက်သာတဲ့နည်း

ဒါပေမဲ့ အဲဒီလိုမြင်လာတဲ့ ပုဂ္ဂိုလ်တွေ အရမ်းရှားလာပြီ၊ ဒါဟာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ရဲ့ အဓိကအပိုင်းပါပဲ၊ ခုနက ဘုရားဖူးရတယ်ဆိုတာ ဒိဗ္ဗစက္ခုဉာဏ်ရဲ့အစိတ်အပိုင်းတစ်ခုပါပဲ။ သာမန်လူတစ်ယောက်အနေနဲ့နော် သူလိုကိုယ်လို သာမန်လူသားတစ်ယောက်အနေနဲ့ အဲဒီဒိဗ္ဗစက္ခုအမြင်နဲ့ စကြဝဠာအနန္တကို ထိုးဖေါက်မြင်နိုင်တဲ့စွမ်းရည်သစ်လေးတစ်ခုရတာ၊ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးဂုဏ်တွေ တစ်စိတ်တစ်ဒေသလေ ခန့်မှန်းကြည်ညိုခွင့်ရတဲ့သဘောပေါ့ဗျာ။

ခု ပစ္စယပရိဂ္ဂဟဉာဏ် ပြန်ရောက်လို့ရှိရင် ကိုယ့်ဘဝကိုယ်မြင်မယ်။ ဒါတွေလည်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ရဲ့ အစိတ်အပိုင်းပါပဲ။ မြတ်စွာဘုရား ပု-ဒိ-အာနဲ့ ပြည့်စုံတော်မူတယ် ဒီလို

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား။ ပုဒိအာနဲ့ ပြည့်စုံရပါလို၏ဆိုတဲ့ ဆုတောင်းဟာ အဲဒါပါပဲ။

သမ္မသနဉာဏ်၊ ဘင်္ဂဉာဏ်ရောက်တဲ့အခါမှာတော့ အကုန်လုံးခံနိုင်ရည်တွေရှိလာတယ်။ ကိုယ့်အသက်ကိုတောင် မခင်တွယ်တော့တဲ့သဘောရှိလာတယ်။ စွန့်လွှတ်ရဲတဲ့သဘောတွေရှိလာတယ်။ နဂိုတုန်းက လူစည်စည်ကားကားရှိတဲ့နေရာမှာ ပျော်ကာပါးကာ စားကာသောက်ကာ လက်ဖက်ရည်ဆိုင်ထိုင် ဘာညာလူတွေရှိမှ ဒီလိုပျော်တဲ့လူ၊ ဟို-ဘုရားကျောင်းတွေဘာတွေသွားရမှာဆိုရင် တစ်ခါထဲ အင်မတန်ကြောချမ်းတဲ့လူ ဘယဉာဏ်၊ အာဒီနဝဉာဏ်လောက်ရောက်လာလို့ရှိရင် အဲဒီစကားဝိုင်းတွေနဲ့ပြောရတာ T.V ကြည့်ရတာ လက်ဖက်ရည်ဆိုင်ထိုင်ရတာလုံးဝမပျော်တော့ဘူး၊ ပြောင်းပြန်ဖြစ်လာတယ်၊ အရင်ကပျင်းစရာဆိုတဲ့နေရာက ပျော်စရာကြီး ဖြစ်လာတယ်။

အဲဒါဘယ်လောက်ထိ ရက်ဘယ်လောက်ပေးရသလဲဆိုရင် ဘာမှ ဒီလိုသမထ သမာဓိရှည်ရှည်ကြီး သမာဓိထူထောင်တာတွေ မထူထောင်တော့ဘဲနဲ့ ဘုရားတပည့်တော်တစ်လဘဲ အားထုတ်ပါတယ်။ ဆယ့် ငါးရက်ပဲ သမာဓိခိုင်းတယ်၊ ခိုင်းပြီးရင် ဝိပဿနာကူးရင် ရက်နှစ်ဆယ်မှာ ဝိပဿနာကူးတယ်၊ အဲဒီထက်နောက်မကျဘူး။ အရမ်းအံ့သြစရာကောင်းတယ်။ Method တွေနော်။

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းကြီးများက ဒီလိုပွင့်ပွင့်လင်းလင်းမပြောဘူးလေ၊ ဒါ ကျွန်တော်တို့က ရစေချင်လို့ပြောနေတာ၊ ကျွန်တော့်တစ်သက်တာ လေ့လာခဲ့သမျှ ဖတ်ရှုခဲ့သမျှ ကျင့်ကြံခဲ့သမျှ သည့်ပြင်နည်းတွေလည်း ကျွန်တော်အများကြီး အားထုတ်ခဲ့တာပါ။ 'ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများ' စာအုပ်တွေနဲ့ ဓမ္မမိတ်ဆွေတွေကို တိုက်တွန်းခဲ့ပါတယ်။ ခုဟာက ပါးစပ်နဲ့တိုက်တွန်းရတာပေါ့လေ၊ အဲဒီတော့ အခြားနည်း အခြားနည်းတွေဟာလည်း ကောင်းကြတာချည်းပါပဲ။

အဲဒီနည်းတွေလုပ်တဲ့အခါတော့ ဒီရောက်တဲ့အခါ ပိုပြီးတော့ လွယ်ကူလာပါတယ်။ အံ့သြစရာကောင်းပါတယ်။

အဲဒီမှာ လယ်တီဆရာတော်ဘုရားကြီးအကြောင်း အနည်းငယ်ပြောချင်ပါတယ်နော်။

## လယ်တီဆရာတော်ကြီးပေးခဲ့သော သင်ခန်းစာ

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး (၁၂၀၈-၁၂၈၅) ဟာ မြတ်စွာဘုရားရှင်ရဲ့ သံဝေဇနိယဋ္ဌာနဖြစ်တဲ့ ဖွားပွင့်စံရာဒေသကိုသွားဖူးတော့ မန္တလေး-ရန်ကုန် ရထားပေါ်မှာ ၁၃ပိုဒ်ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်လင်္ကာကြီးကိုတောင် ရေးစပ်သေးတယ်။

ဟိုရောက်တော့ သင်္ဘောပေါ်မှာ ဟိုတုန်းက သင်္ဘောနဲ့သွားရတာ ငါးရက်ခြောက်ရက်သွားရတယ်၊ လှိုင်းတွေမူးပြီးတော့ အဲဒီလိုသွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို နေတဲ့ကြားထဲက ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီကျမ်းကြီး ရေးသားပြီးတော့နေခဲ့တယ်။ ဒီလိုမဟုတ်ဘူးလား။ သူတော်ကောင်းတွေက အချိန်ကို အလကားအအားမထားဘူး။ သိပ်ကြိုးစားတယ်။

အဲဒီလို မဖျှိမဒေသ ဘုရားဖူးပြန်လာတော့ မုံရွာလယ်တီကျောင်းတိုက်ကို ပြန်မကြွတော့ဘူး။ သံဝေဂတွေ ဖြစ်ပြီးတော့ဟိုး . . . ရန်ကုန်ရဲ့တောင်ဘက်က ဒလတောကြီးတန်း ဆပဂံတောရ၊ အဲဒီတောထဲဝင်ပြီးတော့ တရားအားထုတ်တော့တာပါပဲ။

ကန္တီနည်းဆိုတာ အားလုံးပုဂ္ဂိုလ်များ အပင်ပန်းခံတဲ့ပုဂ္ဂိုလ်များ အင်မတန်လွယ်ပါတယ်။ အဲဒီတော့ ဆရာတော်ဘုရားကြီးက အဲဒီလိုအာနာပါန = ပထမတော့ ကသိုဏ်းပေါ့လေ၊ အဲဒီလို ကသိုဏ်းလုပ်ရင်းနဲ့ နိမိတ်ပေါ်လာတယ်။

ဂုံညင်းဒိုးလောက်၊ အဲဒီလိုပေါ်လာရင် ကြည့်ရင်းကြည့်ရင်းကြီးလာတယ်။ ကြည်လာတယ်၊ လင်းလာတယ်၊ တောက်ပလာတယ်၊ သမုဒ္ဒရာကြီးလို အလင်းကြီးဖြစ်လာတယ်။ နေ့လည်းအိပ်လို့မရဘူး၊ ညလည်းအိပ်လို့မရဘူး၊ ခက်ပြီ . . . ခုနက ဦးပဥ္စင်း (ဦးပညာသီဟ) ရှင်းပြသလို၊ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် နိမိတ်သုံးမျိုးရှိတယ်၊ သူ့ရဲ့အလင်းအားရဲ့ ဒီဂရီပေါ့နော်။ အနုအရင့်ပေါ်မှာ သတ်မှတ်တဲ့စံ norm ပါပဲ။ နောက်ဆုံး အလင်းဆုံးနိမိတ်အလင်းဟာ ပဋိဘာဂနိမိတ်လို့ခေါ်ပါတယ်။ ဆရာတော်ဘုရားကြီး အဲဒါကိုရပါတယ်။ သူ့မှာဆရာမရှိဘူး၊ စိတ်ကူးနဲ့လုပ်တာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဋိဘာဂနိမိတ်ကိုရတဲ့အခါ ရောက်တော့၊တဖြည်းဖြည်းကြီးလာပြီးတော့ မနိုင်မနင်းဖြစ်လာတယ်။ ဟာ - ငါ့နိမိတ်ဟာ ပဋိဘာဂနိမိတ် ဟုတ်ဟန်မတူဘူး၊ နိမိတ်အတုကြီးနဲ့ တူတယ်ဆိုပြီးတော့ ညအိပ်လို့လည်းမရ၊ နေ့အိပ်လို့လည်းမရ၊ အလင်းကြီးက အမြဲပေါ်နေတယ်။ အခု ယောဂီများလည်း ဒီအတိုင်းပါနေမှာပဲနော်၊ တဖြည်းဖြည်းမှ ဒါပျောက်သွားမှာပါ။

ဒါအတုကြီးနဲ့တူတယ်ဆိုပြီး ဘယ်လိုလုပ်ရမလဲဆိုပြီးတော့ ဆရာတော်ကြီးက ဒီအတိုင်းဖျောက်တယ်၊ ဖျောက်လို့မရဘူး။ မျက်စိနောက်တော့ ဘယ်လိုလုပ်ရမလဲဆိုတော့ သူ့မှာရှိတဲ့ ဆီမီးခွက်တွေ၊ ဖယောင်းတိုင်တွေ သူ့နားဘေးပတ်ပတ်လည်ထွန်းထားပြီးတော့ ဒီနိမိတ်တွေ၊အလင်းတွေပျောက်အောင် ကြိတ်မှိတ်ဖျောက်ရတယ်။ မချိမဆံ့ဖျောက်ရတယ်။

နောက်ကြာတဲ့အခါကျတော့ လယ်တီဦးဝဏ္ဏိတဆိုတဲ့ မွေ့ကထိက ဆရာတော်ကြီးပေါ့နော်။ လယ်တီပဏ္ဍိတတို့နဲ့ စင်ပြိုင် လက်ရုံးတပည့်ကြီးပေါ့နော်။ မောင်ဝဏ္ဏိတရာ-ငါ ဆပဂံတောရမှာနေတုန်းက ကသိုဏ်းနဲ့အာနာပါနကိုလုပ်တာ၊ နောက် အာနာပါန ပြောင်းအားထုတ်တာ၊ ရလာတော့ နိမိတ်ကြီးက ပဋိဘာဂနိမိတ်ကြီးကို၊ ငါကအတုကြီးလို့ထင်ပြီးတော့ ငါ့မှာ ဖျက်ပစ်ရတယ်ကွာ၊ ဒါကိုများ ငါဆက်ပြီးတော့ ထိန်းသိမ်းထားရင် ကမ္ဘာတစ်ခုလုံးပေါ့ စကြဝဠာတစ်ခုလုံး စေချင်ရာစေ၊ လွှပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ရာလုပ်၊ အင်မတန်ကို အသုံးကျတဲ့ နိမိတ်ကြီးကွာ၊ နောက်မှသူက နှမြောတာ။

ပထမ ဆရာမရှိတော့ ရမ်းလုပ်ရတာလေ၊ နောက်မှစာတွေ ပေတွေနဲ့ လက်တွေ့နဲ့ ပြန်ပြီးတော့ကျင့်ရင်းနဲ့ လုပ်ရတာ၊ ရှေ့က ကျင့်တဲ့ ပုဂ္ဂိုလ်တွေက ဆင်ကန်းတောတိုးနဲ့ အဲဒီလိုလုပ်ရ ရှာတာနေ့ာ်။

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

ဘိက္ခဝေ = ငါ၏ချစ်သား ရဟန်းတို့၊ ယထာဘူတံ = ဟုတ်တိုင်းမှန်ရာ၊ ဉာဏာယ = သိခြင်းငှာ (ဝါ) သိရအောင်၊ သတ္ထာ = တကယ်ပြနိုင်သောဆရာကို။ ပရိယေသိတဗ္ဗော = ရှာရမယ်။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး မရဘူးဘုရား၊ နောက်မှ နိမိတ်ရဲ့ တန်ဖိုးကြီးပုံကို ပြန်ပြီးတော့ အမိန့်ရှိတာကို ဖတ်ရပါတယ်။ ဒီကနောင်ကြီး ဥက္ကဋ္ဌ ဦးဘိုတို့လည်း ဒါတွေကို ဖတ်ပြီးသားပါ။

လယ်တီဆရာတော်ဘုရားကြီးသာ ဆရာမရှိတာလား ဆို တော့ မြတ်စွာဘုရားရှင်ကြီးကောဆရာရှိရဲ့လား၊ ဘယ့်နှယ်တုံး ပရိသတ်ကြီး၊ မရှိဘူးဗျာ၊ သူ့ဟာသူ ခြောက်နှစ်ပတ်လုံး ရမ်းပြီး တော့ တစ်ခါထဲလုပ်ရရှာတာ၊ မသေကောင်း မပျောက်ကောင်း ဗျာ၊ အသက်စွန့်ပြီးတော့ ကျင့်ပေးခဲ့ လုပ်ခဲ့တဲ့တရားတွေဗျ၊ ဒီလို ပြောရမှာမဟုတ်ဘူးလား။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကြီးကဒီလို အသက်စွန့်ပြီးတော့ ပေးခဲ့သလို မြတ်စွာဘုရားရှင်က လည်း ဒီအတိုင်း မဟုတ်ဘူးလား။

**ဘုရားရှင်၏ အာနာပါန**

သတိမြဲရာ ပထမာ ဒုမှာရှည်တိုသိ၊
လုံးစုံလင်းရာ တဋ္ဌသာ စမှာငြိမ်းလေဘိ။

အင်မတန်ကောင်းတဲ့ အလင်း၊ အခုကျွန်တော်တို့ အခု ယောဂီတို့အားထုတ်ခဲ့တာ အဲဒီ Method ပါပဲ။ ဆရာတော် ဘုရားကြီးများ အသက်နဲ့လဲပေးသွားတဲ့ Method, မြတ်စွာဘုရား အလောင်း အသက်နဲ့လဲပြီးတော့ ကျင့်ပြီးတော့ ပေးသွားတဲ့ Method ပါ၊ ခြောက်နှစ်ကာလပတ်လုံး ဒုက္ကရစရိယ၊ ဒါ ဘုရား ဖြစ်ဖို့ ကျင့်တာမဟုတ်ဘူး။ မှားပြီးကျင့်တာ။

ဆရာမရှိလို့ အဲဒီလိုမှားကျင့်ရင်း ကျင့်ရင်းနဲ့ အစာရေစာ ဖြတ်တောက်တာတွေ၊ လမ်းစဉ်ပြောင်းပြီးတော့ သူကိုယ်တိုင် ပရိ သတ်များအားလုံးသိပြီးတဲ့အတိုင်း အာနာပါနကို ပြန်ပြောင်းရှု တယ်၊ အဲဒီမှာ ခေါင်းထဲမှာ လင်းခနဲပွင့်လာတယ်၊ ဒီနည်းကတော့ ငါ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့နည်းမဟုတ်ဘူး၊ အဲဒီတော့ လမ်းပြောင်းမှပဲလို့ အဲဒီလိုဘွားခနဲစိတ်ကူးပေါ်လာတာနဲ့ ကလေး ဘဝတုန်းက ခမည်းတော်ကြီး လယ်ထွန်မင်္ဂလာ ပြုလုပ်တဲ့အချိန် မှာ သပြေပင်အောက်မှာ လသားလေးပဲရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက အာနာပါနကို မှတ်ရင်းနဲ့ စတုတ္ထစျာန်ကို ရတယ်။ အဲဒီအဖြစ်သနစ်လေးတွေကို ပြန်ပြီးသတိရလာတဲ့ အခါမှာတော့၊ ဟာ - ငါငယ်ငယ်က ဒီအာနပါနာအားထုတ်လို့ ဒီစျာန်တွေကို ရခဲ့တာပဲ၊ အဲဒါကို ပြန်မှတ်မှပဲဆိုပြီးတော့၊ အဲဒါ ကိုမှတ်လို့၊ လမ်း - တည့်သွားလို့ သဗ္ဗညုတ ရွှေဉာဏ်ရတော် မူပါတယ်ဗျာ . . . အသက်စွန့်ပြီးတော့ ကျင့်ခဲ့ရတာပါဗျာနော်။

အဲဒီတော့ ယောဂီများ အဲဒီလိုဆရာသခင်ကျေးဇူးရှင် မြတ်စွာဘုရားသခင် အဆက်အနွယ်သူတော်ကောင်းတွေရဲ့ အသက်နဲ့လဲပြီးတော့ ကျင့်ကြံခဲ့တဲ့တရားတွေကို ကိုယ့်မှာ ဆရာတွေရှိနေယ်။ သူတို့လိုရမ်းပြီးတော့ ကျင့်စရာမလိုဘူး။ လိုသေးရဲ့လားဗျာ၊ မလိုတော့ဘူးဗျာ။ လမ်းတွေက ဖုံနေပြီနော်။ အဲဒီတော့ ကိုယ်က အသာလေးလိုက်သွားရုံပါပဲ။

ကျွန်တော်တို့ထုတ်ဆီးတိုးတဲ့အခါမှာ လေး၊ ငါး၊ ခြောက် ယောက်က ထိပ်ကခေါင်လူကြီးက အောင်သွားပြီဆိုရင် နောက် ကလူတွေချွေးထွက်အောင် တိုးရသေးလား၊ အေးဗျာ နောက်က အသာလေးကပ်လိုက်သွားရုံပဲ၊ ဒီအဖွဲ့နိုင်ပြီဗျ။ တစ်ကမ္ဘာလုံး မီးဟုန်းဟုန်းတောက်လောင်ချိန်မှာ အိုအေစစ်ရေယာဉ်ကြီးချဲ့နိုင်ပြီ ဗျာ။ မကောင်းဘူးလား၊ အေးဗျာ၊ အင်မတန်ဝမ်းသာစရာကောင်း ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နည်းသိရင်လွယ်လွယ်လေး

အဲဒီတော့ အထက်ကို နိမိတ်တွေလွှတ်ပြီး ကြည့်ကြသလို အောက်က မဟာပထဝီမြေကြီးကိုပါ နိမိတ်ပမာဏအဝန်းအဝိုင်း ဘယ်အတိုင်းအတာလောက်လိုချင်လိုချင် ကိုယ်လိုချင်သလို ရတယ်။ မြေကြီးကို ဒီလိုအောက်ကိုဖောက်လိုက်၊ ဖောက်လိုက်တဲ့အခါမှာ မြေကြီးဟာ တစ်ခါထဲ လင်းလင်းကြီးလည်ပြီးတော့ အောက်ကိုတစ်ခါထဲဝင်သွားတယ်။ လက်ဖက်ရည်ပန်းကန်လုံးလောက်ဆိုပါတော့၊ အောက်ကိုလင်းပြီးတိုးဝင်သွားတာ၊ နှစ်သိန်းလေးသောင်းလောက်အထုရှိတဲ့ မဟာပထဝီမြေကြီးသည် တစ်ခါထဲ ဖောက်သွားတယ်။ စကြာနို့ပိုင်းအတွင်း ဖေါက်ပြီးတော့မှ တွေ့ရတဲ့ ရေလေးတွေ၊ ဟိုမှာစိမ်းပြာပြာတွေ့ရတယ်။ ဩော် မြေထုအောက်မှာ ရေထုရှိတယ်ဆိုတဲ့လောကဝိဒူအဖွင့်စကားတွေ သိပ္ပံစကားတွေဟာ တယ်မှန်ပါလားနော်။

ခုနက ငရဲခန်းဟောသွားတဲ့ ဆရာကြီးက အဲဒီရေအောက်ရောက်တော့ နဂါးကြီးကခေါ်သွားတာ၊ ဟိုအဝှါကြီးက ခေါ်သွားတာ မည်းမည်း ပုဂ္ဂိုလ်ကြီးက၊ ဒါနိမိတ်ချော်သွားတယ်လို့ ကျွန်တော်တို့ကခေါ်ပါတယ်။ ဆရာတော်ကြီးက မခိုင်းပါဘူးနော်၊ ဆရာတော်ကြီးခိုင်းတာက အောက်ကို ဆက်ဖေါက်ဖို့ ရေထုကုန်သွားရင် အာကာသဆိုတဲ့ အဲဒီ Stagement တစ်ခုရှိပါတယ်။ ဒါက ဒီ Method က နှစ်ရက်ပဲခိုင်းပါတယ်။ ဒီဟာကိုနိုင်နင်း

www.burmeseclassic.com

www.burmeseclassic.com



သွားရင် စကြဝဠာအနန္တ သွားချင်ရာသွား၊ ကြည့်ချင်ရာ ကြည့်၊ ဒီလိုရတဲ့ ကျေးဇူးတွေရှိပါတယ်နော်။

ဒါကို လယ်တီဆရာတော်ဘုရားကြီးက -

သတိမြဲရာ ပထမာ ဒုမှာရှည်တိုသိ၊

လုံးစုံလင်းရာ 'တ' ၌သာ 'စ' မှာငြိမ်းလေဘိ။

လုံးစုံလင်းရာဆိုတာ အဲဒီတတိယ Methodပဲ၊ အဲဒီမြေကြီးကို ထွင်းဖေါက်တာ အဲဒါလုံးစုံလင်းရာပဲ။

ခန္ဓာကိုယ်ကြီးကို ဒီဘက်ကဖေါက်လိုက်တော့ အထဲက ကလီစာတွေကို ကြည့်ချင်ရင် ကြည့်လို့ရတယ်။ မကြည့်ချင်တော့ဘူးဆိုရင်လည်း အောက်ကို တောက်လျှောက်ဖေါက်ချလိုက်တော့ ခန္ဓာကိုယ်တစ်ခုလုံး ဘာမှမရှိတော့ဘူးလင်းနေတာ။ အဲဒီတော့ အဲဒီ Method ဟာ ကန္တီနည်းမှာ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးရဲ့ ခုနှစ်၊ သက္ကရာဇ် ကျွန်တော်စာတွေ မကြည့်ဖြစ်ပါဘူး။

တန်ခူးလကတည်းက ဆိုပါတော့၊ ကျွန်တော်ဒါပဲ အားထုတ်နေတာပါ။ ဒီကန္တီနည်းဟာ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးနဲ့ တစ်စုံတစ်ခုသော အတိုင်းအတာနဲ့ Contact ရှိရမယ်ဆိုတာ ကျွန်တော်တွေ့တယ်။ နောက်ဆက်ပြီးတော့ ပရိသတ်ကြီးများကို အမျှဝေပေးမယ်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကနော် စာအတိုင်း ဘာသာပြန်ရင် ဘယ်သူမှ မပြန်ရဲဘူး။

www.burmeseclassic.com

www.burmeseclassic.com



'သဗ္ဗကာယပဋိသံဝေဒီ'

သဗ္ဗ-အလုံးစုံသော၊ ကာယ - ထွက်လေ ဝင်လေ၊ ပဋိသံဝေဒီ - သိအောင်လုပ်ပြီးတော့ ရှူရမယ်၊ ရှိုက်ရမယ်၊ ဒါပဲ ဘာသာပြန်ဝံ့တယ်။ ဒါလောက်ပဲ ဘာသာပြန်ခဲ့ကြတယ်။

အဲဒါကို သူက လုံးစုံလင်းရာလို့ ဘာသာပြန်တယ်။ အင်မတန် ရဲတင်း ပြတ်သားတယ်၊ ရဲဝံ့တဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးပါ။ ဘယ်ပညာရှင်ကမှ မငြင်းရဲဘူး။

သို့သော် လုံးစုံလင်းတယ်ဆိုတာ ဒီနားလေးလင်းတာ မဟုတ်ဘဲနဲ့ အလုံးစုံလင်းတယ်ဆိုတဲ့အထိ ဘာသာပြန်နိုင်စွမ်းတော်မူတာဟာ ဒီကန္နီနည်းနဲ့ ဆရာတော်ဘုရားကြီးနဲ့ တစ်စုံတစ်ခုသောအတိုင်းအတာအထိ ဆက်စပ်မှုရှိခဲ့ရမယ်။ ဆရာတော်ဘုရားကြီးက ဒီပဲရင်း-ဒီနည်း စတင်ခဲ့တဲ့နေရာက ဘုတလင်ရဲ့ မြောက်ဘက်က ဘာခေါ်လဲ - လက်ပံတောရ၊ အဲဒီကမှ ကန္နီကို ရောက်၊ အခု အဲဒီကန္နီနည်းတွေပြတဲ့ ပုဂ္ဂိုလ်တွေမရှိတဲ့အတွက် မောင်းထောင်၊ ကျွန်တော်တို့ရဲ့ နောင်တော်ကြီး ဖြစ်တဲ့ ဆရာတော်ကြီးက ပြနေရတာပါနော်။

အင်မတန် သာသနာအတွက်လည်း အကျိုးများပါတယ်။ သာသနာအတွက်လည်း တခေတ်ဆန်းဖို့ဖြစ်လာတယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒီလိုပေါ်ပေါက်လာတဲ့အခါမှာ ကျွန်တော့်ရွာမှာ ကလေးတွေနော်၊ အကုန်လုံးယောဂီတွေ၊ တောကလူတွေဆိုတော့ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ရှစ် တောင်မှ လအောချိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ရေနိုင်တဲ့ပုဂ္ဂိုလ်က စာမတတ်ကြတော့ လူတိုင်းမရှိဘူး၊ အဲဒီတော့ စာတတ်တဲ့ပုဂ္ဂိုလ်တွေ အားထုတ်ဖြစ်ပါစေဆိုပြီးတော့ ကျွန်တော်လိုက်ပြီးတော့ စည်းရုံးပြီးတော့ဟောခဲ့တာ၊ အခု မုံရွာရောက်တာပေါ့နော်။

အဲဒီတော့ ဆရာသမားတွေလည်းရှိနေပြီ၊ လမ်းတွေလည်းဖုံနေပြီ၊ နောက်က လွယ်လွယ်လေးလိုက်သွားဖို့ပဲ၊ တလလောက်အားထုတ်ရင် ဝိပဿနာဟာ အင်မတန်ကျေနပ်စရာကောင်းတဲ့နည်းအဆင့်ဖြစ်ပါတယ်။

ကိစ္စ ဝိစ္စတွေများလို့ ဟို-ဘုရားဖူးမယ်ဘာမယ်ဆို ရက်ရှည်မလုပ်ဘဲနဲ့ တပည့်တော်ဘုရား တစ်လနဲ့ ဝိပဿနာပေးပါဆိုရင်လည်း တစ်လနဲ့တစ်ခါထဲ ဌာန်ကုန်အောင်ရပါတယ်။ အဲဒါအားထုတ်ပြီးရင် သံသရာကိုမကြောက်တော့ဘူး။ ဟာ - ငါလူဖြစ်ကျိုးအခုမှ နပ်တော့တာပဲ၊ ရဲတင်းစွာ Permit grantee ရတော့တာပဲ။ အဲဒီလောက် အားတက်သွားတာနော်။ စမ်းသပ်ကြည့်ပါ။ ဧဟိ ပဿိကောလို့ ကြွေးကြော်တော်မူခဲ့တဲ့ မြတ်စွာဘုရားရှင်ရဲ့တရားနော်။ ဒီခေတ်မှာ အင်မတန်ရှားပါးတဲ့နည်းပါ။

## လွှဲစရာတွေအများကြီး

လယ်တီဆရာတော်ဘုရားကြီးက ဆုံးမပါတယ်။ လယ်တီဆရာတော်ဘုရားကြီးခေတ်တုန်းကတော့ သူ့ပဲရှိတာကိုး၊ ကမ္မဋ္ဌာန်းကျမ်းတွေရေးပေမဲ့ အားထုတ်တဲ့လူကမရှိ၊ ပထမံ၊

www.burmeseclassic.com

www.burmeseclassic.com



အာပေါ၊ တေဇော၊ ဝါယော - အဘိဓမ္မာစကားတွေပြောကြ၊ ငြင်းကြ၊ ခုန်ကြ၊ ဒီလို မဟုတ်ဘူးလား။ တရားအားထုတ်ကြပါ ဆိုတော့ အားထုတ်တဲ့သူကမရှိ၊ အဲဒီလိုဖြစ်တော့ လယ်တီဆရာ တော်ဘုရားကြီးဟာ ခေတ်က မပွင့်သေးဘူးလေ၊ ဝိမုတ္တိယုဂ ခေတ်က မဆန်းသေးဘူး။

အဲဒီတော့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက တအားရိုက်မောင်းပြီးတော့ မအိပ်မနေတခါထဲ မြန်မာပြည်တဝန်း တလျှားလှည့်ပတ်ပြီးတော့ တရားစည်ကြီးရိုက်တီး၊ တရားကျမ်းစာ တွေပြုစုပြီးတော့ ဆွဲခေါ်သော်လည်းပဲ သိပ်မပါကြဘူး။ အဲဒီစာ တွေကို စကားပြောနေကြတာပဲ၊ စားဆေးတွေကို လိမ်းဆေးတွေ လုပ်ခဲ့နေခဲ့ကြတာပဲ၊ အဘိဓမ္မာတွေ ငြင်းကြခုန်ကြ။

တပိုင်းကြောင် ကျက်စာရရုံနဲ့ ခက်ပါလှသဘောဉာဏ်
တက်မာနအပြောသန်သည် ကော ခေါ် ထူပွား
စောဒကတုဖက်လာလျှင် သူ့ထက်ငါ ငြင်းတဲ့လူစား . . .

တခါထဲ တားကိုယူရတာ၊ တရားတော့ အားမထုတ်ကြဘူး၊ အပြောတွေပဲ ပြောနေကြတာ၊ 'ဖော့ ထွန်းဦးနဲ့ထွန်းလှ (အဘိဓမ္မာ သမားတွေလေ) လွှမ်းစရာ့နှစ်ကောင်' ဘာညာပေါ့လေ။

သို့သော် ဝိပဿနာခေတ်က မထွန်းကားသေးတော့ ဆရာ တော်ဘုရားကြီး ငေါက်လည်းငေါက်ရှုပဲ၊ အားလုံး ဓမ္မမိတ်ဆွေ များရဲ့ အဘိုးအဘွားတွေ မိဘတွေ- ဒီတရားအားထုတ်သွားကြပါ ရဲ့လား၊ အားမထုတ်ကြပါဘူးဗျာ နော်၊ ဟိုး . . . အနှစ်တစ်ရာရဲ့

www.burmeseclassic.com

www.burmeseclassic.com



အနှစ်ခုနစ်ဆယ်ရဲ့ ဟိုဘက်မှာ ထောင်ချီပြီးတော့ ဒီ ပဋိပတ္တိတရားအားထုတ်တယ်ဆိုတဲ့ အလေ့အထတွေက မြန်မာနိုင်ငံမှာ မရှိခဲ့ပါဘူး။

တစ်ယောက်တလေ လူစွမ်းကောင်းတွေတော့ ပေါ်တာပေါ့။ အုံနဲ့ကျင်းနဲ့ တရားအားထုတ်ရမယ်ဟော့၊ ကမ္မဋ္ဌာန်းထိုင်ရတယ်ဟော့ဆိုတာ လွတ်လပ်ရေးနဲ့မှ မရှေးမနှောင်းထွန်းသစ်လာတဲ့၊တခေတ်ဆန်းလာတဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းတရားတွေ၊ အမြတမ်းရှိတာမဟုတ်ပါဘူး။

အဲဒီလို ထွန်းသစ်နေတဲ့အချိန်မှာ ကိုယ်ကလည်းပဲ ရှစ်ဆယ်၊ ကိုးဆယ်၊ ကိုယ့်လက်၊ ကိုယ်ခြေ၊ ကိုယ်ခိုင်းတဲ့အတိုင်း ကိုယ့်အမိန့်မနာခံတဲ့အချိန်မှာ ဒီတရားထွန်းသစ်နေလည်း လုပ်နိုင်ပါ့မလား၊ မလုပ်နိုင်ဘူးဗျာ။ သိပ်နေ့တွေကြာနေရင် ဒီတရားလုပ်နိုင်ပါ့မလား။ တစ်နေ့လုပ်မှတစ်နေ့စားရရင် ဒီတရားလုပ်နိုင်ပါ့မလား။

အေးဗျာ ပိုက်ဆံတွေဗျာ - လင်မယားနှစ်ယောက်ထဲ မအိပ်တမ်း ရေနေရရင်၊ ရေနေရလောက်အောင် စီးပွားတွေဖြစ်နေရင်ကော ဒီတရားအားထုတ်နိုင်ပါ့မလား၊ မကျန်းမာရင်ကော၊ အမယ်လေး လွဲစရာအကြောင်းတွေ အများကြီးပါလား၊ လွဲစရာအကြောင်းတွေအများကြီးပါလားနော်။

www.burmeseclassic.com



ဒေဝီလ ရသေ့ကြီး ဒီလိုပဲလွဲတာမဟုတ်လားနော်၊ အာဠာရရသေ့ကြီးကော တစ်ပတ်နဲ့တစ်ပတ်ထဲနဲ့လွဲသွားတာ၊ ဥဒကရသေ့ကြီးကော ဟော-သန်းခေါင်ယံက ကွယ်လွန်သွားတာ။

မြတ်စွာဘုရားဖြစ်ပြီး ဘယ်သူ့အရင် ကျေးဇူးဆပ်ရမလဲ ကြည့်တဲ့အခါမှာတော့ ဟို --- လောကီစျာန်အဘိညာဉ်တွေမှာ ပြသခဲ့တဲ့ဆရာ ဖြစ်ခဲ့ဖူးတဲ့ ဆရာနှစ်ယောက်ကို တွေ့တော့ တစ်ပတ် ဟိုးလွန်ခဲ့တဲ့တစ်ပတ်က အာဠာရက ကွယ်လွန်သွားပြီ၊ ငါ့ရဲ့တစ်ချိန်က လောကီအရာ ဆရာတော်ခဲ့ဖူးတဲ့ အာဠာရရသေ့ကြီးသည် အဆုံးရှုံးကြီး ဆုံးရှုံးနစ်နာရပါပကောလား၊ မြတ်စွာဘုရား ရင်သပ်တော်မူရတယ်။

အေး ဒါဆိုရင် နောက်တစ်ယောက် ဆရာတော်ခဲ့ဖူးတဲ့ ဥဒကဆိုတာရှိသေးရဲ့ဆိုပြီး ကြည့်လိုက်တော့ ဟွန်း သူကပိုဆိုးသေး၊ သန်းကောင်ယံကမှ ကွယ်လွန်သွားတာ၊ အဲ-မြတ်စွာဘုရား ရင်သပ်တော်မူတယ်။

အခုလို တရားလိုက်ဟောလို့မရတဲ့ နားမျက်စိမရှိတဲ့အခါမှာ ဖြစ်တယ်။ အရိမေတ္တေယျ မြတ်စွာဘုရားရှင်ကြီး ပွင့်တော်မူလာသည့်တိုင်အောင်လည်း အဲဒီလူချွန်လူမွန်ပေါ့ဗျာ၊ အဲဒီခေတ်က သူ့ထက်တတ်တဲ့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်၊ ဆရာကြီးတွေ ၊ အဲဒီဆရာကြီးတွေကို ခေါ်မသွားနိုင်လောက်အောင် သိသိကြီးနဲ့ သူတို့ကိုဖယ်ထားခဲ့ရတော့မယ်၊ ဒီလိုမဟုတ်ဘူးလား၊ ကိုယ်လည်း အဲဒီထဲမပါဖို့လိုတယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ကတော့ ရှောင်လိုက်ရတာ မဟုတ်လား၊ ကကုသန် ဘုရားမှာ ကျုပ်တို့ပါရဲ့လား၊ အေးဗျာ - မြတ်စွာဘုရားက ကျွန်တော်တို့ကို မခေါ်ချင်လို့လား၊ ကိုယ်ကတော်လို့လား၊ မတော်လို့လား၊ အဲဒီမတော်တာဟာ 'ကကုသန်' ဘုရားကလည်းမခေါ်ဘူး၊ ကောဏဂုံရော၊ကဿပရော၊ ဂေါတမရော၊ အော် ကျုပ်တို့ တော်တော်အရှောင်ကောင်းခဲ့ကြတာပဲ၊ ဒီလိုမဟုတ်ဘူးလား။ တရှောင်ရှောင်လွဲခဲ့တာ၊ နောက်လွဲစရာတွေလည်း အများကြီး မဟုတ်ဘူးလား။

ဝေဘူဆရာတော်ကြီး (၁၂၇၅-၁၃၃၉)၊ မြန်မာနိုင်ငံမှာ သက်ရှိကျော်ကြားထင်ရှားသွားတဲ့ ဆရာတော်ဘုရားကြီးတွေပဲ၊ ဝေဘူဆရာတော်ဘုရားကြီး ထင်ရှားရှိတော်မူစဉ် တွေ့ဖူးကြပါလား၊ ဖူးဖူးကြပါသလား၊ အင်း မဟာစည်ဆရာတော်ဘုရားကြီး လူတော်တော်များများ၊ ကြီးကြီးပိုင်းကတော့ ဖူးဖူးကြတာပေါ့၊ မိုးကုတ်ဆရာတော်ဘုရားကြီး (၁၂၆၀-၁၃၂၄) နော်၊ စွန်းလွန်း ဦးကဝိဆရာတော်ဘုရားကြီး (၁၂၃၉-၁၃၁၄)၊ရှောင်လွဲခဲ့ကြတယ်၊ ကျုပ်တို့အရှောင်ကောင်းတဲ့လူတွေ၊ အေးဗျာ ကာလဒေသရွှေ့ပြီး ရက်ပိုင်းနဲ့မိနစ်ပိုင်းနဲ့ အချိန်ပိုင်းနဲ့ လွဲခဲ့ရသလို မလွဲရအောင် ကျုပ်တို့မကြိုးစားသင့်ဘူးလား။ ဒီဝိမုတ္တိယုဂက ဆန်းသစ်တာ အမြဲတမ်း ဒီအတိုင်း ဖြစ်နေမှာလား။

မဖြစ်ဘူးဗျာ၊ ကျုပ်တို့က သံသရာခရီးသည်တွေမဟုတ်ဘူးလား၊ သွားနေရဆဲပဲမဟုတ်ဘူးလား၊ အထုပ်ထမ်းပြီးတော့လေ။

www.burmeseclassic.com

www.burmeseclassic.com



**အထုပ်ထမ်းလို့ လာလမ်းမြန်**

ဦးပေါ်ဦးသေတော့ ဘယ်လိုလုပ်တုန်း၊ သူ့ထက်ငါရှာဖွေနေကြတယ်။ သူ့ထက်ငါအလုအယက် မအိပ်နိုင်၊ မစားနိုင်နဲ့ သေတော့ဘာယူသွားနိုင်လဲ၊ အဲဒီအထုပ်တွေ ယူသွားနိုင်လား။ ချန်ထားခဲ့ရတယ်မဟုတ်လား။

အဲဒီတော့ ဦးပေါ်ဦးသေတော့ ဘာလုပ်ခဲ့တုန်း၊ တလားခေါင်းကြီးရဲ့ ညာဘက်၊ ဘယ်ဘက် ဖေါက်ခိုင်းပြီးတော့ လက်ကြီး ဖေါ်ထားခဲ့တယ်။ ငါတော့ အမတ်ကြီး ပညာရှိဦးပေါ်ဦး၊ သူ့ထက်တတ်တဲ့လူမရှိတော့ဘူး၊ ငါလည်းဘာမှ ယူမသွားနိုင်ဘူး၊ တရားရစရာမကောင်းဘူးလား၊ သံဝေဂရစရာဗျာ။ ဒါပေမဲ့ ယူသွားနိုင်စရာရှိတယ်နော်။ မယူမနေရရှိတယ် တစ်ခု၊ အဲဒါ ဘာလဲ. . .၊ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံပဲလေဗျာ၊ အဲဒီအထုပ်တွေက ပါမှာမဟုတ်ဘူးလားဗျာ။

*အထုပ်ကလေးတွေကိုယ်စီထမ်းပါလို့*
*လာလမ်းကိုတဲ့မျှော်မိတယ်၊*
*မျှော်ကြည့်ကြမိရဲ့လား၊*
*ဒီလိုပဲရှေ့ကိုသွားမိတယ်၊ ရှေ့သို့-ရှေ့သို့-ရှေ့သို့*
*အထုပ်ကလေးတွေကိုယ်စီထမ်းပါလို့*
*လာလမ်းကိုတဲ့မျှော်သင့်တယ်. . .*

ဟိုး . . . ပစ္စယပရိဂ္ဂဟဉာဏ်မှာမရလို့ ရှေ့ဘဝကို မသိလို့ ၊ခုနက ဆရာ၊ ဆရာမတွေပြောသွားသလို ရှေးရှေးက ဘဝတွေ မမြင်ရသော်လည်းပဲ ဒီဘဝရောက်လာတာ 'ကာ' ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



'ခ' ခွေး ရေးတဲ့အချိန်ကစပြီးတော့ လှုပ်ရှားရုန်းကန်ခဲ့ကြရတာ နော်၊ တစ်ဝမ်းတစ်ခါး စားဝတ်နေရေးအတွက် အဲဒီကစပြီး စဉ်းစားရင် ကိုယ့်ဘဝတွေဘယ်လောက်ခဲယဉ်းလဲ၊ တချို့နေရာ တွေ သက်စွန့်ဆံဖျား ကံကောင်းလို့ မသေတာ၊ မဟုတ်ဘူးလား နော်။

*အထုပ်ကလေးတွေ ကိုယ်စီထမ်းပါလို့*

*လာလမ်းကိုတဲ့ မျှော်သင့်တယ် . . .*

ခရီးသည်တွေ ဘယ်တစ်ဖက်၊ ညာတစ်ဖက်၊ အထုပ် ကလေးတွေ ထမ်းလာတယ်မဟုတ်လား၊ ရှေ့နောက်လေ ထမ်းပိုး လေးတွေနဲ့၊ အထုပ်တွေက ဘာအထုပ်တွေပါလိမ့်၊ အထုပ်တွေက အကုသိုလ်အထုပ်နဲ့ ကုသိုလ်ထုပ်တွေ၊ ဓမ္မနဲ့ အဓမ္မ၊ ဘယ် အထုပ်က လေးနေတုံး။ ဇောက်ထိုးကြီး ဖြစ်နေတယ်။

အဲဒီတော့ တစ်နေ့ကုန်လို့ အိပ်ရာဝင်တဲ့အခါမှာ နဖူးပေါ် လက်တင်ပြီးတော့ ဒီကနေ့သူများအပေါ်မှာ တစ်ဖက်သားဒုက္ခ ရောက်အောင် ငါဘာများလုပ်ခဲ့မိသလဲ . . . မစဉ်းစားသင့်ဘူး လား၊ ငါတည်းဟူသောအကြောင်းကြောင့် ဘယ်သူဘယ်ဝါတွေ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းဖြစ်ကြမလဲ. . . သည်လိုမဟုတ် ဘူးလား၊ အဲ ရာဟုလာကို မြတ်စွာဘုရားစဉ်းစားခိုင်းတာ ဒါပဲနော်၊ ရာဟုလောဝါဒသုတ်မှာ။ ဒါကိုပဲ စဉ်းစားနော်။

အော်- ဒီနေ့ကုသိုလ်ကောင်းမှုတွေကို ဘာကိုများ လုပ်ခဲ့ပါ သလဲ၊ လုပ်နိုင်ပါသလဲ၊ မစဉ်းစားသင့်ဘူးလား၊ တစ်နေ့အတွက်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့အတွက်နဲ့ အရှုံးအမြတ်တွေ့ရသလို ခေါင်းရွက်သည်လေး သွားဝယ်တုန်းကဈေးနဲ့ ပြန်ရောင်းတော့ ရလာတဲ့အမြတ်လေး မှူးစေ့၊ မတ်စေ့၊ ဘာညာပေါ့။

ဟိုခေတ်တုန်းကပေါ့နော်၊ ဒီလိုတစ်နေ့ရာထဲထိုင်ပြီးတော့ အရှုံးအမြတ်တွက်ရသလို နေ့တွက်၊ တွက်ရသလို လချုပ်စာရင်းကော မရှိသင့်ဘူးလား၊ နှစ်ချုပ်စာရင်းလည်း ရှိသင့်ပါတယ်ဗျာ။

သံသရာနဲ့ချီပြီးတော့မပြောနဲ့၊ ဒီဘဝမှာပဲ အဲဒီလိုစဉ်းစားသင့်ပါတယ်ဗျာ။ အထုပ်က ဘယ်အထုပ်ကြီးပါလိမ့်၊ အကုသိုလ်အထုပ်ကကြီးတယ်မဟုတ်လား။ အဲ . . . ခုနက ဆရာကြီးပြောခဲ့တဲ့ မည်းမည်းပုဂ္ဂိုလ်ကြီးက ဖြေကြည့်မှာဗျာ၊ ဖြေပြီးတော့ သူကအဖြေထုတ်မယ် . . .။

ဟော ကျွန်တော်တို့ ဘာခေါ်လဲ ဓမ္မာရုံကြီးလေ၊ ကမ္ဘာ့စကြဝဠာသာသနာပြုဌာနချုပ်ကြီးလေ၊ သာသနာပြုတဲ့ဌာနကြီးလေ၊ ဘာလဲ၊အဲ သုဓမ္မာဇရပ်၊ အဲဒီမှာလည်း တစ်ခါတည်း တရားဟောနေကြတာ နတ်သားတွေ၊ နတ်သမီးတွေ နာနေလိုက်ကြတာ မျက်စိတစ်ဆုံး၊ မျက်စိတစ်ဆုံး၊အင်မတန်အံ့သြ အားရစရာကောင်းတယ်ဗျာ၊ တရားဟောနေကြတာ၊ လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့်လကွယ်နေ့၊ အဲဒီမှာလည်း စာရင်းတွေမှတ်နေကြတာ။ ခုနက မည်းမည်းကောင်ကြီးကလည်း အဲဒီအထုပ်ကို သံသရာခရီးသည်ရဲ့အထုပ်ကိုဖြေကြည့်မှာဗျ၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား။ အဲဒီတော့ ဘယ်အထုပ်ကြီးအောင်လုပ်ရမတုံး၊ ကုသိုလ် အထုပ်ကြီးအောင် လုပ်ရမယ်နော်။

နင့်ရုပ်၊ နင့်နာမ်၊ နင့်သက္ကာန်ဝယ်၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး၍

သောက်ဆေး၊ လိမ်းဆေး၊ လူးတာ နင့်ခန္ဓာကိုယ်ထဲမှာ နင့်ဉာဏ်မရှိဘဲနဲ့ နင့်အပေါ်ယံလေး လျှပ်ပြေးနေတာ၊ စကားလေး ပြောကြ၊ ဟောကာ၊ ပြောကာနဲ့ အခု ကျွန်တော်ပြောနေသလို လေ၊ ဆရာတော်ကြီးက ကျွန်တော်ဟောတာပြောတာ သိပ်မကြိုက်ဘူး၊ အလုပ်လုပ်မှ ကြိုက်တာ။

နင့်ရုပ် နင့်နာမ် နင့်သက္ကာန်ဝယ် နင့်ဉာဏ်မစူး အပေါ်ဖြူး၍ မူးမူးမေ့မေ့ အများလေ့ဖြင့် နေ့ရက်အပုံ လွန်ခဲ့တုံပြီ

မကုန်ခဲ့ဘူးလား၊ ကုန်ခဲ့ပြီဗျာ၊ ဒါပေမယ့်၊ ရှေ့သို့ပဲဗျနော်။

နင့်ရုပ်၊ နင့်နာမ်၊ နင်သက္ကာန်ဝယ်၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး လျက်၊ မူးမူးမေ့မေ့ အများလေ့ဖြင့် နေ့ရက်အပုံ၊လွန်ခဲ့တုံပြီ . . .

လယ်တီဆရာတော်ဘုရားကြီးက၊ မင်းစဉ်းစားတော့ -

ရီးတီးယားတား၊ နင်သေသွားသော်

တရားမကြွယ်၊ အထုပ်ငယ်လျက်

ဟောဒီနေရာမှာလေ

တရားမကြွယ် အထုပ်ငယ်လျက်

တရားအားမထုတ်ရင် အဲဒီအထုပ်ကကြီးပါ့မလား၊

အကုသိုလ် အထုပ်ကြီးပဲ ကြီး ကြီးလာမှာ။

www.burmeseclassic.com

www.burmeseclassic.com



*တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပယ်စခန်း၊ သွားမြဲလမ်း၌၊ တသန်းဟိုက်ဟိုက်၊ တရှိုက်ငိုငို . . .*

ဘယ်လောက်ပင်ပန်း ဟိုက်နွမ်းစရာကောင်းလဲနော်၊ နောက်ကနေ တုတ်ကြီးတွေနဲ့ရိုက်၊ သေလည်းမသေ၊တစ်ခါတည်းလည်း မီးအိုးကင်းကြီးတွေပေါ်မှာ တစ်ခါထဲလူးလှိမ့်ပြီးတော့ နေရ၊ ဒီထက် ပင်ပန်းစရာရှိသေးလား။

*တပမ်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တညင်ညှိုညှို၊ ဆင်းရဲပို၍ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း။*

တရားအထုပ်ငယ်ရင် အဲဒီလမ်းပဲ သွားရမယ်။ မဟုတ်လား -အေးဗျာ. . .။ လယ်တီဆရာတော်ဘုရားကြီးက အဲဒီလိုလက်ညှိုးထိုးပြီးဆုံးမတာဗျနော်၊ ဆုံးမတာဗျ။ အဲဒီတော့

*နင့်ရုပ်၊ နင့်နာမ်၊ နင့်သဏ္ဍာန်ဝယ်၊*

*နင့်ဉာဏ်မစူး၊ အပေါ်ဖြူးလျက်*

အကုန်လုံးဘာသာရေးကိစ္စတွေမှာ ဝါစာကမာ ဒီအတိုင်းပဲ ရိုးရာတွေ လျှောက်လုပ်နေကြတာ၊ အထဲကို စိုက်သွားအောင် စူးစူးစမ်းစမ်းနဲ့ 'ပဋိဝေဓ' ဆိုတာ realization အထဲကိုစိုက်သွားအောင်၊ ဉာဏ်ကခန္ဓာကိုယ်ထဲကို စိုက်သွားအောင် လုပ်ရမယ်။ ဆရာတော်ဘုရားကြီးက ဒါကိုပြောတာ၊ လိမ်းဆေးကို သောက်ဆေး မလုပ်ကြနဲ့နော်၊ သောက်ဆေးကို လိမ်းဆေးမလုပ်ကြနဲ့၊ လိမ်းလည်းလိမ်းပါ။ သောက်လည်းသောက်ပါနော်။ ရွှေမွန်ဆရာတော်ဘုရားကြီးကလည်း ဆုံးမတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ဆုံးမတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



နင့်ရုပ်၊ နင့်နာမ်၊ နင့်သဏ္ဍာန်ဝယ်၊ နင့်ဉာဏ် မစူး၊ အပေါ်ဖြူးလျက်၊ မှူးမှူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

နေ့ရက်တွေ အများကြီးကုန်ခဲ့ပြီတဲ့။

အဲဒီလို ဆုံးမတယ်။

အဲဒါ အသက် ၆ဝ ရှိတဲ့ လူက အကုန်လုံး ပြဿဒါးရက်တွေချည်းပဲ ဖြစ်နေရင် တော်ပါ့မလား။ အသက်ခြောက်ဆယ်ရှိတဲ့လူက ရက်ခြောက်ဆယ် တရားအတွက် မပေးနိုင်ဘူးလား။ အသက်လေးဆယ်ရှိတဲ့လူက ရက်လေးဆယ် မပေးနိုင်ပေဘူးလား၊ အေးဗျာ စဉ်းစားကြပေါ့ဗျာ။

မှူးမှူးမေ့မေ့နဲ့ အများလေ့ဖြင့် ထုံးစံအတိုင်း လျှောကာတမ်းကာ ကြွေးကာ၊ မွေးကာ၊ ရွှတ်ကာ၊ ဖတ်ကာနဲ့ ဒီလိုလုပ်လို့တော့ မတော်တော့ဘူး။ အဲဒီတော့ ဆရာတော်ဘုရားကြီး ဘိုးတော်ခေတ်က စတုဂီရိတောင်လေးလုံး ဆရာတော်ဘုရားကြီးက 'တစ်နေ့အပင်ပန်းခံလိုက်လို့ တစ်လချမ်းသာမယ်ဆိုရင် တစ်နေ့အပင်ပန်းခံရမယ်။ တစ်လအပင်ပန်းခံရလို့ တစ်နှစ်ချမ်းသာမယ်ဆိုရင် အဲဒီတစ်လ အပင်ပန်းခံရမယ်တဲ့။ အဓိပ္ပါယ်မရှိဘူးလား။

တစ်နှစ်အပင်ပန်းခံလို့ တစ်သက်လုံး ချမ်းသာမယ်ဆိုရင် တစ်နှစ်လုံး အပင်ပန်းခံရမယ်၊ တဘဝအပင်ပန်းခံလို့ တသံသရာလုံး ငြိမ်းအေးမယ်ဆိုရင် ဒီတစ်ဘဝ အလျော်အစားလုပ်ရဲရမယ်။ ကောင်းလိုက်တာဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အဲဒါလေးတွေကို ဆင်ခြင်ပြီး စဉ်းစားပြီးတော့ စောစောကပြောသွားတဲ့ နည်းတွေအပေါ်မှာလည်း စဉ်းစားသုံးသပ်ဝေဖန်ပြီးတော့ အချိန်မနှောင်းခင်မှာ နီးလျက်နဲ့မဝေးရအောင် ဝေးတဲ့လူတွေတောင် နီးလာကြပြီနော်။

သို့သော် သတိမရဘဲနဲ့ ရှေ့သို့ ရှေ့သို့ ဆိုရင် ခရီးသည်ဟာ တော်တော်ရင်လေးစရာကောင်းပါတယ်။

*အထုပ်ကလေးတွေကိုယ်စီထမ်းပါလို့*
*လာလမ်းကိုတဲ့မျှော်သင့်တယ် . . .*

ကိုယ်လုပ်ခဲ့တဲ့လမ်းပြန်ကြည့်လေ၊ ကိုယ်ဘာတွေ ဆောင်ရွက်ခဲ့သလဲ၊ ကုသိုလ်နဲ့အကုသိုလ် ဘယ်ဟာများသတုံး၊ 'တရားမကြွယ်၊ အထုပ်ငယ်လျက်' မဟုတ်ဘူးလား။

အပါယ်ထိုထို-ဉဒဟိုသည်
သင်လိုလူမိုက် - နင်လိုလူမိုက် သွားလမ်းတည်း။

*အထုပ်ကလေးတွေ ကိုယ်စီထမ်းပါလို့*
*လာလမ်းကိုတဲ့မျှော်သင့်တယ်*
*နေမဝင်ခင် ညောင်ညိုရိပ်မှာ ချွေးသိပ်စို့ကွယ်၊*

ညောင်ဆိုတာ သာသနာရဲ့ အထိမ်းအမှတ်၊ မြတ်စွာဘုရားရှင့်ရဲ့သင်္ကေတ၊ သာသနာတည်းဟူသောနေ၊ သာသနာ ဘယ်နှထောင်ရှိသလဲ။ ခု ဘယ်လောက်ကုန်သွားပြီလဲ၊ ဘယ်လောက်ကျန်သလဲ၊

www.burmeseclassic.com

www.burmeseclassic.com



*နေမဝင်ခင်ညောင်ညိုရိပ်မှာ*

*ချွေးသိပ်စို့ကွယ်၊*

*ကြည့်စမ်းဟယ်၊*

*ဟို အနောက်တောင်စွယ်မှာဖြင့်*

*နေကွယ်လုပါပကော*

ဟော. . . ကွယ်လု မဟုတ်လား။

*ဟိုးအနောက်တောင်စွယ်မှာဖြင့်*

*နေကွယ်လုပါပကော*

နေကွယ်လုပြီ၊ ၂၄၀၀ ကျော်ပဲ ကျန်တော့တယ်၊ နောက်ပိုင်းလေးပဲချိတ်မိတော့တယ်၊

**ခရီးသည်**

*ကြည့်စမ်းဟယ်*

*ဟို. . . အနောက်တောင်စွယ်မှာဖြင့်*

*နေကွယ်လုပါပကော။*

*အခွင့်ကောင်းတွေ တရှောင်ရှောင်လွဲခဲ့ပြီမို့ . . .*

မရှောင်လွှဲခဲ့ကြဘူးလား၊ အကုန်လုံးဘုရားတွေပွင့်လာပါပြီ

ဂဂေါ၀ါဠသဲစုမကဘုရားတွေ ပွင့်တော်မူတဲ့ဘုရားရှင်တွေရှောင်လွှဲကြပြီး၊ ရှောင်တဲ့အတိုင်းပဲ ရှောင်ခဲ့ကြပြီ၊ ကကုသန်ဂုံ၊ ကောဏဂုံ၊ ကဿပလဲ မပါဘူး၊ ဟိုး. . . နှစ်ကျိပ်ရှစ်ဆူလည်း မပါဘူး၊ ဂဂေါ၀ါဠသဲစုမက ပွင့်တော်မူကြတဲ့ဘုရားရှင်တွေကိုလည်း တို့ရှောင်လွှဲခဲ့ကြတယ်၊ မရှောင်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



*အခွင့်ကောင်းတွေ တရှောင်ရှောင်လွဲခဲ့ပြီမို့ . . .*

မြန်မာနိုင်ငံမှာ သက်ရှိထင်ရှား ဘုရားလို့ဆိုလောက်တဲ့ - မိုးကုတ်ဆရာတော်ဘုရားကြီးတို့၊ ကျေးဖူးရှင်လယ်တီ ဆရာတော်ဘုရားကြီးတို့၊ မိုးညှင်းဆရာတော်ဘုရားကြီးတို့၊ ဝေဘူ ဆရာတော်ဘုရားကြီးတို့ အဲဒါတွေလည်းပဲ ရသင့်ရနိုင်၊ ကြုံသင့်ကြုံနိုင်၊ ကြုံခွင့်ဆိုက်ကြပါလျက်နဲ့ အဲဒါတွေနဲ့ မဆည်းကပ်လိုက်နိုင်ဘူး၊ မကြုံလိုက်နိုင်ပါဘူး၊ မတွေ့လိုက်နိုင်ကြပါဘူး၊ ရှောင်လိုက်ကြတာပဲ မဟုတ်ဘူးလား။

*အခွင့်ကောင်းတွေ တရှောင်ရှောင်လွဲခဲ့ပြီမို့*
*ဝက်ပါအမှောင်ထဲမှာလ*
*တစ်ယောက်ထဲယောင်လည်လည်နဲ့ . . .*

အမှောင်ကျတော့မှာလေ၊ ၂၅၀၀ ကုန်သွားရင် အမှောင်မကျပေဘူးလား၊ အမှောင်ကျပြီ၊ အခု ၇၅ နှစ်သက်တမ်းကနေပြီး တဖြည်းဖြည်း ဆုတ်ဆုတ်၊ ယုတ်ယုတ်သွားတဲ့ ၁၀နှစ် သက်တမ်းရောက်ရင် အမေက သားကိုသတ်၊ သားက အမေကိုသတ်၊ အဖေက သားကိုသတ်၊ သားကအဖေကိုသတ်၊ အဲဒီအချိန်တွေ ရောက်တော့မယ်။ ဒီ ၁၀ နှစ်တမ်းက ပြန်တက်ပြီးတော့ တဖြည်းဖြည်းပြန်တက်လာပြီးတော့ အသင်္ချေယျတန်းရောက်။

အဲဒီ အသင်္ချေကနေပြန်ဆုတ်လို့ တသိန်းတန်း- အဲဒီ အချိန်ရောက်မှ အရိမေတ္တေယျမြတ်စွာဘုရားပွင့်မယ်၊ ဒီလို မဟုတ်ဘူးလား၊ အဲဒီ အရိမေတ္တေယျမြတ်စွာဘုရားပွင့်တော်မူပြီး

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်၊ အဲဒီသတ္တလောကကြီး ဒီကမ္ဘာကြီးမှာဖြင့် ဘုရားမပွင့်တဲ့ သုညကမ္ဘာကြီး- ဆက်ကာ ဆက်ကာ လာတော့မယ်၊ မှောင်ကျတော့မယ်နော်။

*အခွင့်ကောင်းတွေ တရှောင်ရှောင်လွဲခဲ့ပြီမို့၊*
*ဝက်ပါအမှောင်ထဲမှာလ*
*တယောက်ထဲယောင်လည်လည်နဲ့*
*ခရီးသည်*
*အိုဘယ့် . . . သံသရာခရီးသည်*
*ခရီးသည် သင့်နောင်ရေးကို*
*သူတော်ကောင်းတွေက တွေးရစိတ်မော . . .*

သူတော်ကောင်းတွေက အဲဒီလို ခရီးသည်တွေရဲ့ဘဝကို ကြည့်ပြီးတော့ အရမ်းသနားတော်မူကြတယ်၊ ဒီလိုမဟုတ်ဘူးလား၊ ဒို့ကတော့ ထမ်းဆောင်ဆဲပဲ မဟုတ်ဘူးလားဟော့ . . . ၊ အမယ်လေး ပျော်သမှုပျော်၊ သွားနေကြတာလေ၊ ဟိုမှာနေကျတော့မယ်၊ တောင်စွယ်မှာဖြင့် နေကွယ်နေပြီနော်။

*အထုပ်ကလေးတွေ ကိုယ်စီထမ်းပါလို့*
*လာလမ်းကိုတဲ့မျှော်သင့်တယ်၊*
*နေမဝင်ခင် ညောင်ညိုရိပ်မှာ*
*မမှောင်ခင် ညောင်ညိုရိပ်မှာ*
*ချွေးသိပ်ကြမယ် (မဟုတ်ဘူးလား)*
*ကြည့်စမ်းဟယ်*

www.burmeseclassic.com

www.burmeseclassic.com



ဟိုအနောက်တောင်စွယ်မှာဖြင့်
နေကွယ်လုပါပကော . . .
အခွင့်ကောင်းတွေ တရှောင်ရှောင်လွဲခဲ့ပြီမို့
ဝက်ပါအမှောင်ထဲမှာလ
တယောက်ထဲယောင်လည်လည်နဲ့
ခရီးသည် . . .
အိုဘယ့် . . . သံသရာခရီးသည်
ခရီးသည် သင့်နောင်ရေးကို ကွယ်. . . တွေးရစိတ်မော

ဘဂ်ညဏ်ရောက်တော့ ရေးထားတာ၊ ခုမှ ရေးထားတာ၊ ငယ်မူပြန်တာ၊ သူငယ်ပြန်တာပေါ့နော်

ကိုယ့်ဘဝကိုယ်ပြန်ကြည့်လိုက်တဲ့အခါမှာတော့ ဘုန်းကြီးလည်းဖြစ်ခဲ့တယ်၊ လူပျိုတော်လည်းဖြစ်ခဲ့တယ်၊ စာရေးဆရာလည်းဖြစ်ခဲ့တယ်၊ ဆေးဆရာလည်းဖြစ်ခဲ့တယ်၊ ၂၄ နှစ်ထဲက ကထိကကြီးဖြစ်ခဲ့တယ်၊ ၆၀ ကျော်မှ ပါမောက္ခကြီးဖြစ်ခဲ့တယ်၊ ၇၀ ကျော်တဲ့အထိ တခါထဲ အကြံပေးပုဂ္ဂိုလ်ကြီးဖြစ်တယ်၊ စုံလိုက်တာ ကိုယ့်အထုပ်ကိုယ် ပြန်ပြန်ဖြေကြည့်တာလေ . . .။

ဟိုက လူမည်းမည်းကြီးဖြေမကြည့်ခင် ကိုယ့်အထုပ်ကိုယ် ပြန်ဖြေကြည့်တာ၊ ကိုယ်လာခဲ့တဲ့လမ်းကို ပြန်ကြည့်တာ၊ ဟေး. . . ငါတက်ခဲ့တာတွေဟာ တကယ်တော့ မတတ်တာပါကလား၊ ရှစ်နှစ်သား၊ ကိုးနှစ်သားကတည်းက ကိုယ့်ဇာတာကိုယ့်ဟာကိုယ်ဖွဲ့နိုင်တယ်၊ အဲဒီလောက်အထိ ဗေဒင်တွေတတ်ခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်ကျော်တော့ ကဗျာတွေရေးနိုင်တယ်၊ ပါဠိလို ရေးနိုင်တယ်၊ ပါဠိလိုပြောနိုင်တယ်၊ ပါဠိအသင်းတွေဟာ . . . မုံရွာဇေတဝန်ကတိုက်ထဲမှာ တည်ထောင်ခဲ့တယ်။

တတ်လိုက်တဲ့ငါ၊ ဒီလိုမဟုတ်ဘူးလား၊ ငါတတ်တာတွေဟာ ခုတော့ ငါမတတ်တာတွေပါကလား။

**တယ်ဟုတ်တဲ့ငါ**

*အသက်က ၇၀ ရှိလာပြီ။*

*"နေမဝင်ခင် ညောင်ညိုရိပ်မှာ ချွေးသိပ်ရတော့မယ်"*

*တော်သေးတာပေါ့နော်၊ ချိတ်မိရုံလေး။*

*နေမဝင်ခင် ညောင်ညိုရိပ်မှာ ချွေးသိပ်စို့ကွယ် . . .*

*ကြည့်စမ်း . . . ဟယ် . . .*

*ဟိုအနောက်တောင်စွယ်မှာဖြင့်*

*နေကွယ်လုပါပကော . . .*

*အခွင့်ကောင်းတွေ တရှောင်ရှောင်လွဲခဲ့ပြီမို့၊*

နော် . . . ကျွန်တော်ဆိုရင် လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ ဝေဘူဆရာတော်၊ ခန္တီးဆရာတော် . . . တတ်နိုင်သမျှ ကိုယ့်ဟာကိုယ် နေသာထိုင်သာရှိအောင်တော့ ဆောင်ရွက်ခဲ့ပါတယ်။

ဒီတရားထက် ဟိုဟာလေးကပိုအရေးကြီးတော့ ဟိုအထုပ်တွေထုပ်နေတာ၊ ထားခဲ့ရမယ့်ဟာတွေချည်းပဲ ကိုယ်ကလျှောင်

www.burmeseclassic.com

www.burmeseclassic.com



ထုပ်နေတာ . . . အမယ်လေးနော်။ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ကြီးဆိုပြီးတော့ မြန်မာနိုင်ငံ တစ်ဝန်းတစ်လျား လှည့်ပတ်၊ သူတို့ကလည်း မြှောက်ကြသကိုး ။

လေယာဉ်ပျံကြီးနဲ့ လှည့်ပတ်ခေါ်တယ်၊ ဟိုဘက်က တိုင်းမျုးကြီးတွေ ဘာတွေက ဆီးကြို၊ သူတို့ရဲ့ တကယ့်နေရာတွေမှာထား၊ ကောင်းတာတွေကျွေး၊ ဩော် . . . အတော်ဟုတ်တဲ့ 'ငါ'၊ ဒီလိုမဟုတ်ဘူးလား ။

တစ်ခါတည်း မြန်မာနိုင်ငံ တစ်ဝန်းတစ်လျား လှည့်ပတ်ပြီးတော့ စာတွေပြတယ်၊ တရားတွေဟောတယ်၊ သာသနာရေးအကြံပေးပညာရှင် ဒေါက်တာမင်းတင်မွန်ကြီးကလည်း အင်မတန်မှ လောဘကြီးတာ။ သူက ၄ နာရီလောက်ဟောရမှ ကျေနပ်တယ်နော်။ "ဆရာ ကြည့်လုပ်နော်။ ဆရာ . . . ဒါ ကိုယ့်အတွက် ပါမှာမဟုတ်ဘူး။" အတော်တတ်တဲ့ 'ငါ' တွေနော် . . . ကျွန်တော်တို့က။

ကျွန်တော် ကျိုင်းတုံရောက်တဲ့အခါကျတော့ နည်းနည်းလေးသံဝေဂရလာတယ်။ မြန်မာပြည်တစ်ပတ်လောက်ရတော့ အတော်လေး သံဝေဂရလာတယ်။

ပြည်နယ်၊ ခန်းမတွေမှာ မဟောဘူးတဲ့နေရာမရှိတော့ဘူး။ ကျိုင်းတုံရောက်တာ တစ်ပတ်လောက်ကျတော့ နည်းနည်းလေးကိုယ့်ကိုယ်ကိုပြန်စဉ်းစားလာတယ်။ နောက်ကြောင်း ပြန်ကြည့်တာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အထုပ်ကိုယ် ပြန်ဖြေကြည့်တာပေါ့လေ။ ကဗျာလေး တစ်ပုဒ်။ ပထမ သင်တန်းဖွင့်တဲ့ရက်က ဆရာ၊ ဆရာမတွေပဲ ထင် တယ်။ အဲဒီ ဆရာ၊ ဆရာမတွေကို ပထမဆုံး ဗုဒ္ဓဘာသာသင် တယ်။ သင်တော့ တက်ကြတာပေါ့လေ ။

ဟို ပြည်နယ်မှာအကြီးအမှူးဖြစ်တဲ့ ဒုဗိုလ်မှူးကြီးအဆင့် လောက်ရှိတဲ့ ပုဂ္ဂိုလ်တွေကပေါ့လေ. . . ထိုင်စောင့်ပြီးတော့ တစ်ခါတည်းနားထောင်ကြတယ်။ သူတို့ကလည်း မှတ်သားကြ ပေါ့လေ။ လေ့လာကြ၊ အကဲခတ်ကြတာပေါ့။

သူတို့ကို သင်တန်းမပေးခင် Blackboard မှာ ကိုင်း . . . ဆရာ၊ ဆရာမတို့ ကူးရေးကြပါ။ မြေဖြူနဲ့ ရေးလိုက်တယ်။

*မြန်တစ်ခွင်လှည့် စာပြ၊ ဘာမှလဲ မပီ*

အသံကလည်း အဲဒီအတိုင်းဆိုပြီးတော့ရေးတယ်။ ရေး . . . ဆရာ၊ ဆရာတွေ။

*မြန်တစ်ခွင်လှည့် စာပြ၊ ဘာမှလည်းမပီ*

ပြီးပြီလား . . . ? ပြီးပြီးနော်။

" မင်းတိုင်းကျေဆိုစကား နားဝလို့ အီ" နော်။

တစ်နိုင်ငံလုံး အဲဒီလိုလုပ်နေကြတာ . . . အထူးပြောစရာ မလိုတော့ဘူး ။ အားလုံးသိပြီနော်။

အဲဒီလိုပြောတော့ တက္ကသိုလ်ထဲက ဆရာများက ဘာပြော သလဲ . . . ။ ၂ နှစ် ဆရာကြီးခေါ်ပြီး လာဟောပေးပါဦးတဲ့။ ဒီကလည်း ခပ်ဆတ်ဆတ်လေး ဟောတတ်သကိုး။

www.burmeseclassic.com

www.burmeseclassic.com



အမယ် . . . အစကတော့ ငါဟောတာ ကြိုက်တဲ့လူလို့ ထင်ပြီးတော့ မြှောက်သွားတာပေါ့နော်။ အတော်ဟုတ်တဲ့ ငါပဲ။ (ဟုတ်တုတ်ဟုတ်တုတ်နဲ့) အဲဒါနဲ့ ဆရာကြီးတဲ့ . . . ဝန်ကြီးကလည်း နားမထောင်ရသေးဘူး။ တချို့တွေလည်း နားမထောင်ရသေးဘူး။ Profesor လေးငါးယောက်လောက်သာ နားထောင်ရသေးတယ်တဲ့။ သမိုင်းတွေ သိပ္ပံတွေ . . . ဒီကနေ့ ကမ္ဘာမှာ ဘယ်လိုဖြစ်ပျက်နေတာတွေ အကုန်လုံးချိပြီးတော့ဟောတာ။ အကုန်လုံး ပြည့်စီးပွားရေး၊ ကြီးပွားရေးတွေ ဟောတာ။ နောက်နေ့လည်း ဒါမဲ့ဟောပါဦးဆိုတော့ ၊ ကိုယ်ကလည်း ငတုံးဆိုတော့ နည်းနည်းစဉ်းစားလာပြီ။ ဒီကောင်တွေ "ငါ" လူမိုက်ငှားတာပါလားဆိုတာ။

အခုလည်း တရားရုံးကရှေ့နေကြီး ဦးမင်းတို့ကို သိပ်ယုံတာ မဟုတ်ဘူး။

*"မြန်တစ်ခွင်လှည့် စာပြ၊ ဘာမှလည်း မပီ*
*မင်းတိုင်းကျေ ဆိုစကား၊ နား၀လို့ အီ၊*
*မျိုးချစ်စိတ်ခိုင်ကြည် ဖွံ့စည်ဖို့လျာထား၊"*

တို့နိုင်ငံတော်အကြီးအကဲတွေက မျိုးချစ်စိတ်တွေ တစ်ခါတည်း တစ်နိုင်ငံလုံး၊ နောက် . . . New Generation ဘာညာပေ့ါ။ ဒီပုဂ္ဂိုလ်တွေ မျိုးချစ်စိတ်တွေ့ ထက်သန်ပြီးတော့ ဘက်စုံဖွံ့ဖြိုးတဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ဒီလိုလျာထားပြီးတော့ ဆောင်ရွက်တာ။ မင်းတို့ ပေ့ါပေ့ါဆဆ မလုပ်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မျိုးချစ်စိတ်ခိုင်ကြည် ဖွံ့စည်ဖို့လျှာထား
စာရိတ္တခိုင်ကြည် ဖွံ့စည်ဖို့လျှာထား"

ဒီလိုမဟုတ်ဘူးလား။ အခု စာရိတ္တတွေ ဘယ်ရောက်ကုန်ပြီလဲ။ မျိုးချစ်စိတ်တွေကော . . . နောက်က အထုပ်ထဲမှာ ဟိုမည်းမည်းပုဂ္ဂိုလ်ကြီးက ဖြေကြည့်မှာဗျား ။

"မျိုးချစ်စိတ်ခိုင်ကြည် ဖွံ့စည်ဖို့လျှာထား"

နိုင်ငံတော်အကြီးအကဲက ဒီလိုအမြော်အမြင်နဲ့ လုပ်တာပါ။ အောက်ကနေ ဝိုင်းပြီးတော့ လိမ်နေကြတာ၊ သူတို့ကလည်း အလိမ်ခံနေကြရတာပါပဲဗျာ။

ဟိုးရှေးတုန်းက ပုဂ္ဂိုလ်ကြီးတစ်ယောက်ကိုလည်း အဲဒီလို ဝိုင်းလိမ်လိုက်ကြတာ။ တစ်ခါတည်း ကျွမ်းပြန်ကျသွားတာပဲ။ "မုသာဝါဒ" တစ်ခုတည်းနဲ့ တိုင်းပြည်ပျက်နိုင်တယ်။ ကမ္ဘာပျက်နိုင်တယ်။ ဒီလို မဟုတ်ဘူးလား။

တကယ်တော့ သူတို့က ရည်ရွယ်ချက်ကောင်းတယ်၊ အမြော်အမြင်ကြီးတယ်၊ တကယ်လည်း သူတို့လုပ်ကြတယ်၊ အောက်ကဝိုင်းပြီးတော့ ညာကြတယ်၊ အဲဒီ ညာတာတွေဟာ အဲဒီလူတွေကိုပဲ ပြန်ထိတယ်နော်။

ဟို ဟိန္ဒူ ဖတ်စာလေးတစ်ခုထဲမှာ အမျိုးသမီးတစ်ယောက်က ရသေ့ကြီးနားကပ်ပြီး ပြုစုတဲ့ ကပ္ပိယကြီးကို အမြင်ကပ်လို့ အဆိပ်တွေထည့်ပြီး မုန့်လုံးလုပ်ပြီးတော့ ကျောင်းကိုသွားပို့ပြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့သားလေးကလည်း အဲဒီကျောင်းမှာရှိတယ်။ ရသေ့ကြီး ဆီတော့ မပို့တော့ဘူး။

ကပ္ပိယကြီးပဲ ဘုဉ်းပေးလိုက်တော့။ ရသေ့ကြီးအတွက် နောက်ထပ်လာပို့မယ်ပေါ့။ အဲဒီတော့ ကပ္ပိယဘိုးသူတော် ဘယ် စားလိမ့်မလဲ။ မစားဘူး။ သူက သည့်ပြင်ဟာတွေစားထားတာ ဝတော့ အဲဒီကလေးကိုကျွေးလိုက်တယ်။ ကျွေးတော့ အဲဒီ ကလေးက အဲဒီမုန့်လုံးစားလိုက်တော့ သေပါလေရော။ ကလေး သေတော့ ဖွင့်ပြီးတော့ မငိုရဲဘူး။ မဟုတ်ဘူးလား . . . ။

အမယ်လေး . . . 'ကပ္ပိယကြီး ထမ်းထမ်း၊ ငါ့သား ပြန်းပြန်း' နဲ့ ငိုရတယ်တဲ့နော်။ ကိုယ်လုပ်တာ ကိုယ့်ပြန်ထိတာ၊ မဟုတ်ဘူး လား . . . . ။

အောက်ကနေ ဝိုင်းလိမ်လိုက်ကြတာ။ ကိုယ်ကတော့ သိတယ် အောက်မေ့တာပေါ့နော်။ "ထန်းပင်ပေါ်က ဆာပေး" ဆိုတဲ့ ဝေါဟာရတောင် တွင်နေသေးတယ်လေ။ ဒါ. . . အားလုံး သိပြီးသားပါ။ အကုန်လုံး သိတာပဲ။

အဲဒီတော့ လူကြီးတွေကတော့ အကျိုးရှိအောင် ဆောင် ရွက်ပါတယ်။ အမြော်အမြင်လည်း ရှိပါတယ်။ အောက်ကလူ တွေက ဝိုင်းပြီးလိမ်နေကြတာ။ ညာနေကြတာ။ ဒါတွေ သွား တွေ့တယ်။ သွားတွေ့တော့ -

www.burmeseclassic.com

www.burmeseclassic.com



"မြန်တစ်ခွင် လှည့် စာပြ၊ ဘာမှလဲ မပီ၊
မင်းတိုင်းကျေဆိုစကား နားဝလို့ အီ၊
လူကြီးတွေကတော့ . . .
မျိုးချစ်စိတ်ခိုင်ကြည် ဖွဲ့စည်းဖို့ လျာထား။
တို့တစ်တွေ ဒီပုံနဲ့
ဘက်ပေါင်းစုံ ရွှေဘုံခရီးကို
ကိုယ်တို့ရေ နီးပါ့မလား . . .။

ရေးကွ . . . ဆရာမတွေ၊ ဆရာတွေလည်း ရေးကြဟ၊ 'ကလေး'တွေပြန်သင်၊ ကျုပ်က အဲဒီလို ရေးလိုက်တော့ ဟို . . . ဒုတိယဗိုလ်မှူးကြီးက မျက်လုံးပြူးသွားတယ်။ ဗိုလ်မှူးကြီး . . . အဲဒီ ကဗျာလေးရေးမထားဘူးလားလို့ ပွဲပြီးလို့ မေးကြည့်တော့ အဲဒီ မုသာဝါဒတစ်ခုတည်းနဲ့ တိုင်းပြည် ပျက်နိုင်တယ်ဗျာ တဲ့. . . .။

အဲဒီတော့ တစ်နိုင်ငံလုံး အစိုးရဘက် လက်ညှိုးထိုးပြီးတော့ သူ့ကြောင့်လို့ပြောတာ။ 'ငါ'က ဘယ်လောက်ကောင်းလို့တုန်း။ ဘယ့်နှယ့် ဥက္ကဋ္ဌကြီး. . . အေးဗျာ၊ ဒါ နိုင်ငံရေးပြောတာ မဟုတ် ဘူးနော်။ 'ဓမ္မ' နဲ့စပ်ပြီး ပြောတာ။

အဲဒီ 'အဓမ္မ ဝါဒ' အကျင့်ပျက်မှုတွေ အိမ်တိုင်း၊ အိမ်တိုင်း မှာ ရောက်ကုန်ပြီ။ တင်းတောင်းတွေ အလေးတွေလည်း မှုမမှန် တော့ဘူး။ ဟို အန်၊ အလျားပေနဲ့ တိုင်းရမယ့်ဟာလည်း အကုန် လျော့နော်။ သစ်တွေ၊ ဝါးတွေ အကုန်လုံး ပေမမီ။ အနံမမီ။ ဒီ့ပို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်တာ မဟုတ်လား။ အဲဒီတော့ အဲဒီတောင်းတွေ၊ တင်းတွေက ပေမမီတာလား၊ ကျပ်မပြည့်တာလား?။ လူတွေက ကျပ်မပြည့်တာလား?။ လူတွေက ပေမမီတာ မဟုတ်ဘူးလား? အကုန်လုံး ပေမမီ၊ ဒေါက်မမီ၊ ကျပ်မပြည့်။ အဲဒီ နိုင်ငံတော်ကြီး ဘယ့်နှယ့်တုန်းဟေ့ . . . ရွှေဘုံခရီးသွားကြမယ်တဲ့၊ ရောက်ပါ့မလား။

**အဆိုးအကောင်း ခွန်တွဲနေတဲ့လောက**

**အေး အဲဒီ အဓမ္မဝါဒကို တားဆီးဖို့ရာ အဓမ္မနည်းနဲ့ လုပ်လို့ရပါ့မလား။**

နဟိ ဝေရေန ဝေရာနိ၊ သမ္မာ ဣဓ ကုဒါစနံ။

အခု ကမ္ဘာတစ်ဝန်းလုံး အားနဲ့ဖိပြီးတော့ ကြီးတဲ့လူက နိုင်တဲ့လူကို ဖိတာပေါ့။ ဖိဖို့ လုပ်နေကြတာ မဟုတ်ဘူးလား။ မီးလောင်တိုက်ထဲ သွင်းနေကြတာ မဟုတ်ဘူးလား။

အာဖဂန်နစ္စတန်တို့လေ၊ နှမြောလိုက်တာဗျာ၊ ကိုယ်က သမိုင်းသိတာကိုး။ အာဖဂန်နစ္စတန်ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ တက္ကသိုလ်ကြီးဆိုတာ အဲဒီမှာရှိတာ။ အာနာပါနနဲ့ ပတ်သက်လို့ စိန်မှူနာပေးရလောက်အောင် ရှင်ဘုရင်ဘဝနဲ့ပြာသာဒ်ပေါ်မှာ တစ်ခါတည်း ၁၅ ရက်တည်းနဲ့ အားထုတ်လိုက်တာ စတုတ္ထဈာန် အထိ ရတယ်ဆိုတဲ့ တက္ကသိုလ်ဘုရင်ဆိုတာ အဲဒီ အာဖဂန်နစ္စတန်ကဗျာ . . .။

**မစ္စတာနေရှူးက ပြောတယ်**

**'Afaganistan was then called Gandhāra.'**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က ဒီသမိုင်းကိုသိတော့ သူတို့ပျော်ပျော်ကြီး မီးလောင်တိုက်တွေသွင်းလေ၊ ကိုယ့်မှာ ရင်လေးလေ၊ ဘုရားကြီး တွေဖြိုချတာ မြင်ရလေ။ T.V မကြည့်ရဲဘဲ မျက်စိမှိတ်ထားရ တယ်။ တစ်လောကလုံး အမှောင်ကျတော့မယ်ဗျာ။ အဲဒီ အဓမ္မ ဝါဒတွေကို တားဆီးနိုင်တာ ဘာတုံး။ ဓမ္မဝါဒကပဲ တားဆီးနိုင် မယ်။ အဲဒါကြောင့် အဓမ္မဝါဒတွေ တစ်ဖက်က နင်းကန်ပြီးတော့ အားကောင်းလာတဲ့အချိန်မှာ ၊တစ်ဖက်က ရန်သူဟာ အား ကောင်းလာတဲ့အချိန်မှာ ရိုးရာလက်နက်ကလေးနဲ့ အပ်ကလေးနဲ့ သံကလေးနဲ့ ဓားကလေးနဲ့ ရပါတော့မလား။

ဒီဘက်ကလည်း ခံစစ်ကလည်း ပိုပြီးတော့ အင်အား ကောင်းတဲ့ လက်နက်တွေ မလုပ်သင့်ဘူးလား။ မရှာသင့်ဘူးလား။

ဟော. . ဒီကနေ့ ရှေ့ကယောဂီများ ပြောသွားတဲ့ အာနာ ပါန၊ တစ်ခါတည်း နိမိတ်နဲ့လှမ်းထိုးကြည့်လိုက်ရင် ကုလသမဂ္ဂ ကိုဖီအာနန်းရဲ့အခန်းထဲမှာ ဘာတွေလုပ်နေတယ်၊ ဘယ် သူတွေ ထိုင်နေတယ်ဆိုတာ မတွေ့နိုင်ဘူးလား၊ အေးဗျာ၊ ချမ်းသာကြ ပါစေ . . . ။

ဘုရှ်တို့ . . . ပူတင်တို့ တိုနီဘလဲတို့ ပါးလ်ဝဲတို့ . . . . သူတို့ ၃-၄ ယောက်လက်ထဲရှိနေတာ မဟုတ်ဘူးလား။ ကမ္ဘာ ကြီးကို အုပ်ချုပ်နေတာ သူတို့ ၄ ယောက်တည်းရယ်။ အိမ်တစ် အိမ်မှာ အုပ်ချုပ်နေတာ ၂ ယောက် ၃ယောက်တည်း မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ နိုင်ငံတစ်ခုကော၊ အဲဒီလူတွေ အသိမှန် အမြင်မှန် ရကြပါစေ။ နိမိတ်နဲ့ လှမ်းထိုးပြီးတော့ အဝေးရော ဟောတု . . . အဲဒီလို ဓမ္မတွေလုပ်ရမှာပျား။ မီးကို ရေနံဆီလောင်းရမှာ မဟုတ်ဘူး။ ရေလောင်းရမှာ၊ ဒီလို မဟုတ်ဘူးလား . . .။

နင့်ရုပ်၊ နင့်နာမ်၊ နင့်သဏ္ဌာန်ဝယ်၊ နင့်ဉာဏ်မစူး အပေါ်ဖြူး၍၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

အဲဒီတော့ အဲဒီလို မကုန်ရအောင် ဓမ္မတွေ၊ အဓမ္မတွေ အားကြီးထွန်းကားတဲ့အချိန်၊ တစ်ဖက်က ရန်သူကပိုပြီးတော့ အားကောင်းလာတဲ့အချိန်မှာ ကိုယ့်ဘက်ကခံစစ်က ပိုပြီးတော့ အင်အားရှိတဲ့ ဗျူဟာမြောက်တဲ့ ဓမ္မတွေ ဖော်ထုတ်ရမယ်နော်။

သိပ္ပံပညာတွေဟာ တစ်နေ့ထက်တစ်နေ့ဆန်းကြယ်မလာဘူးလား။ မျက်စိအောက်မှာတင် သိပ်ဆန်းကြယ်တာပဲ။ သိပ်တိုးတက်လာတယ်။ သိပ်အောင်မြင်လာတယ်။

စစ်တိုက်တာ လူအုပ်ကြီးနဲ့ မတိုက်တော့ဘူး။ ခလုပ်နှိပ်လိုက်တာနဲ့ 'ဒိုင်း'ဆိုသွားတယ်။ ဒီလို မဟုတ်ဘူးလား။

အေး . . . ဟို ပြောလက်စနဲ့ ဆက်ပြောကြဦးစို့။ တရားကနေပြီးတော့ ဓမ္မကနေပြီးတော့ အဓမ္မ ဒီကဏ္ဍသုတ်က အဖြူအမည်း၊ မြတ်စွာဘုရားက ဒီလိုဟောတာကိုး။ ဒီသဘောပါပဲ။

အဲဒီတော့ ၂၀ ရာစု သမိုင်းဆရာကြီး အတွေးအခေါ် အနုမြူဖခင်ကြီးလေ. . . အိုင်းစတိုင်း (Einstein)၊

အိုင်းစတိုင်းက အလယ်အာရှကိုလာတဲ့အခါ အလယ်

www.burmeseclassic.com



အာရှသားတွေက ဆိပ်ကမ်းတွေ ဘာတွေမှာပေါ့လေ။ တုံးကြီးတွေ၊ ကုန်စည်ထုပ်ကြီးတွေကို တစ်ခါထဲ ထမင်းလုံးကို ပရွက်ဆိတ်ချီသလိုလှည့်ပတ်ပြီးတော့ သယ်နေကြတာဆိုတော့ အိုင်းစတိုင်းက ကမ်းပေါ်ကနေကြည့်ပြီးတော့ သနားနေတာ . . . ဩော် ဒီလူတွေ အတော်သနားစရာကောင်းတဲ့ အာရှတိုက်သားတွေပါလား . . . Energy Power နော် . . . ဒါတွေကို သူတို့မသိဘူး၊ မောင်းတံရဲ့အင်အား၊ ရွေ့လျားမှုရဲ့ နိယာမ၊ မောင်းတံရဲ့နိယာမနော် . . . ဒါတွေရှိတယ် မဟုတ်ဘူးလား၊ ဒါကို ကရိမ်းကြီးနဲ့ကော်လိုက်ရင် အသာလေး။ လူဇွစ်ထောင်လောက် ဝိုင်းပြီးတော့ သယ်နေတဲ့ဟာ။

ဒါတွေကိုမသိပဲနဲ့ လူအားကိုးနဲ့ သယ်နေတာကိုး. . . ထမင်းလုံး ပရွက်ဆိတ်ချီနေသလို ကုန်စည်တွေကို သယ်နေကြတဲ့ အာရှတိုက်သားတွေကို မြင်တဲ့အခါကျတော့ အိုင်းစတိုင်းက အရမ်းသနားတယ်။

မြတ်စွာဘုရားက ကျွန်တော်တို့ကို သနားတယ်ဆိုတာ သူတော်ကောင်းတွေက သနားတော်မူတာ . . . အဲဒီအင်အားကို မမြင်လို့ ဆင်းရဲနေကြတာတွေ့လို့ သနားတော်မူတာဗျား။

အခု ဓမ္မတွေက စွမ်းသထက်စွမ်းတဲ့ ဓမ္မတွေကို ဖော်ထုတ်နိုင်ကြပြီ။ စွမ်းသထက်စွမ်းတဲ့ လက်နက်ဆန်းတွေ ဖော်ထုတ်နိုင်ကြသလို၊ စွမ်းသထက်စွမ်းတဲ့ ဓမ္မတွေကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကစပြီးတော့၊ မိုးကုတ်ဆရာတော်၊ မဟာဘူ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၊ မဟာစည်ဆရာတော်၊ နောက်ဆုံးဆရာကြီး ဦးဂိုအင်ကာ၊ သာသနာမှာ အင်မတန်ကျေးဇူးများတဲ့ ပုဂ္ဂိုလ်တွေ။

တစ်ကမ္ဘာလုံးမှာရှိတဲ့ ဆရာကြီးရဲ့ရိပ်သာတွေမှာ ဓမ္မမိတ်ဆွေများသိပြီးဖြစ်တဲ့အတိုင်း နေ့စဉ် သောင်းချီပြီးတော့ တရားထိုင်နေကြတာဗျာ။ ကျွန်တော်ကိုယ်တိုင် "ဘုံဘေ"ကို နှစ်ခေါက်တိတိရောက်ပါတယ်နော်။ ၅ လလောက် ကြာပါတယ်။

ဟိုမှာ ဗုဒ္ဓဘာသာတွေတစ်ယောက်မှမရှိဘူး။ ၅၀၀ လောက်ထိုင်ကြတာ။ ဗုဒ္ဓဘာသာဆိုလို့ ကျွန်တော်တို့ ၄-၅ ယောက်ပဲရှိတယ်။ ပြန်လာတော့ ကျွန်တော်တို့အဖွဲ့နာမည်ရတယ်ဗျာ။ မြန်မာပြည်သား ၄-၅ ယောက်ကလေ။ ဗမာပြည်က အဖွဲ့ဟာ စကားအများဆုံးပဲတဲ့။ ဗမာ့နည်း၊ ဗမာ့ဟန်က အဲ့ဒီမှာလည်းပါတယ်နော်။ ကျွန်တော်တို့မှာ ရိုးရာတွေသိပ်များတယ်၊ အပေါ်ယံဖြူးနေတာတွေက သိပ်များတယ်။

အဲဒီတော့ နိဂုံးမချုပ်ခင် ဘုံဘေမှာတွေ့ရခဲ့တဲ့ Story လေး တစ်ခုပြောပါရစေ။

ဘုံဘေမှာ Simena ဝိပဿနာဆွေးနွေးပွဲ ကျွန်တော်တို့ မြန်မာလို၊ ဟိန္ဒူလို၊ အင်္ဂလိပ်လို ၃ ဘာသာ စာတမ်းတင်သွင်းရတယ်။ အဲဒီတော့ Simena ပွဲလုပ်ဖို့ ၃ ရက်လောက် အချိန်ရနေသေးတော့ ဆရာကြီးဂိုအင်ကာက အချိန်လည်းမကုန်ရအောင် မြန်မာနိုင်ငံကယောဂီများကို ဗဟုသုတအဖြစ် အဲဒီဘုံဘေပတ်ဝန်းကျင်မှာ လက်တစ်ကမ်းမှာရှိတဲ့ ဘုရားတွေ ဖူးရအောင်ဆိုပြီးတော့ ပိုက်ဆံတွေပေးပြီးတော့ လွှတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းလေးပြောပါရစေ

ဟိုခေတ်က ဆိုရှယ်လစ်ခေတ်က၊ အလွန်ရှားရှားပါးပါး နိုင်ငံခြားကိုသွားရတယ် အဲဒီခေတ်က။ ပြောရဦးမယ်။ သတိရလာလို့ . . .။

အဲဒီလို သွားရတဲ့အခါမှာ ဒီကိုဝင်ရင် ၃ ရက်ပဲနေရတယ်။ နိုင်ငံခြားသားဆိုရင် ဒီကလူကလည်း အပြင်ကိုမသွားရဘူး။ ကျွန်တော်တို့ တော်တော်ကံကောင်းတယ်။ လူ ၅ ယောက်နော်။

အဲဒီတော့ လမ်းဘေးစာအုပ်ဆိုင် ကျွန်တော်တို့က စာအုပ်အဟောင်းလေးတွေဆိုရင် မက်မောတယ်။ စာအုပ်တွေ ဝင်ဝယ်တာပေါ့ဗျာ။ နိုင်ငံခြားသွားရင် အရေးကြီးတဲ့စာအုပ်ကလေး ဝင်ဝယ်တာပေါ့ဗျာ . . . ရလိုရငြား။

အဲဒီတော့ နိုင်ငံခြားသွားမလို့ ဘာညာကြွားလိုက်တော့ စာအုပ်သည်ကြီးကမေးတယ်။ ဟာ. . . ဆရာတို့များ ဟုတ်လိုက်တာဆရာ၊ နည်းကောင်းလေးများရရင် ပေးစမ်းပါတဲ့။ စာအုပ်ရောင်းတဲ့အဖိုးကြီးက။

အဲဒီတော့မှ ခေါင်းထဲ ဒိုင်းခနဲပွင့်သွားတယ်။ စာအုပ်သည်ကြီးဟာ နိုင်ငံခြားသွားတဲ့နည်းကောင်းလေးများရှိရင် ပေးစမ်းပါတဲ့။ ဘုရားဖူးသွားတဲ့ နည်းကောင်းလေးများရှိရင်။ အဲဒီတော့မှ စိတ်ထဲက ဘွားခနဲပေါ်လာတယ်။ ဘာပေါ်လာသလဲဆိုတော့ အဝိဇ္ဇာဟိတ သံဝေဇနီမှာရှိတဲ့ မြတ်စွာဘုရားရှင်တွေ . . . ဒါက ဖွားတော်မူတဲ့နေရာ၊ ဒါက ပွင့်တော်မူတဲ့နေရာ၊ ဒါက ဘုရားဆူ

www.burmeseclassic.com

www.burmeseclassic.com



ဆူတို့ရဲ့ သဗ္ဗညုတဉာဏ်ရတော်မူတဲ့ ဗောဓိမဏ္ဍိုင်။ အဲဒီလိုသိ အောင်လုပ်ခဲ့တာ။ အသောကမင်းကြီးကျောက်တိုင်တွေစိုက်ခဲ့တာ မှန်သော်ငြားလည်းပဲ တကယ်စောင့်ရှောက်ထိန်းသိမ်းတာက ရဟန္တာအရှင်မြတ်ကြီးများနဲ့ နတ်တွေပဲဖြစ်တယ်။

အဲဒီနတ်တွေ အဲဒီရဟန္တာအရှင်မြတ်တွေ ချမ်းသာကြပါစေ၊ ကျုပ်က ၇ လရှိပြီ. . . မေတ္တာပို့တာ မပဟုတ်ဘူးလား ဥက္ကဋ္ဌကြီး။ အဲဒီ သံဝေဇနီယဌာန၊ အဝိဇဟိတဌာန သမိုင်းဝင်ဌာန-သာသနာ့ သမိုင်းဝင်အဆောက်အဦးကြီးတွေကို စောင့်ကြပ်နေကြတဲ့ နတ်တွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ ၇ လလောက် စိတ်ထဲမှာ ကျေးဇူးတင်တယ်။ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါတယ်။

အဲဒါလေးတွေ သွားသတိရလို့ ၊ အော် . . . ငါမေတ္တာပို့ လို့ ဖြစ်လိမ့်မယ်။ အဲဒီလို တွက်တယ်ပေါ့လေ။ ဒါနဲ့ သွားရောဆို ပါတော့. . . ဒါသတိရလို့စပ်မိလို့ ပြန်ပြောတာပါ။

အဲဒါ ရက်လိုနေသေးတော့ စည်းဝေးရက်လိုနေသေးတော့ ကျွန်တော်တို့ကို Guide တစ်ယောက်ထည့်ပြီးတော့ ဘုရားဖူး လွှတ်တယ်။ အဲဒီ Guide က အမေရိကန်နိုင်ငံသားပဲ။ သို့သော် လည်းပဲ အရပ်ကတော့ ကျွန်တော့်ချိုင်းလောက်ပဲရှိတယ်။ နာမည် တောင် မေ့နေပါပြီ။ အဲ. . . ထားလိုက်ပါတော့။ ပြောရင်းနဲ့ ပေါ်လာရင်လည်း ပေါ်လာမှာပေါ့နော်။ အသက်ကကြီးတော့ မေ့တယ်။

မဟာစည် ဆရာတော်ဘုရားကြီးက ပြောတယ်။ မေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



စိုးလို့ ငါစာရွက်ကလေးနဲ့တို့လို့ ပလ္လင်ပေါ်တက်တာ။ ပလ္လင်ပေါ်တက်တော့ မေ့မှာစိုးလို့ တို့ထားတဲ့ စာရွက်ကလေးမပါတော့ဘူးတဲ့။ အဲဒီတော့ အဲဒီ Guide တစ်ယောက်ကိုထည့်တာပေါ့လေ။ သူကလည်း အိန္ဒိယအခေါက်ခေါက်ရောက်။ အဲဒီအချိန်မှာ ဆရာကြီးဆီမှာ ၁၀ ရက်စခန်းပေါင်း အကြိမ် ၇၀ လောက် သူဝင်ပြီးပြီ။ သူက လိုက်ပို့တာ။

လိုက်ပို့တော့ ဘုံဘေနဲ့ သိပ်မဝေးတဲ့ ဒီ 'အာဂျန္တာ' တို့ 'အေလိုရာ' ဆိုတဲ့ လိုင်ဂူကြီးတွေ၊ တောင်ကြီးတွေကို ဖောက်ထွင်းပြီးတော့ ကျောင်းဆောင်ကြီးတွေဖြစ်အောင်၊ ရုပ်ပွားကြီးတွေဖြစ်အောင် Hall ကြီးတွေဖြစ်အောင် ကျောက်တွေကိုထုဆစ်ပြီးတော့ တစ်မျိုးထွင်ထားတဲ့ အင်မတန်ကမ္ဘာ့ဆန်းပြားတဲ့ ဌာနတစ်ခုပါပဲ။ ဗုဒ္ဓသမိုင်းဌာနတစ်ခုပါပဲ။ ဘုရားဖူးတွေ မရောက်ပါဘူး။

**ဘယ်မှာလဲ ကျွန်ုပ်တို့ရဲ့သီလ**

ကျွန်တော်တို့ ဒါ ဆရာကြီးကိုယ်တိုင်ပို့လို့ ရောက်ခဲ့တာပါ။ အေလိုရာ၊ အာဂျန္တာရောက်တော့ ကျွန်တော်တို့က မြို့လေးတစ်မြို့မှာ ညအိပ်ရပါတယ်။ အိပ်ကြတဲ့အခါ ကျွန်တော်တို့က ဟိုသွားဒီသွားနဲ့ဆိုတော့ ကျွန်တော်တို့ဗမာတွေက ညောင်းတယ်ဆိုပြီးတော့ စားသောက်၊ ထမင်းဆိုင်၊ ဟော်တယ်သွားစား။ ပြီးတာနဲ့ ခေါခေါနဲ့ အိပ်ကြတော့တာပါပဲ။

တရေးနိုး၊ နိုးတဲ့အခါမှာတော့ မစ္စတာဂျယ်ရီချက်ပွန်က

www.burmeseclassic.com

www.burmeseclassic.com



ခြင်ကိုက်တော့ စောင်ကြီးခြုံပြီးတော့ တကတည်း ထွက်လေဝင်လေမှတ်၊ တရားထိုင်နေတုန်းပဲဗျာ။ နောက် တရေးနိုးထကြည့်တော့လည်း သူကတရားထိုင်တုန်း။ ဟာ . . . အတော် ကြိုးစားတဲ့ပုဂ္ဂိုလ်ပဲနော်။

ကျွန်တော်တို့ကတော့ ခရီးပန်းလို့အိပ်တယ်။ အဲဒီ 'အာဂျန္တာ အေလိုရာ' ကနေပြီးတော့ 'ဘုံဘေ'ကို ပြန်တော့မယ်ဆိုပြီးတော့ လှည့်ပတ်ကြည့်တယ်။ လှည့်ပတ်ကြည့်တဲ့အခါမှာတော့ နောက်ကြောင်းပြန်ရင်လည်း မထူးဘူး။ ရှေ့တိုးသွားရင်လည်း ရှေ့ကို နည်းနည်းလေး တိုးသွားရင် မိုင်သက်သာတယ်။ အဲဒါ နောက်ကြောင်းကို မပြန်တော့ဘူး။ လက်မှတ်အသွားအပြန်ဝယ်ခဲ့ပေမယ့်လို့ အဲဒီလက်မှတ်ကို ပစ်ပယ်လိုက်တော့တယ်။ နည်းနည်းရှေ့မိုင်နီးတဲ့ ဘူတာကိုပဲ သွားလိုက်တော့မယ်ဆိုပြီး ရှေ့ဒလဂွန်းမြို့ကို သွားလိုက်တယ်။

အဲဒီတော့ ကျွန်တော်တို့ ကားသမားကိုပြောတယ်။ တို့မလိုက်တော့ဘူးကွာ နော်။ တို့ခရီးသည် ၆ ယောက်ပေါ့နော်။ Guideက မစ္စတာ ဂျယ်လီချက်ပွန်း။ အဲဒီတော့ တို့ ၆ ယောက်မလိုက်တော့ဘူးဆို တော့၊ကားသမားက ဟာ. . . ဟိုမှာကျွန်တော်တို့ နောက်ကြောင်းကို ပြန်လိုက်မဲ့ခရီးသည်တွေ ရှိနေတယ်။ အတော်ပဲ၊ ပြန်ပြီးတော့ ပိုက်ဆံအမ်းပါ့မယ်ဆိုပြီး အဲဒီလိုပြောတယ်။ အဲဒီ လက်မှတ်ပြန်ပေးပါလို့ပြောတယ်။ အဲဒီကားသမားက။

www.burmeseclassic.com

www.burmeseclassic.com



ဂျယ်ရီချက်ပွန်းက ဘာပြောသလဲဆိုတော့၊ ဟွန်း . . . မပေးနိုင်ဘူးတဲ့။ ကျွန်တော်တို့က ရှုပြီး ၅၀၀-၆၀၀ ပဲ ရမှာပေါ့ဗျာ ။ ၅၀၀-၆၀၀ ကို ၁၀ နဲ့မြှောက်ကြည့်။ အများကြီးရတာပေါ့ဗျာ။ ပိုက်ဆံတွေ ကျွန်တော်တို့က နှမြောတာပါ။ ပြီးတော့ အလကားလည်း ဖြစ်မှာလေ။ ကျွန်တော်တို့ ဝယ်ထားတာလေ၊ လိမ်တာ မဟုတ်ဘူး။ ခိုးတာမဟုတ်ဘူး။

အဲဒီတော့ ဟိုကိုလိုက်ချင်တဲ့ခရီးသည်တွေ ရှိလို့ပါတဲ့။ အဲဒီလက်မှတ်တော့ပေးပါ။ ခင်ဗျားတို့ မလိုက်ချင်လည်း နေပါတဲ့။ အဲဒီလက်မှတ်ဖိုး ပြန်အမ်းပေးပါ့မယ်တဲ့။ အပြန်အတွက် ပိုက်ဆံပေးပါ့မယ်တဲ့။

ကျွန်တော်တို့ကတော့ ယားကျိကျိနဲ့ လိုချင်နေကြပြီ။ ယားကျိယားကျိနဲ့၊ လမ်းမှာ ဖောဖောသီသီသုံးနိုင်အောင်လို့လေ။

အဲဒါ မစ္စတာ ဂျယ်ရီချက်ပွန်းက မပေးနိုင်ဘူးတဲ့။ ပေးလိုက်ပါကွာ ဟော့ကောင်။ သူတို့လည်း သွားရတာပေါ့။ တို့လည်း ပိုက်ဆံရတာပေါ့။ ဒါ ဗမာ့နည်းဗမာ့ဟန်လေ။

အဲဒီတော့ ဂျယ်ရီချက်ပွန်းက စာတန်းလေးတစ်ခုကို လက်ညှိုးထိုးပြတယ်။ ကြည့်လိုက်တော့ "ဤ သင့်လက်ဝယ်ကိုင်ထားသော မီးရထားလက်မှတ်၊ ကားလက်မှတ်ကို အခြားသူများ လက်ဝယ်သို့ လွှဲပြောင်းကိုင်ဆောင်ခြင်းမပြုရ" တဲ့။ အဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊ မုသာဝါဒါ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊ အခမ်းအနားတွေလုပ်တိုင်း ကျွန်ုပ်တို့က

www.burmeseclassic.com

www.burmeseclassic.com



ဝေရာမဏီ၊ ဝေရာမဏီ ကျုပ်တို့က။ သူက အဲဒါလေးထောက်ပြီးတော့ မပေးပဲ ဆုတ်ဖြဲပစ်လိုက်တယ်ဗျာ။

အဲဒါ နောက်မှပေါ်လာတဲ့ New Buddhist ၊ တို့က Old Buddhist ၊ အဲဒီမှာတင် ကွာနေပြီဟော့နော်။ ပိုက်ဆံပဲ၊ရှူပီ ၅၀၀ လောက်ရမှာဆိုတော့ ဗမာငွေနဲ့ ၁၀ ဆလောက်ကွာတာ။ တို့က နှမြောတာပေါ့။ ပြန်ရမှာပဲ။ လိုချင်တာပေါ့။ ပြီးတော့ ခိုးတာလည်း မဟုတ်ဘူး ၊တို့နားလည်တာက။ သူက အဲဒီ စာတန်းလေးမှာ လွှဲပြောင်းမကိုင်ရဘူးဆိုတာနဲ့ပဲ အဲဒီ ရှူပီး ၅၀၀ ရမယ့်ဟာ လုံးဝစွန့်ပစ်ခဲ့ရတယ်။

အတော်တော်တဲ့ 'ဂျယ်လီ' ကွာ။ ဒါပေမဲ့ အဲဒီပိုက်ဆံလေးတော့ ငါတို့ယူချင်တာပဲ။ ကျုပ်တို့ ဗမာတွေက။ ကဲ ဒလဂွန်းဘူတာဆက်သွားရော။ နောက်ကြောင်းမပြန်တော့ဘူး။ လက်မှတ်တွေဆုတ်ပစ်လိုက်တယ်။

ဒလဂွန်းဆိုတဲ့ဘူတာက ပိုနီးတယ်လေ။ အဲဒီက ဘုံဘေကို ပြန်လိုက်မယ်။ နောက်ကြောင်းပြန်တာနဲ့စာရင် ပိုပြီးတော့။ အော်ရံ ဂ ဘတ်တဲ့၊ ပထမလာတဲ့မြို့က အော်ရံဂဘာတ်မြို့၊ အော် ရံ ဂ ဘတ်ကနေပြီးတော့ အေလိုရာ-အာဂျန္တာ အင်မတန်ကြည်နူးဖွယ်ကောင်းတယ်။ တောင်ကြီးတွေကို တစ်ခါတည်းထွင်းဖောက်ပြီးတော့ Hall ကြီးတွေဖြစ်အောင် ကျောင်းတိုက်ကြီးတွေဖြစ်အောင် လုပ်တာ။ ရုပ်ထုကြီးတွေ အဲဒီ ရုပ်ထုကြီးထဲဝင်သွားရော။ ဒီအတိုင်းဝင်သွားလို့ မရဘူး။ မီးမောင်းကြီးတွေ ဒီလို ထိုးပြ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ လျှပ်စစ်မီးမောင်းကြီးတွေ။

အဲဒီ ဘုရားဖူးပြီးတော့ ကျွန်တော်တို့က နောက်ပြန်မလား။ ရှေ့သွားမလားလို့ ဆောင်ရွက်နေတဲ့အချိန်မှာ ဒီပြဿနာ ပေါ်တာကိုးနော်။ အဲဒီတော့ မစွတာ ဂျယ်လီကို ကျွန်တော်တို့ ဩချ ရတယ်။

အဲဒီက တစ်ခါ Guide တစ်ယောက်က ၊အဲဒါလေးလည်း လုပ်ခဲ့ရတာ စိတ်ထဲက တော်တော်ကြည်နူးခဲ့ရတယ်။ Guide တစ်ယောက်က လှိုင်ခေါင်းထဲကို လျှပ်စစ်မီးတွေနဲ့ ထိုးထိုးပြပြီး တော့လိုက်ပြတာ။ အင်မတန်မှ သပ္ပါယ်တဲ့ ရုပ်ပွားဆင်းတုတော် ကြီးတစ်ဆူ တွေ့တယ်။

အဲဒီ ဆင်းတုတော်ကြီးရှေ့ရောက်တော့ နိုင်ငံခြားသား ၅၀ လောက်ရှိတယ်။ ကျွန်တော်တို့ ၅ ယောက်အပါအဝင်၊ အဲဒီနေရာ ရောက်တဲ့အခါရောက်တော့ Guite လုပ်တဲ့သူက လက်အုပ်ချီပါ တယ်။ အဲဒီ ဆင်းတုတော်ကြီးရှေ့ရောက်တော့ တခဲနက်အားလုံး လုပ်ကြတယ်။ အင်္ဂလိပ်တွေရော၊ ကုလားတွေရော၊ ဂျပန်တွေ ရော စုံလို့ပေါ့လေ။ အကုန်လုံးပေါ့ဗျာ။ ကျွန်တော်တို့ကလည်း ဘာလုပ်မလဲဆိုပြီးတော့ စောင့်ကြည့်နေတာပေါ့ဗျာ။ အဲဒီမှာ ဝမ်းသာအားရ ကျွန်တော်ဆိုတဲ့အတိုင်း လိုက်ဆိုပါခင်ဗျားတဲ့။ အားလုံး ကမ္ဘာအရပ်ရပ်ကလာကြတဲ့ Tourist တွေနော်။ အဲဒီ တော့ ကျွန်တော်တို့က စည်းကမ်းနဲ့ဆိုလဲဆိုရော။ အားလုံး လက်အုပ်ချီပြီးတော့ -

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

အဲဒီအသံတွေက ဒီ လေလုံနေတဲ့ Hall ကြီးထဲမှာ ဟိန်းထွက်သွားတယ်။ ကြက်သီးတွေကို ထသွားတာပဲ ပရိတ်သတ်ကြီးရေ။ ဟာ . . . ဗုဒ္ဓဘာသာထွန်းကားတော့မယ်နဲ့ တူတယ်။ မဆိုချင်တဲ့သူတွေလည်း ဆို။ ဒါ ဗုဒ္ဓဘာသာဖြစ်အောင် ဘိသိက်သွန်းတဲ့ဟာ မဟုတ်ဘူးလား။ ဘိသိတ်သွန်းတဲ့ဟာ၊ ဗုဒ္ဓဘာသာဖြစ်နေအောင် လုပ်နေတာဟာ ကျွန်တော်တို့ ကျောတွေချမ်းပြီးတော့ ပီတိဖြစ်နေလိုက်တာ . . .

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

မြိန်လိုက်တာဗျာ။ အဲဒီ ခရီးမှာဗျာ၊ အဲဒီတော့ ရှေ့နားရောက်တော့ မမြိန်တော့ဘူး။

အဲဒါတွေဖူးပြီးတော့ အေလိုရာ-အာဂျန္တာ၊ အော်လံကပတ်မြို့ကနေပြီးတော့ အေလိုရာ-အာဂျန္တာကို လာကြတာ။ အော်လံကပတ်မြို့ကို နောက်ကြောင်းမပြန်တော့ပဲနဲ့ ပိုက်ဆံ ၅၀၀ နှမြောမြောနဲ့ ကျောပေးပြီးတော့ ရှေ့ခရီးစရတယ်။ 'တလဂွန်း' ဆိုတဲ့ဘူတာရောက်တော့ ဂျယ်လီချက်ပွန်းက မီးရထားလက်မှတ်သွားပြီးတော့ယူတာ။ သွားယူတာနော်။ အဲဒီ လက်မှတ်ဟာ အဲဒီမှာ

www.burmeseclassic.com



မရလို့ အဲဒီည ရထားမှ မလိုက်ရရင်၊ အဲဒီ လက်မှတ်မှမရရင် အဲဒီ Simena အတွက် ကြိုးစားလာခဲ့တာ။ အဲဒီ Simena အစည်းအဝေးကို ကျွန်တော်တို့ မတက်နိုင်တော့ဘူး။ ဒါကတော့ လက်မှတ်မရလို့ ဖြစ်ကိုမဖြစ်ဘူး။ ဒီရထားနဲ့မပါလို့ ဖြစ်ကို မဖြစ်ဘူး။ ဒီအချိန်မှာ ဂျယ်လီချက်ပွန်းက ကျွန်တော့်ချိုင်းသောက် ရှိတယ်။ ပုပုလေး။

**ဟာစ်ပီကို အရှုံးပေးခဲ့ရ**

တကယ့်လမ်းသရဲ သွားမေးတာ။ မစ္စတာဂိုအင်ကာကြီး ဗုဒ္ဓဂယာအနီးမှာ တရားစပြီးစမ်းထိုင်တဲ့အချိန်က ယောင်လယ် ယောင်လယ်နဲ့ ဟာစ်ပီပေါ့ဗျာ။ လမ်းသရဲပီပီ ကြည့်ရင်းနဲ့ စမ်းပြီး တော့လုပ်ရာကနေပြီးတော့ ၇ ရက်၊ ၁၀ ရက် စမ်းပြီးတော့ တရားထိုင်ရာကနေပြီးတော့ အလွန်အရသာရှိတဲ့ Method တစ်ခုပါလားဆိုပြီး တရားပတ်ပေါင်း ၇၀ အားထုတ်ပြီးပြီ။ ဘယ် လောက်ရင့်မာမလဲ။ ရင့်နေမလဲဆိုတာ တွက်လို့ရတယ်။

အဲဒါ တလဂွန်းဘူတာရောက်တော့ ဂျယ်လီချက်ပွန်းကို အလာတုန်းက ကျွန်တော်တို့က သာမန်ပေါ့ဗျာ။ အဲဒီလို အောက် မေ့တယ်ပေါ့ဗျာ။

အဲဒီရောက်တော့ လက်မှတ်သွားယူရတယ်။ ဟိုရထားတွေ ကနီးပြီ။ ကျွန်တော်တို့ ဗမာတွေက အဲဒီကို ဝိပဿနာ Simena တက်ဖို့မဖြစ်တော့ဘူး။ ဒါ သိပ်ပြီးတော့ အရှုပ်ဆိုးသွားမယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ နာရီကြည့်ပြီးတော့၊ ရထားချိန် နာရီကြည့်ပြီးတော့ ရထားစီးမယ့်လူတွေ၊ လက်မှတ်ဝယ်မယ့်သူတွေကြည့်ပြီးတော့လေ။ ဘေးနားက အနောက်နားကထိုင်နေတဲ့ ဂျယ်လီချက်ပွန်းက မျက်နှာငယ်လေးနဲ့ လှည့်ပြန်လာပြီးတော့ ပြောတယ်။ Upper မရတော့ဘူးဆရာရယ်တဲ့။ အို ကိစ္စမရှိဘူး။ ဘယ်ကပဲလိုက်ရလိုက်ရ။ ဂျယ်ရီရာဝယ်သာဝယ်။ တော်တော်လေးကြာတော့ သူတိုးနေတာပဲ။ သူတိုးရင်းတိုးရင်းနဲ့ ဆရာ ရိုးရိုးတန်းလည်း ကုန်သွားပြီတဲ့။ လာပြောတယ်။ ဟာ . . . ခွကျတာပဲ။

အဲဒီတော့ အဲဒီနားမှာ သေနတ်နဲ့ ဒီလိုစောင့်နေတဲ့ ကုလားပုလိပ်ပေါ့နော်။ သူက အသာကလေး ကျွန်တော်တို့ဘက်ကိုလာပြီးတော့ English လို လာပြောတယ်။ ဟို နည်းနည်းပါးပါးUnder table ပေါ့နော်။ အဲဒီလိုလေး ပေးနိုင်ရင် ရပါတယ်တဲ့။ Upper လည်း ကျွန်တော်တွေ့ထားတယ်။ ထိုင်ခုံတွေအများကြီး ရှိသေးတယ်တဲ့နော်။ မုန့်ဖိုးလေးပေးလိုက်ပါ။ နားလည်မှုလေး လုပ်လိုက်ပါ။ အဲဒီလို ပြောတယ်။

အဲဒါဆိုတော့ ကျွန်တော်တို့ပျော်သွားတာပေါ့ဗျာ။ အဲဒါဆို ဒီည ကျွန်တော်တို့ ဒုက္ခကင်းပြီပေါ့။ အဲဒါဆို 'ဘုံဘေ'ရောက်မှာပဲဆိုပြီး အားတက်သွားတယ်။

အဲဒါနဲ့ ဟိုကလာပြောတာပေါ့။ မစ္စတာဂျယ်လီကို သွားပြီးတော့ ၊ရပ်မနေနဲ့ မစ္စတာဂျယ်လီ၊ လာဦး၊ မင်းနောက်မှာပါတဲ့လူတွေ ဟိုမှာ။ Upper တွေရော၊ ရိုးရိုးတန်းတွေရော။ ဟိုမှာ

www.burmeseclassic.com

www.burmeseclassic.com



ရသွားတာ။ မင်းဘာကြောင့် မရတာလဲ။ မင်းအတော်ညံ့တဲ့ကောင်။ မင်း အမေရိကန်တစ်ယောက် လုပ်နေပြီးတော့ ဒီလောက်တောင် ရှော်ရသလား။ ကြိမ်းမောင်းပြီးတော့ English လိုပြောပြီးတော့ အထဲကတစ်ယောက်ကပေါ့လေ။ ကျွန်တော်က မပြောတတ်ပါဘူး။

အဲဒီလို ပြောပြီးတော့၊ အဲဒီလိုပြောတော့ ဂျယ်လီက ဒီလို ကြည့်ပြီး 'ဟင့်အင်း ကျွန်တော် မပေးနိုင်ဘူးတဲ့ Outside ။ မပေးနိုင်ဘူးတဲ့၊ လာဘ်မထိုးနိုင်ဘူးတဲ့။ ကျွန်တော်ဟာ အဲဒီလို ဖြစ်တာ လာဘ်မပေးနိုင်ဘူးတဲ့ဗျာ။

အဲဒီမှာလည်းပဲ ဆိုရှယ်လစ်စနစ်က ဗမာ့နည်း ဗမာ့ဟန်ကလည်းရောက်နေတာ။ နားလည်မှုတွေလေ၊ အော် . . ငါတို့သာ မြန်မာ့ဆိုရှယ်လစ်စနစ်ရှိတယ် အောက်မေ့တာ။ အဲဒီမှာလည်း ကုလားဆိုရှယ်လစ်တွေ ရှိနေတာပါလား။ နားလည်မှုတွေပေါ့နော်။ မဟုတ်ဘူးလား ။

အဲဒီလိုပေးရင်ရတယ်တဲ့၊ အဲ . . . ကျွန်တော်တို့က ယူချင်တာပေါ့လေ။ ဒီည မလွဲတမ်း ဒီဟာနဲ့လိုက်မှ၊ မနက်ဖြန် အတှာကိုမှီမှာကိုး။ အဲဒီတော့ ဂျယ်လီကို ယူခိုင်းတာ။ ဂျယ်လီက မပေးနိုင်ဘူး။ လာဘ်မပေးနိုင်ဘူးတဲ့ဗျာနော်။

အာဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
မုသာဝါဒါ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

သူက ရွတ်ပြတယ်ဗျ။ သူက အဲဒါဟာ ကျုပ်တို့ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ဘူး။ပါးစပ်ကြီးအဟောင်းသားနဲ့ ဟာ. . . ဟိုး အော်လံကပတ်မြို့မှာ ညအိပ်ကတည်းက ကျွန်တော်က သဘောပေါက်သွားပြီ။ ကျွန်တော်ကတော့ မောပြီ။ ဘုရားဖူးရတာ ညောင်းလို့ဆိုပြီးတော့ ခေါခေါနဲ့အိပ်တယ်။ တရေးနိုးတော့လည်း ဂျယ်လီက တရားထိုင်တုန်း။ ဟိုး. . . တန်းစီခေတ်က လက်မှတ်ကလေး ၅၀၀ ရချင်လွန်းလို့ ကျွန်တော်တို့ကတော့ ကြိုးစားလိုက်ကြတာ၊ သူက အာဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဒုတိယမ္ဗိ လက်မြှောက်ရပြန်တာနော်၊ နောက်မှ ဝင်လာတဲ့ ဗုဒ္ဓဘာသာ ဂျယ်လီကို အရိုးရင့်တဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေက ဒုတိယမ္ဗိ လက်မြှောက်လိုက်ရတယ်။

ရှုပီး၅၀၀ ;ရှုံးရော။ ကျုပ်တို့ အောက်လံကပတ်ရောက်တဲ့အခါမှာတော့ လာဘ်မပေးနိုင်ပါဘူးဆိုလို့ Without Seat နဲ့ အဲဒီ မီးရထားကြီးပေါ်မှာ ဒီလိုထိုင်ပြီးတော့ ဒီလို ယိုင်ယိုင်ယိုင်ယိုင်နဲ့ ရထားကြီးကလည်း ကျွန်တော်တို့ဆီကထက် တစ်ပေလောက်ကျယ်တယ်။ သွားပြန်တော့လည်း ကားရင့်နဲ့သွားတာ။ အင်မတန်မြန်တယ်။ ရထားထွက်ရင် မဆင်းနဲ့တော့။ မတက်နဲ့တော့။ အဲဒီလောက်ထိမြန်တာ။ ဘုံဘေကို ကာလကတ္တားကနေပြီးတော့ သုံးရက်နဲ့ နှစ်ညစီးရတယ်။

အဲဒီတော့ အဲဒီရထား ကျွန်တော်တို့ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဂျယ်ရီက ဆောင်ရွက်မပေးတဲ့အတွက် Without seat

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံမဲ့နော်။ တစ်ညလုံး 'ဘုံဘေ'ထိအောင် နာရီပြန် ၂ ချက်မှ ရောက်တယ်။

ဘုံဘေအထိကို အီဂတ်ပူရီ-ဆရာကြီးရဲ့ တရားစခန်းကို 'အမယ်လေး' ပင်ပန်းလိုက်ကြတာ။ အဲဒီ့လက်မှတ်ကို မယူပဲနဲ့ Without seat လိုက်ရကတည်းက 'ဂျယ်လီ'ကို ဒီလိုကြည့်တာ။ အတော့်ကို ဝိနည်းမိုရ်တဲ့လမ်းသရဲ၊ အတော့်ကို ချိုးထူတဲ့ လမ်းသရဲနော်။

ကျွန်တော်ကတော့ ကြိတ်ပြုံးတယ်။ သူတို့အိပ်တဲ့ ခုံတန်းမှာပေါ့ဗျာ။ သူတို့အိပ်စင်က သုံးဆင့်ရှိတယ်။ အိပ်စင်တွေက အကျယ်ကြီးပဲ။

အဲဒီအိပ်စင်တွေ နှစ်ခုကြားထဲမှာ ဒီလို ကောင်းကောင်း လူ ၂ယောက်ရှောင်လို့ရတယ်။ အဲဒီတော့ ဟိုလူတွေ ငိုက်အိပ်နေတော့ ကျန်တဲ့အဖော်လူတွေလည်း ငိုက်နေတာပေါ့လေ။ အဲဒီလို ငိုက်နေကြတော့ နှုတ်ဆက်ပြီးတော့ -

တစ်နေရာကို လက်တို့ပြီးတော့ တစ်ခါတည်း အဲဒီလို တစ်ခါမှ မပြောဖူးဘူးကိုး။ တစ်သက်နဲ့တစ်ကိုယ် တတ်မှမတတ်တာပဲကိုး။ ဒီတစ်ခါတော့ 'ငါ' ဖြစ်ညှစ်ပြီးတော့ ဝါကျလေးစီပြီးတော့ ပြောအုန်းမှပဲဆိုပြီးတော့၊ ကြိတ်ပြီးတော့ ဝါကျစီနေတာ။

ဝါကျတွေစီနေလို့လည်းရရော မစ္စတာဂျယ်လီခေါ်လာပြီးတော့ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



**'Mr. Jelly, I've never seen, I've never seen any western upāsakā live you! နော်၊ You have obserued the five precepts at the of your opportunity and ever, your life.'**

'ဟာ' . . . တစ်လမ်းလုံးစကားမပြောတဲ့ အဘိုးကြီးက **အဲဒီလိုစကား**ပြောတယ်။ 'ဂျယ်လီ' မင်းလိုပြတ်သားတဲ့ သီလကို **အခွင့်အရေး**တွေစွန့်ပြီးတော့ သီလကို အဲဒီလို ပြတ်ပြတ်သားသား စောင့်တဲ့ဝက်စတန် ဥပါသကာ ငါ' တစ်ယောက်မှမတွေ့ဖူးဘူးကွာ။

**"I've never seen, any western upāsakā Live you!"**

**ဟာ . . . ဂျယ်လီကလည်း အံ့အားသင့်ပြီး ကြည့်တယ်ဗျာ။** သူနားလည်တယ်ဗျာ ။

ဟာ. . . ငါပြောတာ သူနားလည်တယ်ဟဲ့ဆိုပြီး ကိုယ်က လည်း တစ်ခါမှ English စကားမပြောဖူးဘူးတာ။ တစ်ခါမှ မရောက်ဘူးတာ။ အဲဒီတော့ ငါပြောတာ နားလည်တယ်ဆိုတော့ အားတက်ပြီး ရှေ့ဆက်ပြောတာ။

အမယ် . . . သူက အကုန်နားလည်တယ်ဗျာ။ သူက ပြောတော့လည်း ဟာ. . . ကိုယ်ကလည်း ဘယ်ဆိုးလို့တုန်း။ တော်သားပဲ။ အဲဒါနဲ့ လမ်းမှာလေကျလာတော့ အဲဒီရောက် တော့မှ ဆီးရွက်လောက်ရှိတဲ့ ဂျယ်ရီဟာ တစ်ခါတည်း မျက်နှာ ကြည်လင်လာပြီး ပြုံးတယ်။

အလွန်ပဲ သူ့ခင်ဗျာ တစ်လမ်းလုံး စိတ်ဆင်းရဲရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရဲ့ အကျိုးလည်းဆောင်ရသေးတယ်။ ဆောင်ပြီး တော့ သူ့ကိုဒီလို အမြင်တစောင်စောင်နဲ့ ကြည့်ကြတာ။ အတော် ဝိနည်းမိုရ်ရတဲ့ ဟာစ်ပီကွာ။

အဲဒီတော့ တရားအားထုတ်တဲ့ ကျုပ်တို့မြန်မာနိုင်ငံက ဗုဒ္ဓ ဘာသာတွေမှာ အဲဒီထဲက ဦးဒွေးလှိုင်တို့က အတော်ဆုံး၊ တော် တယ်ဆိုတဲ့ပုဂ္ဂိုလ်ကြီး ဟာစ်ပီတောင် မမှီပါလား။

ပြင်နိုင်မှ ကောင်းကြတော့မယ်။ ဒီလိုမဟုတ်ပါလား။

ကဲ . . . တရားနိဂုံးချုပ်ကြစို့။

အထုပ်ကလေးတွေ ကိုယ်စီထမ်းပါလို့

လာလမ်းကိုတဲ့ မျှော်ကြကွယ်

နေမဝင်ခင် ညောင်ညိုရိပ်မှာ

ချွေးသိပ်ကြမယ်။

ကြည့်စမ်းဟယ်

ဟို . . . အနောက်တောင်စွယ်မှာဖြင့်

နေကွယ်လုပါပကော။

အခွင့်ကောင်းတွေ တရှောင်ရှောင် လွဲခဲ့ပြီမို့

ဝက်ပါ အမှောင်ထဲမှာလ၊

တစ်ယောက်တည်း ယောင်လည်လည်နဲ့

ခရီးသည် . . .

အို . . . ဘယ့် . . . သံသရာခရီးသည်

ဟဲ့ . . . ခရီးသည်

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည် သင့်နောင်ရေးကိုကွယ်၊
(ဘုရားအစရှိတဲ့ သူတော်ကောင်းတွေကတော့)
တွေးဆစိတ်မော၊
မင်းတို့ ငါတို့ တစ်တွေကတော့
ဟစ်ပီတောင်မှ မသာဘူးပေါ့
အာရုံ ငါးပါးကိုတော့ သံသရာခရီးမှာ
အာရုံ ငါးပါးတည်းဟူသော အဆိပ်သီးတွေကို
ဝဝစားပြီးတော့
နေကြ "အိပ်မော"...။

အားလုံး ချမ်းသာကြပါစေ ...။

(သာဓု ... သာဓု... သာဓု ...)

www.burmeseclassic.com

www.burmeseclassic.com





## ဗုဒ္ဓဘာသာဝင်တစ်ဦး နေ့စဉ်လိုက်နာဆင်ခြင်ရန်

## ဗုဒ္ဓဘာသာ တစ်နေ့တာ

## (ချမ်းသာအောင် နေနည်း)

၁။ နေထွက် နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ် ရှိခိုးမယ်။

၂။ အနန္တငါး၊ ဂုဏ်တော်များ၊ ညွတ်တွားကန်တော့မယ်။
(ရွတ်ပွားကန်တော့မယ်။)

၃။ မျက်နှာသစ်လျှင်၊ ရေကိုမြင်၊ မြင်စဉ် မေတ္တာပွားပါ့မယ်။

၄။ သစ်ရင်း သစ်ရင်း၊ လျှော့ယိုယွင်း၊ ရုပ်ဆင်းသတိထားပါ့မယ်။

၅။ မသန့်မစင်၊ရေအိမ်ဝင်၊ဆင်ခြင် အသုဘပွားပါ့မယ်။
(၆ မှ ၁၁ အထိ ယောဂီများအတွက်)

၆။ လူ့မမာကြီး၊ ဆေးကျွေးနည်း၊ ပုံမှီး၍သာ၊ ဤခန္ဓာ၊
အစာရေစာ ကျွေးပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



၇။ နူနာကောင်ကြီး၊ ကျပ်တွေစည်း၊ ပုံမှီး၍သာ၊ ဤခန္ဓာ၊ တန်ဆာအဝတ် ဆင်ပါ့မယ်။

၈။ ရုပ်ဆင်း ကြန်အင်၊ အကန်းသွင်၊ မမြင်ချင်ယောင် ဆောင်ပါ့မယ်။

၉။ စကား ပေါက်ကရ နှုတ်မပါ၊ အ,အလိုပဲ နေပါ့မယ်။

၁၀။ တွေ့ကရ စကား၊ နားပင်းလား၊ မကြားချင်ယောင် ဆောင်ပါ့မယ်။

၁၁။ ချမ်းသာလိုဘိ၊ မင်းတေမိ၊ သတိပြုရမယ်။

၁၂။ လောဘစကား၊ ဒေါသစကား၊ မောဟစကား၊ မာနစကား၊ ဣဿာစကား၊ မီးတောက်လား၊ ရှောင်ရှားဝေးစွာ နေပါ့မယ်။

၁၃။ လူချင်းတွေ့လျှင်၊ ကိုယ်ကပင်၊အရင် မေတ္တာပို့ပါ့မယ်။

၁၄။ တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။

၁၅။ ပြိုင်မယ့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

၁၆။ ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။

၁၇။ နိုင်မယ့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

၁၈။ ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင် ဣဿာမှိုင်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ ယိုင်မယ့်အစား၊ မှုဒိတာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

၂၀။ ကောင်းဆိုးကြုံရ၊ ဘုံဘဝဝယ်၊ ကာယမ-ဖို့ရာ၊ ခွင့်မသာမူ၊ သတ္တဝါတစ်ခု၊ ကံ-တစ်ခုဟု၊ ဥပေက္ခာဝင်၊ ကံ-ဆင်ခြင်၊ ကြည်လင်အေးအောင် နေပါ့မယ်။

၂၁။ ရုပ်ကိုလဲပြင်၊ စိတ်လဲပြင် ၊ပြင်ဆင်တိုင်းရ ၊ပြုတိုင်းလှ၊ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

*[မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် ၊အဘိဓဇ-ပဋ္ဌာန်း ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၏ မူလလက်ရေးတွင် မုံရွာမိုးညှင်း ဆရာတော်ကြီး၏ ဩဝါဒစသည်ဖြည့်စွက်၍ ရေးထားပါသည်။ စာရေးသူကိုယ်တိုင် ပြည်နယ်နှင့်တိုင်း ဘာသာရေး သင်တန်းဟောပြောပွဲများ၌ ပရိသတ်အနေအရင့်လိုက်၍ သင့်လျော်ရာ ရွေးထုတ်သင်ပြပေးသော ဆောင်ပုဒ်များ ဖြစ်ပါသည်။]*

www.burmeseclassic.com

www.burmeseclassic.com



# လူတော်လူကောင်း
(အရည်အချင်း ၇ မျိုး)
## မစလရှာ အခြေခံဥပဒေ

## THE SEVEN SELF-IMPOSED OBLIGATIONS
(7 qualities to be a virtuous man)

မဂဓတိုင်း ၊မစလရှာသားတိုင်း ကိုယ်ပိုင်အသိဖြင့် လိုက်နာရန် ရှာလယ်ဖရုပ်၌ အောက်ပါအတိုင်း ရေးဆွဲထားသည်-

၁။ ကျေးဇူးကြီးမား၊ မိဘများ၊ ဝတ္တရားကျေအောင်ပြုပါ့မယ်။
ယာဝဇီဝံ မာတာပေတ္တိဘရော အသံ။

၂။ အသက်ကြီးသူ၊ ဂုဏ်ကြီးသူ၊ ပူဇော်ရှိသေပေးပါ့မယ်။
ယာဝဇီဝံ ကုလေ ဇေဋ္ဌာပစာယီ အသံ။

၃၊၄၊၅၊ မလိမ်မညာ၊ ပြောချိုသာ၊ ကွယ်ရာ သူ့အတင်းရှောင်ပါ့မယ်။
ယာဝဇီဝံ သဏှဝါစော အသံ။
ယာဝဇီဝံ သစ္စဝါစော အသံ။

www.burmeseclassic.com

www.burmeseclassic.com



၅ ရတနာသုံးပါး၊ သား မယားနှင့်၊ ရင်း,ဖျားမျိုးဆွေ၊
ညွှတ်မိတ်ဆွေ၊ မျှဝေ ပေးလှူသုံးပါ့မယ်။

ယာဝဇီဝံ ဝိဂတ မလ မစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသေယျံ (မုတ္တစာဂေါ, ပယတပါဏိ, ဝေါဿဂ္ဂရတော, ယာစယောဂေါ, ဒါနသံဝိဘာဂရတော အဿ။)

၇ ဒေါသအမျက်၊ ပြင်း မထွက်၊ သို့ဝှက် ဆင်ခြင်ထိန်းပါ့မယ်။
ယာဝဇီဝံ အက္ကောဓနော အဿံ၊ သစေပိ မေ ကောဓော
ဥပ္ပဇ္ဇေယျ၊ ခိပ္ပမေဝ နံ ပဋိဝိနေယျံ။

၈ 'ဒါမှ လူတော်၊ လူကောင်း' ခေါ်၊ ပျော်ရွှင်ချမ်းမြေ့မယ်။
တံ ဝေ ဒေဝါ တာဝတိံသာ၊
'အာဟု သပ္ပုရိသော' တိ။

[ ၁၃၆၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁-ရက်၊ ၂၉-၃-၂၀၀၀နေ့ သဃ်ိန်းကျွန်းမြို့နယ်၊ ငါးကျွမ်းပြန်ထားဝယ်ကျောင်း။ သာမဏေ၊ သီလရှင် ယဉ်ကျေးမှုသင်တန်းနှင့်၊ ဝါခေါင်လပြည့် (၁၄-၈-၂၀၀၀) နေ့ မအူပင်မြို့နယ်၊ ရွှေဖလားကျွန်းကျေးရွာအုပ်စု၊ ဆရာတော် ဦးစန္ဒာဝရကျောင်း ဗုဒ္ဓဘာသာမိသားစု အသိဉာဏ်ဖွံ့ဖြိုးရေး ဟောပြောပွဲများ၌ စာရေးသူကိုယ်တိုင် ဟောပြောပို့ချခဲ့သော ဆောင်ပုဒ်များဖြစ်သည်။]

မှော်စရိယဦးဌေးပိုင်

www.burmeseclassic.com

www.burmeseclassic.com



## ရလိုသော ဆု

လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းရပါလို့။

အထင်သေးခြင်း အချင်းချင်း ကင်းရှင်းရပါလို့။

ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းရပါလို့။

မနာလိုခြင်း အချင်းချင်း ကင်းရှင်းရပါလို့။

ကြီးနိုင်ငယ်ညှဉ်း အချင်းချင်း ကင်းရှင်းရပါလို့။

ရန်ကိုရန်ချင်း မတုံ့လျှင်း ချစ်ခြင်းမြဲပါလို့။

တစ်အူထုံ့ဆင်း ညီနောင်ရင်း ချစ်ခြင်းမြဲပါလို့။

သံသရာခရီး အဝေးကြီး သွေးစည်းရပါလို့။

အမျိုးဘာသာ သာသနာ တာဝန်သိပါလို့။

www.burmeseclassic.com